www.burmeseclassic.com

# လရောင်ကျေးရှင်

## သူနဲ့ ကျွန်မ ၂၄ နာရီ



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ခိုင်ယုဝင်း (၀၁၆၆၁)

ရွှေငွေပိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊

လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း

ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ိ/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃

သူနဲ့ ကျွန်မ ၂၄ နာရီ/ လရောင်ကျူးရင့်၊

ရန်ကုန်။ ရွှေညာဏ်လင်းစာပေ၊ ၂၀၁၆။

၂၂၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) သူနဲ့ ကျွန်မ ၂၄ နာရီ


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ကောင်လေးကိုကြည့်တော့ အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ်နှင့် အသားကဖြူဖွေးနေသည်။ မျက်ခုံးက သွယ်တန်းနေတာမြင်နေရပေမယ့် နက်ထင်းနေတာမျိုးမဟုတ် ...။

နှုတ်ခမ်းက သိသာအောင်ပါးကာ မေးရိုးကားတာလည်းသိသာသည်။ ဆံပင်ဂုတ်ထောက်ပုံစံနှင့် ရှေ့ဆံပင်တစ်ချို့က မျက်ခုံးတွေပေါ်ထိ ခပ်ရှုပ်ရှုပ်လှမ်းချိတ်နေ၏။

လည်ပင်းမှာ စိန်လော့ကတ်နှင့် ပလက်တီနမ်ဘတ်ကြိုးတစ်ကုံးရှိနေပြီး လက်မှာလည်း စိန်မြရံလက်စွပ်က တော်တော်သိသာအောင် လင်းလက်နေ၏။

ဂျာကင်အကောင်းစားနှင့် ဖိနပ်ကအစ အပေါစားဆန်တာတစ်ခုမှမပါ။

စေ့စေ့စပ်စပ်ကြည့်နေပြီးမှ ဦးမြဲဆောင် သက်ပြင်းမျှင်းမျှင်းချ၏။ ဘေးမှာရှိနေသည့်အစ်မကြီးဖြစ်သူ ဒေါ်မြင့်မေ ကို လှည့်မကြည့်ဖြစ်ပေမယ့် ဒေါ်မြင့်မေ ကတော့ မောင်ဖြစ်သူကို ကြည့်လိုက်သေးသည်။

ပြီးမှ လည်ချောင်းတစ်ချက်ရှင်း၍ ...

www.burmeseclassic.com

www.burmeseclassic.com



"လူလေးနာမည်က ရာဇဘွား နော် .."

"ဟုတ်ပါတယ် .."

ဖြေပုံက အနားသတ်ညှိသက်မှုမပါ။ လူကြီးမျက်စိရှေ့မှာ မျက်လွှာချခေါင်းငုံ့ခြင်းတစ်ခုခုမှ ရှိသောမမှုမပြုခဲ့ဘဲ လိုရင်းကိုဖြေသည်။

ဒေါ်မြင့်မေ မျက်ခုံးအစုံမသိမသာ တွန့်သွား၏။

"အေးကွယ် .. သမီးလေးနဲ့ပတ်သက်ပြီးရောက်လာတာဆိုတော့ မိဘတွေသိချင်တဲ့မေးခွန်းတွေပဲ မေးရမှာပဲ၊ လူလေးက ဘယ်ဇာတိလဲ ကွယ့် .."

"ချက်မြှုပ်ဇာတိတော့ ကျွန်တော်မသိဘူး .. ဒါပေမယ့် ကျွန်တော့် အဖေကတော့ သူဌေးကြီးဦးဘောဂကြွယ် ပါ .."

"ဟွန်း .."

ဦးမြဲဆောင် က ဘာမှဝင်မပြောဘဲ အသံထွက်၍ ပြုံးသည်။ သို့သော် မဲ့လိုက်တာနှင့်တူကာ ရာဇ မျက်နှာပျက်သွားသည်၊

"အင်း .. သူဌေးကြီး ဦးဘောဂကြွယ် ဆိုတော့ နာမည်ကြားရုံနဲ့တင် တော်တော်ပြည့်စုံကြွယ်ဝမှန်းခန့်မှန်းလို့ရပါတယ်၊ ဒါပေမယ့် အန်တီတို့က သမီးလေးရဲ့ လက်တွဲဖော်ကို လူချမ်းသာဖြစ်တာတစ်ခု တည်းနဲ့တော့ ရွေးချယ်မှာမဟုတ်ဘူး .."

"ကျွန်တော်ကလည်း ပြောနိုင်တာကိုပြောပြတာပါ၊ ကျွန်တော့် ဘဝကို ကျွန်တော်သိတာ အဖေနာမည်တစ်ခုတည်းပဲ၊ အဖေက ကျွန်တော့် ကို လက်ဆွဲပြီး တစ်မြို့ပြီးတစ်မြို့ ပြောင်းနေခဲ့တယ် .."

"ဘာဖြစ်လို့များလဲကွယ် .."

"နာကြည်းချက်တစ်ခုကြောင့် စိတ်လေပြီးတော့ပါ .."

ယောကျ်ားတစ်ယောက်ရဲ့ နာကြည်းချက်ဆိုတာ စိတ်ကိုချုံးချုံး ကျစေသည့် အချစ်ကြောင့်ပဲလို့တွေး၍ ဒီစကားအပေါ်မှာ ထပ်ဆင့်မေး

www.burmeseclassic.com



ခွန်းတင်ဖို့ကို ဖယ်ရှားလိုက်ရသည်။

သို့သော် .. ဦးမြဆောင် က ခေါင်းတစ်ချက်ညိတ်၍ ..၊

"ဒါဆို ငါ့တူက ငယ်ငယ်တည်းက အမေမရှိခဲ့တာပေါ့ .."

"ဟုတ်ပါတယ် .. ငယ်ငယ်ဆိုတာ ဘယ်အရွယ်တည်းကမှန်း တောင်မသိပါဘူး၊ အဖေက ကျွန်တော့်ကို လိုလေသေးမရှိထားခဲ့သလို ကျွန်တော့်စိတ်ကြိုက် သုံးစွဲနေထိုင်သွားရုံနဲ့တော့ နောက်ထပ်ဆယ်သက် တောင် စားမကုန်ဘူးလို့ပြောတယ်၊ ဒါပေမယ့် နောက်ထပ် ဘာမေးခွန်း မှ မေးလို့မရခဲ့ဘူး .."

"ဒါဖြင့် အန်တီတို့ကလည်း မေးလို့မရတော့ဘူးလို့ ပြောလိုက်တာ လား .."

"မေးလို့ရပါတယ် .. ကျွန်တော် မဖြေနိုင်ရင်သာ အထင်မလွဲပါ နဲ့ .."

"မိဘရဲ့အလုပ်အကိုင်လောက်တော့ .."

"အဖေက ဘာစီးပွားရေးမှမလုပ်ဘူး .."

မောင်နှမနှစ်ယောက်စလုံး တိတ်ဆိတ်သွားခဲ့၏။

"ဒါပေမယ့် မှောင်ခိုလုပ်ငန်းတွေနဲ့ ငွေဖြူငွေမည်းတွေလဲလှယ်သုံး စွဲနေတဲ့လူစားမျိုးလည်းမဟုတ်ပါဘူး .. ဘိုးဘွားပိုင်အမွေအနှစ်တွေပါ"

"ခုနေ သမီးနဲ့ မင်းကို အန်တီတို့က လက်ထပ်ပေးမယ်ဆိုရင် မင်းအဖေကို ဘယ်အရပ်မှာ သွားခေါ်ရမှာလဲ .."

"ဘယ်မှာနေနေ အဖေက လာမှာမဟုတ်ဘူး အန်တီ .."

"ဘယ်လိုကွယ့် .."

"ကျွန်တော့်ကို အထီးကျန်တစ်ကောင်ကြွက်လို့သဘောထားပေး ပါ၊ ဒါပေမယ့် ရွှေငွေစည်းစိမ်လိုသလောက် ကျွန်တော့်ဘက်ကအာမခံ နိုင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"လိုသလောက်ဆိုရင်တော့ မလိုဘူးလို့ဖြေရမယ်ထင်တယ် အန်ကယ်လ်တို့လည်း မင်းလောက်တော့ ဟုတ်ချင်မှဟုတ်မှာပေမဲ့ ကိုယ့်အတိုင်းအတာနဲ့ကိုယ် ပြည့်စုံမှုရှိပါတယ်၊ သားသမီးကို ထိမ်းမြား ပေးရတဲ့ မင်္ဂလာကျက်သရေဆိုတာ နှစ်ဖက်မိဘက သဘောတူကြည်ဖြူ တဲ့ မင်္ဂလာကိုဆိုတာ .."

"အဖေ့ကို ခွင့်တောင်းပြီးမှ ကျွန်တော် ဒီကိုလာတာပါ .."

ရာဇ မျက်နှာက ဖြူလွန်းသည့်အသားရောင်ကြောင့် မျက်လုံးအကြည် တွေပါ အေးစက်စက်အသွင်ဖြစ်နေရကာ ..၊

"အန်ကယ်လ်တို့က ကျွန်တော့်ဘဝကို လက်ခံဖို့ အဆင့်သင့်မဖြစ် သေးဘူးဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး .."

ဦးမြဆောင် မျက်နှာတင်းသယောင်ဖြစ်သွားသည်။ ဒေါ်မြင့်မေ ကို လှည့်ကြည့်တော့လည်း သူ့ကဲ့သို့ ခံရခက်သွားသည့်မျက်နှာမျိုးနှင့် ရှိနေ၏။

"ပယင်းကိုပြောပေးပါ .. ကျွန်တော် စောင့်နေတယ်လို့ .."

ပြောပြီးတာနှင့် ဆတ်ခနဲထရပ်သည်။ စားပွဲပေါ်မှာ ချထားသည့် လျှာထိုးဦးထုပ်ကို ကောက်ယူလိုက်ပြီး ခြေလှမ်းကျဲများနှင့် ထွက်သွား ခဲ့၏။

ဦးမြဆောင် ၏ နှုတ်ခမ်းအစုံတင်းတင်းစေ့သွားခဲ့ပြီး ဆိုဖာလက် ရမ်းပေါ်မှာ တင်ထားသည့် လက်က လက်သီးဆုပ်အဖြစ်ပြောင်းလဲသွား သည်။

"တော်တော်ရိုင်းစိုင်းတဲ့ ကလေးပဲ .."

ဒေါ်မြင့်မေ က နှုတ်ခမ်းမဲ့၍ ခေါင်းခါရင်း ...

"ငါ့ရဲ့ ငယ်စိတ်နဲ့ သားဆို မလွယ်ဘူး .."

"ဒီကောင်လေးနဲ့ သမီးကို လုံးဝသဘောမတူနိုင်ဘူး အစ်မ .."

www.burmeseclassic.com

www.burmeseclassic.com



"တူစရာလားဟဲ့ .. ဒီလောက်မောက်မာရိုင်းစိုင်းနေတဲ့ သတ္တဝါကို .."

ဒေါ်မြင့်မေ နေရာမှထရပ်လိုက်တော့ ချက်ထိရှည်လျားလေးတွဲ့သော ကြက်ဥပုတီးဆွဲကြိုးရှည်ကြီးက ယွဲ့ရမ်းသွား၏။

နားမှာပန်ထားသည့် ပတ္တမြားလုံးချောကြီးတွေက ပြိုးပြက်လက်နေကာ ..၊

"ငါတို့ကလေးက နားမကြားတာကလွဲရင် ရတနာရွှေငွေဆိုတာကို ဇယ်တောက်ကစားလာတဲ့ကလေး .. သင်းတို့ချမ်းသာတာကို ဘာလုပ်ရမှာလဲ .."

"လူ့သဘာဝက ဒီလိုပဲ အစ်မရဲ့၊ ပညာရှိရင် ပညာဂုဏ်မောက်မယ် .. ငွေရှိရင် ငွေဂုဏ်မောက်မယ် .."

"ဒီကောင်လေးက အဲ့ဒါတွေထက်ပိုတယ် မောင်မြ .. ကိုယ်ချစ်တဲ့ မိန်းကလေးရဲ့ မိဘမောင်ဘွားကို ဒီလိုပုံစံမဆက်ဆံသင့်ဘူးဆိုတာ ဘယ်လူကြီးမိဘကမှ သင်ထားဖို့မလိုဘူး၊ ကိုယ်ချစ်တဲ့သူကြောင့် ကိုယ့်စိတ်ကိုက အရှုံးပေးချင်လာတာ .."

"ရှင်းနေတာပဲ .. ကျွန်တော့်သမီးကို တကယ့်မေတ္တာစစ်နဲ့ မချစ်လို့ပေါ့ .."

"ဒါပဲရှိတာလေ .."

ဒေါ်မြင့်မေ ဒေါသနှင့်ပြောပြီးမှ မျက်ဝန်းထောင့်မှာ အရိပ်လေးတစ်ချက် လှုပ်ရှားသွားတာ**မြင်လိုက်ပြီး** လှမ်းကြည့်လိုက်မိ၏။

တူမလေး .. ပယင်း**ရောင်** ..။

မျက်ဝန်းလေးထဲမှာ မျက်**ရည်စတို့** ရစ်သိုင်းနေသည်။ နီရဲစိုအိသည့် နှုတ်ခမ်းလွှာလေးတွေက **တုန်ယင်**လှုပ်နေကြ၏။

သူမလေး အားပါးတရ ငိုချဖို့ပြင်ဆင်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ..."

ဒေါ်မြင့်မေ ရင်နင့်သွားကာ ခြေလှမ်းပြင်လိုက်၏။ ပယင်း က အခန်းထောင့်ကွယ်ကနေ လှစ်ခနဲပျောက်ကွယ်သွားလေသည်။

သူမလေး ကြားသွားရှာပြီ ...၊

ဦးမြဆောင် ကလည်း လှည့်ကြည့်ပြီး ခေါင်းတခါခါဖြစ်သွားခဲ့၏။

ဒီသမီးလေးခမျာ အက်ဆီးဒန့်တစ်ခုကြောင့် ဖြစ်ခဲ့ရသော နားလေးရောဂါနှင့် ငယ်ငယ်တည်းက နားကြပ်လေးနဲ့ပဲ ရှင်သန်လာခဲ့ရသည်။

နားကြပ်ရှိမနေပါက သူမ မည်သို့သောအသံမျိုးကိုမှ ကြားနိုင်စွမ်းမရှိပေ ...။

ကံဆိုးစွာ အင်္ဂါတစ်ခုချို့ယွင်းခဲ့ပေမယ့် ရွှေအဆင်းနှင့် လှပသောရုပ်သွင်လေးကို ကံကောင်းခြင်းလက်ဆောင်အဖြစ် ပိုင်ဆိုင်နိုင်ခဲ့သည်။

ပြီးတော့ သူမလေးမှာ စိန်ရွှေရတနာတိုက်တာစည်းစိမ်ဆိုလည်း ဘာမှမပူပင်ရပါဘဲ ဘဝတစ်သက်တာအတွက် မေတ္တာစစ်နဲ့ ကြင်နာနိုင်မည်သူကျမှ ဘာဖြစ်လို့ ပိုင်ဆိုင်ခွင့်မရှိရမှာလဲ ...။

"တူမလေး သနားပါတယ် .."

"သနားစရာမလိုပါဘူး အစ်မ၊ နားမကြားရတဲ့ဘဝကြောင့် လူဖြစ်ရှုံးမသွားဘူး၊ သူ့ရှေ့မှာ အစ်မ ဒီစကားတွေ သွားမပြောပါနဲ့၊ ဘဝကိုအားငယ်ခြင်းတွေနဲ့ မဖြတ်သန်းစေချင်လို့ပါ .."

"ကိုယ်ကတော့ မဖြစ်စေချင်ဘူးပေါ့ မောင်မြ ရယ် .. ဒါပေမယ့်"

"တော်ပါတော့ အစ်မရယ် .."

ဦးမြမောင် က နေရာမှထရပ်လိုက်ကာ ရာဇဘွား နဲ့ ပတ်သက်ပြီးဖြစ်ရသည့် ဒေါသတွေက အစ်မဖြစ်သူရဲ့ ဘဝင်မကျစရာစကားတွေပေါ်မှာစုပုံ၍ ...၊

"ကျွန်တော့်သမီးကို ရိုးမြေကျ ကြင်နာမယ့်သူမရှိတော့ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခြွေရံသင်းပင်းအပြည့်နဲ့ တစ်သက်လုံး 'ဘုရား' ထူးခံပြီး နေသွားနိုင်းလို့ရတယ် ..."

"တစ်သက်လုံးမဟုတ်ဘူး မောင်မြ .. ငါ ပိုင်ဆိုင်သမျှလည်း ငါ့တူမအတွက်ပဲ၊ သူ့မှာ မိသားစုရှိလာရင်တောင် ဘာအလုပ်မှ မလုပ်ဘဲ ဆယ်သက်လောက်ထိုင်စားလို့ရသေးတယ်၊ ဒါပေမယ့် ဘဝကြင်ဖော်ဆိုတာ ငွေရှိတိုင်းဝယ်ယူလို့မရဘူး၊ သားသမီးရတနာနဲ့ ခြွေရံသင်ပင်းဆိုတာလည်း တခြားစီ၊ ငါ့တူမအတွက် ကြင်ဖက်ကောင်းဆိုတာရှိကိုရှိရမယ် .."

"ငွေနဲ့ ဝယ်လို့မရဘူးဆိုတော့ အစ်မက ဘာလုပ်မှာလဲ .. စကြာဝဠာကို ရေမှုတ်ရိုးတပ်ပြီး ကိုင်လှုပ်ချမှာလား .. ဒါမှမဟုတ် ကျွန်တော်တို့ငယ်ငယ်က ဗာဒံပင်အောက်ကနေ ဗာဒံသီးကြွေကျအောင် အကိုင်းတွေကို ဝါးလုံးရှည်နဲ့ သိမ်းရိုက်သလို ယောကျ်ားတွေရှိသမျှ ရိုက်ချမလား .."

"ဟုတ်တယ် .. အဲ့ဒီယောကျ်ားတွေထဲမှာ ငါ့တူမအတွက် ဖူးစာဖက်ကောင်းပါကိုပါရမယ်၊ ငါ့တူမက သဘောကျပြီး ချစ်ချင်ဖွယ်ရုပ်လက္ခဏာနဲ့ အတော်အတန်ပြည့်စုံဖို့ပဲ ချမ်းသာဖို့မလိုဘူး၊ အသိုင်းအဝိုင်းဂုဏ်ဒြပ်လည်း ကြီးမားဖို့မလိုဘူး .."

"အစ်မ အဲ့ဒီလိုအသံတွေထွက်နေလို့ ခက်တာ .. ကိုယ့်ကလေးကိုကုန်ပုပ်တစ်ခုလို လျှော့ဈေးနဲ့ချဖို့ ခင်းကျင်းနေတာ .."

"ဘာ .. ဘာပြောတယ် .."

"အဲဒါတွေကို သမီးကကြားပြီး 'ငါတော့ လူစင်မမီတဲ့ဘဝနဲ့ မျှော်နာငယ်ရပါလား' လို့တွေးမယ်၊ အဲဒီမှာပဲ မိမိတန်ဖိုးကို မိမိသိသာတစ်ထစ်ချလိုက်ပြီ .."

ရာဇဘွား ဆိုတဲ့ သတ္တဝါလေးလုပ်သွားပုံကို ခံပြင်းနေသည့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



က မပြေနိုင် ...။

"တော်တော့ အစ်မ .. ကျွန်တော့်သမီးကို ကျွန်တော့်စိတ်ကြိုက် အိမ်ထောင်ဘက်ရွေးချယ်ပေးမယ်၊ အတော်ဆုံး အကောင်းဆုံးဆိုတဲ့ အိမ်ထောင်ဘက်က ကျွန်တော့်သမီးအတွက်ပဲ .."

ကြေးကြော်ခြင်းက ရာဇသံတစ်ရပ်ကဲ့သို့ ပြင်းရှစွာစီးဝင်၏။ ပယင်း၏ ခြေလှမ်းတွေက လှေကားကြီးပေါ်ကို တစ်ထစ်ချင်းနင်းဖြတ်လျက် နားစည်ကနေ ရိုက်ခတ်သော ဖေဖေ့ရာဇသံသည် နှလုံးသားထဲထိ ကြမ်းတမ်းစွာ ..၊

"ပယင်း ကို့ကို မမေ့နိုင်ဘူး ဖေဖေ .."

နားထဲကနေ နားကြပ်ကို အသာလေးဖြုတ်ထားလိုက်သည်။ အကြားအာရုံအားလုံး ဆိတ်သုန်းပျောက်ကွယ်သွားသည်နှင့် ကိုယ်ဟာ အိပ်မက်ထဲမှာ လွင့်မျောနေသလိုပင် ..။

ပတ်ဝန်းကျင်၏ ငြိမ်သက်နေသော လှုပ်ရှားနေသော အရာဝတ္ထုမှန်သမျှက မိမိနှင့် မသက်ဆိုင်သော ကမ္ဘာခြားတစ်ခုကဲ့သို့ အသက်မဲ့နေ၏။

ကိုယ့်ဘဝကို ဘယ်သူများ နားလည်ခဲ့လို့လဲ ..၊

မြတ်နိုးကိုးကွယ်စရာအဖြစ် ဘယ်သူက တန်ဖိုးထားခဲ့သလဲ ..၊

ကို့ တစ်ယောက်သာ သူမရဲ့ကမ္ဘာဖြစ်သည်။

ကိုနဲ့ ဆုံဆည်းခဲ့လေမှ သူမဘဝရဲ့ နေ့ရက်တွေက ရွှေရောင်အဆင်းနှင့် လင်းရသည်ဖြစ်ရာ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ကြောက်နေလား .. ပယင်း .."

"အင်း .."

"ဒီထိလိုက်ပြီး ဘယ်သူမှ မနှောင့်ယှက်နိုင်တော့ဘူး .. မကြောက်နဲ့တော့ .."

ကူရှင်မှာ ခွေခွေလေးလှဲနေရာကနေ ခေါင်းထောင်ကြည့်လိုက်တော့ ကားဦးတည်နေသည့် ကောင်းကင်ပြင်ကြီးက ပန်းသီးကဲ့သို့ ရဲရဲနီနေလေသည်။

"မိုးလင်းတော့မယ် .."

"ဟုတ်တယ် .."

ကိုယ့်ကိုယ်ကိုယ် အံ့ဩလို့မပြီးနိုင်အောင်ဖြစ်ရရင်း ကားအရှိန်နဲ့ ရိပ်ရိပ်ပါ ပြေးနေသော လမ်းဘေးဝဲယာကိုလှည့်ပတ်ကြည့်မိသည်။

"ဘယ်ကိုရောက်နေတာလဲ ကို .."

"ကိုတို့ ခြံထဲကိုရောက်တော့မယ်လေ .."

"ဒါဆို .."

"ပြင်ဦးလွင်ပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပြင်ဦးလွင်.."

ကြားဖူးမြင်ဖူးခဲ့သည့် ပြင်ဦးလွင်က ကွေ့ကောက်များပြားသော တောင်ပတ်လမ်းတို့ဖြင့် အလွန်လှပါ၏။ မြို့ပေါ်ဆိုတာလည်း ..၊

"ကိုယ်ပြောဖူးသားပဲ .. ကိုယ်တို့က ပြင်ဦးလွင်အပိုင်ထဲမှာလို့ ပြောနိုင်ပေမယ့် မြို့နဲ့ မိုင်လေးဆယ်လောက်ဝေးပါတယ်ဆို .."

"မိုင်လေးဆယ်တောင် .."

အဲဒီလောက်ကွာနေသည့် အရပ်ဒေသကို ပြင်ဦးလွင်လို့ပဲ သတ်မှတ်တာလား ..၊

တစ်ဖက်ခြမ်းက စိမ်းညိုသောတောတန်းနှင့် တစ်ဖက်က ကုန်းမြေမို့မို့တစ်ချို့ပေါ်မှာ သစ်ခြောက်ပင်ကြီးတွေ ခြုံတစ်ချို့ ရှုပ်ပွေလျက် ..။

"ဘာတွေ တအံ့တသြဖြစ်နေတာလဲ ပယင်း .. ကိုယ့်ကို မယုံဘူးလား .."

"မဟုတ်ပါဘူး ကိုရယ် .. ယုံကြည်လို့လိုက်လာတာပဲဟာ .. ပယင်း ညနေခြောက်နာရီလောက်က အိပ်ပျော်သွားတာ .."

"မင်း ကော်ဖီသောက်တယ် .. အပေါ့အပါးထသွားသေးတယ်လေ၊ အဲဒီဆိုင်ကနေ အချဉ်ထုပ်တွေတောင် ဝယ်လာသေးတာကို .."

"ဟုတ်တယ် .. ဒါပေမယ့် အဲဒါတွေလည်း အိပ်မက်မက်လိုက်သလိုပဲ ကို .. ပယင်း မျက်စိမဖွင့်ဘဲ လှုပ်ရှားနေတာသိလား၊ အရမ်းကို အိပ်ချင်တာနေတာ .. ပြီးတော့ ကားပေါ်ဘယ်လိုပြန်ရောက်လာမှန်းတောင်မမှတ်မိတော့ဘူး .."

"ဟွန်း .."

ရာဇဘွား က ကားမောင်းနေရင်း ရယ်သည်။

"ခရီးဝေးမထွက်ဘူးလို့ ကားမူးတာနေမှာပါ၊ ကိုယ်ကတော့နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ မင်းကို လှည့်ကြည့်နေမိတာနဲ့ အိပ်ငိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်တောင်မဖြစ်ဘူး .."

"ဟုတ်ရဲ့လား ကိုရယ် .. တစ်လမ်းလုံးကြီးမောင်းလာရတာ၊ အခု ရောက်ခါနီးပြီဆိုတော့ ပယင်း တစ်လှည့်မောင်းပေးမယ်လေ .."

"ဟား .. ဟား .. ဟား .."

"ကိုက ဘာရယ်တာလဲ .."

"ပယင်း ကို ကိုယ်က ခိုင်းရက်ပါ့မလားကွာ .. မင်းက ပင်တိုင်စံ ရွှေမင်းသမီးလေးပဲ၊ ပြီးတော့ ကိုယ့်နောက်ကို မောင့်တစ်မျက်နှာ တစ်ရွာ ထင်ပြီးလိုက်ခဲ့တဲ့သူ .."

"ဒါပေမယ့် .."

"နေပါ ပယင်းရယ် .. နောက်နာရီဝက်လောက်ဆို ရောက်တော့ မှာ .."

"နာရီဝက်လောက်တောင် ထပ်သွားရဦးမှာပေါ့ .."

ခုချိန်ထိလည်း လမ်းဘေးမှာ လူနေအဆောက်အဦးနဲ့တူတာ ဘာမှ မမြင် ..။

ကို တို့က ဒီလောက်ချမ်းသာရက်နဲ့ ဘာဖြစ်လို့ တောခေါင်ခေါင် မှာ လာနေကြတာလဲ ..။

ဒါမှမဟုတ် မရောက်သေးလို့ အိမ်ခြေမမြင်ရသေးတာလား ..။

မယုံကြည်ခြင်းနဲ့ မဆိုင်ဘဲ ထူးဆန်းတာတွေကိုတော့ တွေးမိနေ၏။ ပြီးတော့ ခုထိတိုင် မူးရိပ်ရိပ်အုံ့ခဲနေသည့် ခေါင်းထဲမှာ အိပ်ချင်စိတ် က မပြေသေး ..။

သူမ ဒီလိုတစ်ခါမှ မဖြစ်ခဲ့ဘူးပါ။ ခရီးဝေးမသွားဖူးပေမယ့် ဟို ခရီး ဒီခရီးလောက်တော့ သွားခဲ့ဖူးသည်။

ခရီးထွက်လာခဲ့သည်ဆိုသည့် အသိကြောင့် တက်ကြွနေသည့်စိတ် က အိပ်စက်ခြင်းကိုဖုံးလွှမ်းနိုင်သည်။ ထို့ပြင် ပယင်း ဆိုသည့် သူမဘဝ

www.burmeseclassic.com

www.burmeseclassic.com



က နားကြားရတာမဟုတ်ပေ ..။

မြင်မြင်သမျှကို လိုက်ကြည့်မှတ်သားတတ်သည့်အကျင့်ကိုက ငရီး သွားရင် မအိပ်တတ်သောအကြောင်းပြချက်ကောင်းဖြစ်၏။

ခုတော့ သူမ အိပ်ချင်နေခဲ့သည်။ ဝါးခနဲတစ်ချက်သမ်းကာ နှုတ်ခမ်းမှာ အုပ်ကွယ်ထားသည့် လက်ဖဝါးလေးတွေကို မဖယ်သေးဘဲ မျက်တောင်တွေဖိခတ်ပစ်မိ၏။

ဒါပေမယ့် မျက်တောင်ခတ်တိုင်း ဖန်စပ်စပ်ဖြစ်နေကာ ကူရှင်မှာ မျက်နှာလေး ကယ်မှီလိုက်ရခြင်းသို့ရောက်၏။

မြင်လွှာတွေပိတ်လိုက်သည်နှင့် အာရုံမှာအရိပ်ထင်လာတာက ကြီးကြီးမေ မျက်နှာ ..၊

ပြီးတော့ ဖေဖေ ..၊

ဖေဖေ ဘယ်လောက်ထိ ပယင်း ကို စိတ်ဆိုးနေပြီလဲ ..၊

ငိုချင်စိတ်တွေ ဆက်တွဲဖြစ်လာသည့်အခါ ပိတ်ယှက်ထားသည့် မျက်တောင်ဖျားတို့က စိုစိုစွတ်စွတ်ဖြစ်လာခဲ့ကြသည်။

လူကြီးမိဘ၏ စီမံမှုအပေါ်မှာ ဘယ်အခါကမှ ငြင်းဖီဆန်ခဲ့ဖူးတာမရှိသော်လည်း အချစ်ကိုတွေ့ရှိလာခဲ့သည့်အခါတွင် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

နှားထဲမှာ ရယ်သံလား .. ငိုညည်းသံကြီးလား ..၊

ပုံမှန်ကြားလာရသည့်အသံတစ်ခုကြောင့် သူမ နိုးသွားခဲ့သည်။

ဟင်!...၊

လူတစ်ယောက် သူမ ခြေရင်းမှာမတ်တပ်ကြီး ရပ်ကြည့်နေ၏။ ကားတံခါးကိုဖွင့်ထားပြီး တံခါးပေါ်မှာ လက်တစ်ဖက်တင်၍ တောင့်မတ်စွာရပ်နေတာဖြစ်သည်။

ကို ဘယ်ရောက်သွားလဲ ..၊

ပယင်း လှဲနေရာက ကျိုးထလိုက်လျှင် ထိုသူက ဖျတ်ခနဲလှုပ်ရှား၏။

"ရှင် .. ရှင် .. ဘာလုပ်တာလဲ သွား .."

အိပ်မက်ထဲမှာ ထမင်းလုံးတစ္ဆေခြောက်သကဲ့သို့ တအားအော်ပြောလိုက်သည့်အသံက ဘယ်နေရာမှာ တိမ်ဝင်ပျောက်ဆုံးခဲ့သည်မသိ ..။ သူမ အော်နေရင်း အပြင်ကိုလည်း ထွက်မရသဖြင့် နောက်ထပ်ဆုတ်မိ၏။

ထိုယောကျ်ားကြီးက အသက်အားဖြင့် ငါးဆယ်ဝန်းကျင်လောက်ရှိနိုင်ကာ ကြောင်စီစီမျက်လုံးကြီးတွေက သူမ မျက်နှာကနေ နည်းနည်းမှ မခွာ ..။

"ဟီး .. ဟီး .. ဟီး .."

www.burmeseclassic.com



ရုတ်တရက် နှုတ်ခမ်းတွေဖွင့်ရယ်လိုက်တော့ သွားတွေက ညီညစ်ညစ် ထပ်ညပ်နေကြပြီး ကားထဲကို ကုန်းကွဝင်လာတာ တိရစ္ဆာန်တစ်ကောင် နှင့်တူ၏။

"သွား .. ရှင် ထွက်သွား .. ဘာလုပ်တာလဲ .. ကိုရေ ပယင်း ကို ကယ်ပါဦး .."

အော်ဟစ်နေမိစဉ် လူကြီးက ကိုယ်ပေါ်ကို ခုန်အုပ်လာ၏။ ထို့ပြင် သူ့လက်ထဲမှာ အပြားကြီးသော ဓားမြှောင်တစ်ချောင်းပါလာခဲ့ပြီး ..

"နင့်ကိုသတ်မယ် .. ငါစောင့်နေတာ နင့်ကို .. နင့်ကို သတ်ပစ်မယ်.."

"ဟင့်အင်း .. မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ တောင်းပန်ပါတယ် .."

ပယင်း တောင်းပန်နေရင်း မျက်လုံးထဲမှာ ဓားဦးချွန်ကြီးကို လက် ခနဲ မြင်လိုက်ရပြီး မျက်နှာပေါ်ကို တည့်တည့်စိုက်ကျလာသည့်နောက်..

"အား ...."

ပယင်း တအားအော်လိုက်မိစဉ် လူကပါ ဆတ်ခနဲထထိုင်ပြီးဖြစ် သွားခဲ့၏။

ကို ...၊

သူမဘေးမှာ ရာဇ ရှိမနေခဲ့ပေ ..။ ပတ်ဝန်းကျင်က နံနက်ခင်းနေ ရောင်ခြည်နှင့် လေပြည်ညှင်း၏ သုတ်ဖြူးခြင်းတို့ကြောင့် လှပနေ၏။

သူမ ကားပေါ်မှာပဲရှိနေသေးသည်။ ကားက လမ်းဘေးတစ်နေရာ မှာ ရပ်တန့်နေလျက် ပတ်ဝန်းကျင်မှာ ရှုက်စိမ်းနှင့် သစ်ပင်ငယ်တို့ကို မြင်နေရသည်။

ကုန်းမို့ပြေပြေတို့နှင့် သစ်ခေါက်ပင်တစ်ချို့ကိုလည်း မြင်ရကာ လမ်းကတော့ တောလမ်းဆန်သွားပြီဖြစ်သည်။

ချွေးစိုနေသည့် လည်တိုင်နှင့် ရင်ဘတ်တွေ ကျောပြင်တွေထဲမှာ လေနုအေးကြောင့် စိမ့်အေးသွားသည်။

အိပ်မက်မက်နေသည်မှန်း သိလိုက်ပြီမို့ ကြောက်စိတ်လည်း အနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ်ပြေသွားပြီဖြစ်သည်။ သို့သော် ကို့ကို မတွေ့သေးသဖြင့် စိုးရိမ်စိတ်ကတော့ ရှိနေသေးကာ ..၊

"ကိုရေ ..."

သူမရဲ့ခေါ်သံက ပတ်ဝန်းကျင်မှာ တော်တော်လေးကျယ်ကျယ်လောင်လောင်ဖြစ်သွားသဖြင့် အိပ်မက်ထဲမှာ ကို့ကို ခေါ်ရင်း အသံမထွက်နိုင်တာကို သတိရမိသည်။

စိတ်ထဲမှာ ဘယ်လိုခံစားချက်ကြီးမှန်းမသိဘဲ ပတ်ဝန်းကျင်ကို နောက်ထပ်အကဲခတ်မိပြန်သည်။ ထိုစဉ် ရာဇ ပြန်ရောက်လာကာ ..၊

"နိုးနေပြီလား .."

"အင်း .. ပယင်း ဘာဖြစ်လို့အိပ်ချည်းပဲအိပ်ချင်နေမှန်းမသိတော့ဘူး .."

"ကောင်းတာပေါ့ .. ခရီးပမ်းမှန်းမသိတော့ဘူးပေါ့ .."

"ကိုကတော့ ဒီလောက်အဝေးကြီးလာခဲ့ရပြီး တောက်လျှောက်ကားမောင်းလာတာ ဘာမှမဖြစ်သလိုပဲ .."

"ကိုယ်ကသွားနေကျပြီလေ .."

ပြောပြီး သူက ကားထဲဝင်ထိုင်လိုက်ကာ ..၊

"အပေါ့အပါးမသွားဘူးလား .. ဒီကနေ နည်းနည်းဆင်းလိုက်ရင်ကမ်းပါးစောက်လေးရှိတယ်၊ အန္တရာယ်မရှိပါဘူး၊ လွတ်လွတ်လပ်လပ်လုပ်လို့ရတာကိုပြောတာ .."

"ဟင့်အင်း .."

"အိမ်သာ တွေ့မှလို့တော့ အောင့်မထားနဲ့နော် .. တွေ့ရင်လည်းမင်း သဘောကျမှာမဟုတ်ဘူး .. တောနယ်ဆိုတာက အမိုး..ကာလုံရုံရယ် .."

တစ်လမ်းလုံးမှာ ပယင်း အတွက် ပြောပြဖော် မေးဖော်တွေရပါသည်။ ဒါပေမယ့် လာသွားရအောင်ဆိုတာမျိုး ဂရုတစိုက်စော..ခါတာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးမရှိ ..။

တစ်ခါတစ်လေ တွေးမိတာက ထချင်သွားချင်တာမျိုးဖြစ်တဲ့အခါ ကိုက မရမကခေါ်ရင်ကောင်းမှာပဲလို့ မျှော်လင့်မိလို့ဖြစ်သည်။

"ဒါဆို ကိုယ် ဆက်မောင်းတော့မယ်နော် .."

"ရောက်တော့မှာလားဟင် .."

"ရောက်တော့မယ် .. ဒါပေမယ့် ရှေ့မှာ 'မြင်းသိုက်' တောင်ခြေ ရှိသေးတယ်၊ အဲဒီကလွန်ရင် ရောက်ပြီ .."

"မြင်းသိုက်တောင် ဆိုတော့ ရွာမဟုတ်ဘူးလား .."

"မဟုတ်ဘူး .. ဒီလမ်းကနေ မြစ်ဝကျယ် အိမ်ရာစီမံကိန်းကိုသွား တဲ့ ခရီးတစ်ထောက်ပေါ့၊ အစားအသောက်ရောင်းတဲ့လူတွေရှိတယ် ခဏတ်ဆီ ဒီဇယ်ရတယ်၊ အလွန်ဆုံးရှိရင် အိမ်ခြေလေးငါးလုံးပေါ့ .. ဈေး ဆိုင်သာသာတဲလုံးလေးတွေ .."

ပယင်း ခေါင်းညိတ်ဖို့မေ့နေမိသည်။ ရန်ကုန်ကထွက်လာတည်း က ကိုယ်က အိပ်ပဲအိပ်နေခဲ့လို့လား .. ဒါမှမဟုတ် တိုက်ဆိုင်နေတာ လား ..။

ဘာမှန်းတော့ မသိပေမယ့် ကားပေါ်ကနေ မြင်လိုက်ရတိုင်း မြို့ မြင်ကွင်းဆိုတာလည်း မတွေ့၊ ကျေးလက်တောရွာပုံစံလည်းမမြင် ..

မြင်းသိုက်တောင်ဆိုတာမှာတော့ လူနေအိမ်ခြေမြင်ရဖို့ရှိတာမို့ စ တည့်တည့်ကိုပဲ ငေးနေခဲ့မိသည်။

"မျက်နှာလည်းမသစ် အပေါ့အပါးလည်းမထဘူး၊ ဘာတွေစိတ်ညစ် နေတာလဲ ပယင်း .."

"ဟင် ..."

ငေးနေရင်း ပယင်း လှုပ်လှုပ်ရှားရှားလေးဖြစ်သွားတော့ ..၊

"ရေချိုးခန်းဝင်ရင် တစ်ခါတည်းလုပ်တတ်တဲ့အကျင့်ဖြစ်နေ ပါ၊ တော်ကြာ တစ်ခုလုပ်လို့ တစ်ခုမလုပ်ရရင် ကွဲများနေမှာစိုးလို့ ..

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

ရာဇ က ကားမောင်းနေရင်းရယ်ကာ ..၊

"မသိပါဘူး .. ကိုယ့်နောက်လိုက်လာပြီးမှ နောင်တရနေတာလား လို့ .."

"ဟင့်အင်း .. မဟုတ်ပါဘူး .."

ဒီလိုစကားမျိုးပဲပြောပြီး ဖြေရှင်းရတာ တစ်ခါနှစ်ခါမကဖြစ်လာ ဘာကို ပယင်း သတိထားမိလာခဲ့၏။

ထို့ကြောင့် ရာဇ မျက်နှာကို ငဲ့ကြည့်ကာ ..၊

"ကိုက ဘာဖြစ်လို့ ဒါပဲမေးနေတာလဲဟင် .. ဒီထိရောက်လာပြီးမှ ကို့ကိုမှ မယုံရင် ပယင်း ဘယ်သူ့ကိုယုံကြည်ရမှာလဲ .."

"မှန်တယ်လေ .. ဒါပေမယ့် ချစ်တဲ့စိတ်ဆိုတာ အသွားအပြန်ရှိ သလို အတိမ်အနက်ကွာခြားတာတွေလည်းရှိတယ်၊ လူတွေအနေနဲ့ ဘယ်လိုစမ်းသပ်လို့မှမရနိုင်ပေမယ့် သူ့အတွက်ကျတော့ လွယ်လွယ် လေးပြောင်းလဲသွားတတ်တဲ့ ဂုဏ်သတ္တိတွေရှိတာမျိုး .."

"ဒါဆို ခိုင်မာတဲ့အချစ်ဆိုတာတွေကရော .."

"ဟုတ်တယ် ခိုင်မာတယ်၊ ဘယ်လိုကြီးမားကောင်းမွန်တဲ့ ခေတ်မီ သက်နက်ကိရိယာမျိုးနဲ့မှ တူးယူလို့မရဘူး၊ နှုတ်ယူဖယ်ရှားပစ်လို့လည်း မရနိုင်ဘူး၊ အဲ့ဒါကလည်း ကိုယ်ပိုင်ရပ်တည်နေတဲ့အချစ်ရဲ့ ဂုဏ်သတ္တိ ပဲ ပယင်း ရဲ့ .."

"ပယင်း ရင်ထဲမှာ အစကချစ်ခဲ့ပေမယ့် အခု ပြောင်းလဲနေနိုင်တယ် လို့ ပြောတာလား ကို .."

"မင်း မျက်နှာလေးကို အကဲခတ်ကြည့်လိုက်တာပါ၊ အစတည်း က ကိုယ်တို့သားအဖရဲ့ လိုက်(ဖ်)စတိုင်လ်က ဘယ်မိသားစုနဲ့မှ မတူ ဘူးလို့ ကိုယ်ပြောခဲ့တယ်၊ မင်းလည်း လက်ခံခဲ့တယ် .."

"လက်ခံခဲ့တာတစ်ခုတည်းမဟုတ်ပါဘူး ကိုရယ် .. ပယင်း က

www.burmeseclassic.com

www.burmeseclassic.com



မိဘရင်ခွင်ကို စုံကန်ထွက်ခဲ့တဲ့အထိ ကို့ကို ယုံခဲ့တာပါ ..”

“ယုံခဲ့တယ်ဆိုတာက မနေ့တစ်နေ့က အတိတ်ဖြစ်သွားနိုင်တယ်လေ .. ကိုယ်ပြောခဲ့တာကို ယုံခဲ့ပေမယ့် အခု လက်တွေ့ဘဝထဲကို ဝင်လာစဉ်မှာ မင်း မျက်လုံးထဲက စူးစမ်းရှာဖွေမှုကို မြင်လာရတော့ ..”

“ပယင်း က နားမကြားပေမယ့် မျက်လုံးတွေကောင်းနေသေးတယ်လေ၊ ကိုယ်မသိ မမြင်ဘူးခဲ့တဲ့အရပ်ဒေသကို ဘယ်လိုမျိုးလဲဆိုတာ သိချင်ခွင့်မရှိဘူးလား ..”

“ဟား .. ဟား .. ဟား .. စကားတတ်လိုက်တာ ပယင်း ရယ်၊ နားမကြားလို့ တော်သေးတာနော် ..”

ပယင်း က အပြုံးယဲ့ယဲ့လေးနဲ့ငေးနေခဲ့၏။ နားမကြားရသည့် အဖြစ်ကို ပယင်း ပြောရင်တောင် ဖေဖေတို့က မကြိုက်ခဲ့ကြပေ။

နားကျပ်ရဲ့ အကူအညီနဲ့ အများသူငါလိုပဲ ကြားနိုင်သည်ဖြစ်ရာ ဒါကို မေ့ပျောက်ထားစေချင်တာဖြစ်သည်။ ထို့ကြောင့်လည်း တစ်ခြားသူ ပါးစပ်က ကြားလိုက်ရသည့်အချိန်မှာ နားထဲမှာ ခါးသက်သက်ကြီး ဝင်သွားခဲ့၏။

ပြီးတော့ ထိုသူက ပယင်း ရဲ့ ချစ်ရဆုံးသူ ..၊

“အဲဒါ မြင်းသိုက်တောင်ခြေ ပဲလေ .. ရောက်ပြီ ..”

ပယင်း ရဲ့ အတွေးတွေက မြင်းသိုက်တောင် ကို လှမ်းမြင်လိုက်တာနှင့် အားလုံးပြတ်တောက်ပျောက်ကွယ်သွားခဲ့၏။

မြင်းသိုက်တောင်ဆိုသော်လည်း ခပ်မြင့်မြင့်ကုန်းမို့နှင့် အုပ်ဆိုင်းနေသော ညောင်ပင်အိုကြီးတစ်ပင်မှလွဲ၍ မြင်းနဲ့တူတာ ဘာမှမမြင် ..

“ဘာဖြစ်လို့ အဲ့လိုခေါ်တာလဲဟင် ..”

“ဟိုမှာကြည့်လေ .. ညောင်ပင်ကြီးနဲ့ သူ့ခြေထောက်တွေ ကုန်းပုံက မြင်းတစ်ကောင်မတ်တပ်ရပ်နေတာနဲ့ မတူဘူးလား ..”

သူပြမှ သတိထားပြီး ပြန်ကြည့်မိသည်။ ဟုတ်တော့လည်း ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် တိမ်တွေကိုကြည့်ရင်တောင် သေချာကြည့်လေ ပုံသဏ္ဌာန်တစ်မျိုးမျိုးပေါ်လာလေပဲမဟုတ်ဘူးလား ..။

ပယင်း ဘာမှမပြောတော့ဘဲ ခေါင်းပဲညိတ်လိုက်မိသည်။ စိတ်တွေနောက်ကျိရှုပ်ထွေးနေရကာ မျက်ခွံတွေက လေးလံနေဆဲမို့ မသိတာကိုတွေးဖို့လည်း စိတ်မရှည်၊ သိနေတာကိုလည်း ခွဲခြမ်းစိတ်ဖြာမနေချင်..။

ခုချိန်မှာ အလိုအပ်ဆုံးဟာ အိပ်ရာခင်းသန့်သန့် မွေးပျံ့ပျံ့လေးတစ်ခုပေါ်မှာ ကြောင့်ကျကင်းစွာ အိပ်စက်နေလိုခြင်းဖြစ်သည်။

သူမ ခရီးပမ်းနေသည်လား၊ ဒါမှမဟုတ် ကို့ကို နားလည်ရခက်လာရခြင်းအတွက် စိတ်တွေမကြည်လင်ဖြစ်နေရတာလား ..။

ဘာမှန်းမသိခြင်းကြောင့် ပို၍စိတ်ညစ်လာရခြင်းကတော့ သိသာနေခဲ့လျက် ဒီတစ်ခါ ခေါင်းချမှီထိုင်ဖို့ကို မဝံ့ရဲတော့ပေ ..။

နောက်ထပ် အိပ်မက်ဆိုးထပ်မက်လာလျှင် အိပ်မက်ကနေ သူမနိုးထလာခဲ့လျှင် အနားမှာ ကို ရှိနေဖို့မသေချာရခြင်းနှင့် ပတ်သက်၍..၊

"တစ်လုံးလောက်အားလား .."

ကားပေါ်ကနေ ရာဇ က လှမ်းမေးလိုက်လျှင် ပယင်း ကိုယ့်အတွေးတွေကိုထားပြီး စိတ်ဝင်တစားလှမ်းကြည့်မိ၏။

ဘာရောင်းသည့်ဆိုင်မှန်းမသိသော ဈေးဆိုင်သေးသေးလေးနောက်က အသက်သုံးဆယ်လောက် ယောကျ်ားတစ်ယောက်က ထွက်လာပြီး ..၊

"ခဏလား .."

"လေ့လောဆယ်တော့ ခဏပဲ .."

"မသေချာရင်လည်း တစ်ရက်ခပေးရမှာနော် .."

ရာဇ ဘာမှမပြောတော့ဘဲ ကားကို ဝေါခနဲဘက်ခ်ဆုတ်လိုက်ကာ ညောင်ပင်၏ မျက်နှာစာတစ်ဖက်ထဲကို ခေါင်းနဲ့လှည့်ဝင်လိုက်၏။

သူ ပါကင်ထိုးနေတာမြင်မှ ပယင်း က ပတ်ဝန်းကျင်ကိုကြည့်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကို ဘာငှားတာလဲ .."

"တဲ .."

"တဲ ဘာလုပ်ဖို့လဲ ကို .. ခဏတစ်ဖြုတ်ဆင်းပြီး .."

"ဒီမှာ ခဏတစ်ဖြုတ်ထိုင်နားစရာမရှိဘူး .."

ပါကင်ထိုးရင်း လှည့်မကြည့်ဘဲဖြေကာ တံခါးဖွင့်ဆင်းလိုက်၏။ ပြီးတော့ ပယင်း ကို လာမခေါ်ဘဲ ထိုလူနဲ့ စကားသွားပြောနေ၏။

ဆောင်းဘီနက်ပြာရောင် ဂျာကင်အနက်နှင့် ဖြူဖွေးနေသည့် မျက်နှာကို ပယင်း နေရာကနေ ကြည့်တော့ မေးရိုးနဲ့ ပါး တစ်ခြမ်းလောက်ထိပဲ မြင်နေရသည်။

သို့သော် နှာတံပေါ်ပုံက လက်ဖျားခါလောက်အောင်လှသည့် ကို့ မျက်နှာက မစို့မပို့မြင်ရလည်း ချောနေတာပင် ..။

ကို့ကို သူမ အရူးအမူးစွဲလမ်းခဲ့သည်။ နားကျပ်လေးနဲ့ ရှင်သန်ကြီးပြင်းခဲ့ရသည့် ဒဏ်ရာများနဲ့ ဘဝမှာ ကို့ အပြုံးတွေက သူမအတွက် ခွန်အားဖြစ်ခဲ့၏။

ပြီးတော့ ကို့ကို တစ်ဖက်သတ်သဘောကျနေကြသည့် မိန်းမလှလေးတွေထဲမှာ ကိုက ပယင်း ကိုမှ ဂရုစိုက်ခဲ့သည်။

တခြားမိန်းကလေးတွေ အထင်ကြီးအားကျသော မျက်လုံးတွေနဲ့ ကြည့်ကြသည့်အချိန်မှာ ပယင်း လောက် ကြည်နူးပီတိဖြစ်ရတဲ့လူရှိပါ့မလား ..။

"ငါ နားကြပ်နဲ့နေရတာကို ကို သိတယ် .."

"ဟုတ်တယ် ပယင်း .. ဒါပေမယ့် နင်က ဒါကို အားငယ်စိတ်ဖြစ်နေလို့ရယ်၊ တကယ်ဆို နင်က အရမ်းလှတာ၊ ပြီးတော့ ချမ်းသာတယ် .."

"ငါ့ကို ငွေမက်ပြီးကြိုက်တာလို့ ပြောမလို့လား .. ကို့ထက်တောင် ချမ်းသာသေးတယ်၊ မော်ဒယ်လ်မြင့်ကားတွေ ထည်လဲစီးနေ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကားတိုင် သူ့နာမည်နဲ့ချည်းပဲ ..”

အခင်ဆုံးသူငယ်ချင်းက စိုးရိမ်စိတ်နဲ့ တားဖို့ကြိုးစားသေးသည်။

“သူ့ပုံစံက တစ်မျိုးပဲ ပယင်း .. အေးတိအေးစက်နဲ့ တစ်လောက လုံး မကျေနပ်နေသလိုပဲ၊ မိသားစုဒုက္ခရာများရှိသလား မသိဘူးနော်..”

“ဘာရှိရှိပေါ့ဟာ .. လူတိုင်းမှာ လျှို့ဝှက်ချင်တာတစ်ခုစီတော့ ရှိတတ်ကြတာပဲ၊ သူ့စိတ်ကို ငါ နားလည်ဖို့ကြိုးစားချင်တယ် ..”

သူမ ဒီတိုင်းပြောခဲ့သည်။ ပြောခဲ့တဲ့အတိုင်းပဲ နားမလည်နိုင်တာ တွေကို နားလည်ဖို့ကြိုးစားရင်း ဒီအခြေအနေထိ စွန့်စားခဲ့မိသည်။

ခုထက်ထိတော့ ကို့ကို နားမလည်ခဲ့သေးပါ။

ကားပေါ်ကနေ ကို လာခေါ်မှာပဲလို့တွေးရင်း စောင့်နေခဲ့တာ ဆယ် မိနစ်လောက်ကြာသွားသည်။ သို့သော် ကို့ကိုလည်း မတွေ့၊ ဘယ်သူ ကမှလည်း ဒီဘက်ကို ဂရုစိုက်ကြည့်မနေ ..၊

ဈေးဆိုင်နှင့်တူသော မျက်နှာစာရှေ့မှာ အဖီလေးထုတ်ထားသည့် တဲလေးရှိသည်။ ထိုကဲ့သို့ နောက်ထပ် တဲလေးနှစ်လုံးလည်း ထပ်ရှိသေး၏။

သို့သော် ဘာတွေရောင်းချနေမှန်းလည်းမသိ၊ ဝယ်ခြမ်းစားသောက် သည့်လူလည်းမတွေ့ ..။

ထို့ပြင် ရောင်းသူမှန်း ဝယ်သူမှန်းမသိသော သက်ကြီးသက်လတ် အရွယ် ယောကျ်ားတွေလည်း ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာရှိ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ လူဘယ်နှစ်ယောက်ရှိနေသလဲဆိုတာ လက်ချိုးရေတွက်လို့တောင်ရနိုင်လေသည်။ တောကြိုအုံကြားလိုနေရာ မျိုးမှာ လူစိမ်းတွေရောက်လာတာ ဒီထက် ပျာပျာသလဲရှိမနေသင့်ဘူး လား ..။

ဟိုဒီလှည့်ပတ်ကြည့်ရင်း တစ်နေရာအရောက်မှာ ပယင်း ရဲ့မျက် လုံးတွေ ပို၍စူးစိုက်သွားခဲ့၏။

ခပ်နိမ့်နိမ့်ချိုင့်ကြီးတစ်ခုထဲမှာ နောက်ပိုင်းမြင်နေရတာ ကားကြီး

www.burmeseclassic.com

www.burmeseclassic.com



လား ..။

ဒီကနေ ကိုယ်နှစ်ဆယ်လောက်တော့ ဝေးနိုင်သည်။ ဒါပေမယ့် ကားတစ်စီးရဲ့နောက်မြီးပိုင်းဆိုတာ သေချာပါသည်။ ကိုယ်ထည်တစ်ခု လုံးကို နွယ်တွေရစ်ပတ်နေတာလား .. ခြုံထဲကို ထိုးစိုက်ကျနေတာလား..၊

"ဒေါက် .. ဒေါက် .."

ဘေးမှာလူရိပ်နှင့်အတူ မှန်ကိုခေါက်လိုက်သည့်အသံကြောင့် ပယင်း ဆတ်ခနဲဖြစ်သွား၏။ စောစောက ရာဇ နဲ့ စကားပြောရင်း ပျောက်ကွယ်သွားသည့်လူ ..။

"အောက်ဆင်းပါလား .."

ဟင် ..၊

မျက်လုံးဆုံလိုက်တော့ မှန်အပြင်ကနေ အောက်ဆင်းဖို့လက်ပြနေ၏။ ပယင်း ခေါင်းညိတ်ပြလိုက်ပြီး မှန်ချ၍ ..၊

"ကို .. အဲ့ .. ခုနဆင်းသွားတဲ့ ကိုရာဇဘယ်သွား .."

နာမည်မေးလို့ သူတို့သိမည်မထင် ..၊

"ခုနဆင်းသွားတာ ကျွန်မယောက်ျားလေ .. သူရော .."

"ရွာထဲဘက် သွားတယ်ထင်တယ် .. မသိဘူး .."

ပြန်မေးလိုက်သဖြင့် စိတ်တိုသွားသည့်မျက်နှာဖြစ်သွား၏။ ပြီးတော့ ဆင်းချင်ဆင်း မဆင်းချင်နေဆိုသည့်ပုံနှင့် လှည့်ထွက်သွား၏။

ရွာထဲဘက်ဆိုတာ ကိုတို့ရဲ့ ရွာလား၊ ကိုက ရွာငယ်ဇနပုဒ်မှာပဲ နေတာလား ..။

"ကိုယ်နဲ့လိုက်ခဲ့ပါ .. မင်းကို ဒီထက်ပြည့်စုံအောင် ကိုယ်ထားပါ့ မယ် .." လို့ ပြောခဲ့တာပါ။

သူမ ပြည့်စုံတာတွေလိုချင်လွန်းလို့မဟုတ်ပါ။ ဒါပေမယ့် ကိုလို ရေးလုံးသီခေါင်သော ခြောက်သွေ့ကွန်းမြေမျိုးမှာထားဖို့အတွက်နဲ့တော့ 'ပြည့်စုံရပါစေမယ်' လို့ ပြောခဲ့တာမဖြစ်နိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကို့ ရဲ့ဖေဖေက လူထူးလူဆန်းမို့ ဒီလိုအရပ်မှာ ရွေးချယ်နေထိုင်ခဲ့တာလား ..။

ဘယ်လိုနေထိုင်ရမှာဖြစ်ဖြစ် ပယင်း ကို ပြောပြသင့်ပါသည်။ ဘဝကို ပုံအပ်ဖို့ယုံကြည်စွာလိုက်ပါပြီးမှ ကို ဘယ်လိုလူဖြစ်ဖြစ် ဘယ်လိုပဲနေထိုင်ရပါစေ ကို့ရဲ့ စိတ်ကူးတွေ ရည်ရွယ်ချက်တွေကို ပယင်း သိခွင့်မရှိဘူးလား ..။

ရင်ထဲမှာ ကြီးမားသောလှိုက်ဟာမှုကြီးနဲ့အတူ ကို့ကို စောင့်မနေတော့ဘဲ ကိုယ့်ဘာသာလုပ်စရာရှိတာလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ကားထဲမှာပါလာသည့် ရေသန့်ဘူးနဲ့ ပဝါလေးကိုယူပြီး ကားပေါ်က ဆင်းလိုက်၏။ ဘယ်လိုအနဲ့သက်မှန်းမသိသော ပတ်ဝန်းကျင်လေထုက လူကို မလတ်ဆတ်သည့် လေငွေ့နွေးနှင့် ပုတ်ခတ်ကြိုဆို၏။

တခြားခရီးသွားကား ရပ်ထားတာလည်းမမြင် ..။ မိန်းကလေးတစ်ယောက်မှလည်းမတွေ့ရသော ပတ်ဝန်းကျင်ကို ပယင်း ကလည်း သေချာကြည့်နေမိသည်။

ကားနားမှာပဲ မျက်နှာသစ် ပလုတ်ကျင်းလုပ်လိုက်ပြီး မြင်မြင်သမျှကိုလည်း ကြည့်နေမိကာ ရာဇ ကို ရှာဖွေမိ၏။ ခုန မှန်တံခါးခေါက်ပြီးလာခေါ်သည့်လူကိုတောင် မတွေ့တော့ပေ ..။

မျက်နှာသုတ်လိုက်ပြီး ဆိုင်တွေရှိတဲ့ဘက်ကိုလျှောက်လာခဲ့မိသည်။ အဝါရောင်ဝတ်စုံပေါ်မှာ အဖြူရောင်သိုးမွေးဂျာကင်လေးထပ်ဝတ်ထားသည့် ပယင်း ကို အားလုံးက စူးစိုက်လိုက်ကြည့်နေကြ၏။

ကားပေါ်မှာထိုင်နေတုန်းကတော့ လူရှိရဲ့လားလို့တောင် လှမ်းကြည့်ဖော်မရကြဘဲ ခုကျတော့ ခြေလှမ်းတိုင်းကို အလွတ်မပေးဘဲ ကြည့်နေသဖြင့် လှမ်းနေရင်း မဝံ့မရဲဖြစ်လာခဲ့၏။

သို့သော် အကြီးဆုံးတဲအိမ်ကြီးရှေ့ကိုပဲ ရောက်အောင်သွားမိကာ..

"ဘာရောင်းတာလဲဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဖွတ် .. ပဒတ် .. ယုန် .. ကြွက် ဘာသားစားချင်လဲ .."

ဟင်!...၊

ပယင်း ကိုယ်လေးတောင့်မတ်သွားသည်။ ကြည့်လိုက်တော့ ခပ်ညစ်ညစ်ပိတ်စတစ်စအုပ်ထားသည့်အောက်က လင်ဗန်းထဲမှာ မစို့မပို့ပေါ်နေသည့် ယုန်ခေါင်းသည် ...၊

ဘုရား .. ဘုရား ...

အရေခွံဆုတ်ထားပေမယ့် ထောင်ကားနေသည့် နားရွက်နှစ်ဖက်က ဒီတိုင်းရှိသေးသည့်ပြင် မျက်လုံးကပြူးပြဲလျက် ကိုယ့်ဆီလှမ်းကြည့်နေသလိုလို ...၊

"အဲ့ဒါ ယုန်လေ .. ကလီစာတော့မရှိတော့ဘူး .."

"ဟင့်အင်း ..."

"ယုန်မကြိုက်ရင် ဒီမှာ ပဒတ်တစ်ကောင်ရှိတယ်၊ ကင်ပြီးသား.. မကြိုက်ရင်ထပ်ကြော်ပေးမယ် .."

နောက်ထပ် ခြေတစ်လှမ်းဆုတ်ကာ ခေါင်းခါလိုက်မိ၏။ အသားမည်းမည်းအရုပ်ထောင်ထောင်နှင့်လူက ပယင်း မျက်နှာကိုကြည့်လိုက်နောက်ထပ် ဗန်းတစ်ဗန်းကို လှန်ပြလိုက်နှင့် ...၊

"မရှိတော့ဘူး .. ဒီမှာ ကြွက်တစ်ကောင်ပဲရှိတော့တယ်၊ မကင်ရသေးဘူး .."

"အမလေး .."

ကြွက်ကနည်းတာကြီးမဟုတ်ပေ၊ ပြဲနေသည့် ပါးစပ်ထဲမှာ သွားချွန်ချွန်ကြီးတွေ ထောင်နေကြသည်။ ရင်ခွဲထားပေမယ့် အူကလီစာတွေက ဗိုက်ထဲမှာပဲ ဒီတိုင်း ...။

"ရပါတယ် .. ဘာမှမစားတော့ဘူး .."

လန့်ဖျန့်အော်မိပြီးမှ အားနာသွားမိသည်။ နောက်ကိုအလန့်တကြားထပ်ဆုတ်ရင်း တောင်းပန်မိကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ပယင်း .. ကျွန်မ .. ကိုကို လာရှာတာပါ .."

ပြောသာပြောလိုက်ရပေမယ့် ဘယ်သူမှလည်း စိတ်ဝင်တစားနား ထောင်ကြတာမဟုတ် .. သို့သော် သူမနောက်က အရိပ်တစ်ခုလှုပ်ရှား သွားကာ ..၊

"ဒီလိုနေရာမှာ ဘာကိုမျှော်လင့်နေတာလဲ မသိဘူး၊ တောထဲမှာ ဟမ်ဘာဂါတော့ရမှာမဟုတ်ဘူး၊ မြွေတွေကြွက်တွေအစိမ်းလိုက်လိုချင် ရင်တော့ ရတယ် .."

ပြောသည့်လူကို လှည့်ကြည့်လိုက်တော့ အသက်လေးဆယ်ငါးဆယ် ဝန်းကျင်ပဲဖြစ်ကာ အသားဖြူဖြူမျက်နှာလေးထောင့်ဆန်ဆန်နှင့် တိုင်း ရင်းသားပုံပေါက်နေ၏။

လူကိုမကြည့်ဘဲ ပြောနေသဖြင့် ကိုယ့်ကို ပြောနေမှန်း သိပေမယ့် ဘာမှပြန်မပြောနိုင် ..။

"ယုန်မရှိတော့ဘူးလား .."

"ရှိတာပေါ့ .. ဒါပေမယ့်လုပ်ပြီးသားမရှိတော့ဘူး .."

"သွားလုပ်ကွာ .. ရှိသလောက်အကုန်ယူမယ် .."

"သုံးကောင်ပဲရှိတယ် .."

"အကုန်လုပ်ပါဆို .."

"ဒီနေ့ ဘာတစ်ခုမှ အဆင်မပြေဘူးဗျာ .."

"အဆင်ပြေတာ တစ်ခုခုပြော .."

"မပြေပါဘူးဆို .."

"ဟိတ်ကောင် .. မပြေတာက မထူးဆန်းဘူးကွ၊ ငါစိတ်ဝင်စားစရာ အဆင်ပြေတာတစ်ခုခုပြောစမ်း .."

သူတို့ချင်းတော့ ဟုတ်နေကြသည်။ ပယင်း က နောက်ဆုတ်မသွား နိုင်၊ ရှေ့လည်းမတိုးရဲဘဲ ကိုယ့်ကိုလိုလားပုံလည်းမရှိသည့်လူတွေရဲ့ ဘေးမှာ ကမ္ဘာခြားတစ်ခုကိုရောက်လာသည့်နှယ် ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူတို့အမြင်မှာ ပယင်း က သူတို့နဲ့ အသွင်ခြားနား နေသော ဂြိုဟ်သားတစ်ဦးနဲ့ တူနေသည်လား ..။

ရာဇဝင်ဆိုသည့်လူကို သိနေကြသလိုလို၊ ဒီကားကိုလည်း ရင်းနှီးပြီးသားလိုလိုနှင့် ကိုယ့်ကိုတော့ သူစိမ်းတစ်ယောက်လိုပင် ..။

ထို့ပြင် ချေ့သည်လိုသဘောထား၍ ချေ့ဝတ်ကျော့တာမျိုးလည်း မရှိ၊ ဈေးသည်ပီပီ ဝယ်သူမျှော်ရင်း ပျာပျာသလဲ ဆီးကြိုတာမျိုးလည်း မလုပ် ..။

ကိုယ့်ကိုကျမှ တမင်တကာကွက်ပြီး ဖယ်ကျဉ်းခံရတာမျိုး စိတ်ထဲမှာ ခံစားမိလာသည်။

စိမ်းသက်သော ဒေသတစ်ခုမှာ တစ်ခါဖူးမှ မသိခဲ့ဘူးသည့် လူတွေနဲ့ ..၊

"ဒီမှာရှင် .."

ကိုယ့်ကို ဟမ်ဘာဂါ မရနိုင်ဘူးလို့ ခနဲ့ခနဲ့ပြောထားပေမယ့် ထိုလူကြီးကိုပဲ ရိုကျိုးစွာခေါ်လိုက်မိပြီး ..၊

"ဦးက ဒီနားကရွာကလားဟင် .."

"မဟုတ်ဘူး .."

တုံးတိတိဖြေပြီးထွက်သွား၏။ သူ ထွက်သွားသည့်အတိုင်း လိုက်ကြည့်မိတော့ အစွန်ဆုံး အငယ်ဆုံးတဲငယ်လေးထဲဝင်သွားခဲ့၏။

ဝတ်ထားသည့် ဆောင်းဘီရှည်ပွပွနှင့် ရုပ်လက်တို မသစ်မဟောင်းပုံစံအရ ဒီလောက်ထိစုတ်ချာသော တဲငယ်လေးမှာ နေထိုင်သည်ဆိုတာ အံ့ဩဖွယ်ပင် ..။

ဒီဘက်လှည့်လိုက်တော့လည်း အားလုံးက ကိုယ့်အာရုံနဲ့ကိုယ် ဖြစ်နေကြကာ သူမကို မေးမြန်းစပ်စုချင်သည့်ပုံလည်းမရှိ၊ သူတို့ကို မေးမြန်းမှာလည်း မလိုချင်တာမျိုး ..။

"အဲပွတ် .. အပွတ် .. အပွတ် .."

ရုတ်တရက် အသားကင်နံ့ကြီး ဆိုးရွားစွာဝင်လာ၏။ မွှေးအောင်

www.burmeseclassic.com

www.burmeseclassic.com



လှိုင်အောင်ကင်ဖို့နေနေသာသာ ဆံပင်ခြည်မီးမြှိုက်သည့်အနံ့မျိုးကြီးမို့ ပယင်း ချောင်းတွေဆက်တိုက်ဆိုးရင်း ထိုနေရာမှ ခွာခဲ့ရ၏။

"အဟွတ် .. အဟွတ် .. ဝေါ့ .."

ချောင်းဆိုးနေရင်း ပျို့အန်လိုက်မိသဖြင့် စားသောက်ဖွယ်တွေ ရောင်းသည့်လူတွေကို အားနာသွားမိပြီး လှမ်းကြည့်လိုက်လျှင် ...၊

ဘုရား .. ဘုရား ...၊

ပယင်း မျက်လုံးပြူးသွား၏။ ခုန ပိတ်စတွေလှန်ပြပြီး အသား အမည်တွေရွတ်ပြသည့်လူက ဓားမောက်ကြီးတစ်ဖက်ကိုင်၍ မျက်ထောင့် နီကြီးနဲ့ လှမ်းကြည့်နေ၏။

ကြောက်သည့်စိတ်နှင့် ပယင်းလက်ဖျားတွေပါ အေးစက်လာ၏။ ကားရဲ့ဆီးမှာ ကမန်းကတန်းကွယ်လိုက်ရင်း မျက်ရည်တွေလည်း စို့ တက်လာခဲ့သည်။

ကို ဘယ်ကိုထွက်သွားတာလဲ .. ပယင်း ကို ဘာဖြစ်လို့ဘာမှမပြော ဘဲ ထားခဲ့တာလဲ ...။

ရာဇ ကို တမ်းတရင်း မျက်ရည်စက်တို့ ပြိုဆင်းလာကြသည်။ ကားထဲကိုကြည့်တော့လည်း ရာဇ က သော့ဖြုတ်ယူသွားပြီဖြစ်သည်။

နောက်ဆုံး ဖုန်းဆက်ကြည့်ဖို့ ထုတ်ယူလိုက်မိသည်။ သို့သော် ဖုန်းလိုင်းက မမိ ...။

ဒါပဲ နောက်ဆုံးအားကိုးဖွယ်မို့ ဖုန်းကိုင်ရင်း နေရာရွှေ့တိုးသွားကြ လာခဲ့မိ၏။ ဘယ်ဘက်ကိုပဲ လက်မြှောက်ပြီး ခြေလှမ်းရွှေ့ပေမယ့် တုံး တစ်တုံးမှမရှိတော့တဲ့အထိ လိုင်းပျောက်နေခဲ့၏။

ထိုစဉ် သူမနဲ့ ဝါးတစ်ပြန်လောက်အကွာကနေ ရိုပ်ခနဲ လှုပ်ရှား မှုတစ်ခုကို မြင်လိုက်ရ၏။ ပုံသဏ္ဍာန်အရ ယောကျ်ားတစ်ယောက်ဖြစ် ကာ မည်းခနဲမြင်လိုက်ရတာမို့ ဂျာကင်အနက်ဝတ်ထားသည့် ရာဇ လား လို့ တွေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပယင်း ဝမ်းသာသွားကာ ထိုအရိပ်နောက်ကို လိုက်တော့သည်။ ရတ်တရက်အားကိုးရာမဲ့နေသဖြင့် ရာဇ ဆိုလျှင် ကိုယ့်ဆီမလာဘဲ ပုန်းလျှိုးကွယ်လျှိုးလုပ်နေပါ့မလားဆိုတာလည်း မတွေးမိခဲ့ ..။

လမ်းတစ်ဖက်ခြမ်းက လျှိုကဲ့သို့ နိမ့်ဆင်းသွားသည့်အတိုင်း လည်ပင်းလေးရှည်ကြည့်လိုက်၊ ခပ်စမ်းစမ်းတိုးလာမိလိုက်နှင့် သူမ ပတ်လည်မှာ သစ်ပင်စိမ်းစိမ်းတွေချည်းပတ်လည်ဖြစ်လာ၏။

လမ်းပေါ်က လှမ်းကြည့်တော့ ဒီဘက်မှာ ခုလောက် နိမ့်ဆင်းသွားသည်လို့မထင်ရပေ ..။

သတိရသည့်အချိန်မှာ ပြန်လှည့်ကြည့်မိတော့ ဟိုဘက်က ညောင်ပင်ကြီးနဲ့ တဲလေးတွေကိုတောင် မမြင်ရတော့ပေ ..။

ပယင်း နေရာမှာတင်ရပ်နေလိုက်မိသည်။ လူတစ်ကိုယ်သွားသာလောက်သည့် လမ်းကလေးကို မြင်နေရပေမယ့် လမ်းက ဆက်လက်နိမ့်ဆင်းသွားတာမို့ ရှေ့မတိုးရဲတော့ပေ ..။ သို့သော် ...

"ဟင်း ..."

သက်ပြင်းချသံကိုသေချာကြားလိုက်ရ၏။ ဖျတ်ခနဲလှည့်ကြည့်လိုက်ပေမယ့် ဘာမှမတွေ့ ..။

"ကို ရေ .. ကို ဒီနားမှာလားဟင် .."

အကျယ်ကြီးလည်းမခေါ်ရဲပေ ခေါ်ကြည့်ပေမယ့်လည်း တုံ့ပြန်သံမကြားရ ..။

ထို့ကြောင့် နောက်ပြန်လှည့်ဖို့စိတ်ကူးလိုက်မိလျှင် သူမနဲ့ မလှမ်းမကမ်း လမ်းကလေးပေါ်မှာ တလက်လက်တောက်နေသည့်ပစ္စည်းလေးတစ်ခု ..။

ပယင်း စိတ်ဝင်စားသွားသည်။ အနားကိုဆက်တိုးသွားပြီး ငုတ်တုတ်လေးထိုင်ချကြည့်လိုက်တော့ ဖန်စီဒီဇိုင်းနှင့် မိန်းမပတ်နာရီလေးတစ်လုံးဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နာရီက ဒိုင်ခွက်နဲ့ကြိုးတစ်ဖက်ပဲရှိတော့ကာ တစ်ဖက်စ မပါတော့ပေ ..။

"ဒါလေးက အပေါ်စားတော့မဟုတ်ဘူးပဲ .."

သေချာကိုင်ကြည့်လိုက်ရင်း ရေရွတ်မိ၏။ သူမရဲ့ ဆယ့်ခုနစ်နှစ်ပြည့်မွေးနေ့တုန်းက သက်လယ် က ဒီနာရီမျိုးလေးပေးဖူးသည်။

"ငါ့အိမ်က မုန့်ဖိုးကို တိုင်းတာပေးတာဟ .. တန်ဖိုးနည်းတယ်တော့ မထင်ပါနဲ့ဟာ .. နော် .. ဒါလေးက ခြောက်သောင်းတော့တန်ပါတယ် .." လို့ ပြောခဲ့တာကို သတိရမိသည်။

ဒိုင်ခွက်အရောင်လေး နည်းနည်းကွာပေမယ့် တံဆိပ်ကအတူတူပဲ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီလိုနေရာမျိုးနဲ့ မသက်ဆိုင်သောပစ္စည်းပဲမို့ ထူးဆန်းနေတာအမှန်ပင် ..။

ထို့ပြင် ခုချိန်ထိ ဒီပတ်ဝန်းကျင်မှာ မိန်းကလေးမတွေ့သေးပေ..။

နာရီလေးက သွားနေသေးသည်။ ကြိုးထဲမှာ မြေကြီးတစ်ချို့ကပ်တွယ်ဝင်နေပေမယ့် နှစ်ချို့အောင်တော့ မကြာသေးတာသေချာပါသည်။

နာရီကိုင်၍ နေရာမှထရပ်လိုက်ရင်း မျက်လုံးက ရှေ့ကိုရောက်သွားလျှင် မြက်ပင်တွေပေါ်မှာ လက်နေသော အရာလေးကိုမြင်လိုက်ရပြန်၏။

ဒီနာရီကြိုးတစ်စများလား ..၊

တွေးမိလိုက်တာနှင့် ထိုဆီ ချက်ချင်းသွားကြည့်လိုက်မိလျှင် တကယ်ပဲ နာရီကြိုးတစ်ပိုင်းတစ်စကို တွေ့လိုက်ရ၏။

ပြီးတော့ နောက်ထပ် ဝါးတစ်ပြန်သာသာလောက်မှာ ဒေါက်မြင့်ဖိနပ်တစ်ဖက် ..၊

ပယင်း ဘာကိုမှသတိမရတော့တဲ့ ရှေ့ကိုတရွေ့ရွေ့တိုးလာခဲ့ရာ ချောက်ထဲကို ဦးစိုက်ဆင်းနေသော ကားဦးခေါင်းတစ်ပိုင်းကိုတွေ့လိုက်ရ၏။

ဒီကားပဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူမ ညောင်ပင်ရှေ့ကနေ လှမ်းမြင်လိုက်သည့် ကားနောက်မြီးဟာ ဒီကားပဲဆိုတာသိလိုက်သည်။

ကားကို နီးနီးလေးမြင်ရအောင် ရှေ့ကိုတိုးသွားမိစဉ် ...၊

"ဟင်!..."

ချောက်ထဲမှာ နောက်ထပ်ကားတစ်စီး ...၊

ပြီးတော့ ဆိုင်ကယ်လ်တစ်စီးနှင့် ဟဲလ်မက်နှစ်လုံး ...၊

ချောင်က ပိုနက်လာသဖြင့် သစ်ပင်တွေဖုံးလုနီးပါးဖြစ်နေ၏၊ ဒါပေမယ့် ကားမှန်းဆိုင်ကယ်လ်မှန်း သေချာမြင်နိုင်သေးသည်။

ဒါ ဘာတွေလဲ ...၊

ပယင်း ရင်တွေတဒိန်းဒိန်းခုန်လာသည်။ ရှေ့ဆက်တိုးကြည့်လျှင် လူသေအလောင်းတွေ ဘာတွေများတွေ့ရဦးမှာလား နောက်ကို တစ်လှမ်းချင်းဆုတ်နေမိရင်း ကျောပေးမသွားရဲလောက်အောင် စိတ်တွေချောက်ချားလာခဲ့၏။ ဒီဆိုင်ကယ်လ်နဲ့ ကားတွေ ဘာဖြစ်ခဲ့ကြတာလဲ ...၊ ဒီနေရာမှာ ကားသချိုင်းရှိနေတယ်ဆိုတာကတော့ မဖြစ်နိုင်သည့်ကိစ္စပါ။

ဒါမှမဟုတ် လူတွေမျက်စိရှေ့မှာ ဒုက္ခရောက်နေကြတာတောင် မြင်ရက်သားနဲ့ မကူညီဘဲကြည့်နေခဲ့ကြတာလား ...။

တွေးနေရင်း အထဲမှာလူတွေရှိနေသလားဆိုတာကို သိချင်လာ၏။ ထို့ကြောင့် အနားရောက်အောင် တရွေ့ရွေ့တိုးသွားမိကာ ရင်ခုန်သံတွေ မြန်လာခဲ့၏။

သူမ ကားဘေးနားကိုရောက်လာသည်နှင့် အပုပ်နံ့ကြီးက ထောင်းခနဲထွက်လာ၏။ အနံ့ဆိုးရွားလွန်းသဖြင့် မျက်နှာလေးငုံ၍ နှာခေါင်းပိတ်ထားလိုက်မိသည်။

ပြီးမှ နောက်ပြန်ဆုတ်၍ မျက်နှာလှည့်လိုက်လျှင် ...၊

"အမလေး .."

ကားရဲ့ ဟိုဘက်မှာ ယောကျ်ားတစ်ယောက်ခေတ်တပ်ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး မိုးပေါ်ကကျလာသလို ဘွားခနဲမြင်လိုက်ရသဖြင့် အထိတ်တလန့်ဖြစ်သွားမိသည်။

လှိုင်းတွန့်ရေးရေးထင်နေသော ဆံပင်ရှည်ခပ်အုပ်အုပ်နှင့် ထူနက်သည့် မျက်ခုံးတို့က ထင်းနေသည်။ ထူပြည့်သော နှုတ်ခမ်းတို့က ခပ်ရိပ်ရိပ်ဆင်းနေသည့် ပါးသိုင်းမွေးတို့ကြားမှာ အညိုရောင်သမ်းပေမယ့် ပန်းရင့်ရောင်လက်ကျန်နှင့် ကြည့်ကောင်းနေသည်။

သို့သော် အဖြူရောင်ချိုင်းပြတ်စွပ်ကျယ်နှင့်မို့ မြင်နေရသည့် ရင်အုံမွေးတို့က ကြမ်းတမ်းသည့်သရုပ်ကို ဖော်ကျူးနေ၏။

ထိုသူကလည်း ပယင်း ကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ထိုအကြည့်ကြောင့် ရှေ့ဆက်တိုးမည့်ခြေလှမ်းတွေရော၊ တစ်ခုခုမေးလိုက်ချင်သည့် စိတ်တို့ပါ တစ်ထိုင်တည်းမှာ ပျောက်ဆုံးသွားခဲ့သည်။ ထိုစဉ် ...

"ပယင်း .."

ရာဇ အသံကို မဝေးတော့သည့်နေရာလောက်က ကြားလိုက်ရသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ ရာဇ က လမ်းကလေးအတိုင်း မောတကော်ပြေးလာပြီးမှ ပယင်း ကို မြင်လိုက်တော့ ခြေလှမ်းတွေကို အရှိန်လျှော့ချလိုက်၏။

"ရှာလိုက်ရတာကွာ .."

ပယင်း သူ့စကားကို ရုတ်တရက်စိတ်မဝင်စားနိုင်ဘဲ ဒီဘက်ပြန်လှည့်လိုက်လျှင် ...

ဟင်!...၊

ဟိုလူ ဘယ်ရောက်သွားလဲ ..၊

"ပယင်း ရယ် .. ဘာဖြစ်လို့ ပျောက်သွားနေရတာလဲ .."

"ကို ခုနက ဟိုဘက်မှာ လူတစ်ယောက်ရပ်နေတာ မြင်လိုက်တယ်မို့လား .."

"မသိလိုက်ဘူး .. ကိုယ်က မင်းကိုမြင်လိုက်တာနဲ့ စိတ်ပူနေတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖုန်းဖုန်းကျသွားတာ .."

ပယင်း ကို့ကို မြင်တာတောင် ဝမ်းမသာနိုင် ..။ ခုနလူရပ်နေခဲ့သည့်နေရာကိုပဲ အံ့ဩစိတ်နှင့် ပြန်ကြည့်နေမိ၏။ ဟိုနောက်ပိုင်းမှာ သစ်ပင်ချုံနွယ်တွေရှိနေတာမှန်ပေမယ့် မျက်တောင်တစ်ခတ်လောက်မှာ ပေါ်လာပြီး အသက်တစ်အောင့်လောက်မှာ ပျောက်ကွယ်သွားသည့် အဖြစ်ကတော့ ..။

"လာ .. သွားမယ် .."

"ကို့ .."

"ဒီနေရာတွေက မကောင်းဘူး .. ပြောစရာရှိတာ အပေါ်ရောက်မှ ပြော .."

"ဘာမကောင်းတာလဲဟင် .. ဟိုကားတွေက .."

"အဲ့ဒီကားတွေကကြာပြီနေမှာပေါ့ .. ချုံတွေတောင်ဖုံးနေပြီဥစ္စာ ကိုယ်ပြောတာက ချုံထူတော့ မြွေပါးကင်းပါးနဲ့ အန္တရာယ်ရှိတယ်လေ အောက်ကိုကြည့်ဦး .."

ပယင်း ကတော့ မေးစရာမေးခွန်းတွေခေါင်းထဲမှာတန်းစီနေကာ သူ ဆွဲခေါ်လာသည့်အတိုင်းပါလာခဲ့ပေမယ့် အောက်ကိုလည်းမကြည့်နိုင်၊ ကြောက်ဖို့လည်း သတိမရ ..။

ကားတွေပေါ် နွယ်တွေတက်နေတာ မှန်ပေမယ့် ကားတွေကလည်း အလတ်ကြီးရှိသေးသည်။ ချုံဆိုတာလည်း ရက်နှစ်ဆယ် တစ်လလောက် ဆို ခြံတံတိုင်းကျော်အောင်တက်လာတတ်တာပဲ ..။

ဒါပေမယ့် ကို တကယ်မသိတာလည်းဖြစ်နိုင်သည်ပဲ ..။

"ကို ဘယ်သွားနေတာလဲဟင် .."

"ရွာကို ကားကူးလို့ရမရ တံတားအခြေအနေသွားကြည့်တာ .."

"ဟင် .. ချောင်းတွေမြစ်တွေခြားနေလို့လား .."

"သဲချောင်းလေးရှိတယ်၊ ရေက ခြေမျက်စိမြုပ်ရုံပါပဲ .. ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကားကူးလို့မရဘူး၊ သစ်သားတံတားထိုးထားတာရှိတယ်လေ၊ ကိုယ်က မပြန် တာကြာပြီဆိုတော့ တံတားတော်တော်ဟောင်းနေမှာကို တွေးမိလို့ ..”

“အဲဒါ ပယင်း ကို ပြောသွားပါလား ကိုရယ်၊ အဲ့ဒီပတ်ဝန်းကျင် က လူတွေက ဘယ်လိုကြီးတွေမှန်းလည်းမသိဘူး ..”

“ဟုတ်တယ် .. ကိုယ်ကလည်း မင်း ကားပေါ်မှာပဲ ငြိမ်ငြိမ်လေး ထိုင်နေမယ်ထင်တာလေ ..”

ပယင်း အံ့ဩသွားသလို ဖျတ်ခနဲလှည့်ကြည့်သည်။ သူကတော့ ပယင်း လက်ကိုဆုပ်ကိုင်၍ အေးဆေးစွာလျှောက်နေရင်း ..၊

“တံတားသိပ်မကောင်းဘူးသတင်းကြားတော့ ကိုယ်က မင်းအတွက် စိတ်ပူသွားလို့ပါ .. သွားကြည့်ရုံပဲဆိုပြီး ခဏထွက်သွားလိုက်တာ၊ ဟို ရောက်တော့ သူများတွေပြင်ဆင်နေကြတာ မြင်တာနဲ့ ဟိုဝင်ပါဒီဝင်ပါ လုပ်နေရတယ် ..”

“တံတားက သေးသေးလေးမို့လို့လား ..”

“ပေနှစ်ဆယ်ကျော်လောက်ပါပဲ .. ဒါပေမယ့် ဓောက်နက်တယ် ..”

“အဲ့ဒါကြီးကို ဝါးတန်းထိုးထားသလို ဟိုနားဒီနားချည်တုတ်လိုက် တာမျိုးနဲ့ ရသွားတာလား ..”

“မေးလိုက်တာ ပယင်း ရယ် .. အင်ဂျင်နီယာကြီးကျနေတာပဲ..”

ရာဇ က သဘောကျသလိုရယ်နေကာ ..၊

“အဲ့ဒါကြောင့် ရှေးလူကြီးတွေပြောကြတာထင်တယ်၊ လူမစွမ်း နတ် ‘မ’ တယ်တဲ့၊ ကိုယ်အင်္ကျီတစ်ခုချွတ်ယွင်းနေရင် နောက်တစ်ခုက စွမ်းအားပိုကြီးတယ်တဲ့ .. မင်းလည်း အစစအရာရာတော်တာပဲ ..”

ပယင်း နှုတ်ခမ်းမှာ အားနည်းသော အပြုံးရိပ်လေးထင်လျက် ..၊

“ ‘နားမကြားလို့ပဲ တော်တော့တယ်’ လို့ ပြောလိုက်ပါ ကိုရယ်၊ ဒီစကားပဲဟာ ..”

ကြားရတတ်လွန်းတော့လည်း အံ့ဩခံစားဖို့ အထုံအကျင့်ဖွဲ့နေပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ရာဇ က ရယ်လိုက်ပြီး သူမရဲ့ ပခုံးလေးကို ဖက်ထားလိုက်ကာ ..၊

"ကိုယ် အဲ့လိုပြောခဲ့ဖူးတာတွေကို ပယင်း စိတ်ခုနေတယ်ထင်တယ်.."

"မခုပါဘူး .. ပယင်း က ကိုနဲ့တစ်သက်လုံးအတူနေဖို့ ဆုံးဖြတ်ပြီးပြီဥစ္စာ .. အဲဒီလို အခုအခံစိတ်တွေ ဘာလို့မွေးရမှာလဲ .."

ကို ကျေနပ်ပါစေ ..၊

လူတိုင်းဟာ ပြောသလိုမလုပ်နိုင်ကြမှန်း 'ကို' လည်း နားလည်တယ်ဆိုရင် မေးခွန်းတွေမမေးဘဲ ပယင်း ရင်ထဲကို မြင်နိုင်မှာပါ။

"လာ .. ကိုယ့်ကိုလက်ပေး .."

ကုန်းမြင့်လေးက အနည်းငယ်လျှောနေသဖြင့် သူ အရင်တက်သွားပြီး လက်ကမ်းပေးသည်။ ပယင်း က လက်လေးတစ်ဖက်ကိုထည့်ပေးလိုက်ပြီး အားပြု၏။

သူက ကားဆီကို မသွားဘဲ ညောင်ပင်ကြီးအောက်ကို ဦးတည်သွားခဲ့ပြီး ...

"တဲတား မကောင်းသေးဘူး .. ကိုယ်တို့ ဒီမှာ တစ်ညနှစ်ညတော့ အိပ်ရဦးမှာ .."

ဟင်!...၊

ပယင်း ခြေလှမ်းလေးတုံ့ခနဲရပ်သွားလေသည်၊ မြင်နေရသည့် တဲစုတ်စုတ် မလုံ့တလုံတွေကို အကြည့်ရောက်သွားကာ တစ်ကိုယ်လုံး အားအင်ကုန်ခမ်းသွားသလိုပင် ..။

ပြီးတော့ ကြီးကြီးနဲ့ ဖေဖေတို့ မျက်နှာတွေကို မြင်ယောင်သွားမိ၏။

ဒါဟာ သူမရဲ့ ဆုံးဖြတ်ချက်က ပွေ့ဖက်နှုတ်ဆက်လာခဲ့သည့် ရင်ခွင်မဲ့ညတွေလား ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဒါလေးက ဘာလဲဟင် .."

"မှန်မီးအိမ်လို့ခေါ်တယ် .. မိုးချုပ်တော့မယ်လေ .."

"ခြင်တွေလည်း အများကြီးပဲ .."

"ဟုတ်တယ် .. ပြီးမှ ဆေးရွက်ကြီးခြင်ဆေးတိုင်ထွန်းပေးမယ်.."

ပယင်း မျက်နှာလေးငယ်နေခဲ့လျက် ခုနစ်ပေရှစ်ပေလောက်ပဲရှိသည့် ဝါးကြမ်းခင်းနဲ့ အဆင့်လေးကို လှည့်ပတ်ကြည့်နေမိလျက် ..၊

"ပယင်း တို့ ဒီဝါးကြမ်းခင်းပေါ်မှာ အခင်းမပါဘဲ အိပ်ရမှာလား ဟင် .."

"ဟုတ်တယ် .. အခင်းလာခင်းပေးမယ်လို့တော့ ပြောတာပဲ၊ ဒါပေမယ့် လာမခင်းပေးရင်လည်း သွားတောင်းလို့မကောင်းဘူးလေ .."

"ဒီတဲလေးကို ကို ငှားထားတာမဟုတ်ဘူးလား .."

"ဟုတ်ပေမယ့် ဒါပဲရှိတာကိုသိရက်နဲ့ ငှားထားတာလေ၊ ဇိမ်ခံပစ္စည်းတွေ သူ့ထက်ငါ အကောင်းဆုံးပြင်ဆင်ပြီး စီးပွားရှာကြတဲ့ မြို့ကြီးပြကြီးတွေနဲ့ သွားယှဉ်လို့တော့ဘယ်ရမလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မယုဉ်ပါဘူး ကိုရယ် .. ဒါပေမယ့် အိပ်စရာနေရာငှားတာပဲ အိပ်ရာခင်း ခေါင်းအုံးလောက်တော့ .."

"မဟုတ်ဘူး .. သူတို့က အမိုးအကာပဲငှားတာ .."

ဟင်!...၊

ကို ရွဲ့ပြောနေတာလား ..၊

ဒီအကြောင်းပြောနေရင်းနဲ့ ကိုယ်က တမင်အပြစ်ရှာဝေဖန်နေသလိုဖြစ်ကာ သူကတော့ သူ့ရပ်ရွာကိုထိပါးလို့မကျေနပ်နေသံတွေ ပီပြင်လာ၏။

တကယ်ဆို ပယင်း စိတ်ကျေနပ်မှုတွေဖြစ်လာအောင် ကိုက နှစ်သိမ့်ပြောပြပေးသင့်တာမဟုတ်ဘူးလား ..။

"မင်း မအိပ်နိုင်ရင် ကားပေါ်မှာ ရှန်မွိုင်းအဟောင်းကြီးလိပ်ထားတာရှိတယ် .. အဲ့ဒါနဲ့ .."

"နေပေ့စေ ကို .. ရှန်မွိုင်းကလည်း သုံးထားတာကြီး မကောင်းပါဘူး၊ ခရီးသွားတာပဲဟာ ပယင်း ဒီတိုင်းပဲနေပါ့မယ် .."

"အိုခေ .. ဒါဆို အခုညစာ ဘာစားမလဲ .. ကိုယ် သွားယူလိုက်မယ် .."

"ဟင့်အင်း .. ကားပေါ်မှာ ကွတ်ကီးထုပ်တွေရှိသေးတယ်၊ ရေဘူးတွေရောပဲ .."

"မနက်ကလည်း အဲ့ဒါတွေပဲစားနေတာမို့လားကွာ .. လာပါ မီးပုံပွဲနဲ့တောင်တူသေးတယ်၊ ခြင်လည်းပြေးတယ်၊ မီးရောင်လည်းရတယ်၊ သူတို့နဲ့အတူတူ ဝိုင်းစားလိုက်တာပေါ့ .."

"ဘာစားတာလဲဟင် .."

"ညနေကပဲ ဆိတ်ပေါက်လေးတစ်ကောင် သတ်ထားတာ .."

ပယင်း မျက်နှာလေးမဲ့သွားသည်။ တဲထဲမှာ မှောင်ပိုသမ်းနေပြီမို့

www.burmeseclassic.com



သူမ မျက်နှာကိုတော့ ရာဇ မြင်လိုက်မှာမဟုတ်ပေ။

"ဆိတ်ပေါက်ဆိုပေမယ့် အယ်လ်ဖေးရှင်းကောင်လောက်ရှိတယ်ကွ .. သေချာသန့်အောင်ကိုင်ပြီးမှ ကင်တာ .."

"ကင်ထားတာလား .."

"ခုဆို ကင်ဖို့လုပ်ပြီးလောက်ပြီ .. ဆိတ်ကောင်လုံးကင်လေ .. ဦးနှောက်ကိုတော့ သပ်သပ်ထုတ်ပြီး မီးတောက်အရက်နဲ့ စိမ်ထားကြတယ်၊ အကင်မကျက်ခင် အဲ့ဒါလေးနဲ့ မြည်းကြသောက်ကြမှာပေါ့ .."

"ကိုက ဒီနေရာနဲ့ တော်တော်ရင်းနှီးနေသလိုပဲနော် .."

"ဟင် .. အဲ့ .."

ရာဇ ခပ်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ...၊

"ခဏခဏမဟုတ်ပေမယ့် အိမ်ကိုသွားတိုင်းပြန်တိုင်း ဒီကဖြတ်နေရတာကိုး .."

"ဒါဆို ဒီကလူတွေနဲ့ ရင်းနှီးတာပေါ့ .."

"လူတိုင်းနဲ့တော့ မဟုတ်ပါဘူး .."

"အလွန်ဆုံးရှိမှ ခုနစ်ယောက် ရှစ်ယောက်လောက်ပဲဟာ .."

"ရှိကြပါတယ် .. ရွာထဲဘက်ရောက်နေကြလို့ပါ .."

သူတို့မျက်နှာတွေကတော့ လုံးဝမသိတဲ့ အရပ်စိမ်း မျက်နှာစိမ်းတွေလိုပါလား ...။

"ကိုနဲ့ အတူစားအတူနေဖြစ်တဲ့အထိ ရင်းနှီးတဲ့လူတွေက အံ့သြစရာပဲနော် .."

"ဘာဖြစ်လို့လဲ .."

"ရင်းနှီးတဲ့ ပုံစံတွေ ဘယ်သူ့မှာမှမရှိလို့ .."

ပြောချင်တာကတော့ ဒီစကားမဟုတ်ပေ ...။ ဒါပေမယ့် ဒီစကား မှားသွားခဲ့ရင် ကို သည်းခံမှာမဟုတ်ဘူးဆိုတာ စိတ်ထဲမှာ အလိုလိုခံစား

www.burmeseclassic.com

www.burmeseclassic.com



မိနေခဲ့၏။

ထို့ပြင် ကို့ နောက်ကိုလိုက်လာခဲ့သည့်နာရီများစွာမှာ ပယင်း နဲ့ ကို့ရဲ့ ဆက်ဆံရေးတွေမရိုးသားကြသလိုလည်း ခံစားမိနေသေးသည်။

ကို့ကို ပယင်း ဒီ့ထက်နားလည်ချင်သည်။ ချစ်မိတာ နောင်တမရ သေမယ့် လိုက်ခဲ့မိတာ ဆုံးဖြတ်ချက်စောသွားပြီလားဆိုသည့် စိုးရိမ်စိတ် ကတော့ ဝင်နေမိပြီဖြစ်၏။

"ပယင်း .."

"ဟင် .."

"ကိုယ့်ကို ပယင်း တစ်ခုခုသံသယဖြစ်နေတာလား .."

သူ့အကြောင်းပဲတွေးနေတုန်းမို့ ပယင်း မလုံမလဲဖြစ်သွားမိသည်။ သို့သော် တင်ပါးမှာ ပူခနဲ့ဆစ်ခနဲကိုက်ခဲလာသည့်ခြင်တွေကြောင့် ..၊

"အား .."

"ဖတ် .."

သူ့ကို မဖြေရှင်းနိုင်ဘဲ လူက တွန့်ခနဲဖြစ်သွားပြီး လက်ကပါ ပါ၏။ လက်ဖဝါးမှာ ဖုဖုလုံးလုံးတွေတွေ့ထိမိကာ လက်ချောင်းနဲ့ ပွတ် လိုက်တော့ စေးကပ်ကပ် ..။

သွေးတွေ ..၊

ခြင်ကိုက်ခံရခြင်းကို ထိထိမိမိခံစားမိလိုက်သည့်အပြင် သွေးတွေ ကိုပါ စမ်းမိသွားသဖြင့် ပျို့အန်ချင်စိတ်တွေ ဖြစ်သွားခဲ့၏။

"ကိုယ့်ကို မင်း အမြင်မှာ ထူးဆန်းနေမှာပဲ .. တကယ်ဆို ကိုယ်က ဒီ့ထက်လျှို့ဝှက်တဲ့သူပါ၊ ကိုယ့်ဘဝကိုယ့်အကြောင်းတွေကို မင်းကိုပဲ ပြောပြဖူးတာ၊ ကိုယ့်အကြောင်း မင်းထက် ဘယ်သူမှပိုမသိဘူး .."

ပယင်း ကတော့ ဘာမှမသိခဲ့သေးဘူးပဲ ထင်နေတာပါ။ ဒါပေမယ့် ကို့ကို ဘာမှပြန်မပြောဖြစ်လိုက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတော့ ကိုယ်ပြောနိုင်တာတွေနဲ့ မပြောချင်သေးတာတွေကြားမှာ မင်းအတွက် ရှုပ်ထွေးနေမယ်ဆိုတာ ကိုယ်သိတယ်၊ ပြောချင်တာက ကိုယ့်ကို မင်း နားလည်ပေးဖို့ပါ .."

"ပယင်း ကတော့ ကို့ နောက်ကိုလိုက်လာခဲ့ပြီးပြီလေ .. ဒီအချိန်ထိ ကို့ဘက်က မပြောချင်သေးတာတွေရှိနေသေးတယ်ဆိုတော့ အဲဒါတွေကို ပယင်း ဘယ်အချိန်ကျမှ သိခွင့်ရမှာလဲဟင် .."

"ကိုယ်က သိစေချင်ချင် မချင်ချင် မင်း သိလာမှာပါ၊ ကိုယ့်အကြောင်းရယ် ကိုယ်ခံစားချက်တွေရယ်၊ ပြီးတော့ ကိုယ့်အတိတ်တင်မကဘူး ကိုယ့်ရဲ့ အနာဂတ်ကိုပါ မင်း သိလာလိမ့်မယ် .."

ပြောပြီးတာနှင့် သူက ကွပ်ပျစ်အဆင့်လေးပေါ်က ဆင်းလိုက်သည်။ ပြီးမှ ..၊

"အပြင်လိုက်ထိုင်မလား .. ဆိတ်ကင်ဖဲ့မြည်းရင်းနဲ့လေ .."

"ဟင့်အင်း .. အ .."

"ဖတ် .."

ပယင်း တွန့်ခနဲကော့ခနဲတဖတ်ဖတ်ရိုက်ပုတ်နေတာမြင်လျက်နှင့် ပြုံးကြည့်နေပြီး လှည့်ထွက်သွား၏။

"ကို .. ခြင်ဆေးတိုင်လာပေးဦးနော် .."

"ပေးမယ် .."

ပယင်း တစ်ယောက်တည်း ဝါးကြမ်းခင်းလေးပေါ်မှာ ငုတ်တုတ်လေးကျန်ရစ်ခဲ့၏။ မော့ကြည့်လိုက်တော့ သက်ကယ်ပျစ်ဆိုတာကို မသိသော သူမ အမြင်မှာ ဝါးနီးစတွေလား .. ဘာလားမသိသည့် ခေါင်မိုးက ကျိုးတိုးကျဲတဲပေါက်ပြဲနေသည်။

လပြည့်ညမို့ မိုးသားကင်းစင်သော ကောင်းကင်နဲ့ ကြယ်တာရာတစ်ချို့ကို ခေါင်မိုးအပေါက်အပြဲကြားက မြင်နေရ၏၊ မှုံးစုပ်စုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီကိုသိလိုက်ကာ ကိုယ့်ပတ်ဝန်းကျင်ကို နောက်ထပ်ပြန်ကြည့်မိလေသည်။

တစ်ခါတစ်လေ ဇာတ်လမ်းတွေထဲမှာကြည့်ဖူးသော လယ်စောင့်တဲပုံစံမျိုးထဲမှာ သူမ ရောက်နေခဲ့၏။

ဒါမှမဟုတ် လယ်စောင့်တဲထက်ပို၍ စုတ်ချာသည့်နေရာဒေသတစ်ခုမှာလား ..။

အခင်းအကျင်းဆိုလို့ ဖျာစုတ်လေးတစ်ချပ်တောင်မရှိ ..။ ဘာတွေစွန်းထင်းပေကျံနေမှန်းမသိသော ကြမ်းခင်းက အနီရောင်အကွက်တွေရှိနေသည့်ပြင်ဖုန်းတွေအလိမ်းလိမ်းတက်နေလေသည်။

'ဒါတွေရှိပါစေတော့ ကိုယ်အားကိုးတဲ့ရင်ခွင်မှာပဲ နွဲ့မှီပြီး တစ်ညတစ်လေ ဒုက္ခခံလိုက်ပါမယ်' လို့ ကြွဲခိုင်စိတ်မွေးရမယ်ဆိုရင်တောင်သူမ မြတ်နိုးအားကိုးရသည့်ရင်ခွင်က အနားမှာမရှိ ..။

"အား .. သေပြီ .."

ခြင်တွေဝိုင်းဝန်းကိုက်ခဲနေကြတာကို လှည့်ပတ်ပုတ်ထုတ်ရင်းပိန်းပိတ်အောင် မှောင်ကျသွားသည့်တဲလေးထဲမှာ သူမ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ကျလာကြလေသည်။

အနားမှာ ဘယ်သူရှိလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ရှော့ .. စားလေ .."

မှန်အိမ်မီးရောင်က ဝါကြန့်ကြန့်လေးပေမယ့် တဲလေးထဲမှာ လင်းလင်းချင်းချင်းဖြစ်သွားသည်။ ပြီးတော့ ကိုင်လာသည့် တာလပတ်စ အလိပ်ကြီးကို ကြမ်းခင်းပေါ်ပစ်ချလိုက်ကာ ...၊

"စားလေ ပယင်း .. ပူပူလောလောလေးရှိတုန်း .."

ကြွေရည်သုတ်ပန်းကန်လေးအဖြူရောင်က အနားမှာကြွေတွေကွာ နေကာ၊ သံချေးရောင်တွေကိုမြင်နေရ၏။ ပန်းကန်ထဲမှာ လက်တစ်ဝါး လောက် အသားပြားအရှည်နှစ်တုံးက အငွေ့ထောင်းထောင်းထလျက်...၊

"မွှေးနေတာပဲ တွေ့လား .. သူတို့က အသားကင်တာကျွမ်းတယ်"

"ကိုက ဒါကိုစောင့်ယူနေတာလား .."

"ဟုတ်တယ် .. မင်း ဘာမှမစားရသေးမှန်းသိလို့လေ .."

ဒါကိုစောင့်မယူဘဲ ပယင်း နဲ့ အတူတူရှိနေပေးရမှာမဟုတ်ဘူး လား ကို ...၊

လက်ကနာရီလေးဆီ မျက်လုံးရောက်သွားတော့ ည ကိုးနာရီထိုး တော့မည်ဖြစ်သည်။ ထွက်သွားတည်းက တဲထဲကိုတစ်ခေါက်မှ ပြန်ဝင် မလာဘဲနေခဲ့တာ သုံးနာရီနီးပါးရှိခဲ့ပြီ ...၊

www.burmeseclassic.com

www.burmeseclassic.com



ဆာနေမှာကိုတွေးမယ့်အစား ဖုန်တက်နေတဲ့ ဝါးကြမ်းညစ်တီး ညစ်တီးညစ်ပတ်ပေါ်မှာ ဒီတိုင်းငုတ်တုတ်ထိုင်ပြီး ခြင်ကွန်ယက်ကြီးထဲမှာ ဘယ်လိုနေရှာမလဲလို့တော့ မတွေးမိဘူးလား ..။

တစ်ကိုယ်လုံး ခြင်ကိုက်ခံရလို့ မီးပူတွေလောင်ထားသလို ပူထူနာကျင်နေသည်။ မှောင်မည်းမည်းထဲမှာ သုံးနာရီလောက်ထိုင်ရာမထနေခဲ့ရတာ ခြေထောက်တွေ အထုံအကျင်စွဲပြီး မတ်တပ်ရပ်လမ်းလျှောက်ဖို့တောင် ရုတ်တရက်လှုယ်မည်မထင် ..။

လက်မောင်းနဲ့ တင်ပါးတွေကို ပွတ်သပ်နေရင်း မစဲသောမျက်ရည်က အထပ်ထပ်အခါခါဝေဖို့ ကြွေဖို့အဆင်သင့် ..။

"ဘယ်လိုလဲ .. ကိုယ် ခွံ့ကျွေးရမှာလား .."

"ဟင့်အင်း .."

ပယင်း ခေါင်းလေးပဲခါပြမိသည်။ ရင်ထဲမှာရှိတဲ့စကားတွေ ပြောပစ်ချင်သည်။ မေးခွန်းတွေလည်း မေးချင်မိသည်။ သို့သော် သူမ စကားမပြောနိုင်ပေ ..၊ ပြောဖို့ပြင်လိုက်တာနှင့် တစ်ယောက်တည်းတုန်းကလို ဟီးခနဲငိုချပစ်မိမလား၊ ဒါမှမဟုတ် အသံထွက်မလာနိုင်ဘဲ တိမ်ဝင်ပျောက်ကွယ်သွားမလား ..။

"ဟိတ် ငိုနေတာတော့မဟုတ်ပါဘူးနော် .."

ဒီလောက်ထိ ငိုသံပါနေတာကို ငိုနေတာလားဆိုတော့ ဘယ်လိုဖြေရမလဲ ..။

စိတ်သည် သူ့ကိုဆိုးနွဲ့စိတ်ကောက်လိုခြင်းအလျင်းမဖြစ်တော့ဘဲ အသက်ဝဝရှူ၍ နာကျင်မှုကို ဖြေဖျောက်လိုက်သည်။

"မဟုတ်ပါဘူး .."

"မဟုတ်ရင် စားလေကွာ .."

"ဒါကိုစားရဖို့က ဘယ်လောက်တောင်အရေးကြီးနေလို့လဲ ကို .. ခရီးသွားနေတာဆိုတဲ့စိတ်နဲ့ ပယင်း စားချင်စိတ်လည်းမရှိဘူး .."

"လူတစ်ကိုယ်မှာ အာဟာရက အရေးကြီးဆုံးပဲ ပယင်း ရယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ပယင်း သိတာတော့ အာဟာရက အရေးကြီးဆုံးမဟုတ်ဘူး.."

"ဒါဆိုဘာလဲ .. ပြောပါဦး .."

ပယင်း သူ့မျက်နှာကိုစေ့စေ့စပ်စပ်ကြည့်မိသည်။ ရာဇ မျက်နှာက နှုတ်ခမ်းကအစ မျက်ဝန်းတွေထိ ရယ်မြူးရိပ်သမ်းနေ၏။ သို့သော် ထို ရယ်မြူးရိပ်တွေက ပယင်း ကို ချစ်ခင်ယုယလိုသည့်နွေးထွေးခြင်းတွေ မဟုတ်ဘဲ အေးစက်သည့်အရိပ်ငွေ့တွေသာယှက်သမ်းနေခဲ့၏။

ပြီးတော့ ပယင်း ရဲ့ ခံစားမှုတွေ၊ ပြောသမျှစကားတွေအပေါ်မှာ ပေါ့ပျက်သောရယ်သွမ်းခြင်းတို့ဖြင့် အားလုံးကိုအမှတ်တမဲ့ကျော်လွှား သွားနေသလိုလို ..။

မဟုတ်ဘူး ..၊

ငါ့ဘာသာအထီးကျန်သလိုခံစားနေရပြီး လျှောက်တွေးနေတာ..၊

နှစ်ယောက်အတူဘဝကိုထူထောင်ဖို့ ဆုံးဖြတ်လိုက်ပါလာခဲ့ပြီးမှ ပယင်းရောင် ..၊

"ကို ဟိုမှာ မစားခဲ့ရသေးရင် ကို ပဲစားလိုက်ပါ၊ ပယင်း အဲ့ဒါတွေ လည်းမကြိုက်ဘူး .."

"ကြိုက်ကြိုက်မကြိုက်ကြိုက် ကာလဒေသအစားအစာဆိုတာ စားပေးရတယ် .."

ရာဇ တကယ်ပဲစားသောက်ရေးကိုသာဦးတည်ပြောနေသဖြင့် ပယင်း မျက်ခုံးလေးတွေတွန့်ကျုံ့သွားခဲ့၏။

"ရော .."

"ပယင်း မစားဘူး .."

"ဘာဖြစ်လို့ ပယင်း ရာ .. မင်း ဒီအရပ်ဒေသမှာနေရမှာလေ၊ ဒီက ကြည့်ရင် အစွန်ဆုံးက တဲလုံးလေးသေးသေးလေးထဲမှာ အစက ဦးအိတ် ဆိုတဲ့ ကရင်ကြီးရှိတယ်၊ နောက်တော့ သူပျောက်သွားပြီး စစ်ချို့က တောထဲမှာတွေ့တယ်လို့ပြောသေးတယ်၊ သူကျတော့ သားတွေကို အမြှောင်းလိုက်နေလုန်းပြီး အရက်နဲ့ ဒီတိုင်းမြည်းဟာ .."

www.burmeseclassic.com



"ဟင်!..."

"မိုးတွင်းကျရင်တော့ နေရောင်မရှိတော့ မီးကင်တယ်၊ ဒါပေမယ့် သွေးခြောက်ရုံပဲ .."

"အစိမ်းစားတာပေါ့ .."

"နောက်တော့ အစိမ်းပဲစားတယ်လို့ပြောကြတာပဲ .."

"အစိမ်းစားတာများရင် အစွယ်ပေါက်လာတာပဲတဲ့ .."

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ .. သူ့ပါးစပ်လည်း ဖြဲမကြည့်ဘူး ကြတော့ မသိပါဘူး၊ ဒါပေမယ့် အရမ်းသဘောကောင်းတာ အမဲလိုက် ရင်လည်း သူ့လောက်ဘယ်သူမှမရဘူး .."

ပယင်း ကြက်သီးတွေပါထလာခဲ့၏။

"ကြောက်သွားတာလား .. မကြောက်ပါနဲ့၊ ခုန တာပေါ ပြောတာ သေပြီတဲ့ .."

"တောထဲမှာတွေ့ကြတယ်ဆို အလောင်းပြန်တွေ့လို့လား .."

"အဲဒါတော့မသိဘူး .. တောထဲမှာ တွေ့နေရတယ်ဆိုတာ လွန်ခဲ့ တဲ့ သုံးလေးနှစ်ကလေ၊ အခု သေပြီဆိုတာလည်းဖြစ်နိုင်တာပဲ၊ ကိုယ် ပြောချင်တာက ကြောက်ဖို့မဟုတ်ဘူး၊ ဒီနေရာမှာ အသီးအရွက်စားနေ တဲ့လူတွေမရှိဘူး၊ အမဲလိုက်ကြတယ်၊ ရတာကိုစားတယ် .."

"ဒီနေရာက တောကြီးခေါင်ခေါင်လားဟင် .."

ရာဇ က ပယင်း ကို စိုက်ကြည့်ပြီး ခဏငြိမ်သွားသည်။ ပြီးတော့ သူ့အကျင့်အတိုင်း မေးတာကိုမဖြေဘဲ သူက မေးခွန်းပြန်ထုတ်၍ ..၊

"ကိုယ်တစ်ခုခု နားလည်လာသလိုပဲ .. မင်း ကိုယ့်ကို ပြည့်စုံတဲ့ လူပဲဆိုပြီး ရဲရဲဝံ့ဝံ့လက်တွဲခဲ့တာထင်တယ်၊ ကိုယ့်လိုလူနဲ့ ဒီလိုနေရာ ဒီလမ်းခရီးတွေ ဆက်စပ်မှုရှိနေနိုင်တယ်ဆိုတာ မတွေးခဲ့မိလို့လေ ဟုတ် တယ်မို့လား .."

"ဟုတ်တယ် ကို .. မတွေးခဲ့မိတာတော့အမှန်ပဲ၊ ခုလည်း တစ်ခု သိရရင် တစ်ခါအံ့သြတာပဲ၊ ဒါပေမယ့် ပြည့်စုံနေဖို့ ပယင်း မျှော်လင့်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး၊ မမျှော်လင့်တာတွေကြားလာရလို့ အံ့သြတာ ..”

ပယင်း ကလည်း ရဲဝံ့စွာဖြေသည်။ သူ့မျက်နှာကိုလည်း စူးစိုက်ကြည့်မိကာ ..၊

“နောက်ပြီး ပယင်း မြင်နေရတာတွေပဲ ပြောင်းလဲသွားတာမဟုတ်ဘူး၊ မြင်ကွင်းတွေပြောင်းလဲသွားတာထက် ကို့ အမူအရာတွေတစ်မျိုးဖြစ်သွားတာက ပိုပြီးအံ့သြဖို့ကောင်းနေတာ ..”

“ဒါဆိုရင်တော့ မင်းကိုပြန်ပြီး လက်ညှိုးထိုးရမှာပဲ ပယင်း .. မင်း ကိုယ့်ကိုနားမလည်ခဲ့တာ ..”

ပြောပြီး ခပ်နွဲ့နွဲ့ခါးထောက်၏။ ပယင်း လက်နှစ်ဖက်စလုံး အငြိမ်မနေနိုင်အောင် ကုတ်ဖဲ့ပွတ်သပ်နေရတာကို စိမ်ပြေနပြေကြည့်နေပြီးမှ..၊

“ကိုယ်က အမြဲတမ်း ဒီတိုင်းပဲ မြို့မှာနေပြီး မြို့သူကိုရယူနိုင်ဖို့ ကိုယ့်ဘက်ကပြောင်းလဲကြိုးစားခဲ့တာမပါဘူး၊ ဟိုမှာတစ်မျိုး ဒီရောက်တော့ တစ်မျိုးလို မင်းထင်စရာဖြစ်သွားတာတော့ ကိုယ်မတတ်နိုင်ဘူး..”

ပယင်း ရင်ထဲမှာ စူးရှနာကျင်သွားသည်။ ကို က အတိအလင်းကြေညာလိုက်တာလား ..။

အစတည်းက ခုချိန်ထိ ဒါမှမဟုတ် နောက်ထပ်ပြီး သူ့ဘက်က ဂရုစိုက်ကြင်နာမှုတွေကို မမျှော်လင့်နဲ့တော့လို့ တစ်ခါတည်းပြောချလိုက်သလို ရင်ထဲမှာခံစားမိလိုက်၏။

“နောက်ပြီးတော့ရှိသေးတာက ကိုယ့်ဘဝမှာ အဖေကအမိကပဲ၊ အဖွဲ့ဘဝ အရမ်းအထီးကျန်ဆန်ခဲ့သလို၊ ကိုယ်လည်း ခြောက်သွေ့တဲ့ ကမ္ဘာတစ်ခုမှာ ကြီးပြင်းလာခဲ့ရတာ၊ ဒါပေမယ့် ကိုယ့်ကို သားလေးတစ်ယောက်တည်းဆိုပြီး ချစ်ခင်ယုယခဲ့တာမရှိဘူး၊ ကိုယ့်ဘက်ကလည်း အဖွဲ့အတွက် ဘာမှလုပ်မပေးနိုင်ခဲ့ဘူး၊ ဒါပေမယ့် အဖေ့ကို ကိုယ်တန်ဖိုးထားတယ် ..”

“သားသမီးတိုင်းအတွက် မိဘက ကိုယ့်ကမ္ဘာပါပဲ ကို ..”

“ဒါပေမယ့် မင်းသူတို့ကိုထားပြီး ကိုယ့်နောက်လိုက်ခဲ့မယ်လေ..”



www.burmeseclassic.com

www.burmeseclassic.com



ပယင်း ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ရာဇ က ခံစားချက်မဲ့နေသည့်မျက်နှာသေမျိုးနှင့်ကြည့်၍ ..၊

"ကိုယ်ကတော့ အဖေ့ကိုပစ်ပြီး ဘယ်မှသွားမှာမဟုတ်ဘူး .."

ကို ဘာကိုဆိုလိုတာလဲ ..၊

မထင်မှတ်ခြင်းက မြင်နေကြားနေရတာတောင် မမြင်ရမကြားရသလိုဖြစ်နေခဲ့လျက် ..၊

"ကို ဘယ်လိုအဓိပ္ပာယ်နဲ့ပြောလိုက်တာလဲ .."

"ကိုယ်တို့ ဒီကိုအလည်လာကြတာမဟုတ်မှန်း မင်းကိုသိစေချင်တာ .."

"ကို ပြောတော့ .."

"အဖေ့ဆီကို အလည်သွားမယ်လို့ ကိုယ်မပြောခဲ့မိဘူးထင်တယ်.."

"ဒါပေမယ့် .."

သူမမှာ ပြောစရာစကားမရှိတော့ပေ ..။

ရာဇ ဒီလိုမပြောခဲ့ဘူးဆိုတာ မှန်ပါသည်။

မပြောခဲ့ဘူးဆိုတာကို အတည်ပြုလိုက်သည့်အတွက် ပြောစရာမလိုခဲ့တဲ့စကားတွေမို့ မပြောခဲ့ရခြင်းတွေအတွက် သူမဘက်က အတည်ပြုခွင့်မရှိတော့ပေ ..။

အဖေအမေဆိုတာကို ဘယ်လိုအကြောင်းအရာထဲမှာမှ ထည့်မပြောခဲ့ဘဲ 'ကိုယ်ကတစ်ကောင်ကြွက်ပါ' လို့ ပြောခဲ့ဖူးသည့်လူက ..၊

'လူတွေက ကိုယ့်အကြောင်းဆို သိပ်စိတ်ဝင်စားတယ်ကြတယ်' လို့ မနှစ်မြို့စွာပြောခဲ့ဖူးသေးသည်။

ဒီလိုလူကိုမှ ချစ်မိသည့်သူမက သူပြောတာထက် ဘာမှပိုပြီး နှိုက်နှိုက်ချွတ်ချွတ်မမေးခဲ့မိကာ အပြစ်ဖြစ်ခဲ့တာလား ..။

"မင်း ကိုယ့်ကိုနားလည်မှုလွဲခဲ့တာဖြစ်မယ် .."

သူ့အသံထပ်ပေါ်လာတော့ ငိုင်ကျသွားသည်။ ဇယင်းမျက်နှာလေး မော့လာသည်။ ပြီးတော့ ကျောပြင်မှာစစ်ခနဲပူထူသွားသဖြင့် ခါးလေး

www.burmeseclassic.com



ကော့သွား၏။

ပယင်း မျက်နှာလေးမဲ့သွားတော့ သူက ပြုံးလိုက်ပြီး …၊

"အဲဒါတွေကြောင့် ဒီမြေဒီဒေသနဲ့ မင်းကို အထာကျစေချင်တာ၊ မင်း ကိုယ့်ကို ရွေးချယ်လိုက်တာဟာ ဒီနေရာကိုရွေးချယ်ခြင်းပဲလေ၊ ဒါကိုမှ လက်မခံနိုင်ဘူးဆိုရင် မင်းအတွက် ဒီနေရာက ငရဲခန်းကြီးဖြစ်နေလိမ့်မယ် …"

"ခုကစပြီး ပယင်း ရဲ့သဘောထားက အရေးမပါတော့ဘူးလို့ ပြောလိုက်တာလား ကို …"

ရာဇ က ရုတ်တရပ်စကားမပြန်ဘဲ စိုက်ကြည့်နေ၏။ ပြီးမှ …၊

"အရေးပါပါတယ်၊ မင်းက ကိုယ့်အတွက် အရေးပါဆုံးလူတစ်ယောက်ပဲ ပယင်း .. ဒါပေမယ့် ခုချိန်မှာတော့ .."

စကားမဆက်ဘဲ ပခုံးနှစ်ဖက် တွန့်လိုက်သည်။ ပြီးတော့ အပူငွေ့ငွေ့ ရှိနေသေးသည့် အသားကင်တွေဆီ အကြည့်ရောက်သွားပြီး ခပ်လွန့်လွန့် ပြုံး၍ …၊

"မင်းမရှိလို့မဖြစ်ဘူး .."

တစ်ယောက်တည်း ရေရွတ်သလိုပြောလိုက်ပြီးမှ ပယင်း မျက်နှာကို ဖျတ်ခနဲကြည့်၍ …၊

"မင်းက ကိုယ့်အတွက် အရမ်းအရေးပါတယ် ပယင်း .. မင်း သဘောမကျနိုင်တာတွေကို ကိုယ်က အရေးပါလိုက်လျှောလိုက်ရင် ကိုယ့်ဘဝပျက်ပြီ .."

ဘဝပျက်ရလောက်အောင် ဆုံးရှုံးမခံနိုင်စွာချစ်နေပါသည်ဆိုရင်တော့ ဒါက စဉ်းစားစရာဖြစ်နေပါပြီ။ ပယင်း သူ့စကားတွေကိုနားထောင်ရင်း သူ့ကို မယုံနိုင်စွာကြည့်နေမိသည်။

တစ်ကိုယ်လုံးခြင်ကိုက်ဖုတွေနဲ့ နီရဲနေသည့် ချစ်သူ …၊

မေးဖျားနဲ့ နဖူးတွေပါမကျန် ခြင်ဖုတွေ ဂင်နေသည့်မျက်နှာ …၊

သူ့ရှေ့မှာပဲ တွန့်ခနဲ ကော့ခနဲ ပုတ်ခတ်ကုတ်ဖွဲ့နေရသည့် မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် ..။

ထိုမိန်းကလေးက သူ့ရှေ့မှာရှိနေသည့် ပယင်းရောင် ပါ။

ချစ်သူအဖြစ်နဲ့မဟုတ်ရင်တောင် မိန်းကလေးတစ်ယောက် ဒီလော[illegible] အဖြစ်ဆိုးနေတာကို သူ ကြည့်နေသင့်ပါသလား ..။

ဒါဟာ ဘဝပျက်မတတ်ချစ်တဲ့ အချစ်တွေဆိုလျှင် ..၊

"စားလိုက်ပါ .. ကိုယ် ခြင်ဆေးတိုင်သွားယူဦးမယ် .."

စကားကို အဆုံးမသတ်ဘဲ နောက်ထပ် ပြန်ထွက်သွားပြန်သည်။ ဒီတိုင်းပစ်ချခဲ့သည့် တာလပတ်စကြီးကို ကိုယ့်ဘာသာခင်းဖို့ကြိုး[illegible] ရင်း အပေါ်ကဆွဲ အောက်ကဆွဲနှင့် လုံးချာလိုက်ကာ လက်သည်းရှည် နှစ်ချောင်းကျိုးသွား၏။

ကျောမရောက်တရောက် ဆံနွယ်ရှည်တွေက လှုပ်ရှားလိုက်တိုင်း[illegible] လွှဲယမ်းနေသဖြင့် ခြင်ကိုက်ခံရခြင်းမှ ခဏတစ်ဖြုတ် ကင်းဝေးနေခဲ့၏။

လက်သည်းတွေကျိုးသွားတာလည်း ဂရုမထားနိုင်..။ တစ်ယော[illegible] တည်း ထိုင်လိုက်ထလိုက်ကြိမ်ဖန်များစွာလှုပ်ရှားရင်း ချွေးတွေလည်း ပြန်လာသည်။

ဒါပေမယ့် မောလိုက်တာလို့ ညည်းညူဖို့လည်း သတိမရပါ။ အိပ်[illegible] ခင်းအဖြစ်ခင်းကျင်းပြီးသည့်နောက်မှာ သူမ ဒီတိုင်းလှဲအိပ်ရတော့[illegible] သိလိုက်သည်။

ခြင်ဆေးတိုင်ရောက်လာဖို့တောင် အချိန်အကန့်အသတ်မဲ့စောင့်[illegible] ဖို့ရှိရာ နောက်ထပ်ခေါင်းအုံးနဲ့ စောင်ကိုသာ တမ်းတလိုက်မည်ဆိုလျှင် သူ့နှုတ်ဖျားက ဘာတွေပြောထွက်လာဦးမှာလဲ ..။

စောင်နဲ့ ခေါင်းအုံးရောက်လာဖို့ကရော သေချာပါ့မလား ..

ဘာပဲဖြစ်ဖြစ် သူမ ကိုယ့်ကိုယ်ကိုယ် ဆုံးမဖို့ပြင်ဆင်ထား[illegible] မိဘကို တစ်ခါမျက်နှာငယ်အရှက်ရအောင် သူမလုပ်ခဲ့ပြီးပြီမို့ နော[illegible] ထပ် အဖြစ်ဆိုးသွားသည့် သတင်းတစ်ခုပို့၍ ဒုက္ခမပေးချင်တော့[illegible]

ဆင့်တက်လာသည့် မျက်ရည်တွေကို မျက်တောင်ဖျားတို့ဖြင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တ်သိမ်းဆည်း၍ လက်သည်းကျိုးထားသည့် လက်ချောင်းတို့ကို မကြည့်
အောင် လက်သီးဆုပ်လေးလုပ်ပစ်လိုက်သည်။

ခပ်ဟာဟာရှိနေသည့် တံခါးကြားကနေ လှမ်းကြည့်လိုက်တော့ ပတ်
န်းကျင်တစ်ခုလုံးက မှောင်မိုက်နေလျက် စကားသံသဲ့သဲ့က ဟိုအဝေး
က ပျံ့လွင့်လာသလိုပင် ..။

မီးပုံကြီးနဲ့ အသားကင်တယ်ဆိုတာလည်း မီးရောင်လည်း မမြင်
သလို ညှော်နံ့ဘာညာလည်းမရ ..။

ရာဇ သူမနဲ့ဘယ်လောက်ဝေးဝေးမှာ နေနေတာလဲ ..။ ခုနေ သူမ
မှာ အန္တရာယ်တစ်စုံတစ်ရာကျရောက်ခဲ့ရင် သူ့ကို အော်ခေါ်လို့ကြားပါ့
လား ..။

ကြောက်သည့်စိတ်ကိုတော့ ဘယ်လိုအင်အားနဲ့မှ ဖျောက်ဖျက်တွန်း
န်လို့မရပေ ..။ မှန်မီးအိမ်ကို အနားကိုထပ်ဆွဲယူ၍ လက်တစ်ဖက်က
ိုင်ထားလိုက်မိသည်။

ထိုစဉ် 'ဂီး' ဆိုသည့် အသံရှည်ကြီးတစ်ချက်ကြားလိုက်ရကာ တဲ
ခေါင်မိုးပေါ်ကို ထိုအသံကြီးပြုတ်ကျလာသကဲ့သို့ နီးကပ်လာမှ ပျောက်
ကွယ်သွား၏။ ပြီးတော့ သစ်ရွက်လှုပ်သံနှင့် တောင်ပံခတ်သံတွေ ဖြိုးဖြိုး
ဖျောက်ဖျောက်မြည်သွားသည်။

ငှက်တစ်ကောင်မှန်း တွက်မိလိုက်ကာ ဒီလိုအသံအော်တတ်တဲ့
ငှက်မျိုး သူမ မကြားခဲ့ဘူးပေ ..။ အကယ် ငှက်စုန်းဆိုသည့်အမျိုးအစား
တစ်ခုကို သိထားခဲ့ရင်တော့ သက်သာရာရနိုင်ပေမယ့် ဘာမှန်းမသိဘဲ
ထိုအသံကြီးကသာ နားထဲမှာ စွဲကျန်ရစ်ခဲ့ပြီး ရင်ခုန်သံတွေ မြန်လာခဲ့၏။

စူးရှကျယ်လောင်သော ဂီးဆိုသည့်အသံ၏နောက်မှာ ပတ်ဝန်းကျင်
ပို၍တိတ်ကျကျန်ခဲ့လျက် ညဦး၏ အကျည်းတန်မှုက ပီပြင်လာသည်။

ညဉ့် နှစ်နာရီထိုးခါနီးမှ ရာဇ ပြန်ရောက်လာသည်၊ လှဝင်လာတာ
် အရက်နံ့က ထောင်းထောင်းထနေကာ ..၊

"မင်း မအိပ်သေးဘူးလား .. အော့ .. ဆောရီး .."

www.burmeseclassic.com

www.burmeseclassic.com



"ကို အရက်တွေသောက်လာတာလား .."

"ဟုတ်တယ် .. မျောက်ဦးနှောက်ကို မီးတောက်အရက်နဲ့ စိမ်ထားတာလေ .. အဲဒါကိုမြည်းရင်းနဲ့ .."

ပယင်း မျက်နှာလေးမဲ့သွားသည်။ နီမြန်းနေသည့် ရာဇ နှုတ်ခမ်းသားတွေကိုကြည့်၍ နှလုံးနာခြင်းကြောင့် ပျို့တက်လာ၏။

"ကိုယ်က မင်းအိပ်သွားပြီထင်နေတာ .. အိပ်တော့လေ .. အိပ်တော့ .."

ပြောပြီး လှည့်ထွက်ဖို့ပြင်၏။ ပြီးတော့ ဒီတိုင်းရှိနေသည့် ဆိတ်သားကင်ပန်းကန်ကို ငုံ့ကြည့်ကာ ..।

"ဟွန်း .. ဘာမှမစားဘဲ ဒီတိုင်းနေတာလား .."

ပယင်း က ဘာမှပြန်မပြောခဲ့ပေ ..။ တစ်ညလုံး အပြင်မှာနေပြီး ခု ပြန်ထွက်သွားဦးမှာကိုလည်း မေးမြန်းတားဆီးလိုခြင်းမဖြစ်တော့ပါ။

နှာခေါင်းထဲဝင်လာနေသည့် အရက်နံ့က ဦးနှောက်အစိမ်းတွေ စားထားမှန်းသိနေသည့်စိတ်ကြောင့် ညှီနံ့တွေပါနေသလို ခံစားမိနေသည်။

"မင်းအကြောင်း သူတို့ကိုပြောပြတော့ ဘာအကြံပေးကြလဲ သိလား .."

ဖြူ၍ ချောမွေ့နေသည့်မျက်နှာက ပန်းရောင်သန်းနေလျက် နှုတ်ခမ်းပါးတွေက ရဲနေသည်။ မေးရိုးကားချင်သည့် မျက်နှာသည့် မေးစင်းရီဝေနေသော အကြည့်တို့ကြောင့် ရက်စက်တတ်သည့် အသွင်သဏ္ဌာန် အပြည့်အဝ ခင်းနေခဲ့လျက် ..।

"သူတို့က .. အေ့ .. မင်းကိုသွားခေါ်လိုက်ပါတဲ့၊ အရက်သောက်တာကို ကျေနပ်သွားအောင် သူ့ကိုပါ တိုက်လိုက်တဲ့၊ ဟွန်း .. အေ့ .. ဘာမှမစားနိုင်ဘူးဆိုရင် လူတွေအများကြီးနဲ့ ဝိုင်းစားလိုက်ရင် စားသွားလိမ့်မယ်တဲ့ .. ဟွန်း .. ဟွန်း .. ဘယ်လိုလဲ .. လိုက်ခဲ့မလား .."

"ကို ပဲသွားလိုက်ပါ .. ပယင်း ဒီထဲမှာတစ်ယောက်တည်းနေတာ ကြောက်မိတာကလွဲရင် အဆင်ပြေပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ် .. ဟုတ်လား .. ဘာကိုကြောက်တာလဲ .."

သူက ပယင်း ရဲ့ ဘေးကို တင်ပါးလွှဲဝင်ထိုင်လိုက်ပြီး ပခုံးချင်း ထိမတတ် ထပ်ငုံ့ကာ ..။

"မင်း တကယ်ကြောက်ရမှာက သရဲမဟုတ်ဘူး .."

သူ့ရင်ဘတ်ကိုပုတ်ပြ၍ ..။

"ကိုယ့်ကို မင်း ကြောက်ရမှာ၊ ကိုယ် မင်းနားကပ်လာရင်ကြောက်ရမှာ၊ မင်း နားလည်လား .. အေး .. သရဲက မင်းကိုဘာမှမလုပ်နိုင်ဘူး၊ လူကပဲ .. ဟွန်း .."

မျက်နှာကပ်လာတော့ ပယင်း ခေါင်းတိမ်းပစ်လိုက်သည်။ သူက ရယ်ပြီး လက်မောင်းကိုဆွဲ၏။ ထိုလက်ကိုပါ ဖယ်ချပစ်လိုက်ပြီး ..။

"လက်တွေ့ပြဖို့မလိုပါဘူး .. ကို သွားစရာရှိတာသွားပါ .."

"သွားတော့ သွားမှာပါ .. မင်း ကိုယ့်ကိုချော်နေမှာစိုးလို့ .."

ဒီည ဘချလာနိက်ဆိုရင်တောင် သူ့ကို ပယင်း လက်မခံနိုင်ပါ။ ခုလို ပွပင်သံယောဇဉ်ကင်းကင်းနှင့် အပြင်မှာ သောက်စားမူးယစ်ပြီးမှ ညဥ့်နက်သန်းခေါင်ဝင်လာတာမျိုးကို ပိုဝေးသေးသည်။

အရာရာကို စွန့်လွှတ်နားလည်ဖို့ဆုံးဖြတ်ထားပြီးပေမယ့် ကိုယ့်ရဲ့ အပျိုစင်ဘဝကိုတော့ အချစ်ဖြင့်မဟုတ်ဘဲ ဖျက်ဆီးမခံနိုင် ..။

ကို့ ရဲ့ စကား ကို့ လုပ်ရပ်တွေကြောင့် ရင်ထဲမှာ တစ်ချက်ပြီး တစ်ချက်ထိရှနေခဲ့သည့်ဒဏ်ရာတို့သည် ..။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

"ဟင် …"

ကားနားထိလာခဲ့ပေမယ့် ပတ်ဝန်းကျင်မှာ ကို့ကို ရှာမတွေ့လို့ စိတ်ဓာတ်ကျသွားခဲ့တာဖြစ်သည်။ ဒါပေမယ့် ရာဇ က ကားထဲမှာ ကူရှင်တွေချပြီး အကျအနအိပ်နေလျက် …၊

"ကို ဒီမှာအိပ်နေတာလား .."

ရင်ထဲမှာနင့်သွားသည်။ ညတုန်းက ကားထဲမှာသွားအိပ်ဖို့သတိရမိသေးသည်။ ကို့ကို ပြောလို့ရမှာမဟုတ်မှန်းသိနေလို့ ဖွင့်လည်းမပြောမိပါ။ ထို့ပြင် ကို့ ပါးစပ်ကခနီးခနဲ့စကားတွေ မေးခွန်းတွေ ထွက်လာနိုင်တာကိုလည်း မဖြေရှင်းချင် …။

သူကတော့ ဆိုဖာထူထူမှာစောင်တောင်ခြုံထားလိုက်သေးသည်။ ကားထဲက ရေနဲ့မျက်နှာသစ်သွားတိုက်ပြီး ကွတ်ကီးလေးနဲ့ ရေသောက်မျှောချဖို့ စိတ်ကူးတို့သည် …၊

"အား .. ဝါး …"

မှန်အပြင်ကနေ မထင်မှတ်စွာ အံ့ဩရပ်ကြည့်နေတုန်း ရာဇပူးလွန့်လာပြီး မျက်လုံးမဖွင့်ဘဲ သမ်းဝေလိုက်၏။ ပြီးမှ မျက်လုံးတွေဖွင့်၍ ထထိုင်လိုက်ပြီး …၊

www.burmeseclassic.com

www.burmeseclassic.com



"မင်း နိုးလာပြီလား .."

သူက ဘာမှမဟုတ်သလိုပြော၍ ကားတံခါးဖွင့်ဆင်းလိုက်သည်။

"ကို ဒီမှာအိပ်တာလား .."

"ဟုတ်တယ် .. မင်း နားကပ်အိပ်ရင် မင်းကို ဒုက္ခပေးမိမှာစိုးလို့လေ၊ ညက မင်း ကိုယ့်ကိုကြည့်ပြီး ရှုံ့ရှာရှုံ့မဲ့နေတာမို့လား .."

နိုင်လုံသည့်အကြောင်းပြချက်ပါပဲ ..။

ငိုချင်သွားသည့်စိတ်ကြောင့် နှာခေါင်းတွေစပ်ဖျင်းဖျင်းဖြစ်လာကာ လည်ချောင်းထဲမှာကျုပ်ခဲလာ၏။

သို့သော် ..၊

"ပယင်း မျက်နှာသစ်ချင်လို့ .."

"အိုခေ .. ရေတစ်ဘူးကျန်သေးတယ် .. ရော့ .."

"သုံးဘူးပါ .. ဝယ်လာတာတွေ ပယင်း တစ်ဘူးပဲသုံးရသေးတာ.."

"ဟုတ်တယ် .. ညတုန်းက ကိုယ်တို့ယူသောက်လိုက်ကြတာ .."

သူက ရေဘူးကမ်းပေးရင်း လှည့်မကြည့်ဘဲဖြေသည်။ ပြီးတော့ နောက်ဖုံးပြန်ပိတ်၍ ..၊

"ကိုယ်က အလွယ်ယူသုံးလိုက်တာပါ၊ ဒီမှာ ရေမရှားပါဘူး .. ဟိုနောက်ထဲမှာ ချောင်းစွယ်လေးရှိတယ်၊ ကြိုက်သလောက်ခပ်လို့ရတယ်၊ အားလုံး အဲဒီကပဲသောက်ကြသုံးကြတာ .."

ပယင်း ရေဘူးကို ယူထားလိုက်ပြီး ဘာမှမပြောနိုင် ..။

သူမ အဆင်မပြေဖြစ်နေအောင်များ ကိုတမင်လိုက်လုပ်နေတာလား ..။

ဒီလိုလုပ်ခြင်းအားဖြင့် ဘယ်သူ့မှာ အကျိုးရှိမှာမို့လို့လဲ .. မဟုတ်နိုင်ပါဘူး ..၊

"ဘာရှာမလို့လဲ .."

"ကို ခဏဖယ်ပေးပါ၊ ကြားခုံလေးထဲမှာ ကွက်ကီးထုပ်တွေ ပယင်း ထည့်ထားလို့ .."

"အဲဒါတွေကုန်ပြီ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ကိုတာပေါ ရဲ့ ကလေးနှစ်ယောက် ကျိုကျနေတာနဲ့ ကိုယ်ယူကျွေး လိုက်တာ သိပ်လည်းမရှိတော့ပါဘူး၊ ကလေးတွေတောင် မဝကြလို့.."

ပယင်း ခေါင်းညိတ်လိုက်မိသည်။ 'ဟုတ်တာပေါ့ .. ကလေးတွေ တောင်းလာရင် ဝအောင်ကျွေးနိုင်ဖို့ ပယင်း လျှော့စားခဲ့ရမှာ' လို့ အသံ တိတ်ပြောမိရင်း လှိုက်ဟာနေသည့် ကိုယ့်ဝမ်းဗိုက်ကို နှစ်သိမ့်ရာရှာမိ၏။

ရှိတာတွေကို မျှမချနိုင်ရင်တော့ နင်ငတ်ပြီ ပယင်း ...၊

မျက်ရည်ကိုဘယ်လိုမှ မဆည်နိုင်ဘဲ ဝပ်(တ်)တစ်ရှုံးလေးနဲ့ ဖိ ပွတ်ရင်း လွတ်လွတ်လပ်လပ်ငိုပစ်လိုက်မိသည်။ ညနဲ့ နေ့နဲ့ ဆက်တိုက် ငိုနေရသည့်မျက်လုံးအိမ်တွေက နာကျင်ကိုက်ခဲနေပြီဖြစ်သည်။

မွေးလာတည်းက မရှိ မလှ မဝ ဟူသောစကား မကြားခဲ့ရဘူး သည့် သူမဘဝသည် ဒီအချိန်ကစ၍ မရှိ မလှ မဝ ဟူသော စကားနဲ့ လုံးဖက်ရှင်သန်ရတော့မည်ဖြစ်သည်။

အိမ်ထောင်ရေးကံမကောင်းကြသည့် ဆင်းရဲဒုက္ခများခဲ့ကြသူတွေ အပေါ် သူမ ဘယ်တုန်းကမှ မစာမနာမကဲ့ရယ်ခဲ့ဘူးပါ။ ကိုယ့်ရဲ့မိတ်ဆွေ သူငယ်ချင်း ဒုက္ခရောက်နေရင်တောင် ကူညီခဲ့တဲ့သူပါ။

ခုတော့ ကိုယ့်ကိုယ်ကိုယ် မိုက်မိလေခြင်းလို့ ရင်ဘတ်ထုငိုကြွေး ရမည်လား ..။ တိုက်ဆိုင်မှုတွေပါလို့ အခုထိဖြေသိမ့်နေရဦးမှာလား ..။

သူမ ဆုတောင်းစရာတစ်ခုပဲရှိတော့သည် ...

ဝဋ်ရှိရင်ကျေပါစေ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟင်!..."

ကားထဲမှာတစ်ယောက်တည်း ထိုင်နေမိတုန်း လမ်းဘေးသစ်ပင်ကြီးတစ်ပင်အကွယ်ကနေ ချောင်းကြည့်နေသည့်မျက်နှာတစ်ခုကို လှစ်ခနဲမြင်လိုက်၏။

ကူရှင်မှာ မှီနေသည့် ကိုယ်က တောင့်မတ်သွားခဲ့လျက် ထိုသစ်ပင်ဆီ သေချာကြည့်လိုက်မိသည်။ နောက်ထပ်ချောင်းကြည့်လာပေမယ့် ပယင်း က ကြည့်နေတာသိလိုက်တာနှင့် မျက်လုံးချင်းမဆုံခင် ဖျတ်ခနဲပြန်ကွယ်သွား၏။

သို့သော် ထွက်ပြေးမသွားသဖြင့် ပခုံးစွန်းနဲ့ ဘောင်းဘီစတစ်စွန်းတစ်စကို မြင်နေရသေးသည်။ ရာဇ က တံတားဘက်ကို လူတစ်ယောက်နဲ့ ထွက်သွားတာ သိပ်မကြာသေးပေ ...။

အသားကင်ဆွေရောင်းသည့်ဆိုင်ထဲမှာလည်း လူသုံးယောက် အလုပ်ကိုယ်စီနဲ့ဖြစ်သည်။ ထို့ပြင် သွားလာလှုပ်ရှားနေကြသည့် လူတစ်ချို့လည်း မြင်နေရသဖြင့် ပယင်း သိပ်တော့ ကြောက်စိတ်မဖြစ်ပါ။

သစ်ပင်အကွယ်ကလူကို မျက်နှာထပ်ထွက်လာတာ စောင့်ကြည့်နေမိရင်း ကားတံခါးဖွင့်၍ ဆင်းလိုက်မိသည်။ လမ်းသားအစပ်ထိသွား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်တော့ ထိုလူပုန်းနိုင်မှာမဟုတ်တော့ပေ ..။

သို့သော် သေချာမြင်လိုက်ရသည့်အချိန်မှာ သူမ အံ့သြသွားခဲ့၏။ ယောကျ်ားတစ်ယောက်လို့ထင်ခဲ့သူက ယောကျ်ားမဟုတ်ဘဲ အသက်သုံးဆယ်ခန့် အမျိုးသမီးတစ်ယောက်ဖြစ်နေ၏။

ခေါင်းမှာ ကတုံးဆံပင်ငုတ်စိငုတ်စနှင့် အင်္ကျီက ပခုံးမှာရော ခါးစပ်မှာပါ စုတ်ပြဲနေသည်။ ကိုယ် အနားမရောက်ခင် ထွက်ပြေးသွားသဖြင့် တူးကွာတားဘောင်းဘီပွပွကြီးက ပွယောင်းပြန့်ကားပါသွား၏။

အမျိုးသမီးမှန်းသိလိုက်တာနှင့် ပယင်းထပ်ချပ်မကွာ လိုက်မိလေသည်။ သူမပုံစံက အတိဒုက္ခရောက်နေသူလား .. ဒါမှမဟုတ် ဦးနှောက်ပျက်ယွင်းနေသူလား တစ်ခုခုဖြစ်ဖို့သေချာ၏။

သူမ ပြေးနေသည့်ဘက်က ကားပျက်တွေရှိသည့်ဘက်ပဲဖြစ်ကာ မနေ့က ပယင်း သွားခဲ့တဲ့အတိုင်းပြေးသွားတာဖြစ်သည်။ သို့သော် ...

ဘယ်ရောက်သွားပြီလဲ ..။

လမ်းကွေ့လေးတစ်နေရာမှာ သူမ ပျောက်သွားခဲ့၏။ နေ့လယ်ခင်း၏ နေပူရှိန်က ဟိုတစ်ပြောက်ဒီတစ်ပြောက်သာ ကျရောက်လျက် ကျေးငှက်သာရကာတို့၏ ကျိုးကျီကျိုးသီကျူးသံလေးတွေလည်းကြားနေရသည်။

တောကြီးမြိုင်လယ်ကို ရောက်နေသကဲ့သို့ရှိကာ ပတ်ဝန်းကျင်က တိတ်ဆိတ်လွန်းနေသည်။ ဟိုအမျိုးသမီး ခလုတ်တိုက်ပြီးတစ်နေရာမှာ လဲကျနေတာများလား ..။

ဒါမှမဟုတ်ရင်လည်း ငါ့ကို တစ်ခုခုရန်ပြုဖို့ ကွယ်ရာကနေ ပြန်ချောင်းကြည့်နေပြီလား ..၊

တကယ်တော့ မနေ့က တွေ့ထားသည့် မိန်းမအသုံးအဆောင်အပိုင်းအစလေးတွေကြောင့် ဒီအမျိုးသမီးနဲ့ ဆက်စပ်နေမလားတွေးပြီး ကူညီချင်သည့်စေတနာနှင့် လိုက်လာခဲ့တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှ မသိုးမသန့်ခံစားမိလာသည်နှင့် ဆက်မသွားသင့်မှန်း သတိရကာ နောက်ကြောင်းပြန်အလှည့် ..၊

"အမလေး .."

ကိုယ့်ရှေ့တည့်တည့်မှာ မားမားကြီးရပ်နေသည့် လူကြီးတစ်ယောက် ..။

ပယင်း နောက်ပြန်ဆုတ်လိုက်ရင်း ဒယိမ်းဒယိုင်တွေဖြစ်သွားခဲ့၏။ သို့သော် လူကြီး၏မျက်နှာကိုပြန်ကြည့်လိုက်မိသည့်အချိန်တွင် ပယင်း မျက်လုံးတွေပြူးကျယ်သွားကာ နှုတ်ခမ်းသားတို့သည် မယုံနိုင်စွာ ပွင့်ဟလာခဲ့ရင်း ..၊

"ရှင် .."

လက်ညှိုးထိုးမလို့ပေမယ့် လက်တွေက ဆန့်ထွက်မလာခဲ့ဘဲ တဆတ်ဆတ်တုန်လာခဲ့၏။ ဒီလူကြီးကို မှတ်မိသည်။ အိပ်မက်ထဲမှာ သူမကို သတ်ဖို့အသေအလဲကြိုးစားခဲ့သည့် လူကြီး ..။

"ဟီး .."

စိုက်ကြည့်နေရာကနေ ပါးစပ်ကြီးဖြဲရယ်လိုက်တော့ နီကျင်ကျင်သွားကြီးတွေက အိပ်မက်ထဲကအတိုင်း ..၊

ပယင်း ဘာမှမစဉ်းစားတော့ဘဲ ဖျတ်ခနဲလှည့်ပြေးသည်။ လူကြီးက လှမ်းဆွဲ၏။ ဆွဲသည့်လက်က ကိုယ့်အင်္ကျီသားကို ပွတ်ကပ်လွဲသွားတာသိလိုက်သည်။

ထို့ကြောင့် ပို၍အားစိုက်ပြေးမိ၏။

ငါ အိပ်မက်မက်နေတာ .. ဒါ အိပ်မက်မက်တာပဲ တကယ့်အဖြစ်အမှန်မဟုတ်ဘူး ..၊

ကိုယ့်ကိုယ်ကိုယ် ပြန်တွေးပြီးအားပေးသည်။ ကားပေါ်မှာ အိပ်မက်မက်တုန်းကလည်း အိပ်မက်ထဲမှာပဲ အိပ်မက်ဆိုတာ သူမတွေးမိသေးသည်

www.burmeseclassic.com



ခုလည်းတွေးမိနေတာ ဒါ အိပ်မက်မို့လို့ဖြစ်သည်။ သို့သော် ...

"ဒုတ် .."

"အား .."

ခြေထောက်က ဘာကိုတိုက်မိသွားမှန်းမသိ ...၊

ပြင်းထန်စွာနာကျင်သွားခဲ့ပြီး လူက ဂျွမ်းထိုးလိမ့်ထွက်သွားတာ ဘယ်နှစ်ပတ်မှန်းမသိ ...၊

သူမ အမြင့်တစ်နေရာကနေ ဒလိမ့်ခေါက်ကွေးလိမ့်ဆင်းသွားတာ သိလိုက်သည်။ ပြီးတော့ ဒုတ်ခနဲ ခေါင်းမှာ ပူထူသွား၏။

ထို့နောက် သူမ ဘာမှမသိတော့ပေ ...။

"ဟီး .. ဟီး .. ဟီး .."

ကုန်းလျှောကနေ သစ်ရွက်တွေပေါ် ဖင်ဒရွတ်တိုက်လျှောစီးလာသည်။ ကလေးတွေ ဆော့သလို ပျော်ရွှင်မြူးတူးနေသေး၏။ ပြီးတော့ ချိုင့်ငယ်ထဲမှာကွေးကွေးလေး သတိလစ်နေသည့် ပယင်း ကို ချိုင်းကနေ နှစ်ဖက်ကိုင်ပြီး ချိုင့်ထဲက ဆွဲတင်လိုက်၏။

"ဟီး .. ဟီး .. ဟီး .. လှလိုက်တာ .."

ပက်လက်လေးဖြစ်သွားအောင် သေချာပြုပြင်လိုက်ပြီးမှ မျက်နှာပေါ် ဖြတ်ကွယ်နေသည့် ဆံနွယ်တစ်ချို့ကို ပိုရှင်းအောင် ဖယ်ရှားပစ်၏။

ပြီးတော့ မျက်နှာချင်းထိမတတ် ထပ်ငုံ့ကြည့်ပြီး လက်ဝါးချင်းပွတ်၍ ...၊

"လှလိုက်တာ .. ငါ့နတ်သမီးလေး .. ဟီး .. ဟီး .."

အနားမှာ သေချာကပ်ထိုင်၍ အင်္ကျီကြယ်သီးတစ်လုံးကို ဖြုတ်လိုက်၏။ သို့သော် ကြယ်သီးက လည်ပင်းဝမှာတစ်လုံးဟည်းပါသည့်အင်္ကျီမို့ လူကြီးမျက်နှာ ရှုံ့မဲ့သွား၏။ ပြီးမှ ...၊

လက်ဝါးချင်းထပ်ပွတ်ပြီး ဆောင့်ကြောင့်ထိုင်လျက်ကနေ နေရာ

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြင်သည်။ တီရှပ်အင်္ကျီကို အောက်ဖျားစကနေ လှန်ချွတ်ဖို့ လက်နှစ်ဖက်စလှုံးနဲ့ သော့ချောကိုင်လိုက်လျှင် ...

"ဒုတ် ..."

"အင့် ..."

နောက်ကနေ ဇက်ပိုးကို တုတ်တစ်ချောင်းနဲ့ သိမ်းရိုက်လိုက်သဖြင့် လူကြီးနေရာမှာတင် တုံးခနဲလဲကျသွားကာ ရုတ်တရက်မှုးမှူးမိုက်မိုက်နှင့် ပြန်မထနိုင် ...။

ပတ်စန်းကျင်သည် ခဏတစ်ဖြုတ်တိတ်ကျသွားပြီးမှ ...၊

"ဘယ်ကောင်လဲကွ .. ငါ့ကို .. သတ္တိရှိရင်ထွက်ခဲ့၊ ငါ့ကို ခေါင်းရိုက်ခဲ့တာ .. အား .."

ခပ်လွှန့်လွှန့်ဖြစ်လာရင်း စိန်ခေါ်နေရင်းနှင့် ထရပ်ဖို့ကြိုးစားရင်း လဲကျသွားရင်း ...၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

"ဟင်!..."

နားကို စမ်းကိုင်လိုက်မိကာ ပယင်း အလန့်တကြားထထိုင်လိုက်မိသည်။ ခေါင်းရင်းမှာ တင်ပါးလွှဲထိုင်နေသည့် ရာဇ ရဲ့ အကြည့်တွေက စိတ်မကောင်းခြင်းအတွက် စိတ်ပျက်ခြင်းတစ်ဝက်နှင့် ..။

"မင်း ဒီလောက် ပြေးလွှားခလုတ်တိုက်နေတာ ကျွတ်ကျန်ခဲ့ပြီပေါ့ .."

ကို ဘာပြောလိုက်တာလဲ ..၊

ရာဇ နှုတ်ခမ်းတွေ လှုပ်နေတာမြင်ပေမယ့် တစ်လောကလုံး၏ အသံဗလံတွေက တိတ်ဆိတ်နေကြ၏။ ပယင်း မျက်ရည်စက်တွေ တလိမ့်လိမ့်စီးကျလာကြကာ ..၊

"ပယင်း သွားရှာမယ် .."

ကွပ်ပျစ်ကြမ်းခင်းပေါ်ကနေ ခြေချဆင်းဖို့ ဖင်ဒရွတ်တိုက်တိုးလာပြီး ရာဇ ရှေ့ရောက်လျှင် ..၊

"တောထဲကို ထပ်သွားမယ်ဟုတ်လား .. ခြေထောက်မှာ ဒဏ်ရာနဲ့ ဘယ်လိုလုပ်ဖြစ်မှာလဲ .."

သူပြောတာကို မကြားပေမယ့် မသွားနဲ့ဦးလို့ တားဆီးနေတာမှန်း

www.burmeseclassic.com

www.burmeseclassic.com



တော့သိလိုက်၏။ ထို့ကြောင့် ခေါင်းခါလိုက်ပြီး ...

"မဖြစ်ဘူး .. ဒါမရှိရင် ပယင်း ဘဝက လူသေတစ်ယောက်နဲ့ ဘာမှမခြားတော့ဘူး .."

ဖွတ်ဆင်းလိုက်သည်နှင့် ရာဇ က လက်မောင်းကိုဆွဲထားလိုက်ကာ ..၊

"နောက်မှ ကိုယ် ပြန်ရှာပေးပါ့မယ် .. အခု မင်းသွားလိုက်ရင်.. ကျွတ် .."

သူပြောတာကို မကြားတော့ဘူးဆိုတာ သိလိုက်သဖြင့် ကျွတ်ခနဲ ခေါင်းခါ၏။ ပြီးမှ အသံကိုမြှင့်၍ ...

"ရှာကို အချိန်မီရောက်မှဖြစ်မယ် .. မင်းသွားလို့မရဘူး .."

သူ အော်လိုက်တာကိုသိသည်။ ဒါပေမယ့် ပယင်း နားထဲကို ဘာသံမှ မဝင် ..။

စိတ်မရှည်သည့်အကြည့်တွေနဲ့ ဘာဆက်ပြောရမှန်းမသိဖြစ်နေတာလည်း မြင်နေရသည်။ သူမလည်း သူပြောတာတွေကို ကြားသယောင် ပုံစံရောယောင်ခေါင်းညိတ်ချင်ပါ၏။ သို့သော် ..၊

သူမ ဘာဆိုဘာမှ မကြားရဘဲနှင့် ..၊

"ပယင်း ကို ပြန်ရှာပေးပါ ကိုရယ် .. ဒီလိုနေရာမှာ ပယင်း ဒါကို အစားပြန်ဝယ်လို့လည်းမရနိုင်ဘူး၊ ဒါမရှိရင်လည်း ပယင်း နဲ့ ကို့ကြားမှာ စိတ်ညစ်စရာတွေပဲကြုံလာရတော့မှာ ပယင်း သိတယ် .."

"ကောင်းပြီ .."

သူ ခေါင်းညိတ်လိုက်တာကိုမြင်သည်နှင့် ပယင်း ဝမ်းသာအားရ ဖြစ်သွားသည်။ မျက်ရည်တွေနဲ့ မျက်နှာလေးက ပြုံးယောင်ဖြစ်သွားပြီး ခေါင်းတွင်တွင်ညိတ်၍ ..၊

"ဒါဆို ပယင်း ဒီကပဲစောင့်မယ် .. တွေ့အောင်ရှာပေးပါကိုရယ်နော် .."

ရာဇ မျက်မှောင်ကုတ်လျက်နှင့် ထရပ်သည်။ သူ့မျက်နှာမှာ ပယင်း အတွက် အားပေးနှစ်သိမ့်ချင်သည့် နူးညံ့မှုတစ်စုံတစ်ရာမှ ရှိမနေခဲ့ပေ..။



www.burmeseclassic.com

www.burmeseclassic.com



နားကျပ်သာ ပြန်ရှာလို့မတွေ့ခဲ့ရင် သူမဘဝ ဘယ်လိုတွေဆက်ဖြစ်မလဲ ...၊

သူထွက်သွားသည်နှင့် ပယင်း နှုတ်ခမ်းသားလေးကို ဖိကိုက်ထားမိ၏။ ခြေချောင်းတွေကနေ ခြေခုံတစ်ဝက်လောက်ထိ ပုဆိုးစပြဲနှင့် ရစ်ပတ်စည်းထားသော ကိုယ့်ခြေထောက်ကို လက်ချောင်းတို့နဲ့ ဖွဖွထိကိုင်ရင်း မျက်ရည်တစ်စက်ပေါက်ခနဲလိမ့်ဆင်း၏။

ရာဇ ကတော့ ထိုမျက်ရည်တွေကို မမြင်ချင်တော့သဖြင့် နောက်ကို တစ်ချက်မှလှည့်မကြည့်တော့ပေ ...။

"ကိုဇေ .. ဘယ်ကိုလဲ .."

"ဒီနားပဲ .."

မကြည်မလင်နဲ့ဖြေခဲ့ပြီးမှ ခြေလှမ်းရပ်သွားပြီး ပြန်ကြည့်ကာ ...

"တဲတားကနေ နှစ်ယောက်သွားစောင့်နေ .. ငါ ခိုင်းတာမလွဲစေနဲ့နော် .."

"ဟုတ်ကဲ့ပါ .."

"အနောက်လမ်းကိစ္စလည်း အပြီးသတ်တစ်ခါတည်းလုပ် .. မလိုအပ်တာတွေ ဖြေရှင်းမနေချင်ဘူး .."

"အဲ့ဒါ အခုလုပ်နေပါပြီ .."

ရာဇ ရှုသိုးသိုးနှင့် တောလမ်းဘက်ကိုဖွဲ့ဆင်းလာခဲ့သည်။ ပြီးတော့ ပယင်း လဲကျနေသည့် ကုန်းထိပ်ထိသွားပြီးမှ ရပ်လိုက်ကာ ...

"တောက် ..."

ဝါးပင်ပေါက်တွေ စုရုန်းနေသည့်ကြားထဲ ကြည့်ရုံနဲ့မရတော့ဘဲ ခြေဖျားထောက်ထိုင်လိုက်ပြီး လက်နဲ့ နှိုက်ကြည့်မိ၏။

ဘယ်ရောက်သွားတာလဲ ...၊

သူ သေချာပစ်ထည့်ခဲ့တာပါ။

ဝါးရုံမို့ သိပ်လည်းမနှိုက်ဝံ့ပေ ...။ လက်ကို သတ္တဝါတစ်ကောင်ကောင်ကိုက်လိုက်မှာစိုးကာ နှိုက်စမ်းလိုက် လက်ပြန်ထုတ်ပြီး ငုံ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် လက်တစ်ဆုပ်စာအတွင်းမှာတော့ ဘာမှမတွေ့ဘဲဖြစ်နေ၏။

"တောက် ..."

မတ်တတ်ပြန်ရပ်လိုက်ရင်း နောက်ထပ်တက်ခေါက်မိပြန်သည်။ ပြီးတော့ ခါးထောက်နေလျက်နှင့် သူ လှမ်းပစ်လိုက်သည့်ပုံကို ပြန်စဉ်းစားမိသည်။

ပယင်း ကို ကုန်းနိမ့်ထဲကနေ ပွေ့ယူလာပြီး ဟိုဘက်နားမှာ ခဏ ပြန်ချခဲ့သည်။ ပြီးတော့မှ ...၊

"မျှစ်ချိုးမလို့လား ရာဇ .."

နောက်က စကားသံကြောင့် လှည့်မကြည့်ရသေးခင် သူ့မျက်လုံးတွေ တွန့်ချိုးသွားသည်။

"ဝါးနုလေးတွေ ဘယ်လိုလုပ်မျှစ်ရဦးမှာလဲကွ .."

"နေမျှော်စင် .."

ဖျတ်ခနဲ လှည့်လိုက်ရင်း ဘုဆတ်ဆတ်ခေါ်သံက ဆက်တွဲပါသွားကာ ...၊

"မင်းကို ကိုယ့်နေရာကိုယ်နေဖို့ ငါပြောထားတယ် .."

"ပြောတော့ .."

"မင်းအနေမတတ်ရင် ဘာဖြစ်သွားမလဲဆိုတာ စဉ်းစားထားရဲ့လား .."

"လူတစ်ယောက် ခြေချဖို့အတွက် ကမ္ဘာမြေကြီးမှာ အကောင့်ထိ ဖွင့်ထားဖို့မလိုဘူး .."

"ဒါကြောင့် မင်းလိုကောင် မိမဲ့ဖမဲ့ကြီးပြင်းလာတာပေါ့ .."

"ဒါက လောကစာမျက်နှာပေါ်က မင်းတို့ ငါတို့ လိုက်လို့မမီတဲ့ ဂိမ်းဆော့ဖ်ဝဲတွေပဲ၊ ဒီမှာ ရာဇ .. မိဘမဲ့ရတဲ့အဖြစ်နဲ့ ကိုယ်ကျင့်တရား ဖောက်ပြန်နေတဲ့ မိဘရဲ့ သားတစ်ယောက်ဖြစ်နေရတာ ဘယ်၊ ဘယ်ပိုဆိုး လဲ မင်း ခံစားခဲ့ဖူးလား .."

"ဘာလို့ခံစားရမှာလဲ .. ငါက မင်းလိုမိဘမဲ့ကြီးပြင်းလာခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်တာ ..”

“မင်းအမေလည်း မင်း ငယ်ငယ်တည်းက ဆုံးသွားခဲ့တာပဲ ရာဇ–”

“ဒါပေမယ့် မင်းလို ..”

“ငါ့လိုအကြာကြီးမဟုတ်ပေမယ့် အဖေနဲ့ ပြန်မဆုံခင်ထိ မင်းလည်း မိဘမဲ့ပဲ ..”

“ဟိတ်ကောင် ..”

“နောက်ထပ် ငါ့လိုမိဘမဲ့တွေလည်းအများကြီး ထပ်ရှိနေနိုင်သေးတာပဲ၊ အဲ့ဒါ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားစည်းကမ်းခဲ့မှုကြောင့် ..”

“မင်းက ဒီအရိပ်မှာလာခိုပြီး အကိုင်းချိုးချင်တာလား ..”

“ဘယ်အရိပ်ကိုပြောတာလဲ ..”

ရာဇ မျက်နှာပျက်သွားသည်။ နေမျှော်စင် က သူဌေးဦးဒီပါကျော်ရဲ့သားအဖြစ် ရောက်လာခဲ့ပေမယ့် စံအိမ်မှာနေတာမဟုတ် ..။

သူ ဆွံ့အသွားတော့ နေမျှော်စင် က ပြုံးလိုက်ကာ ...

“အရိပ်ခိုတဲ့စကားကိုဖယ်လိုက်ရင် မင်း ပြောတာမှန်တယ်၊ ငါက အမေ့မျက်နှာကိုတောင် မှတ်မှတ်ထင်ထင်မမြင်ခဲ့ရတော့ အဖေတစ်ယောက်လုံး သက်ရှိထင်ရှားရှိနေသေးတာကို ပြေးကြည့်ချင်ခဲ့တာအမှန်ပဲ ..”

“ဒါဆိုလည်း ကြည့်ပြီးရင်ပြန်လေ .. မင်း ဘာကိုမျှော်လင့်နေသလဲဆိုတာ အသိသာကြီးပါ ..”

“သိသာနေတာကို မင်းသိနေတယ်ဆိုတော့ ကျေးဇူးပဲ ..”

ရယ်မြူးရိပ်နှင့် အကြည့်ကြောင့် ရာဇ မျက်နှာ ဖျန်းခနဲရဲတက်သွားသည်။

“ငါကတော့ သိသာနေတာတွေကို စိတ်မဝင်စားဘူး .. ငါ ရောက်လာတည်းက မသိသာတာတွေ ဘယ်လောက်တောင်ရှိနေသလဲဆိုတာပဲ”

“တော်တော့ မျှော်စင် .. အဖေ့ကို မင်း ရိုက်လိုက်တာမို့လား ..”

www.burmeseclassic.com

www.burmeseclassic.com



"မရိုက်ပါဘူး .. အမြင်မတော်လို့ တားလိုက်တာ .."

"ဘာကွ ..."

"ငါ မျှော်လင့်ခဲ့ရတဲ့ အဖေဆိုတဲ့ပုဂ္ဂိုလ်ကြီးက ဒီလိုမျိုး .."

"အဖေက စိတ်ဝေဒနာရှင် .."

"ဝေဒနာရှိရင် ဆေးရှာလို့ရတယ်၊ မင်း ဒီလောက်ချမ်းသာနေတာ မြို့မှာ ဆေးကုဖို့ဘာလို့မကြိုးစားတာလဲ .."

"မြို့ကိုသွားစရာမလိုဘူး .. အဖေ့ရောဂါကို ဘယ်လိုကုရမယ်ဆိုတာ မင်းထက် ငါပိုသိတယ်၊ အားလုံးထက်လည်းသိတယ် .."

"မင်းသိထားတာတွေရော မင်း လုပ်နေတာတွေရော မှန်တယ်လို့ မင်းထင်နေလား ရာဇ .."

"မှန်မှန်မှားမှား မင်းဝေဖန်စရာမလိုဘူး .. ငါ့မိဘအတွက် ငါ တတ်နိုင်သလိုကျေးဇူးဆပ်နေတာ၊ မင်းကသာ အဓာတသတ်လိုသား မျိုး .."

"ထားလိုက်ပါ .. ဒါပေမယ့် ဦးဒီပါကျော် ကတော့ ဗိမ္ဗိသာရ မင်းကြီးလိုမဟုတ်ဘူးမို့လား .."

"မဟုတ်ဘူး .. မင်းအဖေပဲ .. မင်းလက်နဲ့ ခေါင်းရိုက်ခွဲခဲ့တဲ့ အဖေ .."

"ခေါင်းရိုက်ခွဲတာမဟုတ်ဘူး .. စည်းလွတ်ကမ်းလွတ်ဖြစ်နေတဲ့ စိတ်ကို သတိရသွားအောင်လုပ်ပေးလိုက်တာ .."

မျှော်စင့် မျက်နှာက အံကြိတ်လိုက်တော့ တည်တင်းသွားခဲ့သည်။ အလှမ်းကွာသည့် နေရာကနေ ရှေ့ကိုတိုးလျှောက်လာရင်း ..၊

"ငါ ယောကျ်ားပဲဆိုတဲ့ တလွဲမာနနဲ့ မိန်းမတွေတန်းစီယူလိုက်တော့ မဖုံးနိုင် မဖိနိုင်ကိစ္စတွေဖြစ်လာတယ်၊ ရင်ဆိုင်ရဲတဲ့မိန်းမက ဗိုက်တစ်လုံးနဲ့ကျန်ခဲ့မယ်၊ ရင်မဆိုင်ရဲတဲ့မိန်းမက ကိုယ့်ကိုယ်ကိုယ် ကိုယ် ဘုံးစီရင်မယ် .. အဲ့ဒါတွေကစပြီး မှားယွင်းခဲ့တာကို မင်း ငြင်းနိုင်လား.."

"မင်းကိုယ်မင်း ဘာမှတ်လို့ ဒီစကားတွေလာပြောနေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အများတွေ သက်တမ်းရင့်လာတော့ မိုက်မိုက်ရမ်းကားတတ်လာတာလေ .. ဒါတွေ အားမပေးသင့်မှန်းသိရက်နဲ့ မင်း အားပေးနေတာကို ပြောချင်တာ .."

"သူ ဘာဖြစ်နေနေ အဖေက အဖေပဲကွ .. အဖေက ငါ့ဘဝအတွက် အလင်းရောင် .."

"အလင်းပေးတာပဲဆိုပြီး မင်းရဲ့ မျက်နှာတည့်တည့်ကို မီးရောင်နဲ့ ထိုးထားမယ်ဆိုရင်ရော .."

မေးဆတ်မေးလိုက်တော့ ရာဇ အသံတိတ်သွားသည်။

"ဘုရားအလောင်း မဟော်သဓာသူခမိန်လေးက ခုနစ်နှစ်သားအရွယ်တည်းက သက်ကြီးရွယ်အိုတွေရဲ့ မှားခြင်းမှန်ခြင်းတွေကို သူကိုယ်တိုင်စီရင်ပေးခဲ့ရတယ်၊ ပညာရှိအမတ်ကြီး ဦးပေါ်ဦးလည်း လောကမှာ အမှောင်ဆုံးအရာက ဘာလဲဆိုတဲ့မေးခွန်းကို အဖြေရှာမရလို့ သမီးဖြစ်သူကိုယ်တိုင် ကူညီဖော်ထုတ်ပေးခဲ့ရတာရှိတယ် .."

"ဘာလဲ မျှော်စင် .. ငါက စိတ်ရောဂါသည်တစ်ယောက်ကို တုတ်ကိုင်စာသင်ရမှာလား .."

ရာဇ ဒေါ်တွေကန်နေကာ ..။

"စိပ်ပုတီးကိုင်ပြီး အဖေ့ရှေ့မှာ ဆောင့်ကြောင့်ထိုင်တရားပြပေးရမလား .."

"မင်း ဘာလုပ်သင့်တယ်ဆိုတာ မင်းကိုယ်မင်း သိဖို့ပဲလိုတယ် ရာဇ .. မင်း သူလုပ်သမျှကို ကူညီဖြည့်ဆည်းနေဖို့မလိုဘူး၊ ဒီစိတ္တဇမျိုးကို စိတ်ဝေဒနာရှင်ဆိုပြီး အလိုလိုက်နေတာ အရမ်းအန္တရာယ်များတယ်.."

"ဘယ်သူ့အတွက်လဲ .."

"အားလုံးအတွက်ပြောနေတာ .. မင်း ချမ်းသာတိုင်း အရာရာကို ငွေနဲ့ဖြေရှင်းလို့မရဘူး .."

"သိပ်ရတာပေါ့ .. မင်းလို မစားရတဲ့အမဲ သဲနဲ့ပက်မယ့်ကောင်မျိုးပေါ်လာရင်သာ မလိုအပ်ဘဲ စကားတွေပြောနေရတာ၊ အဲ့ဒီတော့

www.burmeseclassic.com



ငါတို့ဘာလုပ်နေနေ မင်း ခပ်ဝေးဝေးနေလိုက် မျှော်စင် .. ဒါမှမဟုတ် ရင်လည်း မင်း ငါပေးသလောက်ယူပြီးလှည့်ပြန်တော့၊ မင်းမှန်းထား သလောက် ဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမယ့် ရင်းလောက်နီးလောက်အောင် ရမှာပါ .."

မျှော်စင် က ခပ်နွဲ့နွဲ့ခါးထောက်လိုက်ပြီးမှ့သည်။

"ကျေးဇူးတင်တယ် .. ဒါပေမယ့် ငါက သွားမှာမဟုတ်တော့ မင်း အပင်ပန်းခံပြီး ပြောမနေနဲ့တော့ .."

"ဟွန်း .. ပင်ပန်းပါစေ မျှော်စင် .. မင်းကို အလုပ်ရှုပ်ခံပြီး ပြောဆို ငြင်းခုံနေရတာတွေမရှိအောင် နည်းနည်းတော့ ပင်ပန်းခံရမှာပေါ့၊ မင်း သိထားဖို့က မျက်လုံးနှစ်လုံးရှိပေမယ့် ပါးစပ်တစ်ပေါက်တည်းရှိနေတာ ဘာဖြစ်လို့လဲဆိုတာပဲ .."

"မပြောမပြီး မတီးမမြည်ဆိုတဲ့စကားလည်းရှိတယ်မို့လား .. မင်း ကို ငါ ဒီစကားတွေ ဒီတစ်ခါပဲပြောတာပါ .. ပြန်စဉ်းစားဦး .."

"ကျားမြီးဆွဲတာလည်း ဘယ်သူနှစ်ခါပြန်ဆွဲခွင့်ရလို့လဲ .. မင်း ပြောပြီးတဲ့စကားတွေကို ပြန်နှုတ်သိမ်းလို့မရတော့ဘူး .."

"ငါ့ကို ခြိမ်းခြောက်တာလား .."

"မင်း ကြည့်လိုက်လေ .. ငါ့ရှေ့ကို မင်း နောက်ထပ်ရောက်မလာ ဖို့က ငါ့ရဲ့ လက်ဖျစ်တစ်ချက်ပဲ .."

ပြောပြီး လက်ဖျစ်တီးပြလိုက်သေးသည်။ ဆုံဆည်းကြသည့် မျက် ဝန်းတွေက စူးရဲပြင်းထန်နေကြကာ...၊

"တစ်ခါတစ်လေ မုဆိုးက သားကောင်ဖြစ်တတ်တယ် .."

"ဒီလောက်ဝွမ်းတဲ့ တော့်လ်ကီတွေ နားစမ်းပါကွာ .. မင်းက ဘာမို့လို့လဲ .."

"ငါ ဘာလဲဆိုတာ မင်း မသိပေမယ့် မင်း ဘာလဲဆိုတာ ငါသိနေ ပြီ .."

ပြောပြီး စူးခနဲစိုက်ကြည့်သည်။ ပြီးတော့ လှည့်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သွားနေပြီးမှ လှည့်မကြည့်ဘဲ ခြေလှမ်းတုံ့သွားကာ ..၊

"အဲဒီ ဝါးရုံထဲမှာ ဆက်နိုက်မနေနဲ့ မြွေပွေးတစ်ကောင် ခုနလေး တင် ဝင်သွားတယ် .."

ပြောပြီး ဟွန့်ခနဲရယ်သည်။ ဝါးကိုင်းတစ်ကိုင်း၏ အညွန့်များတစ်ခုကို လှမ်းဆွဲလိုက်ရင်း ..၊

"မင်း စောစောစီးစီးလျှောသွားရင် ငါ့အတွက် ပြိုင်ဘက်ကောင်း တစ်ယောက် ဆုံးရှုံးသွားမှာစိုးလို့ မပြောမရှိနဲ့ .."

ဟင်!...၊

ဒီကောင် ငါ ဘာရှာနေသလဲဆိုတာ သိနေတာလား ..၊

"နေမျှော်စင် .. နေဦး .."

ရာဇ လှမ်းခေါ်ရင်း ကမန်းကတန်းလိုက်၏။ သို့သော် မျှော်စင် က လှည့်မကြည့်ဘဲ ကိုင်ထားသည့်ကိုင်းများကို လွှတ်လိုက်၏။

ဝါးကိုင်းက ရာဇ မျက်နှာဆီသို့ ..၊

"ဖြန်း .."

"အား .."

မျက်နှာတစ်ခုလုံးစုတ်ပြတ်သွားပြီလားထင်ရကာ အချိန်အတော် ကြာတဲ့အထိ မျက်လုံးမဖွင့်နိုင် ..။

ချွေးသူတောင်းစား ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အစက မျက်လုံးချင်းဆုံအောင်လည်း မကြည့်ကြ ..၊ မေးတာလည်း ဖြေချင်မှဖြေကြသည်။ ခုကျတော့ ပယင်း ရဲ့ ဘေးမှာ သွားကြီးတွေအဖြီးသားနှင့် ပုတ်ခတ်ရယ်မောနေကြ၏။

ပြီးတော့ နားကိုလက်နဲ့ထောက်၍ လက်ခါခေါင်းခါတွေလုပ်ပြနေကြသည်။ သူမ နားမကြားရဘူးဆိုတာ တစ်ယောက်နဲ့တစ်ယောက်ပြောပြီး ရယ်မောနေကြတာဖြစ်သည်။

ကိုယ်သည် အဝေးတစ်နေရာကနေ ကမ္ဘာခြားတစ်ခုကို လှမ်းမျှော်ငေးကြည့်နေရတာနှင့် တူကာ မြင်မြင်သမျှ အရာအားလုံးက အသံတိတ်ရုပ်ရှင်ဇာတ်ကားကြည့်နေရသလိုပင် ..။

သူမ နားကြပ်လေးရှာမတွေ့တော့သည့် အဖြေရဲ့နောက်မှာ ပယင်းရောင်ရဲ့ဘ၀ ကမ္ဘာပြိုခဲ့တာဖြစ်သည်။

"ဂျိမ်း .."

အသံမကြားပေမယ့် ကားက သိမ့်ခနဲခုန်သွားကာ ရာဇ က[illegible]ထိရောက်လာ၏။ အသံနဲ့ လှုပ်ရှားမှုကို ထပ်တူပြုရင်း အသံကို အ[illegible]ခံနိုင်ဖို့ ကြိုးစားကြည့်မိသည်။ သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပြင်နေတဲ့တံတားလား .."

မေးခွန်းတစ်ခုမေးမိတိုင်း သူ့မျက်နှာကို စိုက်ကြည့်နေရသည်။ ရာဇ က ရှေ့ကိုကြည့်ရင်း ခေါင်းညိတ်၍ 'ဟုတ်တယ်' လို့ ဖြေ၏။ ပြီးတော့ စက်နှိုးပြီး တံတားကိုဦးတည်လေသည်။

နှုတ်ခမ်းဖွင့်၍ လှုပ်ရှားလိုက်ပုံအရ 'ဟုတ်တယ်' လို့ ပြောလိုက်တာကိုသိသည်။ ပယင်း မျက်နှာလေး ရှေ့ပြန်လှည့်ကာ သေသပ်နိုင်ခံနေဆဲ တံတားကြီးကို သေချာကြည့်မိ၏။

ကြီးမားထူထဲသော သစ်လုံးကြီးတွေနှစ်ထပ်သုံးထပ်နှင့် တစ်လက်မ နီးပါးလောက်ထုရှိသော သံပြားချောင်းတွေနဲ့ ထိန်းကွပ်ထား၏။

ဒီတံတားမျိုးကို သစ်တစ်ချောင်း သံတစ်ချက်လောက်ရိုက်နက်ပြီး တစ်ပို့တစ်ပိုင်းလောက်လေး ပြင်လို့ရတတ်သလား ..။

တံတားကနေ အကြည့်တို့ကို ပြောင်းရွှေ့၍ ပယင်း မျက်ဝန်းလေးတွေ နောက်ကြည့်မှန်ထဲက သူ့မျက်နှာဆီရောက်သွားခဲ့၏။ ငါ့ကို ညာခဲ့တာလား ..။

ဒီလိုတွေးမိလိုက်တိုင်း ကိုယ့်စိတ်တွေကို သန့်စင်ဖို့သာကြိုးစားခဲ့မိသည်။ ဒီရင်ခွင်မှာ ရိုးမြေကျအားကိုးခိုဝင်ဖို့ သူမ ဆုံးဖြတ်ခဲ့ပြီးပြီ ..။

"ဒုန်း .."

"အ ..."

ကားက တံတားအဆင်းမှာ ဆောင့်ခုန်သွားသည်။ သူက လှည့်ကြည့်ပြီး ရယ်ပြရင်း ဆောရီးလုပ်၏။ ရယ်နေသည့် ရာဇ မျက်နှာချောချောကနေ ဝတ်ထားသည့် ရှပ်အင်္ကျီအဝါနုနှင့် ဂျာကင်အစိမ်းရောင်ကိုပါ ကြည့်မိသည်။

နှာခေါင်းရိုးနဲ့ ပါးရိုးတစ်ဖက်မှာ ယောင်နေသေးတာရှိပေမယ့် ဖြူနုနေသည့် မျက်နှာက ကြည့်ကောင်းနေတာပဲဖြစ်သည်။

"အသားဖြူလွန်းတာကဟုတ်ပါတယ်၊ ဒါပေမယ့် တည်တည် တင်းတင်းနေတဲ့ သူ့ပုံစံနဲ့ကျတော့ အရှိမ်းပိုလိုက်ဖက်သွားတာဟ ..

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ ဝတ်ထားသမျှ ဒီဇိုင်းတွေကလန်းတယ်၊ ပုံစံက စမတ်ကျ တယ်၊ နင်က နုနုဖတ်ဖတ်ဝင်းဝင်းစက်စက်လေးဆိုတော့ နှစ်ယောက် တွဲသွားရင် အရမ်းကြည့်ကောင်းတာပဲသိလား ..”

“တို့များလည်း အားကျပါရဲ့ .. မင်းလိုပုံနဲ့ ..”

သီချင်းလေးညည်းပြီး အားကျပြတဲ့ သူငယ်ချင်းတွေလည်းရှိသေး သည်။ ကိုယ်ရှိတဲ့နေရာတိုင်းလိုလို သူ့ကိုမြင်နေရပေမယ့် ဘယ်ကလာ မှန်းမသိ ဘာသင်တန်းတွေတက်နေမှန်းမသိ ..။

သူနဲ့ ချစ်သူဖြစ်သွားတော့လည်း ဘာမေးမေး အဖြေကပါမလာ တတ်ပါ။ ဒါပေမယ့် သူ့အဆင့်အတန်းကို သူ့ရဲ့နေထိုင်မှုက ဖော်ပြနေ သည်။

မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေတတ်တဲ့သူဆိုတာလည်း ဘာသက်သေမှမလိုအောင် ရာဇဝင် က အံ့နေတည်၏။ သူနဲ့ပတ်သက် ပြီး ဘယ်သူမှ ဘာမှမပြောနိုင်ကြတာကို ပယင်း သဘောကျခဲ့သည်။ ဒီလိုချောတဲ့ယောကျ်ားရဲ့ အချစ်ဦးဖြစ်ခွင့်ရခဲ့သည့်နောက်မှာ သူ့ဘက် က မပွင့်လင်းခဲ့သမျှ လျှို့ဝှက်ခြင်းများစွာကိုလည်း ကျေနပ်နိုင်ခဲ့၏။

တစ်ယောက်နဲ့တစ်ယောက်ရဲ့ ချစ်ခြင်းအပေါ်မှာ အစွမ်းကုန်ယုံ ကြည်ခဲ့ခြင်းသည် ကို့ အပေါ် သစ္စာထားဖို့အတွက် ဘာမဆိုရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ထားခဲ့မိတဲ့အထိ ..၊

ဒါတွေအားလုံးဟာ နှစ်ကိုယ်တူချစ်ကြဖို့မဟုတ်တော့ဘဲ သူ့ရဲ့ သနားငဲ့ညှာခြင်းကို မျက်နှာငယ်စွာ တောင့်တားခိုလှုံရမည့်အခြေအနေမျိုး ထိ ဆိုးရွားခဲ့ပြီလား ..။

ကိုနဲ့ သူမ ဘက်မညီတော့ဘူးလို့ခံစားနေရခြင်းက ဘာကြောင့် လဲ ..၊

နားအကြားအာရုံတွေ ဆုံးရှုံးသွားခဲ့ရခြင်းဟာ ကို့ အချစ်တွေကို ဆုံးရှုံးလိုက်ရသည့် ခံစားမှုမျိုးဘာကြောင့်ခံစားနေရတာလဲ ..။

“ဂျိမ်း ..”

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ တံခါးနဲ့ကား၏ ခုန်ခါမှုကိုလိုက်မှတ်ငေးရင်း သူ ဝင်ထိုင်လိုက်တာကို ကြည့်နေမိ၏။

"ဒါ .. ကိုယ်တို့ရွာပဲလေ .. ရောက်ပြီ .."

သူ့မျက်နှာကိုစိုက်ကြည့်နေရင်း သူက ရှေ့ပြန်လှည့်ပြီး ကားစက်နှိုးနေသဖြင့် နောက်ကပြောတာကို ဘာမှန်းမသိတော့ပေ ..။ ထို့ကြောင့်...

"ကို ဘာပြောလိုက်တာလဲဟင် .. အားလုံးမကြားလိုက်လို့ .."

ကားမောင်းထွက်လိုက်ရင်း သူက လှည့်ကြည့်သည်။ ပြီးတော့ ရှေ့ပြန်လှည့်သွားကာ ခေါင်းခါပြ၏။

ပယင်း က သူမပြောတော့မှန်းသိလိုက်ပေမယ့် ငေးနေမိဆဲဖြစ်ကာ ရာဇ က လှည့်ကြည့်တော့ နှုတ်ခမ်းလေးခပ်ဖိဖိကိုက်ထားရင်း သူမ မျက်ရည်ဝေ့နေတာမြင်သွား၏။

ကားက နေရာမှာတင် တုံ့ခနဲထိုးရပ်သွားပြီး ..၊

"ဘာအရေးကြီးတဲ့စကားမို့လို့လဲ ပယင်း .."

မျက်နှာချင်းဆိုင်ဖြစ်အောင် ကိုယ်တစောင်းလှည့်လိုက်ပြီးပြောသည်။ အသံကိုလည်း အကျယ်ကြီးမြှင့်ထား၏။ သူမအတွက်က အသံအစိကမဟုတ်ပါ။

မျက်နှာချင်းကြည့်ပြောရုံနဲ့ နားလည်နိုင်သော်လည်း ..၊

"မင်း မကြားလို့မဖြစ်တဲ့စကားမျိုးဆိုရင် ကိုယ်ပြောမှာပေါ့၊ အခု မင်းလည်းမကြားရဘူး၊ ဒီစကားကလည်း ဘာမှရေးကြီးခွင်ကျယ်မဟုတ်ဘူး၊ ဒီ့ထက် လေးနက်ရမယ့်အကြောင်းအရာတွေ တွေးခေါ်မယ့်အစား ခုလို မလိုအပ်ဘဲ စကားတွေများနေရတာ အချိန်ပိုအလုပ်ရှုပ်မနေဘူးလား .."

ပယင်း ခေါင်းညိတ်ပြလိုက်သည်။ မျက်ရည်တွေ လှုပ်လီလှုပ်လဲ့ မျက်ဝန်းလေးတွေကြားကနေ ပြုံးပြခေါင်းညိတ်လိုက်တော့ ရာဇ မျက်နှာ ပို၍ နူးညံ့သွားကာ ..၊

"ကိုယ်တွေးနေတာတွေက မင်းအတွက်တွေပါ၊ အဲ့ဒါကိုသိရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုလည်း မင်း နားလည်ပါ၊ နောက်တစ်ခုက ..”

သူ ဆက်မပြောဘဲ ပယင်း မျက်နှာကိုစိုက်ကြည့်နေပြီးမှ ..၊

“စကားကျယ်ကျယ်ပြောရတာကို ကိုယ်မကြိုက်ဘူး ..”

ထိုစကားကို ပယင်း တကယ်ကြားလိုက်ရသလို သေချာနားလည်သွားခဲ့သည်။ နှလုံးသား ဆတ်ဆတ်ခါနာကျင်ရခြင်းကို မခံစားဖူးခဲ့သော်လည်း မယ့် ရင်ဘတ်တစ်နေရာမှာ တဆစ်ဆစ်တိုးဆောင့်နေသည့် စိမ်းသက်သော ဝေဒနာတစ်ရပ်က နှိပ်စက်နေ၏။

အများကြီးမဟုတ်ပါဘူး ကို ..၊

ကို ပြောချင်တာကို ပယင်း မျက်နှာကိုကြည့်ပြီးတိုးတိုးပဲပြောခဲ့ရုံပါ။

ကိုက စကားကျယ်ကျယ်ပြောရတာမကြိုက်ပေမယ့် ကို့ရဲ့ ဇနီးကနားမကြားရတဲ့ ဒုက္ခိတဆိုတာ ..၊

ပယင်း မျက်နှာငုံ့လိုက်ပေမယ့် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ခုန်ချဆင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ရွာဆိုတာ အိမ်ခြေဆယ့်လေးငါးလုံးနှင့် တိရစ္ဆာန်တွေမွေးမြူထားကြသည့် တဲအိမ်အစုအဝေးလေးကို ခေါ်တာလေား ..၊

ကားဖြတ်သန်းခဲ့သည့် လမ်းတစ်လျှောက်မှာ အိမ်တစ်အိမ်နှင့် မြေကွယ်ကြီးတစ်ကွက်ကပဲ တစ်ကေလောက်ရှိနိုင်၏။ စိမ်းစိုသော စားပင်သီးနှံစိုက်ခင်းတွေ တစ်ပြန့်တစ်ပြောနှင့် အိမ်လုံးလေးတွေကိုလည်းတွေ့သည်။

ရွာအဝင်လမ်းကလည်း ကျယ်ကာ ဖြောင့်ဖြောင့်ဖြူးဖြူးလည်းရှိ၏။ ကောက်ပဲသီးနှံရိတ်တာသိမ်းတာမှာ အသုံးပြုသည့် စက်ကိရိယာတွေကိုကြည့်ရင်း မြို့နားမနီးပေမယ့် သိပ်တော့ ခေါင်လှသည်မဟုတ်မှန်းသိသာသည်။

အတော်ကြီးမားသည့် ကုန်းပြင်မြင့်ကြီးနားမှာ လမ်းမကြီးက ကွေ့ဝင်သွားကာ ရာဇ က မကွေ့ခင်မှာ ကားရပ်လိုက်ပြီး ...

"ဟိုဘက်မှာလည်း အိမ်တွေရှိသေးတယ်၊ ဒါပေမယ့် နည်းတော့နည်းတယ်ကွ .. အားလုံးပေါင်းမှ အိမ်ခြေသုံးဆယ်မပြည့်ဘူး .."

ပြောပြီးမှ သူ့နှုတ်ခမ်းကို ပယင်း က ငေးကြည့်နေတာမြင်ကာ လက်သုံးချောင်နဲ့ သုညလို အဝိုင်းလေးလုပ်၍ ကပ်ပြကာ လှည်ပါပြ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွေရဲ့ သုံးဆယ်အရေအတွက်ကို သိလိုက်သဖြင့် သူ့ လက်ခါပြတော့ အိမ်ခြေသုံးဆယ်မပြည့်တာနဲ့ ဟိုဘက်မှာ အိမ်တွေရှိနေသေးတာကိုပါ နားလည်သွားသည်။

သို့သော် ဆွံ့အနားမကြားဖြစ်သွားရသည့် ကိုယ့်အဖြစ်ကို နာရီစက္ကန့်နဲ့အမျှ သိနေရကာ ပယင်း မျက်နှာလေး နွမ်းနေရှာ၏။

ကားဆက်မောင်းလာတော့ တစ်လမ်းလုံး တောတစ်ဖက်၊ တောင်တစ်ဖက်နှင့် နှစ်မိုင်လောက်ဝင်သွားရသည်။ ပြီးမှ နံရံမမြင်ရဘဲ မြင့်မားသော သစ်ခက်နွယ်ပင်တွေ အပြားလိုက်ကြီးကပ်နေသလို ခြံအုတ်တံတိုင်းကြီးကို မြင်လိုက်ရ၏။

ခြံရှေ့ကို ကားရပ်လိုက်တာနှင့် တဂျိုးဂျိုးမြည်သံကြီးနှင့် တံခါးချပ်ကြီးတစ်ဖက် ပွင့်သွား၏။ သံပြားကြီးကို တံခါးချပ်လုပ်ထားကာ တော်တော်လေးလံကြီးမားသည့်အပြင် အဖွင့်အပိတ်နည်းသဖြင့် ကားတစ်စီးဝင်သာအောင် မနည်းဖွင့်နေရသည်။

တံခါးစောင့်က ဝတုတ်တုတ် အရပ်မားမားကြီးနှင့် ခေါင်းကလည်းပြောင်နေသေးသည်။ ကားဝင်လာတော့ တစ်ချက်မှ အပြုံးအရယ်မရှိဘဲ ကားထဲက ပယင်း ကိုပဲ စူးစူးစိုက်စိုက်လိုက်ကြည့်ကျန်ရစ်၏။

ခြံဝကနေ အိမ်ကြီးဆီကို တော်တော်သွားနေရပြန်ကာ ရောက်ပြီဆိုတော့ ပယင်း ကြက်သီးတွေတောင်ထသွားခဲ့၏။

တိုက်ခံနှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ကာ ပျဉ်နဲ့ အပေါ်ပိုင်းကရေနံချေးတွေဝပြီး မည်းနက်နေသလောက် အင်္ဂတေဘာမှမကျန်လောက်အောင် ကွာကျနေသော အုတ်ခဲတွေနှင့် အောက်ထပ်တစ်ပိုင်းလုံးကအနီကွက်အညိုကွက်တို့ထင်နေ၏။

ထို့ပြင် နွယ်တွေမြင့်မားစွာ ထိုးတက်နေသဖြင့် လူနေအိမ်နဲ့မတူဘဲ ပျက်စီးယိုယွင်းနေခဲ့သော နှစ်ပေါင်းများစွာထဲက အဆောက်အဦးနဲ့တူနေ၏။

ကိုယ့်ကိုယ်ကိုယ် သမိုင်းထဲပြန်ရောက်သွားသလားတောင် ထင်

www.burmeseclassic.com



လိုက်မိကာ ..၊

"ကို့ အဖေက ဒီထဲမှာလား .."

တတ်နိုင်သမျှ ကို့ကို ဘာမှမမေးမိအောင်နေဖို့ ဆုံးဖြတ်ထားပေမယ့် မေးမိသွား၏။

"ဟုတ်တယ် .."

ရာဇ ကလည်း ဂရုတစိုက်သိစေတာမျိုးမဟုတ်ဘဲ ခေါင်းပဲညိတ်ပြပြီး ခပ်သဲ့သဲ့ဖြေသည်။ အထဲဝင်သွားကြတော့ အိမ်ထောင်ပရိဘောဂ အပြည့်အစုံနှင့် အိပ်ခန်းဧည့်ခန်းတွေလည်း အကျအနရှိနေတာတွေ့ရ၏။

သို့သော် သန့်ရှင်းသေသပ်မှုမရှိဘဲ သုံးလက်စ စားလက်စ တစ်ချို့နှင့် ပွယောင်းပြန့်ကျဲနေတာတွေတွေ့၏။

"ထိုင်လေ .."

ကြိမ်ကုလားထိုင်တွေ ချထားသည့် ဧည့်ခန်းမှာထိုင်ဖို့ ညွှန်ပြတော့ ပယင်း ထိုင်နေလိုက်သည်။ ရာဇ အထဲဝင်သွားပြီး တော်တော်နဲ့ ထွက်မလာပေ ..။

သူမတစ်ယောက်တည်း မြင်မြင်သမျှကို လျှောက်ကြည့်နေမိ၏။ ကို့အဖေက ဒီလောက်ထိချမ်းသာတယ်ဆိုရင် ဘာဖြစ်လို့ ဒီလိုနေရာမှာ လာနေနေတာလဲ ..။

တိတ်ဆိတ်ခြင်းကို သဘောကျတာဆိုရင်တောင် အိမ်အကူတွေ လူယုံတွေနဲ့ တင့်တင့်တယ်တယ်နေရမှာမဟုတ်ဘူးလား ..။

အိမ်ကိုကြည့်လိုက်တာနှင့် သိမ်ဆည်းလုပ်ကိုင်မယ့်အလုပ်သမား မရှိဘူးဆိုတာ သိသာနေသည်။ ထို့ပြင် ..၊

"အိမ်မှာက အဖေတစ်ယောက်တည်းပဲနေတာလေ .."

ရာဇ ထွက်လာတော့ မျက်နှာချင်းဆိုင်လျှောက်လာသဖြင့် ပယင်းခုန ပြောလိုက်မှန်းသိသည်။ ဘာပြောမှန်းတော့ မသိလိုက်ပေ ..။

ရာဇ က ပယင်း ရဲ့ရှေ့မှာထိုင်လိုက်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"သိလား .. မင်းကြားရဲ့လား ဒီမှာအဖေက တစ်ယောက်တည်းနေတာ .."

လက်တစ်ချောင်းထောင်ပြပြီး မျက်နှာကြည့်ပြောတော့ ပယင်းနားလည်သည်။

"သူ စားသောက်ဖို့ကို ခြံစောင့်က ချက်ပေးတယ်၊ အခု ကိုယ်တို့ရောက်လာပြီဆိုတော့ မင်းလည်းအဆင်ပြေအောင် ရွာထဲမှာ အလုပ်သမားသွားရှာရဦးမယ်၊ ခက်တာက အားလုံးက သူ့အလုပ်နဲ့သူ ရှိကြပြီးသား.. မြို့မှာလို သူများအိမ်မှာလိုက်ပြီး အဝတ်လျှော်ကြမ်းတိုက်လုပ်ဖို့ကို ဘယ်သူမှ မလုပ်ချင်ကြဘူး .."

သူ ပြောတာကိုကြည့်ကာ နှုတ်ခမ်းမဲ့ဝ■ လက်ခါတာတွေစုပေါင်းတွက်ရင် ကိုယ့်ဘာသာ နည်းလည်အောင်ကြိုးစားနေရသည်။

ဒါပေမယ့် စကားတွေအများကြီးကျတော့ ပယင်း လိုက်လို့မမီပေ ..။ အကြားအာရုံတွေ ချုတ်ယွင်းသွားပြီဆိုတည်းက နားကြားကိရိယာလေးတပ်ဆင်ထားခဲ့တာမို့ မကြားရသည့် စူးစိုက်မှုမျိုးလုပ်တာမှာ သူမသိပ်မကျွမ်းကျင်ခဲ့ပါ။

"မင်းကြားမှာမဟုတ်ဘူးထင်တယ် .."

ပယင်း နာကျင်ရပေမယ့် ခေါင်းခါပြမိသည်။ သူက စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်ရင်း ထရပ်သည်။

"မင်းကို မကြားနိုင်အောင် တမင်လုပ်လိုက်ပေမယ့် မင်းကြားအောင်ပြောဖို့လည်း ကိုယ်စိတ်မရှည်ဘူး .."

တစ်ဖက်ကိုလျှောက်ထွက်သွားရင်း ပြောကာ ပခုံးနှစ်ဖက်တွန့်လိုက်၏။ ပြီးမှ ပြန်လှည့်ကြည့်၍ အသံကိုမြှင့်ကာ ..

"မင်းကို ပြောပြချင်ပေမယ့် မင်းမှ မကြားနိုင်တာ၊ ပြီးတော့ မင်းမေးချင်နေတာတွေရှိတယ်မို့လား .."

သူ့နှုတ်ခမ်းတွေကို စိုက်ကြည့်ပြီး ပယင်း ခေါင်းညိတ်ပြမိသည်။ သူက ရှေ့ကိုပိုတိုးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"စကားတွေအများကြီးကို မင်း လိပ်ပတ်လည်အောင်ကြားဖို့ ကိုယ်ဘယ်လိုလုပ်ရမလဲ .."

"ကို ဘာပြောချင်လို့လဲဟင် .. ပယင်း မကြားနိုင်တာကို စိတ်ပျက်နေတာလား .."

"စိတ်ညစ်တာ .."

ရှုံ့မဲ့ပြီး မျက်နှာနားကပ်ပြောလိုက်တော့ ပယင်း မျက်နှာလေး ငယ်သွားသည်။

"မင်းနဲ့ကိုယ် ညားနေပြီးမှ မသိချင်တာတွေသိဖို့လိုတာတွေလည်း အားလုံးကျော်ဖြတ်ခဲ့ပြီးမှဆိုရင် ဒါက ပြဿနာမရှိဘူး၊ အခု မင်းသိချင်နေတာတွေရှိသလို ကိုယ်ကလည်း ပြောပြချင်တာတွေရှိတယ် .."

စကားတွေပြောနေရင်း လက်ဝါးနှစ်ဖက်ဖြန့်၍ ပခုံးတွန့်ကာ ..

"အခု ဘယ်လိုလုပ်ကြမလဲ .."

"ကိုက ဘာပြောချင်တာလဲ .. ကို ပြောနေတာတွေကို အကုန်လုံး မကြားရပေမယ့် ဒီအခြေအနေကို စိတ်ပျက်နေပြီမှန်း ပယင်း သိတယ်.."

"ကိုယ့်ကို စိတ်ပျက်နေပြီလို့ပြောနေတာထက် မင်း အခု ကိုယ့်ဘဝကိုမြင်လိုက်တော့ မင်းရင်ထဲမှာဖြစ်လာတဲ့မေးခွန်းတွေကို မမေးချင်ဘူးလား .. သိချင်တာဘာမှမရှိဘူးလား .."

မတ်တတ်ကနေ ခါးညွတ်၍ မျက်နှာချင်းကပ်ပြောနေသဖြင့် ပယင်း အားလုံးကိုနားလည်နေ၏။ ထိုခဏအတွင်းမှာပဲ သူမ ချစ်ခဲ့သော သူမကိုချစ်ခဲ့သော ရာဇဘွား က ပျောက်ဆုံးသွားပြီလို ခံစားလိုက်ရကာ ..

"ပယင်း စာဖတ်တတ်ပါတယ် ကို .. ပယင်း မေးချင်တာတွေကို နောက်မှ မေးပါ့မယ် .. ကို ပြောပြချင်တာတွေကိုပဲ စာရိုက်ပြပါ .."

"အိုခေ .. ညနေကျရင် အိပ်ခန်းထဲမှာ ကိုယ့်လက်ပ်တော့ ထည့်ပေးထားမယ် .."

ရာဇ က ခါးပြန်မတ်လိုက်ပြီး လက်ချောင်းတွေနဲ့ စာရိုက်သလို လုပ်ပြသဖြင့် ပယင်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ .."

လက်ချောင်းတွေနဲ့ အိုခေလုပ်ပြီး သူ လှည့်ထွက်သွားသည်။ ခြေသုံးလှမ်းလောက် ထွက်သွားပြီးမှ ပြန်လှည့်၍ ...

"မင်း အထဲမှာသွားနားလေ .."

အိပ်လို့ရတာကို လက်နဲ့လုပ်ပြပြီး စားဖို့လုပ်ပြကာ ..၊

"မီးဖိုချောင်ထဲမှာ အသားခြောက်တွေနဲ့ ပစ္စည်းအစုံရှိတယ်၊ မင်းခြေထောက်သက်သာနေပြီမို့လား .. ကိုယ့်ဘာသာ သွားလုပ်စားလိုက်တော့ .."

သူ ပြောတာတွေကို နားမလည်ပေမယ့် ပုံစံတွေလုပ်ပြနေတာကြည့်ကာ ပယင်း နားလည်အောင်ကြိုးစားနေမိသည်။

သူအပြင်ပြန်ထွက်သွားတော့ နာရီကို ငုံ့ကြည့်လိုက်မိသည်။

ဗိုက်ထဲမှာ ဘာမှမရှိသေးတာအမှန်ပင် ..။ လူတစ်ကိုယ်လုံးလည်း နွမ်းခွေယိုင်နဲ့နေကာ တစ်ယောက်ယောက်က နောက်ပြောင်ပြီး တွန်းလိုက်တာနှင့် ပုံလဲသွားနိုင်၏။

ပျဉ်ထောင်အိမ်ကြီးက တစ်ခန်းတစ်ခန်းကို ပေနှစ်ဆယ်ကျော်သုံးဆယ်လောက်ပတ်လည်ရှိကာ အပြင်ဘက်က ယောင်းနွမ်းခြင်းနဲ့တော့ တခြားစီပါ။

ကြမ်းခင်းနဲ့ နံရံတွေမှာ ကျွဲပြားတွေအပြည့်ခင်းထားသဖြင့် နေရာတိုင်းမှာ ပြောင်လက်မနေပေမယ့် တစ်အိမ်လုံးသေသေသပ်သပ်ပဲရှိနေ၏။

အခန်းတိုင်းမှာ သားရဲတစ်ကောင်ကောင်၏ ဦးခေါင်းခွံအရိုးတွေ ချိတ်ထားတာရှိသည်။ ကျားရေခွံတွေအပြန့်လိုက် နံရံတွေမှာကပ်ထား၏။

မီးလုံးတွေက ခပ်သေးသေးလေးတွေဖြစ်ပြီး မီးချောင်းတစ်ချောင်းမှ မမြင်ပေ ..။ ပြတင်းတံခါးတွေကလည်း မဖွင့်ဘဲထားတာ ဘယ်လောက်ကြာပြီမသိ ..။

တစ်ချို့တံခါးတွေက ဖွင့်လို့မရတော့ဘဲ တ ချို့ကျူ တွေအတွင်းကနေ သစ်သားချောင်းကြီးတွေနဲ့ ကြက်ခြေခတ်ပိတ်ထား၏ ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့အခန်းထဲမှာ စားပွဲကုလားထိုင်လောက်ပဲရှိကာ ပင့်ကူမျှင်တွေ ကြပ်ခိုးတွေ ထူပိတ်နေပြီး တစ်ချို့အခန်းတွေက ဘာပစ္စည်းမှမရှိဘဲ ကြမ်းခင်းတွေမှာ အိမ်သုတ်ဆေးတွေလား၊ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ သွေးစက်တွေလား ...။

ညိုညစ်ညစ် အနီကွက်တွေ အစက်အပြောက်တွေလည်းပါ၏။ မီးဖိုချောင်ကျတော့ နောက်ဖေးတစ်ပိုင်းလုံးကိုလုပ်ထားသဖြင့် အကျယ်ကြီးပဲဖြစ်သည်။

သုံးလုံးတွဲဂတ်စ်မီးဖိုကြီးရှိနေလျက် ဂတ်စ်အိုးအပိုရံထားတာတွေလည်း သုံးလေးလုံးရှိ၏။ မှန်ချပ်နဲ့ ကာထားသော နံရံကပ်ဗီရိုကြီးတွေထဲမှာ အသားခြောက်မြှောင်းတွေကို ဒီတိုင်းမြင်နေရ၏။

ဆန်အိုးရှာတော့ ဘယ်မှာမှမတွေ့ ...။

သို့သော် သော့ခတ်ပိတ်ထားသည့် အခန်းကြီးနှစ်ခန်းနဲ့ ဖွင့်ထားသော ရေချိုးခန်းတစ်ခန်းကိုမြင်ကာ အနားသွားကြည့်မိ၏။

ရေချိုးခန်းထဲမှာ ကြွေပြားတွေကပ်ထားသည့် ရေကန်တစ်ခုရှိသည်။ မှန်တစ်ချပ်နဲ့ ကလပ်စင်ကြီးပေါ်မှာတော့ ပလတ်စတစ်ရေခွက်ကြီးတစ်လုံးပဲရှိနေကာ ရေချိုးခန်းသုံးပစ္စည်းဆိုလို့ ဆပ်ပြာဘူးတောင်မမြင်ပေ ...။

ထို့ပြင် ကန်ထဲမှာရေတစ်ဝက်နီးပါးပဲရှိကာ ရေပေါ်မှာ ဖုန်မှုန့်တစ်ချို့ဝေ့နေကြ၏။ တစ်အိမ်လုံးမှာ လူနေဆဲအိမ်နှင့်တူတာ သိပ်မရှိဘဲ ကြည့်နေရင်း ရင်ထဲမှာပဟေဠိများစွာဖြစ်လာခဲ့ရ၏။

နေရာမှ လှည့်ထွက်ဖို့ခြေလှမ်းပြင်လိုက်ပေမယ့် တံခါးပိတ်ထားသည့်အခန်းနဲ့ ခြားထားသော နံရံက သံဇကာကွက်လေးကို မျက်လုံးရောက်သွားမိ၏။

သံဇကာမှာ ဘာတွေလဲ ...၊

အလင်းရောင်ရအောင် မီးဖွင့်လိုက်ပေမယ့် မီးက မလင်း ...။

ရှေ့တိုးသွားကာ သေချာမှေ့ကြည့်နေမိစဉ် အနီရောင်ဆိုတာကို

www.burmeseclassic.com



သိလိုက်သည်နှင့် နှာခေါင်းထဲမှာ သွေးညှီနံ့က ထောင်းခနဲဝင်လာ၏။

လက်တစ်ဆန့်ဆိုမီပေမယ့် လှမ်းကိုင်ကြည့်ဖို့လှမ်းလိုက်သည့် လက်က သွေးညှီနံ့ကြောင့် လေထဲမှာပဲရပ်တန့်သွားခဲ့သည်။

သွေးတွေ ဒီမှာဘာလို့ပေနေတာလဲ …။ ဟိုဘက်အခန်းထဲမှာ တိရစ္ဆာန် တွေသတ်တာလား …၊

ဒါ မဖြစ်နိုင်ပေ … အမဲပစ်လို့ရသည့် တိရစ္ဆာန်ဆိုတာ တောထဲမှာပဲ သေအံ့မွှားမွှားဖြစ်နေပါပြီ။ အခန်းထဲမှာ ထည့်ပိတ်သတ်ရလောက်အောင်…၊

"ဒုန်း …"

ဟထားခဲ့သည့်တံခါးက လေမတိုက်ဘဲ ဒုန်းခနဲဆောင့်ပွင့်သွား ၏။ ကျယ်လောင်သည့်အသံက နားထဲထိဝင်လာကာ နံရံနဲ့ပစ်ရိုက်သွား ပြီးသည့်တံခါးက ဒုံပြန်ထွက်လာသေးသည်။

ပယင်း တံခါးဆီကို အာရုံရောက်သွားကာ ပြန်လှည့်လာမိ၏။ သို့သော် သူမတံခါးနားရောက်သည်နှင့် မြင့်မားတုတ်ခိုင်သော အရိပ် ကြီးတစ်ရိပ်က ဘွားခနဲပေါ်လာသလို မျက်စိရှေ့ရောက်လာလျှင် …၊

"အမလေး …"

လန့်ဖျန့်၍ နောက်ဆုတ်လိုက်မိသည်။ ရိပ်ခနဲမြင်လိုက်တည်းက ခြံစောင့်ကြီးမှန်းသိလိုက်ပေမယ့် လန့်သွားသည့်စိတ်နှင့် အော်လိုက်မိ ပြီးကာ …

"ဆောရီးနော် … ရုတ်တရက်မို့လို့ …"

"တိတ်စမ်း …"

အသံကြီးက မိုးကြိမ်းသံလောက်ပြင်းထန်နေလျက် အရှိုးနောက်ပစ် ထားပြီးကိုင်လာသည့် ပေါက်ပြားကြီးက အခန်းထဲကို ခြေတစ်လှမ်းဝင် လိုက်မှ လက်ထဲမှာမြင်လိုက်ရ၏။

ပယင်း နောက်ကိုခြေလှမ်းဆုတ်ရင်း အံ့ဩထိတ်လန့်နေလျက်…၊

"ရှင် … ရှင်က …"

"ဘာမှမမေးနဲ့ …"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပုံဆိုးသလောက် လေသံက အုံအုံညညကြီးနှင့် ခက်ထန်နေကာ ...

"စပ်စပ်စုစုတွေလျှောက်မလုပ်နဲ့ .."

သူကလည်း ပယင်း နားမကြားမှန်းသိနေသလို စကားပြောတိုင်း အသံအားယူခြင်းကြောင့် ရွဲနေသည့်ဗိုက်က ပူလာလိုက် ချိုင့်ဝင်သွားလိုက်နှင့် ..။

"စပ်စုတဲ့လူ့အသက်တိုတယ် .. အချိန်မတိုင်ခင် အရှင်လတ်လတ်ကျင်းထဲထည့်မြှုပ်ပစ်လိုက်မယ် ဘာမှတ်နေလဲ .."

ခြံစောင့်လိုလူက ကလေးကိုဆူသလို အော်ဟစ်ကြိမ်းမောင်းနေသဖြင့် ဒေါသထွက်ရမည့်အစား ပယင်း ဝမ်းနည်းလာခဲ့၏။

ဒီအနီးအနားမှာ ကို့ ဖေဖေ ဒါမှမဟုတ် ကို ရှိနေသလား မရှိဘူးလား မသိပေ ..။

သို့သော် တိုးတိုးတိတ်တိတ်ကြိတ်ပြီးအနိုင်ယူတာမျိုးမဟုတ်ခြင်းက ပယင်း ကိုယ့်အဆင့်ကိုနားလည်သွားစေခဲ့လျက် ..၊

"ကျွန်မ မရောက်ဘူးတဲ့အိမ်မို့လို့ လျှောက်ကြည့်တာပါ .. ပြီးတော့"

"စကားမရှည်နဲ့ လျှောက်ကြည့်စရာမလိုဘူး .. သိဖို့လည်းမလိုဘူး၊ ဒါတွေက ဘယ်မိန်းမနဲ့မှ မဆိုင်ဘူးဆိုတာ မှတ်ထား၊ ထိုင်နိုင်းရင်နိုင်းတဲ့နေရာမှာပဲနေ .. အိပ်ဆိုအိပ် စားဆိုစား .."

"ဒီမှာ ကျွန်မက ကို့ရဲ့ .. ကိုရာဇသွား ရဲ့ ဇနီးပါ .."

"နင့်ပါးစပ်ပိတ်ထားစမ်း .."

မိုးခြိမ်းသံထက် ဟိန်းအောင်အော်သည်။ ပြီးတော့ ခြေချဲ့ရပ်လိုက်ပြီး ပေါက်တူးကြီးကို ပခုံးပေါ်ပြောင်းတင်၏။

"နင့်ကိုယ်နင် ဘာဆိုတာမေ့ထားလိုက်၊ မှတ်ထားရမှာက ကိုယ့်အတွက် အကျလှအောင်ကြံဖန်နေတတ်ဖို့ပဲ .."

ပြောပြီး ပေစောင်းစောင်းကြည့်၍ လှည့်ထွက်သွားသည်။ ပြီးတော့ ကွယ်သွားရာမှ ပြန်လှည့်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မစပ်စုဖို့ ကြပ်ကြပ်သတိထား .."

ပယင်း ကြားနိုင်လောက်သည့်လေသံကို တစ်စက်လေးမှမချဲဘဲ ပြောသွားသည်။ ကိုင်ထားသည့်လက်နက်နဲ့ ခုတ်တော့မလို သတ်တော့ မလိုကြိမ်းမောင်းသွားတာက သုံ့ပန်းတစ်ယောက်ကို ဆက်ဆံတာမျိုး..။

သူမ ဘယ်လိုအပြစ်မျိုးကို ကျူးလွန်မိခဲ့သလဲ ..၊ ဘယ်လောက်ထိ လွန်ကျူးအောင်စပ်စုမိခဲ့လို့လဲ ..။ ဒေါသခန်းဆီကိုပြန်ထွက်လာစဉ် မျက်ရည် စက်တို့ တလိမ့်လိမ့်ကြွေဆင်းနေခဲ့၏။

နင် မငိုနဲ့ ပယင်းရောင် .. ဒါ နင် ကိုယ်တိုင်ရွေးခဲ့တဲ့လမ်း ..။

နင့်ကိုယ်နင် ဒုက္ခိတဆိုတာကိုမေ့ပြီး မတန်မရာကို မှန်းခဲ့တာ..။

နှောင်တမရချင်ပေမယ့် မျက်ရည်စက်တွေက ကိုယ့်ကို ဟားတိုက် လှောင်ပြောင်နေကြ၏။

"နင့် ပါးစပ်ပိတ်ထားစမ်း .."

"ထိုင်ခိုင်းရင် ခိုင်းတဲ့နေရာမှာပဲနေ .. အိပ်ဆိုအိပ် စားဆိုစား .."

ခြံစောင့်တစ်ယောက်က ဟိန်းဟောက်ကြိမ်းဝါးသွားသည့်စကား သံတို့သည် ရင်ဘတ်တစ်ပြင်လုံးကို လက်နက်ကြီးတစ်ခုခုနဲ့ ထုနက် ရိုက်ပုတ်နေသလို နာကျင်ကျန်ရစ်၏။

ဒါတွေဘာကြောင့် ဖြစ်လာရသလဲဆိုတာ ပယင်း မစဉ်းစားတော့ ပါ။ ကို့ရင်ထဲမှာ ဒါမှမဟုတ် ကို့ဘဝထဲမှာ သူမ ရခဲ့တာ ဘယ်လိုနေရာ လဲဆိုသည့်အဖြေကို ဘယ်တော့မှ မစဉ်းစားဖို့လည်း တစ်ခါတည်းဆုံး ဖြတ်လိုက်၏။

မိဘက တားဆီးပိတ်ပင်နေသည့်ကြားထဲက ပိုးဖလံလို မီးကိုတိုးခဲ့ သည်။ ပူမှန်းသိပေမယ့်လည်း မသေမချင်းတိုးနေဖို့အပြင် ဘာမှမရှိ တော့ပေ ..။

မှားပါပြီဆိုပြီး မိဘဆီ ပြေးသွားဖို့အတွက် သူမ ဘယ်တော့မှ မကြိုးစားပေ။ ကိုယ်သာမကဘဲ မိဘကိုပါ သိက္ခာကျ အရှက်ရအောင် ထပ်မလုပ်မိအောင်ထိန်းချုပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



တည်မိတဲ့ဘုရား လင်းတနားနား ကျိုးနားနား ပြုပြင်မြိုဖျက်ဖို့မဖြစ်နိုင် ...။

ရာဇဘွား ဆိုတဲ့လူ ဆိုးတာ ကောင်းတာ မိမိကုသိုလ်ကံပဲလို့သာ မှတ်ယူနိုင်ဖို့ကြိုးစားတော့မည်။

မျက်ရည်တွေ သုတ်ပစ်လိုက်ရင်း ဧည့်ခန်းကိုပြန်ရောက်လာတော့ စားပွဲပေါ်မှာ ထမင်းပွဲပြင်ထားတာကို မြင်လိုက်ရ၏။

ဒါတွေ ခြံစောင့်လာတင်ထားတာဖြစ်မည်။ ဒီကနေ သူမဆီ ရောက်လာပြီး ကြိမ်းမောင်းသွားတာမှန်း တွေးမိလိုက်၏။ ရှေ့တိုးသွားရင်း ထမင်းပွဲကို ငုံ့ကြည့်လိုက်တော့ ငွေလင်ဗန်းကြီးထဲမှာ ထမင်းတစ်ပွဲနဲ့ ဖရဲသီးစိပ်လို လှီးထားသည့် ဘူးသီးပြုတ်တွေချည်းတစ်ပွဲပါသည်။

ပြီးတော့ ကြွေပန်းကန်လုံးကြီးထဲမှာ ငါးပိရည်ကျဲကျဲတွေ ပြည့်လုပြည့်ခင်နှင့် ဘေးက ပန်းကန်ပြားတစ်ချပ်ထဲမှာတော့ အဆိုးဆုံးပဲဖြစ်၏။

ကြက်မဒါန်းလောက်ရှိသော နှတ်သီးရှည်ကြီးနှင့် ငှက်တစ်ကောင်ကို ကင်ထားတာဖြစ်သည်။ တောင်ပံနှစ်ဖက်က လက်နှစ်ဖက်လိုကားနေကာ အဖျားတွေမှာ မီးကျွမ်းရာတွေရှိနေ၏။ ရှည်လွန်းသည့် လည်ပင်းကိုခွေပြီး ခေါင်းက ဘေးက်ထိုးပြန်ထွက်နေသေးသည်။

ရုတ်တရက်ကြည့်လျှင် လည်ပင်းကြားကနေ ခေါင်းပြူပြီး လူကိုပြူးပြဲကြည့်နေတဲ့အတိုင်း ...။

အမွေးနှုတ်ထားသည့် အရေပြားတွေက ဖောင်းကြွပြောင်ကားနေကာ ပေါက်ပြဲ၍ အဆီတွေယိုကျနေတာလည်း မြင်နေရ၏။

ပယင်း နောက်ပြန်ဆုတ်ရင်း ထမင်းပွဲနဲ့ အလှမ်းဝေးသည့် ကုလားထိုင်မှာ နောက်လှည့်မကြည့်ဘဲ လက်နဲ့စမ်းပြီး ဒီတိုင်းထိုင်ချလိုက်မိသည်။

အိမ်မှာ ငါးပိရည်တို့စရာဆိုလို့ မီးဖိုခန်းနောက်မှာ အလုပ်သမားတွေစားသည့် ထမင်းဝိုင်းမှာပဲ တွေ့ခဲ့ဖူးသည်။

"အဲဒါတွေက နံတယ်မို့လား သိန်းသိန်း ရဲ့ .. ဘာဖြစ်လို့လဲ ဟင်း မလောက်လို့လားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



သူမ မေးတော့ သိန်းသိန်း တို့က ပြုံးပြုံးပျာပျာတွေဖြစ်ကုန်ပြီး တားဆီးကြ၏။

"မဟုတ်ရပါဘူး သမီးရယ် … အတို့အမြုပ်လေးနဲ့စားမှ ထမင်းမြိန်လို့ပါ၊ သိန်းသိန်း က ဇက်ကြောကျိုးပေါင်းရှိလို့ အဲဒါတွေ လုံးဝမစားရဘူးလို့ မမကြီးက တားထားတာ … ပြန်မပြောနဲ့နော် … ကလေးလေးက လီမှာပါတယ် …"

သိန်းသိန်း က အသက်လေးဆယ်လောက်ရှိနေပါပြီ။ ဒါပေမယ့် တခြားငယ်တဲ့လူတွေလည်း ငါးပိ တို့စရာကြိုက်ကြ၏။ ကြီးကြီးက ငါးပိဆို ဘယ်ငါးပိမှ အနံ့မခံနိုင်ပေ …။ ဖေဖေလည်း ငါးပိမကြိုက်သဖြင့် သူမလည်း ထိုနည်းတူပင် …။

အစပ်လေး အငံလေးစားချင်လျှင် တစ်ခါတလေ ငါးပိသုပ်လုပ်နိုင်းပြီး အစပ်တွေ အချဉ်တွေနဲ့ နည်းနည်းပါးပါးစားတာရှိပေမယ့် ငါးပိသုပ်ကို ငါးပိနံ့ထွက်ရင်မကြိုက် …။

ခုလိုမျိုး ပန်းကန်လုံးကြီးထဲမှာ ရေကျဲကျဲ ငရုတ်သီးတစ်ပြောက်နှစ်ပြောက်နဲ့ ငါးပိရည်မျိုးကိုတော့ ဒီတစ်ခါပဲ မြင်ဖူးပါ၏။

သူမ ကိုယ့်ရဲ့ အနာဂတ်ကို တွေးရပါပြီ။

ဒီအရပ် ဒီနေရာမှာ ဒါတွေအပြင် တခြားစားစရာမရှိနိုင်တော့ဘူးလား…။

'စားချင်တာ ကိုယ့်ဘာသာကိုယ်သွားလုပ်' လို့ ပြောခဲ့ပြီး ဒါတွေ ဘာလို့ ပို့နိုင်းလိုက်တာလဲ …။

ကိုယ်စားဖို့အတွက် ကိုယ်တိုင်ချက်ပြုတ်နိုင်းတာ ရက်စက်သလို ရှိပေမယ့် ကိုယ်စားနိုင်သလို စီမံခွင့်ရှိသေးသည်။

ခုတော့ …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဟော့ ..."

ပခုံးကို ကိုင်လှုပ်ပြီး နားနားကပ်အော်လိုက်သဖြင့် ပယင်း လန့်နိုးသွားသည်။

"ဘာလို့ ဒီမှာအိပ်နေတာလဲ .. ထမင်းတွေလည်း မစားဘူး .."

သူ့မျက်လုံးက ထမင်းပန်းကန်ရောက်သွားပြီး မေးဆတ်မေးလိုက်တာမို့ သူ ဘာမေးတာမှန်း တွေးယူမိကာ ..၊

"စားထားပါတယ် .."

ထမင်းပန်းကန်မှာ ထမင်းတွေချည်း အကြမ်းသောက်ပန်းကန်တစ်လုံးစာလောက် လက်ရာပျက်ထား၏။ ငါးပိ တို့စရာကိုရော ငှက်ကင်ကိုရော သူမ လုံးဝမတို့ထိခဲ့ပေ ..။

ဒါဆို ထမင်းတွေချည်း မျိုချထားတာလား ..။

ရာဇ တစ်ချက်တော့ စဉ်းစားလိုက်မိကာ ထမင်းပွဲဆီကအကြည့်ကိုလွှဲ၍ ...

"မင်း နေထိုင်စားသောက်ရတာတွေ အဆင်မပြေဘူးပဲ .."

ကို ဘာပြောလိုက်တာလဲ ..၊

သူမကတော့ မျက်လုံးထဲမှာ သဲတွေဝင်နေသလိုပင် ..။ ပြီးတော့ နှာခေါင်းတွေ မျက်ခွံတွေမှာ ပူစပ်နေ၏။ ကိုယ့်ကိုယ်ကိုယ် ဖျားနေပြီမှန်းသိသည်။ သူ ကိုယ့်ဆီရောက်လာရင်တော့ သိမှာပဲထင်ခဲ့ပေမယ့် ရာဇ က သိပုံမပေါ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ထ .. အိပ်ခန်းထဲသွားအိပ် .."

တစ်ခုခုပြောပြီး ထွက်သွားမှန်းသိပေမယ့် ဘာမှန်းမသိသောကြောင့် ပယင်း ဒီတိုင်းလေးလိုက်ကြည့်နေမိသည်။

"ဟော့ ..."

သူမ ပါမလာမှ သူက ပြန်လှည့်ကြည့်၍ ...

"မင်းကို အိပ်ခန်းလိုက်ပို့ပေးမလို့လေ .. လာ .. ထလာခဲ့ .."

လက်တစ်ဖက်နဲ့ခေါ်၍ တစ်ဖက်က အိပ်ခန်းတွေဆီ ညွှန်ပြ၏။ ထိုအခါကျမှ ပယင်း ခေါင်းလေးညိတ်၍ နေရာမှထရပ်လိုက်သည်။

သို့သော် ခေါင်းထဲမှာ တရိပ်ရိပ်မူးဝေနေသဖြင့် ယိမ်းယိုင်သွား၏။

"ဘာဖြစ်လို့လဲ .."

ရာဇ ပြန်လှည့်လာပြီး ပယင်း ကိုယ်လေးကို ထိန်းထားပေးလိုက်၏။ ပြီးတော့မှ ...

"နေမကောင်းဘူးလား .."

ပယင်း ကြားလည်းမကြား ဖြေလည်းမဖြေနိုင် ..။

တစ်ကိုယ်လုံး ကိုက်ခဲသည့်ဝေဒနာနှင့် ဒူးတွေတဆတ်ဆတ်တုန်နေတာ မတ်တတ်တောင်မရပ်ချင် ..။

"ပယင်း လဲနေချင်တယ် .."

သူက ခေါင်းညိတ်ပြီး ဒီတိုင်းတွဲခေါ်သွားခဲ့၏။ နေမကောင်းနေလို့လား .. သူမကိုယ်တိုင်က သူ့ဆီက အများကြီးလိုချင်နေတာလား..၊

ကိုယ့်ကိုယ်ကိုယ် နားမလည်ပေမယ့် ပယင်း ငိုချင်နေခဲ့၏။ သူ့ပခုံးမှာ မှီသလိုယိုင်ကျနေသည့် ခေါင်းကို ပြန်ထူထောင်ဖို့ ကြိုးစားနေမိတဲ့အထိ ရင်ထဲမှာနာကျင်နေခဲ့သည်။

အိပ်ခန်းဆိုတာ နှစ်ယောက်အိပ်ခုတင်ကြီးရှိနေပေမယ့် မွေ့ရာပါးလေးတစ်လွှာနှင့် ခေါင်းအုံးလေးတစ်လုံးပဲရှိသည်။ ပြီးတော့ ပြောင်းမှာ စောင်လား ကော်ဇောလားမသိသော အထည်ခေါက်တစ်ခု ..၊

"ပယင်း .."

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနေရာဖြစ်ဖြစ် လှဲအိပ်ပစ်လိုက်ချင်သည့် လေးလံထိုင်းမှိုင်းခြင်းကြောင့် သူမ ခုတင်ပေါ်ထိုင်လိုက်မိတာနှင့် လှဲအိပ်ပြီးသားဖြစ်သွားခဲ့သည်။

ရာဇ က သူမ မျက်နှာနားထိ လက်ထောက်ငုံ့ရင်းခေါ်ကာ ...

"ဟိတ် .. ပယင်း .."

"ဟင် ..."

"ဒီမှာ မင်းကို .. ပြောစရာရှိလို့ .."

မေးဖျားကိုလှုပ်၍ အော်ပြောနေသဖြင့် ပယင်း သူ့မျက်နှာကိုကြည့်လိုက်မိ၏။

"ကိုယ် တံတားတစ်ဖက်ကရွာကို သွားရဦးမှာ အပြန်နောက်ကျမလား မကျလားပြောလို့မရဘူး .."

"ခု ဘယ်အချိန်ရှိပြီလဲ ကို .."

"ညနေ သုံးနာရီခွဲ .."

သူမ နှုတ်ခမ်းလှုပ်ရုံလေးရေရွတ်မိကာ ...၊

"ကို .."

ရာဇ ရဲ့ အင်္ကျီရင်ဘတ်စကို သူမ လက်နှစ်ဖက်နဲ့ ဆုပ်ဆွဲထားလိုက်မိပြီး ...၊

"ပယင်း ကို့ကို မေးခွန်းတွေ မမေးမိအောင်နေတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကို ပြန်ပြောတာတွေကို ပယင်း ကြားနိုင်မှာမဟုတ်လို့လေ၊ ကို ကလည်း ကြားအောင်ပြောမှာမဟုတ်ဘူး .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .. ပြောပါလိုရင်းကို .."

မျက်မှောင်ကုတ်သွားပြီး ခပ်ဆတ်ဆတ်ပြန်မေးလိုက်တော့ ပယင်း နှုတ်ခမ်းသားလေးကို တစ်ချက်ဖိပိတ်၍ ...၊

"အခု သိထားသင့်တာလေးတွေတော့ ပြောပြခဲ့ပါ ကို .. ကို့ ဖေဖေ ဒီအိမ်ထဲမှာရှိနေသလား .. ပယင်း က အိမ်ထဲမှာ ဘယ်ကိုမှသွားလာဝင်ကိုင်ကြည့်ခွင့်မရှိဘူးလား .. ပြီးတော့ .."

သူမ ဆက်မပြောတော့ ရာဇ မျက်ခုံးတွေပို၍ စုကျုံ့သွား၏။ မေး

www.burmeseclassic.com

www.burmeseclassic.com



တော့မမေး ..။

"ပြီးတော့ ပယင်း က ကို့နောက်လိုက်လာခဲ့တဲ့ ကို့ရဲ့ ဇနီးမယားပါ .."

"ဟုတ်တယ်လေ .. ခုထိ လက်မှတ်မထိုးရသေးပေမယ့် မင်း ကိုယ့်ကို ယုံကြည်ပြီး လိုက်လာခဲ့တာပဲ .. ဆက်ပြော .."

"ပယင်း က အလည်လာတဲ့ဧည့်သည်နဲ့ တူနေသလားလို့ .."

"ဒါကတော့ မင်း ကိုယ့်ကို ယုံကြည်တယ်ဆိုပြီး ယုံမှမယုံသေးတာပဲ .."

မဟုတ်ဘူး ..။

သူ့နှုတ်ခမ်းတွေကို အနီးကပ်ကြည့်၍ လေသံကိုဖမ်းယူရင်း ပြောသမျှကို နားလည်နေသည်။ ထို့ကြောင့် ခေါင်းခါမိကာ ...

"အဲ့လိုမဟုတ်ဘူး .. ကို ဒီတိုင်းပြောဖူးလို့ ပယင်း စဉ်းစားကြည့်ပြီးပြီ .. ပယင်း ကို့ကိုချစ်တယ်၊ ယုံလည်း ယုံတယ်၊ ကိုကသာ .."

"တော်တော့ ပယင်း .."

သူက အော်ပြောလိုက်ပြီး ပယင်း ကိုင်ထားသည့်လက်ကို ဖြုတ်ချလိုက်၏။ ပြီးတော့ ခပ်နွဲ့နွဲ့ခါးထောက်၍ ...

"မင်းနဲ့ ကိုယ် ပေါင်းကြဖို့ ဒီမှာ ဘာမှအဆင်သင့်မဖြစ်သေးဘူး၊ လမ်းကနေ ခုချိန်ထိ တောက်လျှောက်ရော မင်းဘာမှမစားမသောက်ဘဲ တစ်လမ်းလုံး အိပ်လိုက် ရေသောက်လိုက်နဲ့ .."

ပယင်း က သူ့မျက်နှာကိုစူးစိုက်ကြည့်၍ မျက်တောင်ဖျားတွေ ဖိခတ်နေတာလည်းရှိကာ တိတ်ဆိတ်စွာ နားစွင့်နေသည်။

သူမ ကြားသည်ဖြစ်စေ မကြားသည်ဖြစ်စေ ရာဇ က အသံကိုတော့ မြှင့်ကာ ...

"မင်းလည်း မင်းပြနိုင်တဲ့ဘက်ကနေ မင်းရဲ့ မာနတွေကို ပြခဲ့တာပဲ၊ ကိုယ်ကတော့ မာနပြတာမဟုတ်ဘူး .. ကိုယ့်ဘဝကို မင်းသိရင် ဒီတိုင်းဖြစ်လာမှာကို သိနေတာ၊ တကယ်တမ်းကျတော့ မင်းတာထက် တောင်ဆိုးနေတာလေ .."

www.burmeseclassic.com

www.burmeseclassic.com



"ပယင်း ကို ကို ဒေါသထွက်နေတာလား‌ဟင် .."

"မင်းရဲ့ မေးခွန်းတွေကို ပြန်ရုတ်သိမ်းလိုက်ရင်တော့ ပြီးသွားမှာပါ .."

ပြောပြီး ခါးညွတ်၍ ဒူးနှစ်ဖက်ပေါ်မှာ လက်တွေထောက်လိုက်သည်။ ထိုအခါ မျက်နှာချင်းနီးသွားပြန်ကာ ..။

"မင်း ငါ့ကိုချစ်တာမဟုတ်ဘူး .."

"ဘယ်လို .."

သူမ သေချာသိလိုက်တာပါ။

"ကို ဘယ်လိုပြောလိုက်တာလဲဟင် .."

"ဘဝမှာ ဘယ်လိုအချိုးအကွေ့တွေပဲကြုံလာလာ လက်တွဲတော့ မယ်ဆိုတဲ့စိတ် မင်းမှာမရှိဘူး .."

"ကို့ ..."

"ငါ့ဘဝကို မင်း လက်မခံနိုင်ပါဘူး ပယင်းရောင် .. ဒါပေမယ့် မင်းဘဝကိုတော့ ငါ လက်ခံမှဖြစ်မယ် .."

ရင်ထဲမှာ တုန်ယင်ဆို့နင့်လျက် သူပြောနေတာတွေကို ကြားတစ်ချက် မကြားတစ်ချက် ..။

သူ့နှုတ်ခမ်းတွေ လှုပ်နေရင် ပြောသမျှကို ပုံဖော်နိုင်ပေမယ့် သူမ နားလည်လိုက် မလည်လိုက်နှင့် ..။

"စိတ်တော့မကောင်းဘူး ပယင်း .. မင်းကို ဒီထိခေါ်လာခဲ့တာ မင်း မပျော်ရင် ပြန်ပို့ဖို့ လေ့လာခိုင်းရုံပဲမဟုတ်ဘူး .. မင်း ဒီမှာပဲ အရိုးဆွေးအောင်နေရတော့မှာ .."

ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်ခဲ့မိသည်။ သူ့ဘက်က ညာတာခြင်းအရ လိုတာထက်တောင်ပိုနေပါသေးသည်။

တကယ်ဆို သူမနဲ့ သူရယ် ဒီခရီးစဉ်ရယ်ဟာ ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"ဟိုတစ်ယောက် ဘယ်မှာလဲ .."

"ကျွန်တော်တို့ ပြန်မိထားတယ် ဆရာ .."

"အဖေရော .."

"နေမျှော်စင် ဝင်ရှုပ်နေလို့ အနက်ကယ်လ် သောင်းကျန်နေတာ၊ အဲ့ဒါ ဟိုတစ်ယောက် ဒီဘက်ကို လွတ်ထွက်လာတုန်း ကျွန်တော် ပြန်ဆွဲထားလိုက်တာ .."

"အေး .. သူ့ကို ဟိုအခန်းထဲ ထည့်ပိတ်ထားလိုက်တော့ .. ငထွားနဲ့ မိုးမှောင်တို့ အဖေ့ကိုလိုက်ရှာ .."

"ဟုတ်ကဲ့ .. အစ်ကိုလေး .."

ရာဇ က ဂျာကင်ခေါင်းစွပ်ကို ခေါင်းလုံအောင် ဆွဲတင်ပြီး ဓာတ်မီးကိုင်၍ လှည့်ထွက်သွားသည်။ ကျန်သည့်လူတွေ ချက်ချင်းလူစုခွဲကြသည်။

လမ်းသည် အမှောင်ထုထဲမှာ တောနဲ့ရော၍ ပိန်းပိတ်အောင်မှောင်နေခဲ့လျက် သူတို့လှုပ်ရှားနေကြသည့် ဓာတ်မီးရောင်တွေကသာ သရဲမီးတွေ ကူးလူးပျော်မြူးနေသည့်နှယ် ..။

www.burmeseclassic.com

www.burmeseclassic.com



"အဖေ .."

သူ့ရှေ့တည့်တည့်ကနေ ဖြတ်ပြေးသွားသည့် အကျီဖားဖားနှင့် အရိပ်ကိုမြင်လိုက်တာနှင့် အဖေမှန်းသိလိုက်သည်။ ထို့ကြောင့် အဖေ့နောက်ကိုပြေးလိုက်ခဲ့စဉ် ..၊

"ယော့ ..."

သူ့ရှေ့က အရင်ပြေးသွားသည့်လူ့ရိပ်ကြောင့် ရာဇ လှမ်းအော်တာမိကာ ..၊

"နေမျှော်စင် .."

ဒေါသတွေအလိပ်လိုက်ထွက်ကာ အရိပ်နောက်ကိုပြေးလိုက်ခဲ့မိ၏။ ထိုစဉ် ...

"ငါ ရှိတယ် .."

"ဟ .."

သူ့ရှေ့မှာ ဘွားခနဲပေါ်လာသဖြင့် ရင်ဘတ်ချင်းပစ်တိုက်မိလေသည်။ သို့သော် နေမျှော်စင် က ဓာတ်မီးကိုင်ထားသည့်လက်ကို ရင်ဘတ်ရှေ့က ဖြတ်ကာလိုက်သဖြင့် ဓာတ်မီးနဲ့ ဆောင့်မိသည့်ရင်ဘတ်က အောင့်တက်နာကျင်သွားကာ ရာဇ ဒယိမ်းဒယိုင်ရှုံ့မဲ့သွား၏။

"မင်းက အဖေ့နောက်လိုက်ပြီး ဘာလုပ်တာဲ မျှော်စင် .. စိတ်မနှံ့တဲ့လူကို စားထောက်ပြီး အမြွေလှဲနိုင်းမလို့လား .."

"အရေမရ အဖက်မရတွေ လျှောက်ပြောမနေနဲ့ ရာဇ .. မင်းတို့သားအဖ ဘာတွေလုပ်နေကြသလဲဆိုတာ ငါ ရိပ်မိနေတာကြာပြီ အခုကိုမိန်းကလေးကို .."

"မင်း ဟီးရိုးဝင်လုပ်ပေမယ့် အပိုပဲ .. ငါက အဖေ့ဆန္ဒမှန်သမျှ ပြည့်ဝအောင်ဖြည့်ဆည်းပေးဖို့ရောက်လာတဲ့ အဖေ့အတွက်နတ်သား"

"ကျွတ် .."

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေရဲ့ စေတနာပေါ့ .."

"မင်းအမေလည်း မိန်းမပဲ .."

"ဟုတ်တယ် .."

"ငါ့အပါအဝင် နောက်ထပ် အသိအမှတ်ပြုမခံရတဲ့ ကလေးတွေ ဘယ်နှစ်ယောက်တောင်ထပ်ရှိနေမှန်းမသိတဲ့ထဲမှာ မင်းကတော့ တစ်ဦးတည်းသော မျိုးဆက်သွေးအဖြစ် ဦးဒီပါကျော် ရဲ့ အသိအမှတ်ပြုခံခဲ့ရတယ် .."

"မှန်တယ်လေ .."

"ကျန်ခဲ့တဲ့ ကလေးအမေတွေ ဘယ်လိုကျန်ခဲ့သလဲ မင်းသိလား၊ ရုပ်ရှင်ဆန်ဆန် ချစ်လျက်နဲ့ ခွဲခွာထားရစ်ခဲ့တယ်၊ ပြန်ရှာပေမယ့် မတွေ့တော့လို့ ဘာညာတွေလုံးဝမဟုတ်ခဲ့ဘူး .."

"သိပ်မှန်တာပေါ့ .. မိန်းမတွေကလည်း သူတို့လိုအပ်တာရှိလို့ သိက္ခာမရှိ ချဉ်းကပ်တာလေ၊ အဖေက သူတို့လိုတာပေးနိုင်လို့ ပေးလွှတ်လိုက်တယ် .. ဒါ အပေးအယူသဘောတွေပဲ .."

"ဒေါ်ကေသီနွယ် ကတော့ အဲ့ဒီမိန်းမတွေထဲမှာ မပါခဲ့ဘူးလို့ မင်းထင်တယ်ပေါ့ .."

မှောင်ထဲမှာ ကိုယ့်မျက်နှာကို သူ မမြင်နိုင်ပေမယ့် ရာဇ ဒေါသနှင့် ရှက်စိတ်တွေမွှန်သွားကာ အံကြိတ်လိုက်မိ၏။

"အင်း ဟုတ်တော့လည်းဟုတ်ပါတယ်၊ ဒီအပေးအယူသဘောတွေနဲ့ပဲ မကျန်ခဲ့နိုင်လို့ သူက ဦးဒီပါကျော် ကို နိုင်ကွက်ရှာပြီး ချုပ်ကိုင်နိုင်ဖို့ ကြိုးစားခဲ့တာကိုး .."

"မင်း ငါ့အမေကို ထည့်ပြောစရာမလိုဘူး .."

"မင်း ပြောလိုက်တဲ့ မိန်းမများစွာထဲမှာ မင်း အမေပါနေတာပဲ၊ မိန်းမသုံးယောက်စုစည်းကြိုးစားကြတဲ့ထဲမှာ တစ်ယောက်ဟာ နောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်တယ်၊ ငါ့အမေက တစ်ဆုံးဟိ ပါဝင်ခဲ့တယ်၊ ဒါပေမယ့် အမေက မေတ္တာကိုပဲအလိုရှိတဲ့မိန်းမဖြစ်နေတော့ ဦးဒီပါကျော် ဆီ ကလေးတွေ အရောက်ပို့ဖို့ အစီအစဉ်ထဲက သူ့ဘာသာနုတ်ထွက်ခဲ့တာ ..”

“နေမျှော်စင် မင်း ပြောချင်တာပြောလို့ရတယ်၊ ဒါပေမယ့် မနက်ဖြန် မိုးလင်းတာကို မင်း မြင်ရမှာမဟုတ်ဘူးဆိုတာ ငါ ကြိုပြောလိုက်မယ် ..”

“လက်နက်ပုန်းကြောက်ရင် ငါ ဒီတောထဲကို လိုက်မလာဘူး ရာဇ .. ငါ့အမေ့မျက်နှာကို မမှတ်မိနိုင်တဲ့ အရွယ်လေးပေမယ့် အမေနဲ့ ငါ့အဖေဆိုတဲ့ ဦးဒီပါကျော်တို့ အကြောင်း အားလုံးကို ငါ့ဘကြီးက ပြောပြခဲ့တယ်၊ အထူးသဖြင့် ဦးဒီပါကျော် ဘယ်လိုလူဆိုတာ ..”

“အဲဒီလူက မင်းအဖေပါလို့ ထည့်မပြောဘဲ မင်း မျက်နှာကို အိုးမည်းသုတ်ပြီး လက်ထဲအားထည့်ပေးလိုက်တာဖြစ်မယ် ..၊ သူများ ကျောသပ်နိုင်းတိုင်း မိဘကိုတောင် ရန်သူလိုသဘောထားနိုင်တယ်၊ မင်း ရောက်လာတာ အဖေ့ကို ဒီလိုအပြစ်ထောက်သိက္ခာချတဲ့နည်းနဲ့ ကလဲ့စားချေဖို့ပေါ့ .. ဟုတ်လား မျှော်စင် ..”

“ငါ့ရည်ရွယ်ချက်ကို မင်းသိဖို့မလိုပါဘူး၊ မင်း ရည်ရွယ်တာတွေ မှားနေတာကိုပဲ ပြင်စမ်းပါ၊ ဦးဒီပါကျော် ကို မင်း အားပေးအားမြှောက် လုပ်မနေပါနဲ့ ..”

အဖေလို့ မခေါ်တော့သည့် မျှော်စင့် လေသံတွေကို ရာဇ သတိထားမိလိုက်သည်။

“ဧရာဂါရနေရင် ဆေးကုရမယ် .. သူမှားခဲ့တာတွေကို ..”

“အဖေက သိပ်မနေရတော့ဘူးကွ .. သူ မသေခင် သူ့အတွက် ငါ ကိုယ်တိုင်တုံ့ပြန်ပေးရတာ ပျော်တယ်၊ အဖေက ငါ့ကို သားလို့ ..”

“မင်းကို သားလို့ခေါ်ဖို့အတွက် မင်းအမေ ပေးဆပ်ခဲ့ရတာတွေ

www.burmeseclassic.com



မင်း မမေ့သင့်ဘူး ..."

"အဖေနဲ့ ငါ့ကို မင်း သွေးခွဲလို့မရဘူး၊ ဘယ်တော့မှ အောင်မြင်မှာမဟုတ်တာကို မကြိုးစားနဲ့ မျှော်စင် .. ငါနဲ့ ငါ့လမ်းမှာ ပိတ်ဆို့တားဆီးလာသမျှ ဘာကိုဖြစ်ဖြစ် ငါချမ်းသာပေးမှာမဟုတ်ဘူး .."

"ငါကလည်း ချမ်းသာပေးမှာမဟုတ်ဘူးဆိုတာ ကြုံပြောထားမယ် .."

"ဘာ ..."

"အဖေ တော်နေတဲ့ ပုဂ္ဂိုလ်ကိုရော .. မင်းကိုရော .."

"လူပါးဝလို့ကွာ .. မင်းက ဘာကောင်မို့လို့ ငါ့ကိုကြိမ်းဝါးနေရတာလဲ .."

"ငါ့ကို ရဲလို့ထင်ပြီး လန့်သွားတာလား ရာဇ .. ဟွန်း မင်းမျက်နှာကို မမြင်ရပေမယ့် မင်းအသံကို ငါ တော်တော်အလွတ်ရနေတာပဲ .."

မှောင်ရိပ်ထဲမှာ မျှော်စင် က ရှေ့တိုးလိုက်တာမြင်လျှင် ရာဇ တိုက်ခိုက်ဖို့အသင့်ပြင်ထားလိုက်သည်။

"လန့်မသွားပါနဲ့ ငါက ရဲမဟုတ်ပါဘူး၊ ရဲဆိုတာ အဖြစ်လုပ်ပြီးတဲ့လူကိုပဲ ဖမ်းနိုင်တာ ငါက ဖြစ်မှုမမြောက်အောင် တားဆီးမယ့် ရပ်ကွက်ထဲက လူတစ်ယောက်ပဲ .."

"ဒါဆိုရင်တော့ မင်းကိုယ်မင်း အထင်ကြီးလွန်းနေတာပဲ မျှော်စင်၊ ဖြစ်မှုတွေက မင်းမမွေးမခင်တည်းက ဖြစ်မြောက်နေခဲ့တာကွ .. အဲဒါ ဦးဒီပါကျော် ဆိုတဲ့ မင်းအဖေပဲ၊ ဒါပေမယ့် မင်းက အဖေ မတော်ချင်ဘူးဆိုတော့ အဖေ့သားဖြစ်တဲ့ငါကပဲ ဒီတာဝန်ကို ဆက်လက်ထမ်းဆောင်ရတာပေါ့ .."

"အင်း .. ဆက်ပြောစမ်းပါဦး .."

ရာဇ စိတ်ထဲမှာ မနေ့တစ်နေ့ကမှ ပေါ်လာသည့် နေမျှော်စင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ရဲဖြစ်နေမလာလို့ သံသယဝင်နေခဲ့တာအမှန်ပင် ..။ ဒါပေမယ့် လူကြီးတွေရဲ့ ရှုးယောင်းနှောင်းဖြစ်တွေကို သိနေတာကြားလိုက်တော့ စိတ်ထဲမှာ ပေါ်သွားကာ ရယ်သံတွေမှာ အားမာန်အပြည့်နှင့် ဖြစ်လာခဲ့၏။

ဦးဒီပါကျော် ကို အဖေ မတော်ချင်သူ့အတွက် သားအဖြစ်နေရာမပေးဘဲ ထုတ်နှုတ်ဖယ်ရှားလိုက်ဖို့ကလည်း လွယ်လွယ်လေး ..၊

မြောက်များစွာသော အမွေအနှစ်တွေနဲ့ ထင်ရာစိုင်းခွင့်ရနေရေးအတွက် ..၊

"ဆက်ပြောစရာကတော့ ငါ့အဖေ စိတ်ချမ်းသာရေးအတွက် သူ့ရဲ့အဖေတူသားက ဘာမဆိုလုပ်မယ်ဆိုတာပဲ၊ ဒီတောကြီးထဲမှာ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် .. အဲ .. သူတို့ဘယ်လိုသေသေ ငါ ဘာအပြစ်တွေပဲလုပ်လုပ် မင်း ဒါတွေသိနေလည်း အလကားပဲ နေမျှော်စင်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအတွက် မနက်ဖြန်ဆိုတာ မရှိတော့လို့ပဲ .."

ပြောပြီး ရာဇ ရဲ့ ရယ်မောသံက ညအမှောင်ကိုခွင်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ အနီးအနားမှာရှိနေသော အိပ်တန်းတက်နေကြသည့် ငှက်ငယ်တစ်ချို့ လန့်ဖျန့်ထပျံကုန်ကြကာ ပတ်ဝန်းကျင်သည် ကိုင်းဖျားလှုပ်သံ တောင်ပံခတ်သံတို့နှင့် မငြိမ်မသက်ရှိနေခဲ့လျက် ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

"အား ..."

ဟင်!...၊

အိပ်ပျော်နေတာလား နိုးလာတာလား မသိရသေးခင် စူးရှသည့် အော်သံတစ်ချက်က မကြားနိုင်သည့် နားထဲထိ ထိုးဖောက်ဝင်ရောက်လာသည်။

မျက်လုံးတွေ ဖျတ်ခနဲဖွင့်လိုက်မိကာ အော်သံကို နောက်ထပ်နားစွံ့နေမိ၏။

မဟုတ်ဘူး ...၊

တမင်ကြားအောင် ပြောတဲ့အသံကိုတောင် သူမ မကြားရတာ၊ ကိုယ်နဲ့ မသက်ဆိုင်တဲ့အသံတစ်ခုခုကို ကြားလိုက်ရတယ်ဆိုတာ မဖြစ်နိုင် ...။

သူမ အိပ်မက်မက်နေတာလား .. အိပ်မက်ထဲမှာ ကြားလိုက်တဲ့ အသံလား ...၊

အိပ်ပျော်ခြင်းတစ်ဝက် နိုးတစ်ဝက်နှင့် သူမ မျက်လုံးတွေ နဖူးခေါင်းတွေ ပူလောင်နေတာ လည်ချောင်းတွေပါ ပါလာသည်။ တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



မှာ မီးတွေလောင်နေပြီလားတောင် မသိ ...။

သို့သော် လှဲနေရာမှ ထထိုင်လိုက်ရင်း အခန်းထဲကိုဝေ့ကြည့်မိသည်။ အဝင်ဝတံခါးနားမှာ အဝါရောင်မီးလုံးလေးတစ်လုံးသာရှိကာ အလင်းရောင်ကလည်း အခန်းထဲမှာ မှိန်ဖျော့ဖျော့ ...။

နာရီပြင့်ကြည့်တော့ ည ဆယ်နာရီကျော်နေပြီဖြစ်သည်။ သူမ အဖျားကြောင့် မထနိုင်ပေမယ့် ရာဇ လုံးဝ ဝင်မလာခဲ့သေးဘူးဆိုတာသိနေသည်။

ကို ဘယ်သွားနေတာလဲ .. တံတားတစ်ဖက်က မြင်းသိုက်တောင်ခြေမှာလို သူသိတဲ့လူတွေနဲ့ တစ်နေရာမှာ စုဝေးနေပြန်ပြီလား ...၊

လက်မထပ်ရသေးလို့ ချစ်တဲ့သူနဲ့ အတူနေခွင့်မရသေးဘူးဆိုတာကိုဘက်က စောင့်ထိန်းမှုကို ကျေးဇူးတင်ရမှာပါ။ ဒါပေမယ့် တစ်ယောက်တည်း အထီးကျန်စွာနေခိုင်းနေတဲ့အထိတော့ မလိုအပ်ဘူးထင်သည်။

ကို့ ရင်ထဲမှာ သူမ ဘယ်တုန်းကမှ မရှိခဲ့တာလား .. ဒါဆို ကိုက ချစ်ပါတယ်ဆိုတာ သူမ ဘာဖြစ်လို့ယုံကြည်ခဲ့တာလဲ ...။ မချစ်ဘူးဆိုရင် ဒီထိခေါ်လာပြီး ပယင်း ကို ဘယ်လိုပညာတွေပေးချင်တာလဲ ...။

ကို့ကို စတွေ့တဲ့အချိန်ကစပြီး ပယင်း ဘက်က ကို့အပေါ်မှာ ဒေါသထွက်မုန်းတီးလောက်ဖွယ် ဘာတစ်ခုမှ မလုပ်ခဲ့မိတာ ကိုယ့်ကိုယ်ကိုယ် သေချာပါသည်။

ကို ဒီလိုပဲ ပြတ်တောက်ရက်စွာပြောတတ်တာ၊ စိမ်းကားသလိုနေတတ်တာတွေက ကို့ရဲ့ အကျင့်တစ်ခုပဲဆိုရင်တောင် အေးစက်မှုတွေထဲမှာ နူးညံ့နွေးထွေးမှုလေးတစ်ချက်လောက်တော့ ရှိလာသင့်တယ် မဟုတ်ဘူးလား ...။

ခေါင်းတွေတရိပ်ရိပ် မူးဝေလာသည်။ တံခါးနားရောက်တော့ စိတ်ခတ်ကျသွား၏။

အပြင်ကနေ သော့ခတ်ပိတ်ထားသည့် တံခါးချပ်က သူမနဲ့ ရာဇကို တစ်ကမ္ဘာစီကွဲကွာလွင့်မျောသွားစေသကဲ့သို့ရှိကာ လုံးဝနားလည်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်က သူမသည် ရာဇဝင်ဘွား ရဲ့ သတို့သမီးအဖြစ်လိုက်ပါလာခဲ့ရ သူမဟုတ် ..။

"အဟင့် .."

ကိုယ့်စိတ်ကို ဘယ်လိုမှ ချုပ်တီးမထားနိုင်တော့ဘဲ တံခါးရွက်ကို ကျောကပ်မှီထားရင်း ရှိုက်ကြီးတငင်ငိုချလိုက်မိ၏။

ငိုနေလေ ခေါင်းတွေကိုက်ခဲလာလေဖြစ်ကာ မျက်ရည်သုတ်၍ မော့လိုက်လျှင် ..၊

"အမလေး .."

ခုတင်၏ ဘေးမှန်တံခါးမှာ ခေါင်းတုံးပုံစံနှင့် တောင့်မတ်စွာရပ် နေသည့် အရိပ်ကြီးတစ်ရိပ် ..၊

ပယင်း ကိုယ့်နှုတ်ခမ်းတွေပေါ် လက်ဖဝါးနဲ့ ပြန်ဖိထားမိကာ ငြိမ်သက်နေသည့်အရိပ်ကို အသက်အောင့်ရင်း ငေးကြည့်နေမိ၏။

ပြီးတော့ တဖြည်းဖြည်းသတိရလာသည်။ တောထဲမှာ သူမ မြင်ခဲ့ သည့် ကတုံးနဲ့ အမျိုးသမီး ..။

သူမ ဒီထဲကိုကြည့်နေတာလား ကျောပေးရပ်နေတာလား ..၊

ထိုစဉ် ခြံစောင့်၏အရိပ်နှင့် ယောကျ်ားတစ်ယောက်ပေါ်လာကာ သူမကို ဆွဲခေါ်သွားကြ၏။ အသံဗလံတွေတော့ ထွက်နေနိုင်ပေမယ့် ပယင်း ဘာမှမကြားရပေ ..။

ကိုယ်ခံစားနေရသည့် အဖျားဝေဒနာကိုလည်းမေ့သွားကာ ပြတင်း ပေါက်ဆီ အပြေးတစ်ပိုင်းကပ်သွားမိသည်။ ပြတင်းတံခါးတွေကိုလည်း ထိုနည်းတူ အသေပိတ်ထားတာဖြစ်လျက် မှန်ချပ်တွေကိုက အကြည် ရောင်မဟုတ်ဘဲ အထူကြီးတွေဖြစ်နေသည်။

"ကို .. ကို ဘယ်မှာလဲ .."

အပြင်မှာ ဘာတွေဖြစ်နေတာလည်းမသိ၊ ကိုယ် ဘာဖြစ်သွားနိုင် တယ်ဆိုတာလည်း ဂရုမထားမိဘဲ ပြတင်းမှန်တွေကို လက်ဖဝါးနဲ့ ရိုက် ပုတ်၍ ခေါ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲပါလာတာက ကြောက်စိတ်ဖြစ်၏။ ဒီလူတွေ ဘာတွေလုပ်နေကြတာလဲ ...၊

"ကို့ .. ကို ဘယ်မှာလဲဟင် .. ပယင်း ကို တံခါးဖွင့်ပေးပါ .."

ရှေ့တံခါးမကြီးဆီ ပြေးထုလိုက်၊ ပြတင်းတံခါးဆီ ပြေးလိုက်နှင့် ပယင်း အရူးမလေးလိုဖြစ်နေ၏။

ရာဇဘွား က ဒီအိမ်ကြီးမှာနေတာမဟုတ်ပေ ..။ အမြဲတမ်းနေနေကြသည့်လူတွေ ဘာတွေလုပ်နေတယ်၊ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ သူ သိမည်မထင် ..။

မြင်းသိုက်ရွာကို သွားနေသည်ဆိုတာရော ခုထိ ပြန်ရောက်သေးရဲ့လား ..၊

ပယင်း ကြောက်နေတာပဲသိသည်။ ပြီးတော့ ကိုယ်နဲ့ အရင်းနှီးဆုံး အားကိုးစရာအဖြစ် ရာဇ တစ်ယောက်သာရှိသည်မို့ သူ့ကိုပဲ ထမ်းတနေမိသည်။

"ကိုရေ .. ကို ရှိနေလား .. ပယင်း ဆီကို လာတွေ့ပါဦး ကိုရယ်"

တံခါးနားမှာ ငုတ်တုတ်လေးထိုင်ပြီး တတွတ်တွတ်ပြော၍ ငိုနေမိသည်။ ထိုစဉ် ..၊

"ဒုန်း .."

"အား ..."

မှီထားသည့်တံခါးကိုအပြင်ကနေ ဘာနဲ့ထုရိုက်ပစ်လိုက်သည်မသိ။ ငိုနေရင်း ပယင်း ကိုယ်လေး တုန်ခါသွားကာ ရှိုက်သံတွေလည်းတိတ်၏။

တံခါးကို ခပ်ဟဟဖွင့်လိုက်ပြီး ပေါ်လာသည့်မျက်နှာကြီးက မြင်းသိုက်ရွာက တာပေါ ဆိုသည့်လူ ..၊

"ဘာဖြစ်လို့အော်နေတာလဲ .. လူတွေကို နင့်လို နားလေးတွေမှတ်နေသလား .."

ဒေါသကြီးနေတာလား .. တမင်ကြားအောင်အော်တာလားမသိ၊ တာပေါ အသံကို ပယင်း ပီပီသသကြားလိုက်ရ၏။ ထို့ပြင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ပိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ်နေစမ်း .."

"ပယင်း ကို တံခါးပိတ်မထားပါနဲ့၊ ကို ဘယ်မှာလဲဟင် .. သူ မြင်းသိုက်တောင်ကိုသွားတာ ပြန်ရောက်ပြီမို့လား .. ပယင်း ဆီကို .."

"လာလိမ့်မယ် .. မိုးမလင်းခင် နင့်ဆီကိုလာမှာမပူနဲ့ .."

"နေပါဦး .. တံခါးမပိတ်ပါနဲ့ .."

"ဂျိမ်း .."

လက်ပါသွားမှာစိုးကာ ကမန်းကတန်းပြန်ရုတ်ပြီး နောက်ဆုတ်လိုက်ရသည်။ မဟုတ်လျှင် တံခါးကြားမှာ လက်ကောက်ဝတ်ကနေ ပြတ်ထွက်သွားနိုင်၏။

ပယင်း တစ်ကိုယ်လုံးတုန်ယင်နေကာ အဖျားကြောင့်မဟုတ်ဘဲ ကြောက်သည့်စိတ်က နှိပ်စက်ပြန်၏။ ကိုယ့်ကိုယ်ကိုယ် အကျဉ်းသားဘဝရောက်နေပြီမှန်း သိလိုက်သည်နှင့် အခန်းတစ်ခုလုံးကို ဝေ့ပတ်ကြည့်မိသည်။

'စိတ်အရမ်း လှုပ်ရှားလာတဲ့အခါ အပြုအမူအပြောအဆိုတွေ မှားယွင်းတတ်တယ်၊ အဲ့ဒါကြောင့် စိတ်တည်မှုရအောင် အရင်ထိန်းချုပ်ပြီးမှ လုပ်စရာရှိတာကို ရှေ့ဆက်လုပ်ရတယ် သမီးရဲ့ ..'

"စိတ်လှုပ်ရှားနေရင် အသက်ဝဝရှူပြီး မျက်လုံးတွေမှိတ်ထားလိုက်၊ မြင်လွှာပိတ်သွားတာနဲ့ စိတ်ထဲမှာ ဘာမှမရှိတော့သလို ဖယ်ထုတ်ထားပြီး အသက်မှန်မှန်ရှူ၊ ပြီးတော့ ငါ လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ မျက်လုံးပြန်ဖွင့်၊ စိတ်လှုပ်ရှားလွယ်တဲ့လူက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းတဲ့လူမျိုးပဲ .." တဲ့ ..။

ဖေဖေ ပြောပြဖူးတာတွေကို သေချာစဉ်းစားပြီး ပယင်း ကိုယ့်စိတ်ကို တည်ငြိမ်အောင်ကြိုးစားမိသည်။ အနည်းအကျဉ်းတော့ အောင်မြင်ပေမယ့် ဖိမှိတ်ထားသည့်ကြားကနေ မျက်ရည်စက်တို့သာ တိုးထွက်ယိုစီးကျလာခဲ့၏။

လူသူမနီးသည့်တောကြီးထဲမှာ ..၊

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူကလည်း ဖယ်ကျဉ်ခံထားရသော ...၊

မသမာသူတွေ ဗိုင်းဗိုင်းလည်နေသည့် အိမ်ဟောင်းကြီးရဲ့ အခန်းတစ်ခန်းထဲမှာ သူမ ...၊

ချောက်ချားစရာတွေ တွေးရင်း ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ဖို့ကြိုးစားရင်းနှင့် မျက်လုံးတွေက စာကြည့်စားပွဲပေါ်က ဖွင့်ထားသည့် လက်ပ်တော့ပ်ကို သတိထားမိသွားသည်။

သူပြောချင်တာတွေ လက်ပ်တော့ပ်မှာ ထည့်ခဲ့မယ်လို့ ရာဇ ပြောခဲ့တာကို သတိရကာ ထိုနားကိုချက်ချင်းရောက်သွားခဲ့၏။

သို့သော် ပါဝါဖွင့်လိုက်သည်နှင့် ပတ်စ်ဝေါ့ဒ်တောင်းလျှင် ဘာဆက်လုပ်ရမှန်းမသိတော့ပေ ...။ ဖွင့်ကြည့်ဖို့ တမင်ထားခဲ့တာကို ဘာဖြစ်လို့ ပတ်စ်ဝေါ့ဒ် မပြောခဲ့တာလဲ ...။

တွေးရင်း စားပွဲမျက်နှာပြင်ပေါ်ကို ကြည့်လိုက်မိစဉ် KILLER ဆိုသည့် စာလုံးတွေကို ဆော့ပင်နဲ့ ရေးထားတာမြင်လိုက်ရ၏။

ဒါ ပတ်စ်ဝေါ့ဒ်ပဲဆိုတာ ချက်ချင်းသိလိုက်သော်လည်း ကေလာလို့ရေးထားသည့်အကြောင်းကို ဆက်တွေးနေမိ၏။ ကို့ ရဲ့ လျှို့ဝှက်ခြင်းတွေ ဘယ်လောက်ထိ များပြားနေဦးမှာလဲ ...၊

သိချင်စိတ်သည် လက်ပ်တော့ပ်ဆီပြန်ရောက်ကာ ဖတ်ရှုလိုက်ရသည့် အတိတ်အကြောင်းများ၏ ခြေရာများအတိုင်း ...၊

*ကိုယ့်အဖေက ဦးဒီပါကျော် ပါ။ သူ့ဘဝက အရမ်းလှပခဲ့တယ်၊ တင့်တယ်ပြည့်စုံခဲ့တယ် ...၊*

*လူတစ်ယောက်ချမ်းသာပြည့်စုံနေရင် မပြည့်စုံတဲ့လူတွေက မှားကွက်ရှာပြီးတဲ့ရယ်ကြတာပဲ ...၊*

*ရုပ်ရှိ ရေလျှံတဲ့ ယောကျ်ားတစ်ယောက်က အမြဲနောက်လိုက်တဲ့ မိန်းမမျိုးတွေအပေါ် ဘယ်လိုဆက်ဆံမလဲ ...၊*

*ကိုယ်ကတော့ ကိုယ့်အမေလည်း ဒီလို ကျွန်ခဲ့ရတဲ့ မိန်းမတစ်ယောက်ပြီးတောင် အဖေ့ကို မှားတယ်လို့ ဘယ်တုန်းကမှမမြင်ဘူး။ မုန်းလည်း မမုန်းခဲ့ဘူး ...။*

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကြောင့် ဘဝပျက်ခဲ့ရတယ်ဆိုတဲ့ မိန်းမတွေကကျိန်ခဲ့ပေမယ့် မသတ်ဆိုင်တဲ့ မိန်းမတစ်ယောက်က အမေ့ကို ဒုက္ခပေးဖို့အကြံကြီးကြံခဲ့တယ် ..။

အမေက သူ့ကိုတော့ ချစ်ခဲ့တယ်ဆိုပဲ၊ ဒါပေမယ့် အဲ့ဒီမိန်းမက အမေ့ကို လူဖြစ်ရှုံးစေတဲ့ဆေးတွေ တဝိတ်ကျွေးပြီး ပတ်ဝန်းကျင်ရယ် အစားအစာတွေရယ်၊ ပြီးတော့ ဆေးအမျိုးမျိုးသုံးပြီး ဘယ်သူမှမရိပ်မိနိုင်အောင် ပိပိရိရိ လုပ်ကြံတယ် ..။

အမေက လူဖြစ်ရှုံးသွားတဲ့အပြင် အရူးလို ဘွပ်သွပ်ခံရပြီး စိတ်ကျန်းမာရေးဆေးရုံရောက်ခဲ့တယ်။ ရောဂါပိုဆိုးအောင် ငွေနဲ့ထိုးပြီး ထပ်ယုတ်မာတယ်။

အမေ ဒီဘဝကိုရောက်ခဲ့ရတာ အဲ့ဒီမိန်းမကြောင့်ပဲ ..။

အမေ့နားမှာ ငါ နေခွင့်ရတဲ့အချိန်မှာ အမေက ဒီစိတ္တဇနဲ့ ဘယ်လိုမှ ထိန်းမရတော့ဘူး ..။ မိန္ဒကလေးလေးလူဖြစ်ရင် အတင်းလိုက်တယ်၊ အတင်းဆွဲခေါ်တယ် ..။

အမေက ငါ တကောက်ကောက်လိုက်တားနေခဲ့ရတယ်။ နောက်တော့ အမေ ဘာလုပ်ချင်မှန်းသိချင်လို့ ကြည့်နေလိုက်တယ်၊ ဓားမည်တစ်ခုကိုဆွဲပြီး အဲ့ဒီမိန်းမကို သေနဲ့ကျကျနန မှန်းတော့တာပဲ ..။

ဘုရား .. ဘုရား ..၊

ပယင်း နှုတ်ခမ်းတွေ ပွင့်ဟနေခဲ့လျက် စာတွေဖတ်ရင်း ရင်ခုန်သံတွေ တအုန်းအုန်းမြည်လာ၏။

သူ ဘယ်နေရာတွေကို မှန်းသလဲဆိုတော့ မိန်းမတွေရဲ့ အရှက်သိက္ခာတွေကို ကျကျနန ခုတ်ထစ်ဖျက်ဆီး ..၊

ဘုရား ..၊

မျက်လုံးတွေမှိတ်ပစ်မိကာ ပယင်း အသက်ရှူမှန်အောင် ထိန်းချုပ်နေရ၏။ ပြီးတော့ ရာဇ ပြောခဲ့သည့်စကားတွေကိုသတိရလာသည်။

"ကိုယ့်အမေက ကိုယ့်ဘဝပဲ .."

"အမေက ဒီမှာတစ်ယောက်တည်းနေတာ .."

"မင်း ဒီမှာပဲ ရိုးမြေကျနေရတော့မှာ .."

"တိတ်စမ်း .. နင့်ကိုယ်နင် ဘာဆိုတာမေ့ထားလိုက်၊ ဒီမှာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမအတွက်မှ နေရာမရှိဘူး ..”

“မိုးမလင်းခင် နင့်ဆီကိုလာမှာ မပူနဲ့ ..”

ရာဇ ရဲ့ မျက်လုံးတွေနဲ့ ပြောစကားတွေ ..။

ပြီးတော့ ခြံစောင့်နဲ့ ဟိုလူတွေရဲ့စကားတွေ ..၊

ပယင်း နှုတ်ခမ်းသားလေးတွေ တုန်ယင်လာ၏။ တံတားဟိုဘက်က ချောက်ထဲကျနေတဲ့ ကားတွေနဲ့ ကတုံးဆံပင်ငုတ်စနဲ့ ဟိုအမျိုးသမီး..။

ပြီးတော့ .. ပြီးတော့ တောထဲမှာတွေ့ခဲ့သည့် အမျိုးသမီးအသုံးအဆောင်တွေနဲ့ ဖိနပ် ..၊

တွေးနေရင်း နှုတ်ခမ်းတွေက တံတွေးဆွတ်မနိုင်အောင် ခြောက်သွေ့လာခဲ့၏။ စာတွေကို ဆက်မဖတ်ချင်တော့ပေမယ့် ..၊

*အဖေ့ စိတ်ဓာတ်ချက်က ဒီမိန်းမကို မုန်းတဲ့အမုန်းကလွဲရင် ဘာမှမရှိတော့ဘူး ..။ အဲ့ကြောင့် ဒီနာမည်တစ်ခုကို သူ လုံးဝမမေ့ခဲ့ဘူး။ မြင်မြင်သမျှ ချောချောလှလှမှန်ရင် ဒီမိန်းမလို့ပဲမြင်ပြီး သူ နှိပ်စက်ချင်နေခဲ့တာ ..။*

*အဲ့ဒီမိန်းမနာမည် မင်း မသိချင်ဘူးလား ပယင်းရောင် .. ငါ့အဖေ ရေရွတ်နေတဲ့ မိန်းမရဲ့ နာမည်က 'မြသားရောင်' တဲ့ ..။*

အမလေး ...၊

ပယင်း ထိုင်နေရင်းကနေ ဆတ်ခနဲထရပ်လိုက်မိ၏။

မဟုတ်ဘူး မဖြစ်နိုင်ဘူး .. နာမည်တူနေတာ မြသားရောင် ဆိုတာ ပယင်း ရဲ့မေမေ မြသားရောင် မဖြစ်နိုင်ဘူး ..။

ရင်ခုန်ခြင်းကြောင့် လူက မျက်လုံးတွေပြာလာကာ မောဟိုက်လာခဲ့၏။ ဒီလောက် မကြောက်နဲ့ ကိုယ့်စိတ်ကိုထိန်းစမ်း ပယင်းရောင် ..။ မော်နီတာဆီမှာ စိတ်တည်ငြိမ်စွာ စူးစိုက်နိုင်ဖို့ ပြန်လုပ်ကြိုးစားရင်း ငေးကြည့်နေမိသည်။

ပြီးတော့ တဖြည်းဖြည်းပြန်ထိုင်ပြီး ဆက်ဖတ်ဖို့ လက်တင်မိသည်။

*အေးမြသားရောင် ဆိုတာ ပညာတတ်သူဌေး ဦးဖြိုးဆောင် နဲ့ လက်ထပ်ပြီး ပယင်းရောင် ဆိုတဲ့ မင်းသမီးလေးတစ်ပါး ဖွားမြင်ခဲ့တယ်ဆိုတာ ထိသိုတော့*

www.burmeseclassic.com

www.burmeseclassic.com



*တော်တော်ဝမ်းသာခဲ့တယ်။ အသိနောက်ကျခဲ့တာကိုလည်း ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ဘူး ..။*

*မင်း သိပ်ကိုလှပါတယ် ပယင်းရောင်.. ဒါပေမယ့် ငါက အဖေတူသား မင်းရဲ့ အဖေ တွေက ငါ့အတွက်မြတ်နိုးမက်မောစရာမဟုတ်ခဲ့တာ မင်း ကံတရား ပဲ ဒီဆောင် ဆိုရင် ငါ မင်းကို ဘာဖြစ်လို့ဒီထိဖေါ်လာခဲ့သလဲဆိုတာ မင်း သိနေ လောက် ပြီ။*

ပယင်း မျက်ရည်စက်တွေ တလိမ့်လိမ့်စီးကျလာသည်။ ခြောက်လန့် ခြင်းအပေါ်မှာ နာကျင်မှုက စိတ်ကိုတစ်မျိုးတစ်မည်မာကျောသွားစေခဲ့၏။

ရှင် ဖွင့်ပြောမှသိတဲ့အထိ ပယင်းရောင် က ငတုံးမပဲကို ..၊

ဒီလိုမိန်းမမျိုး သေထိုက်ပါတယ်။ ဒါပေမယ့် ရှင့်လက်နဲ့ ကျွန်မ မသေနိုင်ဘူး၊ ရှင့်အဖေလိုလူရဲ့ လက်ထဲမှာ ကျွန်မဘဝပျက်ခံမှာလည်း မဟုတ်ဘူး ..။

ပယင်း အံလေးကြိတ်ထားရင်း စာတွေကို ဆက်ဖတ်မိ၏။

*ငါ မင်းလဲနေတာတွေ့တော့ နားကျပ်ကို တမင်လွှင့်ပစ်ခဲ့တာ။ အစတော့ မင်းကို အရုပ်တစ်ရုပ်လို ဖြစ်နေစေချင်တာပဲ ..။ ဘယ်သူ ဘာပြောပြော မကြား တော့မှ မင်းကို ကြာကြာလိမ်ညာထားလို့ရမှာလေ။*

*အဖေ့အတွက် တကယ့်ရန်သူတော်ကြီးကို ငါ ကိုယ်တိုင်ဆောင် ကျဉ်းပေး နိုင်ခဲ့တာ လွယ်လွယ်နဲ့တော့ မင်းကို ထိုးမကျွေးသေးဘူးပေါ့။*

*ဒါပေမယ့် ငါ့စိတ်ကူးက လွဲသွားတယ်။ အဖေ့အခြေအနေက မကောင်းတော့ ဘူး။ ပြီးတော့ မအေတူသမီးကို မြင်သွားပြီးတဲ့အတွက် အဖေ့ကို လုံးဝထိန်း လို့မရတော့ဘူး။ မင်း နားလေးနေတဲ့အတွက် ပြောရဆိုရခက်ခဲတာကြီးကိုလည်း စိတ်မရှည်ဘူး ..။*

*ခက်တာက နားကျပ်ကို ဘယ်လိုမှ ရှာမတွေ့တော့တာပဲ ..။ ဒါပေမယ့် မင်းအတွက်မလိုတော့ပါဘူး။ ခုကိုတာဘဝနဲ့ မင်းလည်း ရှင်သန်ချင်မှာမဟုတ် ဘူးမဟုတ်လား .. ငါ့ကို တမ်းတမ်းစွဲရှူးသွပ်နေတဲ့ မင်းကို သနားတော့ သနားပါပေမယ့် သေတော့ ..။*

www.burmeseclassic.com



ရင်ထဲမှာနာကျင်မှုက ကျပ်ခဲတင်းမာသည့် ထုထည်တစ်ခုကဲ့သို့..။

ထို့နောက် အေးစက်တင်းမာလာခဲ့သော ထုထည်၏ သိပ်သည်းမှု သည်းခံနိုင်ရည်ရှိလာသည့် နှလုံးသားတစ်ခုအဖြစ်နှင့် ..၊

"ဒုန်း .. ဒုန်း .."

ဟင်!...၊

အိမ်တစ်ခုလုံးတုန်ခါသွားသည့် အသံကြီးနှစ်ချက်ကြောင့် ပယင်း နေရာမှ အလန့်တကြားထရပ်လိုက်မိသည်။ ကိုယ့်ကိုယ်ကိုယ် အားကိုး ရာမဲ့တစ်ယောက်အဖြစ် သတ်မှတ်လိုက်ပြီးသည့်နောက်မှာ အန္တရာယ် ဆိုသည့် သတိပေးခေါင်းလောင်းသံက ကိုယ်တိုင်စွန့်စားရတော့မှာကို အသိပေးလှုံ့ဆော်လိုက်သလိုပင် ..။

အခန်းထဲမှာ လက်နက်တစ်စုံတစ်ရာ ရှိ၊မရှိ ပြေးလွှားရှာကြည့် ရင်း မျက်လုံးတွေကိုလည်း တစ်ချက်လေးမှ အနားမပေးရဲပေ။ ဘာသံ ဖြစ်ဖြစ် ကိုယ်ကြားနိုင်မှာမဟုတ်သည့်အတွက် မျက်လုံးတွေကသာ အားကိုးရာဖြစ်သည်။

မြန်မြန်လှုပ်ရှားစမ်း ပယင်းရောင် ..၊

နင် နုန့်နေလို့မဖြစ်ဘူး၊ ကိုယ့်အသက်ရှင်ဖို့ ကြံဖန်မွေးမြူနိုင်ရ မယ် .. လူယုတ်မာလက်နဲ့သေပြီး ကိုယ့်ကိုချစ်မြတ်နိုးကြတဲ့ ဖေဖေနဲ့ ကြီးကြီးတို့ရဲ့ ရင်ဝကို စုံကန်ထွက်ရမယ့်အဖြစ်မျိုးအဖြစ်မခံနဲ့ ..။

ကိုယ့်စိတ်ကို အပြင်းထန်ဆုံးမြှင့်တင်လိုက်သည်။ ပြီးတော့ ဖေဖေ့ မျက်နှာကိုမြင်ယောင်မိ၏။ ဖေဖေ့ မေတ္တာတွေကို သူမ စော်ကားခဲ့သည်။ ဒီလိုနေရာမှာထပ်ပြီး သူမ ခွေးသေဝက်သေ သေသွားခဲ့ရင် မိဘရင်ကျိုး ရဦးမည်။ သူမ ဒီလိုအဖြစ်မခံနိုင်ပါ။ ဖေဖေ့ဆီ ရောက်အောင်ပြန်မည်။ ဖေဖေ့ကို ရှိခိုးတောင်းပန်မည်။

ထို့နောက်မှာ သူမရဲ့ ဆုံးဖြတ်ချက်နဲ့ဘဝကို လူကြီးမိဘတို့ရဲ့ စီရင်ခွင့်လက်ထဲမှာ ကြည်ဖြူစွာအပ်နှင်း၍ သမီးလိမ္မာအဖြစ် ဒီအပြစ် ဒဏ်းကိုဆပ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မမြင်လိုက်ရသည့် မေမေနဲ့ပတ်သက်သည့် အတိတ်အကြောင်းတွေကိုတော့ ဖေဖေ ပြောပြတာကိုသာ ကြားချင်သည်။ ဖေဖေက လက်ခံစေချင်တဲ့အတိုင်း လက်ခံမည်။

သေချာတာက ရာဇ ပြောပြသည့်အကြောင်းတွေထဲမှာ မေမေက မှားယွင်းခဲ့သူမဟုတ် ...။

စိတ်ကပြင်းထန်လာကာ ဘယ်လိုလက်နက်မှ ရှာမတွေ့သည့်အဆုံးမှာ ပြတင်းပေါက်နားကို နောက်ထပ်ကပ်လာခဲ့မိသည်။

ပြီးတော့ မှန်ချပ်တွေကို လက်နဲ့ပွတ်သပ်ကြည့်မိ၏။ ပြတင်းပေါက်က နှစ်ပေပတ်လည်လောက်ပဲရှိကာ ဖွင့်ပိတ်လို့ရသည့်တံခါးမျိုးမဟုတ်ပေ ...။

ပြီးတော့ အတွင်းမှာ သံပန်းတပ်ထားသဖြင့် မှန်ကိုခွဲဖို့လည်း မလွယ် ...။

ပယင်း ကိုယ့်အတွက် အချိန်မရှိတော့မှန်းသိနေသည်။ ထို့ကြောင့် ကြာကြာစဉ်းစားမနေတော့ဘဲ စီးထားသည့် ဖိနပ်ကိုချွတ်လိုက်သည်။

ပြီးတော့ ကွင်းထိုးခုံမြင့်လေးမို့ ဖိနပ်မှာပါသည့် သိုင်းကြိုးက စတီးကွင်းကို မရမကဖြုတ်သည်။ နောက်ဆုံး ပါးစပ်နဲ့ကိုက်ဖြုတ်ယူလိုက်ရကာ ကွင်းကိုထောင်၍ သံပန်းတပ်ထားသည့် မူလီပေါက်တွေထဲ ခဲခဲယဉ်းယဉ်းထည့်၍ တစ်ခုချင်းလိုက်ဖြုတ်၏။

နောက်ဆုံးတစ်ခုကျန်မှ ကွင်းက ကွေးသွားသဖြင့် ပြုတ်နေသည့် သံပန်းက တန်းလန်းနှင့် ဒုက္ခများသွားသည်။ ခလုတ်ထိမှ အမိတသည့် စကားအတိုင်း နောက်ဆုံးကြံရာမရဖြစ်လာသည်နှင့် မျက်လုံးတွေမှိတ်၍ သရဏဂုဏ်သုံးပါးကိုရည်စူးပြီး ဆုတောင်းလိုက်မိ၏။

သူမ အကျပ်အတည်းဖြစ်လာပြီဆို ဘုရားကိုသတိရတတ်သည့် အကျင့်က ငယ်စဉ်တည်းကဖြစ်သည်။ ခုချိန်မှာတော့ သူမအဖြစ်က သေမကြီး ရှင်ရွှေထီးမို့ ဘုရားတရားသည်သာ ကိုးကွယ်အားထားရာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်လုံးတွေပြန်ဖွင့်ကာ လိမ်သွားသည့်စတီးကွင်းကို သုံးလို့ရအောင် ပါးစပ်နဲ့ကိုက်လိုက် တံခါးကြားမှာ ထည့်ညှပ်ပြီး ဖိကြည့်လိုက် အမျိုးမျိုးကြိုးစားကာ နောက်ဆုံးကျန်သည့် ဝက်အူတစ်ချောင်းကို အောင်မြင်စွာဖြုတ်နိုင်ခဲ့၏။

မှန်ကို သံပန်းနဲ့ ပစ်တိုက်လိုက်သည်။ ကွဲကြေသံကြောင့် လူတွေရောက်လာနိုင်သည်။ ထို့ကြောင့် လက်ကိုပင့်ကြည့်လိုက်ပြီး လက်စွပ်ကစိန်ကို အသုံးချဖို့စိတ်ကူး၏။

မှန်ကို စိန်နဲ့ ဖြတ်လို့ရသည်မို့ လက်စွပ်ကိုချွတ်၍ မှန်ထောင့်မှာ လက်တစ်နှိုက်စာစက်ဝိုင်းလေးဖြစ်အောင် ဖိခြစ်လိုက်သည်။ ဒီအသံကိုတော့ မသမာသူတို့ မကြားပါစေနှင့်ဟု ဆုတောင်းကာ ထိုစက်ဝိုင်းအလယ်ကို လက်သီးဆုပ်နဲ့ ထုချလိုက်၏။

သို့သော် စက်ဝိုင်းရာအတိုင်း နှစ်ထပ်ပြန်ဆွဲပြီးမှ 'ချွမ်' ခနဲ ပွင့်ထွက်သွားခဲ့၏။ နောက်ထက် လူထွက်သာအောင် စက်ဝိုင်းကြီးတစ်ခုထပ်ဆွဲလိုက်ပြီး ခုန အပိုင်းပေါက်လေးကနေ လက်ကိုထုတ်၍ မှန်ချပ်ကို အပြင်ကနေ ထုသလို ထုပစ်လိုက်လျှင် အထဲကို ကွာကျလာသည့် မှန်ချပ်ကို သတိနဲ့ ဖမ်းကိုင်ထားလိုက်၏။

ကြီးမားကျယ်လောင်သော ကွဲရှသံမထွက်တော့တဲ့ ပယင်း လှုပ်ရှားသမျှ အောင်မြင်ခဲ့လေသည်။ ထွက်စမ်း .. အပြင်ကိုရောက်အောင်ထွက်ပြီး ဘယ်သူမှ မသိလိုက်ခင်ထွက်ပြေး ..၊

ဒီနေရာနဲ့ တံတားနဲ့ သိပ်မကွာပေ ..။ တံတားဟိုဘက်ထိရောက်ရင်တော့ အဝေးပြေးလမ်းရောက်အောင် ဆက်ပြေးဖို့သိပ်မခဲယဉ်းတော့တာကို သိနေသည်။

အကွာအဝေးအရ နီးနီးလေးမဟုတ်မှန်းသိပေမယ့် ဟိုဘက်ကလူကွယ်ရာတွေ လမ်းတွေကို သူမ သိသင့်သလောက်သိထားသည်။

ဒီထိ အောင်မြင်လာမှတော့ သူမဟာ လူယုတ်မာလက်ချက်နဲ့ ပက်မရောက်နိုင်သည့်လူဆိုတာ မိမိဘာသာ သတ်မှတ်လျှာနုပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုစဉ် ...

"ဂျိမ်း ..."

သူမရပ်နေသည့် အောက်ကြမ်းက သိမ့်ခနဲခါသွား၏။ ထို့ပြင်...

"အား ..."

ဘုရား ...၊

သူမတောင် သေချာကြားလိုက်ရသည့်အသံဟာ ဘယ်လောက်ဆောင် ငယ်သံပါအောင် အော်လိုက်တဲ့အသံလဲ ...၊

မီးရောင်တစ်ချက် ဝင်းခနဲလက်သွားသည်။ ဓာတ်မီးရောင်လား တံခါးဖွင့်လိုက်ပြီးမှ ပြန်ပိတ်လိုက်တာလား ...၊

ထိုနေရာကို ရှောင်ကွင်းပြေးဖို့ ခြေလှမ်းပြင်လိုက်တာနှင့် သူမရဲ့ ရှေ့ အမှောင်ရိပ်မှာ လူရိပ်တစ်ရိပ် မတ်တတ်ရပ်နေတာမြင်လိုက်ရ၏။

အရပ်မြင့်၍ ဆံပင်လျှိုင်းတွန့်ထင်နေတာရော ဝတ်ထားသည့် ဂျာကင်ပုံစံကိုပါ မြင်လိုက်သည်နှင့် မြင်းသိုက်တောင်ရဲ့ ကားပျက်တွေနားမှာ ဒီတိုင်းရပ်လျက်မြင်ခဲ့ဖူးသည့်လူကို သတိရလိုက်သည်။

ဒီနေရာမှာ ရာဇ ရဲ့ လူတွေချည်းပဲမို့ သူမ နောက်ကိုတဖြည်းဖြည်း ဆုတ်သည်။ ထိုလူက ရှေ့တိုးလိုက်လာ၏။ ပြီးတော့ သူ့မျက်နှာတစ်ခြမ်းက အလင်းရောင်တစ်စကို ဖြတ်သန်းသွားစဉ် ...၊

"ဒီကနေ တံတားထိပ်က ကျောက်ဂူလေးကိုသွား ..."

ပိုနီးအောင် ရှေ့တိုး၍ အသံခပ်အုပ်အုပ်နဲ့ ပြောသည်။ ပယင်း က အသံကို နားမစွံ့ပါ။ သူ ရှေ့တိုးလေ နောက်ဆုတ်လေဖြစ်နေခဲ့ပြီး သူ ဗျတ်ခနဲ လက်လှမ်း၍ ရှေ့တိုးလိုက်တာနှင့် သူမ ချက်ချင်းပြန်လှည့်ပြေး၏။

"တောက် ..."

လူရိပ်သည် နေမျှော်စင် ဖြစ်ကာ သူ ကယ်ဖို့ကြိုးစားတိုင်း ဒီလိုချည်းဖြစ်နေသဖြင့် စိတ်မရှည်စွာ တက်ခေါက်မိ၏။ ပယင်း ကတော့ အနောက်ကိုတစ်ချက်မှ လှည့်မကြည့်ဘဲ မှောင်ရိပ်ထဲကိုသာ ဖွတ်ပြေး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုစဉ် ...၊

"အား ..."

"ဒုတ် ..."

နွေးအိသော အရာတစ်ခုကို ခလုတ်တိုက်မိကာ ထိုပေါ်မှာပဲ မှောက်လျက်လဲသွားခဲ့၏။

"အား .. ကျွတ် .. ကျွတ် .."

လက်ထောက်၍ ပြန်ကုန်းထလိုက်လျှင် သူမအောက်မှာ ဘာကြီးမှန်းမသိသည့်စိတ်နှင့် သေချာငုံ့ကြည့်လိုက်မိ၏။

ဖြူဖြူနှစ်လုံးက ဘာလဲ ...၊

ပို၍ ငုံ့ကြည့်လိုက်တဲ့အခါနှင့် ပြူးထွက်နေသော မျက်လုံးကြီးနှစ်လုံးဖြစ်နေရာ ...၊

"အား ..."

ပယင်း လက်ထောက်ပြန်ကန်ကာ ဖင်ထိုင်လျက်လေး ပစ်ကျသွားခဲ့၏။

အလောင်းကြီး ...၊

အသက်ရှူမှားမတတ် ထိတ်လန့်ကာ ဖင်ဒရွတ်တိုက်ဆုတ်နေရင်း နောက်ပြန်ထောင်ထားသည့်လက်က အနိမ့်တစ်ခုထဲ ညွတ်ကျသွားခဲ့ပြီး ...၊

"အား ..."

ခပ်လျှောလျှော လှိုဏ်တစ်ခုတွင်းသို့ ပတ်လက်ကနေ ဂျွမ်းထိုးမှောက်ခုံ ကျသွားခဲ့၏။ လှိုဏ်က သိပ်မမြင့်ပေ .. ဒါပေမယ့် တော်တော်မှုန်းနာကျင်သွားခဲ့သဖြင့် လူးလဲထထိုင်လိုက်သည့်တိုင် ခြေထောက်ကဖော်ရောင်းက အဆမတန်နာကျင်နေ၏။

"တော်တော်မှ နာရဲ့လား .."

ဟင်!...၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာရှေ့မှာမားမားကြီးရပ်နေသည့် အရိပ်ကြီးကို သူမ မမြင် ..။ လူကို ခြေထောက်နဲ့ တိုက်လိုက်တော့မှသိကာ လန့်ဖျန့်ပြီး တုန်ခနဲဖြစ်သွား၏။

"နင် ဘယ်လောက်ပြေးပြေး လွတ်မယ်ထင်နေသလား .."

"အား ..."

လက်မောင်းကို အကြမ်းပတမ်းဆောင့်ဆွဲလိုက်ကာ ပယင်း က ရုန်းလိုက်တာနှင့် ထပ်ဆောင့်ခါလိုက်သဖြင့် လက်မောင်းပြုတ်ထွက်သွားပြီလားထင်ရ၏။

"မလိုက်ဘူး .. မလိုက်ဘူး .. လူယုတ်မာတွေ လွှတ် .."

"ဖြန်း .."

ပယင်း အော်သံပင်မထွက်နိုင်ခဲ့ဘဲ မျက်နှာလေး ချာခနဲလည်ထွက်သွား၏။ ပြီးတော့ ပျော့ခွေပုံကျသွားကာ ခြံစောင့်ကြီးပြန်ဆွဲထူလိုက်တော့ ဇက်ကျိုးနေသည့်ပုံနှင့် ပါလာခဲ့၏။

ထိုစဉ် ခတ်မီးရောင်စူးခနဲကျလာကာ ...

"ငါ့ကိုပေး .."

ရာဇ က ပယင်း ကိုယ်လေးကိုဆွဲပွေ့လိုက်ကာ ..၊

"ဟိုကောင့်ကို အပြတ်ရှင်းလာခဲ့ .. သူ ဒီနားရောက်နေတယ်.."

"စိတ်ချ ဆရာ .."

ရာဇ က ပယင်း ကို ပခုံးပေါ်ပြောင်းထမ်း၍ အိမ်ကြီးဆီပြန်လှည့်ခဲ့၏။

"ဟီး .. ဟီး .. ဟီး .. အဲ့ဒါလေးကို လိုချင်တာ၊ ဟီး .. ဟီး .. ချလေ .. ဒီမှာချ .. ဒီမှာချ .."

အိမ်ကြီးကိုပတ်၍ ဘေးတံခါးတစ်ချပ်ကနေ ဝင်လိုက်လျှင် မှောင်ကားထစ်တွေနိမ့်ဆင်းသွားခဲ့ပြီး အနီရောင်ဆေးသုတ်ထားသည့်တံခါးရှေ့ရောက်၏။

အထဲမှာတော့ ဘောင်းဘီရှည်ပွပွ အင်္ကျီဖားဖားကြီးနှင့် ဦး ဒိပါကျော်

www.burmeseclassic.com

www.burmeseclassic.com



သည် ပယင်း ပါလာတာမြင်သည်နှင့် ကလေးတစ်ယောက်လို ခုန်ဆွခုန်ဆွနှင့် ဝမ်းသာအားရ ပျော်မြူးသွားလျက် ..။

"ချပါလို့ဆို ဒီကောင် လူမိုက် .."

"အဖေ့ .."

"ဘာတုံး .. မင်းသွားလေ .. ငါသတို့သမီးလာပြီ၊ ဒါ ငါ့ရဲ့မင်္ဂလာဦးည .. ဟီး .. ဟီး .. ဟီး .."

"အဖေ့ကို ကျွန်တော် ပြောစရာရှိလို့ပါ၊ ခဏ နားထောင်ပါဦး.."

"ဘာတုံး .. မင်း ငါ့ကို ဘာမှမမေးနဲ့ .. ငါပြောသလိုလုပ် .."

"အဖေ သူ့ကိုသေချာကြည့်ပါဦး၊ သူ့ကိုတော့ မှတ်မိမှာပေါ့ .."

ပယင်း မျက်နှာလေးကို မီးရောင်ဘက်ဆွဲလှည့်လိုက်ကာ မျက်နှာမှာရှိနေသည့် ဆံပင်တစ်ချို့ကို ဖယ်ပြလိုက်ပြီး ..။

"သူ့ကို အဖေ မှတ်မိ .."

"မှတ်မိတယ် .. အဲဒါ .. အဲဒါ ဟိုကောင်မ မြစိမ်းရောင် .. သရဲမ.. ဟီး .. ဟီး .. ငါ့ကို ဒီကောင်မ တစ်ခုခုလုပ်သွားတာ သူလုပ်သွားတာ ငါသိတယ် .."

"အဲ့ဒါ .. သူ့အမေပါ .. သူ မဟုတ်ဘူး .."

"ဟိတ်ကောင် ..."

"ကျွန်တော် ညာတာမဟုတ်ဘူး အဖေ .. ကျွန်တော်က အဖေ့သားဖြစ်သလို သူက ဒေါ်မြစိမ်းရောင် ရဲ့ သမီး .."

"မဟုတ်ဘူး .. ဒီကောင်မကို ငါမှတ်မိတယ်၊ ဟုတ်တယ် .. အဲဒါ သရဲမ .. စုန်းမ .. စုန်းမကို နှိမ်နင်းရမယ် .."

"ဒုန်း ..."

ပြောပြီးတာနှင့် ရာဇ ကို လက်တစ်ဖက်က တွန်းထုတ်လိုက်ကာ ပယင်း ကို ချတင်ထားသည့်ခုတင်ပေါ်ကနေ ခင်းထားသည့်အိပ်ခင်းစနဲ့ စုထုပ်ကိုင်၏။

ပြီးတော့ ကြမ်းခင်းပေါ်ချလိုက်ကာ ဒီဘိုင်း ဒရွယ်တိုက်ဆွဲသွား

www.burmeseclassic.com

www.burmeseclassic.com



၏။ စကြိန်လမ်းရှည်ကြီးအတိုင်း အိမ်ကြီးအတွင်းပိုင်းကို အခန်းတံခါးတွေ တစ်ခုပြီးတစ်ခု ဖြစ်ကျော်ဝင်လာခဲ့ပြီး ..။

"ဒီမှာပဲ နင့်ကို ဒီမှာကိစ္စတုံးမှာ .."

"အဖေ .."

"မင်း ပါလာပြန်ပြီလား .. အမှိုက်ကောင် .. ခွေးဝဲစား .. သွား.. သွားဆိုသွား .."

မြစိမ်းရောင် နာမည်ကို ရေရွတ်လိုက်မိတာနှင့် ဦးဒီပါကျော် ၏ စိတ်ရိုင်းတွေက ဒဏ်ရာအနာတရနှင့် သွေးဆာနေသော သားရဲတစ်ကောင်ကဲ့သို့ ..။

"အဖေ့ကို ကျွန်တော် မနှောင့်ယှက်ပါဘူး၊ ဒါပေမယ့် အဖေ ခုလို မဆုံးနိုင် မစနိုင် သတ်ပစ်နေမယ့်အစား ဒီကောင်မလေးနဲ့ အဖေ့ရောဂါကို ပျောက်အောင်ကုပြီး .."

"တော် .. တန် .. တိတ် .."

ဦးဒီပါကျော် လက်ညှိုးကြီးဆန့်ထိုးလိုက်ကာ နဖူးပေါ်ပြိုကျနေသည့် ဆံပင်ရှုပ်ရှုပ်ပွပွတွေကို ဒီတိုင်းမျက်နှာမော့ခါပစ်လိုက်၏။ ပြီးမှ...

"ငါ လုပ်ချင်တာ လုပ်မယ် .. ဘာမှလာမပြောနဲ့ သွား .. ခုထွက်သွား .."

ရာဇ ခေါင်းခါပြီး လှည့်ထွက်လာခဲ့သည်။ လမ်းကျဉ်းကလေးတစ်လျှောက်က မီးပွင့်တွေကို အကုန်ပိတ်ပစ်ခဲ့ပြီး အတွင်းလမ်း၏ အပြင်တံခါးမကြီးကိုပါ သော့ခတ်ပိတ်ပေးလိုက်သေးသည်။

ပြီးတော့ အထဲကို နားစွင့်မိပြန်သည်။ သူ တကယ်ဖြစ်စေချင်တာက မြစိမ်းရောင် ဆိုသည့်မိန်းမကြောင့် အဖေ ယောက်ျားဖြစ်ရှုံးခဲ့သည်။ အရှုံးတတ်သွင်းခဲ့လို့ တကယ်ရှုံးသွပ်သွားခဲ့ရသေးသည်။

ဒီကြွေးကို သူ့သမီးက ဆပ်ရမည်။ ဒါကြောင့် သူ ဂယင်းရောင်ကို မရရအောင် လှည့်ဖျားရယူခဲ့သည်။ ဒီမိန်းကလေးကို သတ်ပစ်လိုက်ရုံနဲ့ ကြွေးပြန်တောင်းတဲ့နည်းက ကိုယ်ခံလိုက်ရတာတွေနဲ့စာရင် မတန်

www.burmeseclassic.com

www.burmeseclassic.com



သေးပါ။

သူမကို ဒီရောဂါပျောက်ဖို့အတွက် အသုံးချရမည်။ သူ့အမေက ယုတ်မာပြီး ကိုယ်လွတ်ရုန်းသွားတဲ့အတွက် သူ့သမီးဘဝကို ချုပ်နှောင်ထားပြီး မသေမချင်း နှိပ်စက်ပေါင်းသင်းသွားလို့ရသည်။

ဒါကြောင့်လည်း ရေရှည်စီမံကိန်းကိုရေးပြီး ပယင်း ရဲ့ နားကျပ်ကို ဖြုတ်ပစ်လိုက်တာဖြစ်သည်။ ခုတော့ အဖေက စိတ်ကယောင်ခြောက်ချားနှင့် ဘာပြောပြော လက်မခံတော့ပေ ..။

ဖြစ်လာမှတော့ အဖေ စိတ်ချမ်းသာရင်ပြီးတာပါပဲလို့ သဘောထားလိုက်ရသည်။ ဦးဒီပါကျော် ကတော့ ပယင်း မျက်နှာလေးကို ပြေးငုံ့ကြည့်လိုက် ဓားကြီးမြှေးယူလိုက် ..၊

ပြီးတော့ ဓားငယ်နဲ့ ပြေးလဲပြန်သည်။ မျက်နှာပြေးကြည့်လိုက် ဓားကြီးဓားငယ်ပြေးလဲလိုက်နှင့် မောဟိုက်လာတော့ ကြမ်းပေါ်မှာ ခြေဆင်းထိုင်ချလိုက်ပြီး မျက်ရည်တောက်တောက်ကျ၏။

"လှလိုက်တာ .. အောင်မယ်လေး လှလိုက်တာ မယ်မင်းကြီးမလေးရယ် .. ချစ်ချင်စရာ အလှပဂေးလေးကို မောင် ဘယ်လိုသတ်ရပါ့၊ အောင်မယ်လေးလုပ်ကြပါဦး ဟွန်း .. ဟွန်း .. ဟွန်း .."

လက်ထဲမှာ ဓားအကြီးနဲ့ အငယ်နှစ်ချောင်းကိုင်ပြီး မင်းသားကြီးလို ငိုချင်းချနေစဉ် ပယင်း လူးလွန့်လာ၏။

"ပယင်းရောင် .. ပယင်းရောင် .."

ဟင် ...၊

"ထ .. ထ .. မြန်မြန်ထစမ်း .. နင် စိတ်လျှော့နေလို့မရဘူး .."

ဟင် .. ဘယ်သူလဲ ပယင်း ကို ပြောနေတာ ဘယ်သူလဲ ..၊

"စိတ်မပျော့နဲ့ ဒီတောထဲက လွတ်အောင်ပြေး၊ သေလောက်မယ့်ဒဏ်ရာမရမချင်း နောက်ဆုံးထွက်သက်ထိ ကိုယ့်လွတ်မြောက်ရေးအတွက်ကြိုးစား .."

မေမေလားဟင် .. ဒါ ကြီးကြီးအသံမဟုတ်ဘူး ..၊

www.burmeseclassic.com

www.burmeseclassic.com



"ထလို့ပြောနေတယ် .. ထ .."

ဆောင့်အော်လိုက်သည့်အသံနက်ကြီးကြောင့် ပယင်း မျက်လုံးတွေ ချက်ခနဲ ပွင့်သွားသည်။

"ငါ သတ်ရတော့မယ် .. မင်းကို သတ်ရတော့မယ်၊ အဟင့် .. ဟီး.. အောင်မယ်လေးမောလိုက်တာ .."

သီချင်းဆိုနေတာလား ငိုနေတာလား မသိသော ဦးဒီပါကျော် အသံကြီးကို ကြားလိုက်ကာ သူမ ဘယ်ရောက်နေပြီ တွက်မိလိုက်သည်။

"ဟီး .. ဟီး .. ဖီး မသတ်ဘူး မသတ်ဘူး မသတ်ဘဲနဲ့ နင်နဲ့ငါ နဲ့ .. သူလေးနဲ့ ငါနဲ့ .. ဟီး .. ဟီး .."

ဟိုလူကြီးရဲ့ အသံပဲ ..၊

ပယင်း ရင်တွေတဒိန်းဒိန်းခုန်လာကာ လက်သီးနှစ်ဖက်ဆုပ်၍ စိတ်တင်းထားမိသည်။ ဒီလူကြီးက စိတ်ဖောက်ပြန်နေသည့် ရာဇ အဖေ ပဲလား ..၊

ဒီလို သွက်သွက်ခါထင်သလို ပြေးလွှားနေသည့် အရူးက ဦးဒီပါကျော် လား ..၊

ဖြစ်နိုင်သည် ရူးနေသည့်လူတစ်ယောက်ကို အဆောင်ယောင် အခမ်း နားတွေနဲ့ ထာဝရသိမ်းထုပ်ထားလို့မရနိုင် ..။

ဒါဆို သူမကို ဦးဒီပါကျော် ကလဲ့စားချေဖို့အတွက် ဒီထဲအရောက် ပို့ထားခဲ့ပြီပေါ့။

နားသယ်စပ်ကနေ မျက်ရည်ပူတွေ လိမ့်ဆင်းသွားကြသည်။

"စိတ်မပျော့နဲ့ .."

"ထလို့ပြောနေတယ် .. ထ .."

အိပ်မက်ထဲမှာ သတိပေးပြီး လာနှိုးသွားသည့်အသံ ..၊

မာကျောသည့် သတိပေးစကားသံနှင့်အတူ ဆောင့်အော်လိုက်သံ ကို သတိရလိုက်ကာ မျက်ရည်စီးကြောင်းကို တိုက်ဖျက်ချလိုက်သလို ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပယင်း အနှံ့ရာယ် အနားကပ်နေပြီကို သတိရသွားသည်။ ထိုစဉ် မှာပဲ အဆီပြန်နီရဲနေသည့်မျက်နှာကြီး သူ့မ မျက်နှာထက်မှာ စီးမိုးပေါ် လာ၏။

"နိုးနေပြီ .. ဟီး .. ဟီး .."

"သွား .."

ပယင်း လူးလဲထကာ ခုတင်ပေါ်ကဆင်းဖို့ ပြင်လိုက်တာနှင့် ကိုင် ထားသည့် ဓားတွေကိုလွှတ်ချ၍ ဦးဒီပါကျော် က လက်ကို ကမန်းကတန်း လှမ်းဆွဲ၏။ ခုတင်တစ်ဖက်ကို ခြေချလိုက်ပြီး ပြန်ဆွဲခံလိုက်ရတော့ ပယင်း ဘေးတစောင်းပြန်လဲသွား၏။

စိတ်ဖောက်ပြန်နေသည့် လူမို့ စိတ်ကဖြစ်တာနှင့် လက်ကရောက် ကာ မိန်းကလေးတစ်ယောက်ရဲ့ အသားကိုထိကိုင်မိတာနှင့် လှပသည့် မျက်နှာလေးကို အငမ်းမရနမ်းဖို့ကြိုးစားသည်။

ပြီးတော့ အားမလိုအားမရနှင့် ပယင်း ရဲ့ ဆွယ်တာအင်္ကျီကိုဆွဲဖြဲ ဖို့ လုပ်ပြန်သည်။ ကြယ်သီးလည်းမပါ၊ ဇိပ်စလည်းမဟုတ်သဖြင့် ဘာ လုပ်လုပ်မအောင်မြင် ..။

ထို့ပြင် ပယင်း ရဲ့ တွန်းထိုးရိုက်ပုတ်မှုတွေကိုလည်း ရှောင်မလွှတ် ဖြစ်နေကာ ဦးဒီပါကျော် စိတ်တွေ ဒေါသသို့ကူးပြောင်းသွားခဲ့၏။

"ကောင်မ .. မြစိမ်းရောင် .. နင် .. နင်နော် .. ငါ့ကိုဒုက္ခပေးပြန် ပြီ၊ ငါ .. ငါ ဘာမှလုပ်လို့မရအောင် .. နင်က .."

အဖြစ်အပျက်က မြန်ဆန်လွန်း၏။

ဦးဒီပါကျော် ဒေါသတွေကြီးလာကာ ကြမ်းပြင်ပေါ်မှာကျနေသည့် ဓားကို ငုံ့ကောက်၏။ ပယင်း ကျုံးထလိုက်တော့ ဓားပါးလေးတစ်ချောင်း ကို လက်က ထောက်မိသွား၏။

ထိုစဉ် ဦးဒီပါကျော် မျက်နှာကြီး ဖျတ်ခနဲပြန်ပေါ်လာသည်နှင့် ဓားကိုဆုပ်ကိုင်ပြီး အလန့်တကြားတွတ်ထည့်လိုက်လျှင် ..၊

"အား ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပါကျော် မျက်လုံးနှစ်လုံးစလုံးကို ဓားသွားက ထိထိမိမိပွတ်ဆွဲသွားလေသည်။ ပယင်း ဘာမှပြန်မကြည့်နိုင်ပေ .. ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ခုတင်ပေါ်က ခုန်ချသည်။

"မြစိမ်းရောင် .. မြစိမ်းရောင်မ ငါ့ကိုလုပ်သွားပြန်ပြီ၊ ဟိုကောင်ဘယ်မှာလဲ .. ရာ .. ရာဇ .. ရာဇဘွား .. အောင်မယ်လေး နာလို့သေတော့မယ်၊ ငါ မမြင်ရတော့ဘူး .. အား .. အ .. အား .."

ပယင်း ထွက်ပြေးပေမယ့် တံခါးကိုအပြင်ဘက်က ပိတ်ထားသည်။ ဦးဒီပါကျော် က မျက်လုံးအုပ်ထားရင်းနှင့် ကိုင်ထားသည့် ဓားကို ပယင်းရဲ့ လှုပ်ရှားသံနောက်မှန်း၍ လွှဲပေါက်လိုက်၏။

"ခွမ်း..."

ဓားသည် ပယင်း ဆီမသွားဘဲ မီးလုံးကြီးကိုတည့်တည့်ပြေးမှန်၏။ ရုတ်တရက် တစ်ခန်းလုံးမှောင်ကျသွားခဲ့ပြီး တံခါးနားက အနီရောင်မီးလုံးလေး၏ အလင်းရောင်က ရုတ်တရက် မျက်လုံးထဲမတိုးပေ ..။

"ဒုန်း ..."

"ဦးလေးကြီး .."

"ဆရာကြီး .."

တံခါးပွင့်သွားခြင်းနှင့်အတူ လူတွေပြေးဝင်လာကြသည်။ မီးရောင်နီနီက အမှောင်ဘက်ကိုများနေကာ ရုတ်တရက်လူတွေလုံးခနဲပြေးဝင်လာကြတာကို ဘယ်သူ့ကိုမှ သဲသဲကွဲကွဲမမြင်ရပေ ..။

ထိုပြင် သူတို့ပြောဆိုတာတွေလည်း သူမ မကြားရဘဲ ဗီရိုနဲ့ ခုံတန်းရှည်တစ်ခုကြားထဲမှာ ကပ်ကွယ်နေလိုက်၏။ သို့သော် ..၊

ဘာလဲ !...

သူမ ဖင်ထိုင်ထားမိသော ပျော့စိစိအရာကို သတိထားမိသွား၏။ ထို့ကြောင့် နေရာရွှေ့ပြီး ငုံ့ကြည့်လိုက်မိလျှင် အဖုံးဖွင့်ထားသည့် ကတ္တူဘူးအပြားထဲမှာ ထိုင်မိတာဖြစ်လျက် အထဲမှာ မိန်းမတစ်ယောက်၏ တင်သားလုံးကြီးတွေနှင့် သားမြတ်တွေချည်း ကွက်လျှီးထည့်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ...

"မျှော်စင် .. မင်းက .. မင်းက ကိုယ့်အဖေအတွက်ကိုတောင် .. အား .. ကျွတ် .. ကျွတ် .."

"ဘုန်း ..."

"ဒုတ် .. ခွပ် .."

"ကိုနေ .. ခင်ဗျား .. ခင်ဗျားဗျာ .."

"ဒုတ် .."

ဘယ်တုန်းကမှ သူတို့အလုပ်ကို အားမပေးခဲ့ပေမယ့် ဒီလောက်ထိ နှောင့်ယှက်တားဆီးလာတော့ အားလုံးဒေါသထွက်အံကြိတ်နေကြ၏။

မိန်းကလေးကို မဲနေတုန်း အလစ်ငိုက်ခံလိုက်ကြရကာ အားလုံးပဲ အတုံးအရုံးလဲကုန်ကြလေသည်။

"ငါ ဘာမှမမြင်ရတော့ဘူး၊ မြစိမ်းရောင် .. သရဲမ .. အစိမ်းသရဲမ ကို ငါ့ဆီခေါ်လာခဲ့ပေး၊ ခေါ်ပေးစမ်းပါ .. အား .. နာလိုက်တာ .."

မျက်လုံးကိုအုပ်၍ ဒယိမ်းဒယိုင်လျှောက်ပြေးနေရင်း အခန်းထဲမှာပဲ ဟိုတိုးဒီတိုက်နှင့် ဖြစ်ကုန်၏။ ထိုစဉ် မိန်းမတစ်ယောက်၏ပုံတူမှာ မျက်လုံးနှစ်လုံးစလုံးကို ဓားနဲ့ထိုးစိုက်ထားပြီး သွေးကျသလို အနီရောင် ဆေးတွေခြယ်ထားသည့် ပန်းချီဘောင်တစ်ခုက နံရံမှာရှိနေရာ ..၊

"ဒုတ် .. ဂလုပ် .. ဂလုပ် .."

ဦးဒီပါကျော် ပန်းချီဘောင်ကိုခေါင်းနဲ့ဝင်တိုက်မိပြီး ဒေါသက အရှိန်ပိုမြင့်သွားကာ ..၊

"ဘာလဲ .. ဘာကောင်မလဲ .. ကဲကွာ .."

"ဘုန်း .. ဘုန်း .."

ပန်းချီဘောင်ကို အောက်ကနေ မမြင်မစမ်းလွှဲရိုက်ပစ်နေသဖြင့် စိုက်နေသည့်ဓားတို့သည် ..၊

"ဒေါက် ..."

"အား ..."

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း ..၊

"အား ..."

ဆိုးရွားသည့် အနံ့အသက်ကြီးနှင့် ထဲထဲဝင်ဝင်ထိုင်မိသည့် အထိ အတွေ့ကြောင့် နှလုံးနာသွားကာ အလန့်တကြားထအော်လိုက်မိ၏။

နေမျှော်စင် အခန်းထဲဝင်ခါနီးမှ မိန်းကလေးတစ်ယောက်၏ အော်သံ စူးစူးဝါးဝါးနှင့်အတူ နောက်က လူတစ်အုပ်ပြေးလိုက်လာတာ မြင်လိုက် သဖြင့် ..၊

"ဟိတ် .. လာ .. ဒီကို .."

အခန်းပြင်ကနေစောင့်ကာ သူမကို အသံပေး၍ လက်ကိုလှမ်းဆွဲ လိုက်သည်။ ပြီးတော့ သူ့နောက်ကို လက်ညှိုးထိုးပြကာ ...

"ဒီဘက်ကနေ ကွေ့ဆင်းသွား .. နောက်မှာ .. အား ..."

ကိုယ်က ကူညီတာမို့ ဘယ်လိုမှ မထင်မှတ်လိုက်ပေ ..။ လက်ခုံ မှာ စူးရှနာကျင်သွားမှ သူမ ပြန်လည်တိုက်ခိုက်လိုက်တာမှန်းသိလိုက် သည်။

"ဟော့ ..."

လူကိုတိုက်ခိုက်ပြီး လှစ်ခနဲထွက်ပြေးသည်။ သူ ပြန်ဆွဲတာ ဘယ်လို မှ မမိလိုက်ဘဲ ..၊

"တောက် ..."

သူ့မှာ စိတ်တိုသွားပေမယ့် ကြည့်လည်းမနေနိုင် ..၊

"ဒုတ် ..."

"အင့် .."

နေ...က ပြေးလိုက်လာသည့် သုံးယောက်ကို ဝရုန်းသုန်းကား တွေ ဖြစ်ကုန်အောင် ပိတ်ဆို့တားထားမိကာ ..၊

"အား ..."

ညို့သကျည်းမှာ ထိချက်ပြင်းသွားကာ ခြံစောင့် သူ့ကိုယ်ကြီးကို မထိန်းနိုင်တော့ဘဲ ဘုန်းခနဲပစ်လဲသွား၏။ ပြီးတော့ မျှော်စင့် ကိုမြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းသည် ခြေဖမိုးပေါ်တည့်တည့်စိုက်ကျသွား၏။ နာကျင်သွားသောကြောင့် ခြေထောက်ကိုရော လက်တွေပါ ဗရမ်းဗတာခါထုတ်၍ ခုန်ပေါက်နေလျှင် …၊

"အ … အီး …"

အထဲဝင်မလို့ခြေလှမ်းပြင်လိုက်သည့် နေမျှော်စင် တုံ့ခနဲဖြစ်သွားသည်။ လဲကျနေသူတွေပါ အားလုံးလှမ်းကြည့်လိုက်ကြ၏။ ခြေထောက်မှာ ဓားတစ်ချောင်းစိုက်နေလျက် မှောက်လျက်ကြီးငြိမ်သက်သွားသည့် ဦးဒီပါကျော် ဘာဖြစ်သွားပြီမှန်း သူတို့နားလည်သွားကြသည်။

အခန်းထဲမှာ အလင်းရောင်မပီပြင်သော်လည်း ပန်းချီဘောင်ကြီးပြုတ်ကျသွားတာမြင်ကတည်းက ဓားနှစ်ချောင်းနဲ့ ဦးဒီပါကျော် တွေ့နေပြီဆိုတာ တွေးကြည့်စရာမလို …၊

အဖေဆိုသည့်အသိနှင့် ရင်ထဲမှာ ဖျင်းခနဲတင်းရှသွားသည်။ ဒါပေမယ့် လွမ်းတာရှိလျှင် နာတာနဲ့ ဖြေဖို့အတွက် အသင့်ပြင်ထားပြီးသား…၊

သူ အထဲဝင်လာခဲ့ကာ ဖုန်းထုတ်လိုက်ပြီး ခါတ်ပုံတွေရိုက်ယူလိုက်သည်။ ပြီးတော့ ဒီတိုင်းပြန်ထွက်လာခဲ့၏။ ကျန်တာတွေကို တာဝန်ရှိသူတွေသာ ဆက်လုပ်ကြပါစေ …။

"ဟိတ်ကောင် … မင်းက ဘာလဲ စုံထောက်လား၊ ကိုယ့်အဖေကိုသေတာတောင်မှ …"

"ငါ့မှာ အဖေမရှိတော့တာကြာပြီ …"

သူ ပြောသမျှ မကောင်းမှုမှန်သမျှက အရိပ်လိုလိုက်ပါပြီး နောက်ဘဝထိအောင်တောင် မနေရပါလား …။

ပန်းချီဘောင်ထဲမှာ မျက်လုံးတွေဖောက်ခံထားရသလို တန်ပြန်အကျိုးပေးနေပြီဖြစ်သည်။

ဖအေက စိတ္တဇရှိတဲ့အတိုင်း လူမဆန်စွာပုံဖော်၏။ ခုတော့ သူများကို မျက်လုံးတွေဖောက် နှုတ်ခမ်းတွေအပ်နဲ့ချုပ် အစိတ်အပိုင်းမှန်သမျှကို ထင်သလို ဖျက်ဆီးဖြုတ်ဖြတ်ကစားလာခဲ့သမျှ ပြန်ပေးဆပ်နေရပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"နေမျှော်စင် ဟိုတ်ကောင် .. မင်းလိုကောင်က မိဘကျေးဇူးသိတတ်နေတဲ့ ရာဇဘွား ကို အမိဖမ်းလို့ရနိုင်မယ်ထင်နေသလား .. ဒီမှာ မှတ်ထား .."

နောက်ကနေ မလှုပ်နိုင် မကြွနိုင်နှင့် လှမ်းအော်နေကြ၏။

"ဒီတောက ရာဇဘွား ရဲ့ တောကွ .. မင်းကို ငါတို့လူတွေ အမဲဖျက်ဖို့တန်းစီစောင့်နေကြတယ်၊ မင်းအသက် မိုးမလင်းတော့ဘူး .."

"ဘုရင်ကိုသတ်နိုင်ရင် တိုင်းပြည်ကိုရတယ်ဆိုတာ မောင်ပေါက်ကျိုင်းရာဇဝင်မှာပဲရှိတယ် .."

ဒီလူတွေအားလုံး အရိုင်းစိတ်တွေဝင်နေကြတာ အံ့သြဖို့တောင်ကောင်းနေပါပြီ။ အိမ်ကြီးထဲကနေ ပြေးထွက်လာခဲ့တာတောင် အော်ပြောနေကြသည့်စကားတွေကို ဒီတိုင်းကြားနေရ၏။

မြို့နဲ့အလှမ်းဝေးသည့် တောနယ်တွေ တောင်တန်းတွေအများကြီးရှိကြသည်။ နေရာအသီးသီးမှာ သူ့ထုံးစံ သူ့ဓလေ့နှင့် ယုံကြည်ကိုးကွယ်မှုအလိုက် မတူညီကြတာရှိရင်ရှိမည်။

လူတွေမှာ လူအသိတော့ရှိကြမည်သာ ..၊ စာနာညှာတာစိတ်နည်းပါးတဲ့လူတွေတောင် လူတိုင်းပဲ ရက်စက်ယုတ်မာကြမှာမဟုတ်၊ ဒီတောထဲမှာတော့ အားလုံးသောလူတွေက ဦးဒီပါကျော် နဲ့ ရာဇဘွား အပေါ်မှာ အသက်ပေး၍ သစ္စာရှိကြမည့်လူတွေချည်းဖြစ်နေကြလျက် .. ဒီတော ဒီတောင်မှာ နေထိုင်သူမှန်သမျှအားလုံး ဒီတိုင်း ..။

နောက်ထပ် ဘယ်နေရာကနေ ဘယ်နှစ်ယောက်လောက် ထပ်ထွက်လာဦးမည်ဆိုတာ မသိသည့်အဖြစ်မှာ စောစောက စွတ်ရွတ်ထွက်ပြေးသွားသည့် မိန်းကလေးကို ရှာဖွေဖို့သတိရလာသည်။

သူ ရောက်လာမှ မျက်စိအောက်မှာတင် ပျောက်ရှသေသွားခဲ့တာ မိန်းကလေးနှစ်ယောက်ရှိခဲ့ပြီဖြစ်သည်။ ကိုယ့်ကိုကိုယ်တော့ ကောင်းခြင်းတရားလက်ကိုင်ထားကာ မကောင်းမှုကနေ အနိုင်ယူ

www.burmeseclassic.com

www.burmeseclassic.com



ကယ်ထုတ်နိုင်လိမ့်မည်လို့ သေချာပေါက်ယုံကြည်ခဲ့၏။

တကယ်တမ်းကျတော့ သူ မကယ်တင်နိုင်ခဲ့ပေ ..။ ဒီမိန်းကလေးကိုတော့ ဒီတိုင်းအဖြစ်မခံနိုင် ..၊

ခြေလှမ်းတွေကို အမှောင်ထုနယ်ပယ်ထဲသို့ ရဲတင်းစွာ ဦးတည်လိုက်ရင်း လက်မပတ်ဝန်းကျင်မှာ တဆစ်ဆစ်နာကျင်နေသည့် ဓားဒဏ်ရာကို အိတ်ထဲက လက်ကိုင်ပဝါထုတ်၍ ပတ်စည်းထားလိုက်သည်။

ရှေ့တိုးသွားနေရင်း လက်က အလုပ်လုပ်ရင်းနှင့် နားတွေမျက်လုံးတွေကိုပါ အစွမ်းကုန်အလုပ်ပေးထားခဲ့သည်။ တောတစ်ခုလုံးက ဘာဖြစ်လို့ တိတ်ဆိတ်နေမှန်းမသိ ..၊

ဒီတောထဲမှာ သွေးဆာနေသည့် လူရမ်းကားတွေရှိနေသည်။ သေကြေပျက်စီးထားသည့်အလောင်းတွေလည်းရှိနေ၏။ ထို့ပြင် ..၊

သွေးရူးသွေးတန်းပြေးလွှားနေသည့် မိန်းကလေးတစ်ယောက်လည်း ရှိနေသေးသည်။ ဒါပေမယ့် ဘာသံမှမကြားရအောင် တိတ်ဆိတ်နေသဖြင့် သူ့ခြေလှမ်းကို ဦးတည်ရခက်နေ၏။

ထိုစဉ် ..၊

"ဟိတ် .. အဲဒီဘက်မှာ .."

ယောကျ်ားတစ်ယောက်၏အသံနှင့်အတူ ဓာတ်မီးရောင်လက်ခနဲဝင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

'အဲ့ဒီဘက်မှာ' လို့ အချင်းချင်းအချက်ပြသံကို မကြားပေမယ့် ရှေ့က ခြေသံမီးရောင်ကိုမြင်လိုက်တာနှင့် ပယင်း ခြေလှမ်းတွေ မှားကုန် ၏။ ပြေးမိသည့် ခြေလှမ်းက တုံ့ခနဲဖြစ်သွားပြီး ဘယ်ဘက်ကို ရှောင် ထွက်ပြေးရမှန်းမသိ ..၊

ညှပ်ပူးညှပ်ပိတ်လိုက်နေကြသည့် ပုရိသမုဆိုးတွေအလယ်မှာ သူမ က သမင်ပျိုမတစ်ကောင်ကဲ့သို့ ခြေကမခိုင်၊ ဦးချိုနဲ့ငြို၍ ကျားရှေ့မှောက် လျက်လဲရတော့မည်အဖြစ် ..။

ကိုယ်ခန္ဓာထဲမှာ အာဟာရကမရှိ၊ ဖျားနာလက်စနှင့် အားအင်ချိနဲ့ နေသေးသည်။ လွတ်မြောက်ဖို့အတွက် စိတ်တစ်ခုသာဆောင်မနေပါက သူမ မတ်တတ်တောင်ရပ်နေနိုင်ပါ့မလားမသိ ..။

ဘယ်ကြည့်ကြည့် မှောင်နဲ့မည်းမည်းရှိလျက် သူမလက်ထဲမှာ ဖိဆုပ် ကျစ်ခဲထားသည့် ဓားပါးလေးတစ်ချောင်းကလွဲ၍ ..၊

"ဟင် ..."

နောက်မီးရောင်ကြောင့် ထိတ်ခနဲဖြစ်သွားကာ ခြုံပုတ်တစ်ခုနောက် ကိုဝင်လိုက်မိ၏။ သို့သော် ခြုံပုတ်နောက်မှာ ကျင်းမြှုပ်ရှိနေသဖြင့် ပယင်း

www.burmeseclassic.com

www.burmeseclassic.com



ခွေခနဲပုံကျသွား၏။

ဒါပေမယ့် ကံကောင်းခြင်းတစ်ရပ်ဖြစ်သွားခဲ့ပြီး ခတ်မီးနဲ့ လှမ်းထိုးလိုက်ကာမှ ပျောက်သွားသည့် ပယင်း ကို ထိုသူ လုံးဝမျက်ခြည်ပြတ်သွားပြီထင်ကာ …၊

"တောက် … သေချာမြင်လိုက်တာတောင် ဒီကောင်မ … နင့်မှာအတောင်ပံပါရင်တောင် ဒီတောက ပြေးမလွတ်ဘူးမှတ် …"

"ဟုတ်တယ် … မင်းလည်း ခြေလေးချောင်းပါရင်တောင် သူ့ကိုမိမှာမဟုတ်ဘူး …"

ဟင် …၊

ကျောနောက်ရောက်နေသည့်အသံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်လျှင် …၊

"ဒုတ် …"

"အင့် …"

သူ လှုပ်ရှားဖို့ပြင်လိုက်တာနှင့် ဇက်ပိုးမှာ အောင့်တက်ပြာဝေသွားကာ …၊

"မျှော်စင် …"

ခပ်တိုးတိုးတစ်ချက်သာအော်နိုင်ပြီး စိုက်ခနဲကျသွားခဲ့၏။

"ဘုန်း …"

နေမျှော်စင် က အားထည့်ပြီး ပတ်ကန်ပစ်လိုက်သဖြင့် နောက်ထပ်လန်ကျပုံလဲသွားခဲ့ပြီး တုတ်တုတ်မှ မလှုပ်တော့ပေ …။ လူကိုသိရအောင်လဲနေသည့်ဘေးမှာ ခြေဖျားထောက်ထိုင်၍ မျက်နှာကို ခတ်မီးနဲ့ ထိုးကြည့်လိုက်သည်။

ပယင်း ကတော့ သူမနဲ့ အနီးတစ်ဝိုက်မှာ ဘာတွေဖြစ်ပျက်နေသည်ကိုမသိ …၊ အကွာအဝေးအရ ပြောဆိုပုံပုံကိုဆိုက်သံလောက်ကို ကြား

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေမယ့် သူမက ဘာကိုမှ မကြားနိုင်တဲ့လူ ..။

မျက်လုံးထဲမှာ မီးရောင်ပေါ်လာပါစေပဲ ဆုတောင်းကာ မီးရောင်နဲ့ ဆန့်ကျင်ရာအရပ်ကို ပြေးဖို့မှလွဲ၍ ဘာမှမစဉ်းစား .. ထို့ကြောင့် ..၊

ကျင်းချိုင့်ထဲက ခေါင်းထောင်ပြီး ချောင်းကြည့်လိုက်လျှင် သိပ်မကွာသောနေရာမှ ဓာတ်မီးရောင်ကိုမြင်သွားခဲ့သည်။

လူကို ဝေ့ပတ်ရှာသည့် မီးရောင်မျိုးမဟုတ်သဖြင့် ကျင်းထဲက အသာတွားတက်ကာ ငုတ်တုတ်လေးအတိုင်း ခြေါါးလှမ်းစာလောက် တိုးသွားခဲ့၏။

ပြီးမှ မီးရောင်နဲ့ ဝေးအောင် ထပြေးသည်။ သို့သော် ရှေ့မှာ မီးရောင်တွေထပ်မြင်လိုက်ရလျှင် ..၊

'လူတွေအများကြီးပဲ ..'

ပယင်း နေရာမှာတင်ရပ်သွားခဲ့ပြီး တုန်ယင်စွာရေရွတ်လိုက်မိသည်။ လွတ်မြောက်ဖို့ကြိုးစားရင်းနဲ့ ချည်တိုင်မှာ ပတ်ပြေးနေရသည့် တိရစ္ဆာန်တစ်ကောင်လို သူမအတွက် လွတ်မြောက်ရာလမ်းဆိုတာ မမြင် ..။

နောက်မှာလည်း သူတို့ရှိနေကြသည်။ ဘေးကိုထပ်ဖွဲပြေးရအောင်လည်း သူမ ဘာကိုမှမမြင်ရပေ၊ မမြင်မစမ်းနဲ့ တိုးသွားရင်ရော သူတို့တွေ နေရာတိုင်းမှာ တောနင်းရှာနေရတာ သူမ လွတ်ပါ့မလား ..။

"စိတ်မပျော့စမ်းနဲ့ နောက်ဆုံးထွက်သက်အထိ လွတ်မြောက်ဖို့ကြိုးစား .."

သူမ အရှုးလက်ထဲမှာ ရေတိမ်နစ်အုံ့ဆဲဆဲ ဒီအသံကြောင့် နိုးထခဲ့သည်။ ခုချိန်ထိ သူမ လွတ်မြောက်နေခဲ့၏။ ဒါဆို ဘာဖြစ်လို့ အားလျှော့ရမှာလဲ ..၊

နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်ကာ ဘယ်ညာကိုကြည့်မိသည်။ အရပ်မျက်နှာအသီးသီးက မှောင်နဲ့မည်းမည်းပေမယ့် သူမ ဘာကိုရွေး၍ ဖျတ်ခနဲအလှည့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလို ကျော့လှောင်အိမ်ထဲရောက်မယ့်လမ်းကိုရွေးတတ်တာ မင်း တော်တယ် .."

သူမရဲ့နောက်ကို ရောက်လာပြီးမှ အမြင်မတော်တာကိုလည်း မပြောဘဲ မနေနိုင်၊ ထိုစဉ် ခတ်မီးရောင်တွေ ဒီဘက်ဆီလာလျှင် သူမ ခါးကို ဆွဲဖတ်လိုက်ကာ ..၊

"အ ..."

အမလေး အော်မှာလား 'အား' ခနဲအော်တော့မလို့လားမသိ၊ ခါးကို ဆွဲပွေ့လိုက်ပြီးတာနှင့် သူမ ပါးစပ်ကို တစ်ဖက်နဲ့ ဖိအုပ်ပစ်လိုက်သဖြင့် အသံသဲ့သဲ့လေးတစ်ချက်သာ ထွက်သွားပြီး ..၊

"အ .. အင့် .."

"ဖျော .. ဖျော .."

ဒီဘက်ကအသံတွေ ထွက်ကုန်တာနှင့် ခတ်မီးရောင်တွေ ဝေ့ခနဲ ဝဲခနဲရောက်လာကြသည်။

"ဒီဘက်မှာမို့လား .."

"အေး .. ကြားလိုက်တယ် .."

"အေးမောင် .. အဲ့ဒီဘက်မှာရှိတာပဲ .."

"မီးမှ မမြင်တာ .."

စကားသံတွေနဲ့အတူ ပြေးလွှားလာကြသည့် တောတိုးသံတွေကြားလာရ၏။ သူမ ပါးစပ်ကိုဖိပိတ်၍ လက်နှစ်ဖက်စလုံးလှုပ်မရအောင် သိမ်းဖက်ထားရင်း မျှော်စင် ကမ်းပါးစောက်ထဲ ထပ်တိုးနေလိုက်၏။

အနီးကပ်ကြီး ဒုက္ခပေးလာသည့် အပုပ်နံ့တွေကြောင့် ပါးစပ်ပိတ်ထားခံရသည့် သူမတော့ ဘယ်လိုနေမည်မသိ၊ မျှော်စင် တတ်နိုင်သမျှ အသက်အောင့်ထားရကာ နေနိုင်သရုံလောက်ပဲ ရှူသွင်းရှူထုတ်လုပ်နေရ၏။

"ဒီထဲဆင်းသွားတာများလား .."

www.burmeseclassic.com

www.burmeseclassic.com



"ထင်ရင် မင်း ဆင်းကြည့်လေ .."

"မဟုတ်ပါဘူး .. ကျွန်တော်က .."

"မဟုတ်ရင် မင်းပါးစပ်ကိုပိတ်ပြီး အဲ့ဒီ ခါတ်မီးတဝင်းဝင်းကိုပါ ပိတ်ထားလိုက် .."

"ကိုချစ်ထွား ကလည်း ဒီလောက်မှောင်မည်းနေတာကို .."

"မင့် မယားပါသမီးက နားလေးမ .."

"ကျွန်တော်သိ .."

"အဲဒီ နားလေးမက ဒီမီးရောင်တွေကြည့်ပြီး ပတ်ပြေးနေတာ၊ ဂိုဒေါင်ဆောင့်လို ခါတ်မီးတဝင်းဝင်းနဲ့ လမ်းပြမနေနဲ့၊ ခါတ်မီးတွေပိတ်ထားကြ မလိုအပ်ဘဲ မထိုးနဲ့တော့ .."

"ဟုတ်ကဲ့ပါ ဒီ သချိုင်းထဲတော့ နည်းနည်းလောက်ထိုးကြည့်လိုက်ဦးမယ်ဗျာ .."

"ကြည့်မနေနဲ့ .. လူသေကောင်တွေကြားထဲနေရဲရင်တောင် လောက်တွင်းထဲမှာ ဘယ်သူမှ ငုတ်တုတ်ထိုင်မနေနိုင်ဘူး .."

ခေါင်းဆောင်နှင့် တူသည့်လူက နောက်ကြောင်းပြန်လှည့်သွားရင်း လူထပ်ခွဲပြီး ဖြန့်လွှတ်နေ၏။

"မင်းလည်း ငါနဲ့ ကပ်လိုက်မနေနဲ့တော့၊ ဝက်ကြီး နဲ့ လိုက်ပြီး ငမဲ တို့ကို သွားကူ၊ ဟိုကောင့်တဲမှာ ငါသွားရှင်းမယ် .."

"အေးမောင် ဘယ်ရောက်သွားလဲမသိဘူးနော် .. မီးရောင်လည်း အချက်မပြဘူး .."

"ဟာ .. ဒီခွေးသူတောင်းစား .."

"ခွပ် ..."

လက်သီးတစ်ချက်၏ အသံက ဝါးဆစ်တုံးခေါက်သလို မြင်းထန်ကျယ်လောင်နေကာ ..၊

"တောထဲမှာ ဟိုမျိုးမစစ်ကောင်ရှိနေတာ လည်းသူစားတမ်းပါ အပို

www.burmeseclassic.com

www.burmeseclassic.com



တွေ လျှောက်မေးမနေနဲ့၊ ငါ ခိုင်းတာလုပ် ..”

“ဟုတ်ကဲ့ပါ ..”

“မျက်စိအောက်ပြန်ရောက်လာရင် မသေသေးဘူး၊ ရောက်မလာတော့ရင် သေပြီ .. ဒါပဲ ..”

စကားသံတွေရော ခြေသံတွေပါ ဝေးကွာသွားကြသည်။ မွေ့ပိုက်ထားသည့် သူမထံမှ ငြိမ်သက်နေခြင်းကို ရုတ်တရက်သတိထားမိကာ ပါးစပ်မှာ ဖိကပ်ပိတ်ထားသည့်လက်ကိုခွာလိုက်ရင်း ..၊

“ဟေး ..”

လက်ခွာလိုက်တာနှင့် ခေါင်းလေးစိုက်ခနဲကျသွားလျှင် ..၊

“ဟာ .. ဟေး ...”

မျက်နှာလေးကိုမော့ယူလိုက်ပြီး အသံတိုးတိုးနှင့် ကပ်ခေါ်လိုက်မိသည်။ သူမ သတိလစ်နေပြီဖြစ်၏။

“ကျွတ် ..”

ပြေးလွှားနေရသည့်ကြားထဲမှာ ဘယ်လိုလုပ်ရမလဲ၊ သူမကို နောက်ကနေဆွဲပွေ့ပြီး ဒီကမ်းပါးစောက်ထဲ လျှောဆင်းလိုက်တာမို့ သူမက ကိုယ့်ရင်ခွင်ထဲမှာ ကလေးလေးကို နောက်ပြန်ပိုက်ချီထားသလိုဖြစ်နေ၏။

ထို့ပြင် သူမကိုယ်တွေပူခြစ်နေတာကို ဆွဲဖက်လိုက်မိတည်းက သူ သတိထားမိသည်။ စိတ်မရှည်ဖြစ်သွားခြင်းက သနားကရုဏာစိတ်တွေဖြစ်လာမိပြန်၏။

မိန်းကလေးတစ်ယောက်က ဒီလူအုပ်ကြီးထဲမှာ ခုလောက်ထိ စွန့်စွန့်စားစားပြေးလွှားလွတ်မြောက်နေသေးတာကိုပဲ ချီးကျူးထိုက်နေပါပြီ။

... သွားပြီ ..၊

ကောင်းရာကောင်းကြောင်းလေးတွေ တွေးနေမိတုန်း သူမကို ပါးစပ်ပိတ်ထားရင်း နှာခေါင်းကိုပါဖိမိပြီး အသက်ရှူရပ်သွားတာလားလို့ ဖျတ်ခနဲအသိဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဒီမှာ .."

နားနားကပ်ခေါ်နေလည်း သူမ မကြားဘူးဆိုတာတွေးလိုက်မိ၏။ တကယ်ဆို နောက်ဆုံးခေါ်လာသည့် မိန်းကလေးက နားမကြားဘူးဆိုတာ သူသိထားပြီးသားဖြစ်သည်။

ဒါကိုမေ့ပြီး သူ တောက်လျှောက်စကားတွေပြောလာခဲ့၏။ ဒီလောက် တောင် လူဆိုးလား ကယ်မယ့်လူလား မခွဲခြားနိုင်တော့ဘူးလားဆိုသည့် အတွေးနှင့် ဒေါသတွေလည်း ထွက်ခဲ့သေးသည်။

ခုန ချစ်ထွား ဆိုသူပြောသွားမှ နားမကြားသည့်အဖြစ်ကို သတိရခဲ့ သည်။ ခုလည်း မေ့ပြီးစကားပြောဖို့ကြိုးစားမိပြန်၏။

"ကောင်မလေး .. ဟိတ် .."

သူမ ကြားဖို့ကို အာရုံမထားတော့ဘဲ မေးဖျားလေးကို လှုပ်ခေါ်မိ သည်။ သူမ နှာခေါင်းဖျားမှာ လက်ချောင်းနဲ့ ကပ်ကြည့်မိ၏။

ဒါတောင် အသက်ရှုနေလား မနေဘူးလား သေချာမခွဲနိုင်ဘဲ သူမ နှာခေါင်းနားမှာ ပါးနဲ့ကပ်ကြည့်ရသည်။ ဒီနည်းက သိပ်တော့အဆင် မပြေပေမယ့် မတတ်နိုင် ..။

"ဟိတ် .."

ပခုံးကိုပါ လှုပ်ခေါ်မိရင်း စိတ်တွေပူလာခဲ့သည်။ ရန်သူလက်ထဲ မှာ မသေဘဲ ကိုယ့်လက်နဲ့ သေသွားခဲ့လျှင် သွားပြီ၊ အသက်တော့ ရှူ နေသေးသည်မို့ မလုပ်ချင်ပေမယ့် ..၊

"ဖြန်း ..."

မျက်နှာလေးလည်သွားအောင် ပါးတစ်ဖက်ကို ကပ်ပုတ်ပေးလိုက် ၏။ သူမထံမှ ညည်းညူသံလေးထွက်လာသည်။ ပြီးတော့ လူးလွန့်လာ ကာ ...

"ဟင် ..."

ကိုယ့်ကိုယ်ကိုယ် ရန်သူတွေကြားမှာဆိုတဲ့အသိမပြတ်သွားနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သတိရလာတာနဲ့ မူးမူးမိုက်မိုက်ဖြစ်မနေဘဲ ပယင်း ဆတ်ခနဲ ရုန်းထသည်။

သို့သော် နှာခေါင်းထဲမှာ ဆိုးရွားစွာဝင်လာသည့် အနံ့အသက်တွေကြောင့် ပတ်ဝန်းကျင်ကိုလှည့်ကြည့်မိလျှင် ..၊

"ကြည့် .."

မျှော်စင် က သူမကို စကားပြောဖို့ထက် လှုပ်ရှားမှုနဲ့ သက်သေပြမှသာ အဆင်ပြေမှာမို့ ဓာတ်မီးအဝမှာ လက်နဲ့ကွယ်၍ မီးထိုးပြလိုက်သည်။

"အမလေး .."

ဖင်ထိုင်လျက်လေး နောက်ထပ်ဆုတ်လိုက်တော့ မျှော်စင့် ရင်ခွင်ထဲပြန်ရောက်သွားကာ ..၊

"ရှင် ..."

နောက်ထပ်လန့်ဖျပ်သွားပြီး ပခုံးလေး ကျုံ့သွား၏။ မျှော်စင် က သူ့မျက်နှာကိုမြင်ရအောင် ဓာတ်မီးဖွင့်၍ ကမ်းပါးထဲကို ပြန်ထိုးပြလိုက်ရင်း ...

"ငါ မင်းကို ကူညီနေတာ ဒုက္ခပေးမယ့်သူမဟုတ်ဘူး .."

ပြောပြီး သူမ မလွှတ်တမ်းကိုင်ထားခဲ့သည့် ဓားလေးကို သူမ လက်ထဲပြန်ထည့်ပေးလိုက်သည်။ ပယင်း ကလည်း ဓားကိုကျစ်နေအောင်ဆုပ်ကိုင်မိကာမှ ..၊

"ရှင်က ကိုရာဇ ရဲ့လူမဟုတ်ဘူးလား .."

သူ ခေါင်းခါပြလိုက်သည်။ မီးရောင်က မျက်နှာကိုထိုးမထားပေမယ့် မျက်နှာနှစ်ခုက နီးကပ်နေသဖြင့် ရနေသည့်အလင်းရောင်လေးနဲ့ပဲ တစ်ယောက်ကိုတစ်ယောက် ရှင်းလင်းစွာ မြင်နေကြ၏။

မျှော်စင် ကတော့ သူမကို ဖျတ်ခနဲဖျတ်ခနဲ မြင်ဖူးနေပေမယ့် အနီးကပ်မြင်ရတာ ပထမဆုံးမို့ ဒီလောက်ထိ ဖြူနုချောမွေ့နေသည့် မိန်းကလေး တစ်ယောက် ခုလို ဒုက္ခတွင်းထဲရောက်လာရသည့်အဖြစ်အတွက် အံ့လည်း အံ့ဩသလို စိတ်မကောင်းလည်းဖြစ်သွားမိသည်။

ပယင်း ကြည့်နေတာကျတော့ သူ ရင်ဆိုင်နေရသည့်လူဆိုးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com


ဒီလူ့ပုံစံ ဘယ်လိုကွာခြားသလဲဆိုတာဖြစ်သည်။ ထူတန်းမည်းနက်နေသည့် မျက်ခုံးအစုံက လိုတာထက်ပို၍ထူခဲများပြားနေကာ နှုတ်ခမ်းအစုံကလည်း အထူအပါးညီပေမယ့် သိသာအောင်ထူနေ၏။

အသားလတ်ပုံစံရှိကာ ဆံပင်က လှိုင်းတွန့်ထင်လျက် ..၊

"ရှင့်ကို တံတားဟိုဘက်မှာ မြင်ဖူးလိုက်တယ် .."

"ဟုတ်တယ် .. နောက်ထပ်လည်း ခဏခဏဆုံတယ် .. မင်း .."

စကားတွေပြောပြီးမှ သတိရကာ ဓာတ်မီးနဲ့ ကိုယ့်မျက်နှာကို ပြန်ထိုးထားလိုက်ရင်း ..၊

"ကိုယ့်ကိုကြည့်နေရင် မင်း နားလည်နိုင်လား.."

"အင်း .."

ခေါင်းညိတ်လိုက်ရင်း ဓာတ်မီးကိုင်ထားသည့်လက်က ပတ်တီးကို သူမအကြည့်တွေရောက်သွားသည်။ မျှော်စင် က ပြုံးလိုက်ပြီး သူမ လက်ထဲကဓားကို မေးဆတ်ပြ၍ ..၊

"လူဆိုးမှန်း လူကောင်းမှန်းမသိ ဆော်ထည့်လိုက်တာ .."

ပယင်း ဓားကိုပြန်ငုံ့ကြည့်၍ သူ့နှုတ်ခမ်းလှုပ်သွားတာကို စိတ်နဲ့ပုံဖော်နေလိုက်ရင်း .. ပြီးမှ ..၊

"ရှင့်ကိုယ်ရှင် လူကောင်းလို့ပြောလိုက်တာလား .."

မျှော်စင် မျက်နှာပျက်သွားသည်။ မေးခွန်းက မယုံကြည်ခြင်းကို ဖော်ပြခြင်းဖြစ်၍ ..၊

"မင်းကို ယုံကြည်ဖို့ ကိုယ်မပြောပါဘူး၊ ဒါပေမယ့် မင်းဒီက မလွတ်မြောက်သေးခင် ခဏတော့ မင်း ငါ့ကို ယုံကြည်ထားမှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယုံကြည်ဖို့တွေထပ်ပြောနေဖို့အချိန်မရှိဘူး၊ မင်း နောက်ထပ် တိုက်ခိုက်လာရင်လည်း ကိုယ် ကာကွယ်ရတော့မှာ၊ မင်းကို မထိခိုက်စေချင်လို့ .."

"ရှင် အများကြီးပြောနေတာတွေ ပယင်း နားမလည်ဘူး၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်သမျှယောကျ်ားတွေချည်းဖြစ်နေတဲ့ ပတ်ဝန်းကျင်မှာ အားလုံးက ပယင်း ကိုပဲ ဒုက္ခပေးနေကြတော့ ဘယ်သူ့ကိုမှ ..."

ဆက်မပြောဘဲ သူ့မျက်နှာကို အားနာမှုလေးနဲ့ကြည့်သည်။ ထိုမျက်ဝန်းမှာ မျက်ရည်စလေးတွေဝေ့သီနေတာမြင်လိုက်တော့ မျှော်စင်မျက်နှာလွှဲပစ်ရင်း သက်ပြင်းချမိ၏။

ဒေါ်သနဲ့ ကိုယ်နဲ့ ထပ်တူကျခွင့်မရှိပါလား ...၊

သူ ကိုယ့်နှာခေါင်းကိုပွတ်ပြလိုက်ပြီး ပုံပျက်နေသည့် အသေကောင်တွေကို မေးဆတ်ကာ ...

"သွားမယ် .."

"ဟင် .. ဘယ်ကိုလဲ .."

လက်ကိုဆွဲပြီး ထဖို့ပြင်လိုက်တော့ ပယင်း အထိတ်တလန့်မေး၏။

"လိုက်ခဲ့ပါ .."

လောလောဆယ် သူတို့တွေ ဒီနားမှာမရှိတော့တာသေချာသည်။ ဒုက္ခပေးနေသည့် အနံ့ဆိုးကိုရှောင်ကွင်းဖို့ကအဓိကမို့ လုံခြုံတဲ့နေရာရှာဖို့အတွက်က ဒုတိယအရေးကြီးဖြစ်ခဲ့ရကာ ...၊

"နေဦး .. ဟ .."

မှောင်ရိပ်တစ်နေရာဆီ လှမ်းကြည့်ပြီး မသင်္ကာဖြစ်သွားကာ သူမကို ရပ်နေဖို့ လက်နောက်ပြန်တွန်းလိုက်မိစဉ် လက်ကောက်ဝတ်မှာ ပူခနဲဖြစ်သွား၏။

လှည့်ကြည့်လိုက်တော့ ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ထားလျက် သူ့ကို ပြူးတီပြူးကြောင်လေးကြည့်နေသည့် မျက်ဝန်းလေးတွေက အမှောင်ထဲမှာ တလက်လက်ဖြစ်နေ၏။

ကျွင်ဘ် ...၊

နနယ်သည့်မိန်းမသားနဲ့ သူမဘက်က ကြောက်ရွံ့မှုတွေကို တာနာသည်။ ကာကွယ်သင့်တယ်ဆိုတာလည်း နားလည်ပေးနေတာပါ။ တစ်ခါက

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါဖြစ်လာတော့လည်း ဒေါ်သက ပါချင်လာခဲ့သည်။

သို့သော် ဒေါ်သရှိတဲ့အတိုင်း သူမကို ဥပေက္ခာထားလိုက်လို့မဖြစ်..၊

သူမလက်ကိုကိုင်ဖို့ မကြိုးစားတော့တဲ့ ကိုယ့်ဘက်က သူမ ယုံကြည်အောင် စည်းရုံးသိမ်းသွင်းဖို့တွေ မလုပ်တော့ဖို့တော့ ဆုံးဖြတ်လိုက်မိ၏။

ထို့ကြောင့် မလုံ့ခြုံဘူးထင်လာသည့် ခရီးကို ရှေ့ဆက်မလှမ်းတော့ဘဲ အနီးဆုံးကွယ်ရပ်တစ်ခုကို ရွေးချယ်ပြီး ဦးဆောင်သွားသည်။

တကယ်တော့ ဦးဒီပါကျော် က ဓားနှစ်လက်ကိုကိုင်၍ ပယင်းနားကိုရောက်လာကာ စိတ်တစ်ချက်လွတ်သွားတာနှင့် ဓားတွေကိုလွှတ်ချပစ်ပြီး ကြံစည်ဖို့ကြိုးစားတာဖြစ်သည်။

လွှတ်ချသည့်ဓားတွေက အိပ်ခင်းပေါ်ကို ဓားသေးလေးကကျပြီး ဓားကြီးက ကြမ်းပေါ်ကိုကျသွားခဲ့သည်။ အိပ်ခင်းပေါ်ကဓားကိုမေ့ကာ ကြမ်းပေါ်ကဓားကို ငုံ့ကောက်လိုက်စဉ် ပယင်း က ဓားတစ်ချောင်းရသွားခဲ့တာဖြစ်သည်။

ဓားဆိုတာသိလိုက်တာနှင့် ပယင်း သွေးရူးသွေးတန်းတွေ့ယမ်းကာကွယ်၍ ထွက်ပြေးဖို့သာ ဓာကပ်နေခဲ့၏။ နောက်မှာ ဦးဒီပါကျော်ဘာတွေဘယ်လိုအဖြစ်ဆိုးကျန်ခဲ့တယ်ဆိုတာမသိ ..။

မျှော်စင် က ဦးဆောင်သွားနေရင်း နည်းနည်းကုန်းလျှောဖြစ်နေတာကျတော့ အရှင်ဆင်းလိုက်ပြီး သူမကို ပြန်လှည့်ကြည့်၏။

ဓားကတစ်ဖက်နှင့် ပယင်း တုန်တုန်ချိချိလျှောချဆင်းနေတော့ ဓားကိုင်ထားသည့် လက်လေးကိုပဲ ဆုပ်ကိုင်၍ တွဲထူပေးလိုက်မိသည်။

ဒါတောင် သူမက ရှန်းမလို ဖယ်မလိုနှင့် လူကို မော့ကြည့်သေး၏။ ကိုယ့်အဖြစ်ကို တရားကျမိရင်း ခေါင်းပဲခါမိတော့သည်။ အနားမှာ ရန်သူရှိနေနိုင်တာ သံသယဝင်ထားသဖြင့် နှုတ်ခမ်းကိုဓာတ်မီးပိုးပြီး စကားပြောဖို့ကလည်း မဖြစ်နိုင် ..။

ထို့ကြောင့် သစ်ပင်ကြီးတစ်ပင်၏ အလွယ်တစ်နေရာမှာ မြစ်ဆုံ

www.burmeseclassic.com

www.burmeseclassic.com


ချိုင့်ကြီးရှိနေသဖြင့် ထိုထဲမှာ ဝင်ထိုင်နေလိုက်သည်။ သူမကလည်း မျက်နှာ ချင်းဆိုင်နေရာမှာ လက်ပိုက်လေးထိုင်လိုက်ကာ ...၊

"သန့်စင်ခန်းသွားချင်တယ် ..."

သူ ဟိုဒီကြည့်နေရာကနေ ဖျတ်ခနဲလှည့်ကြည့်တော့ သူမက ပျာပျာ သလဲလေးဖြစ်သွားကာ ...၊

"သန့်စင်ခန်း မရှိတာသိပါတယ်၊ ဟို .. ပယင်း ပြောတာက .."

"ဟိုဘက်ကိုသွားလိုက် .."

သူ့နောက်ကျောဘက်ကို ခါးလှည့်လက်ညှိုးထိုးလိုက်ပြီး လက်ပြ လိုက်တော့ သူမက လိုက်ကြည့်ပေမယ့် ထိုင်ရာမထဘဲ ဘာပြောချင်နေ သည်မသိ ...။

ပြီးတော့မှ ကိုယ်လေး လှုပ်လှုပ်ရွရွဖြစ်လာကာ ...၊

"နေပါစေတော့ .."

"ဘာဖြစ်လို့လဲ .."

သူ မေးဆတ်မေးလိုက်တော့ သူမက ခေါင်းခါ၍ ...

"မသွားရဲဘူး .."

မျှော်စင် က သူမကိုင်ထားသည့်ဓားကို လှမ်း၍ညွှန်ပြသည်။ သူမ က ငုံ့ကြည့်၏။ ပြီးတော့ ခေါင်းခါ၍ ...

"နေပါစေတော့ .."

ပြဿနာပါလား ...၊

ကိုယ်ငိုက်ပို့ပေးရအောင် အိမ်သာတစ်လုံးလောက်ရှိနေတာဆို လည်း ဟုတ်သေးသည်။ ပြီးတော့ သူမကိုယ်တိုင်ကလည်း ကိုယ့်ကို ယုံကြည်တာမဟုတ် ...၊

ဘာလုပ်ပေးရမလဲစဉ်းစားရင်း သူ ကိုယ်တိုင်နေရာက ထသွား၍ မီး ရောင်မပြန့်အောင်ထိုးကြည့်ပြီး အဆင်ပြေမည့်နေရာရှာကြည့်လိုက်သည်။

ထို့ပြင် သူမ စိတ်ချနိုင်အောင် ဖယ်သင့်တာဖယ် လှဲသင့်တာ

www.burmeseclassic.com

www.burmeseclassic.com



၍ နေရာလေးတစ်ခုဖြစ်အောင် ရှင်းပေးလိုက်မိ၏။

သစ်ရွက်သစ်ကိုင်း အကျိုးအခြောက်တွေကို ရှောင်ရှားနင်းရင်း လှုပ်ရှားရတာ သိပ်မလွယ်ပေ ..။

ပြီးတော့ သူမဆီပြန်လာပြီး လက်ထဲကို ဓာတ်မီးထည့်ပေး၍ မီးရောင် သိပ်မထွက်အောင် လက်နဲ့ကာကွယ်ထားဖို့ သေချာပြ၍ သွားခိုင်းလိုက်၏။

ထိုအချိန်မှာ ရောင်နီပျို့လာပြီဖြစ်သည်။ မိုးလင်းရင်တော့ ကိုယ် ယောင်ဖျောက်ရခက်မှာပေမယ့် ရန်သူကို ကိုယ်ကလည်း ပြန်၍ရှာဖွေ ကြည့်နိုင်တာမို့ ညလောက်မဆိုးနိုင်တာသေချာသည်။

ထို့ပြင် သူမနဲ့ စကားပြောဖို့ ခဲယဉ်းနေတာ အဆိုးဆုံး ..၊

"အား ..."

ဟင် ...၊

မျက်လုံးတွေဖန်စပ်နေသဖြင့် ဖိမှိတ်ထားရင်း ခဏငြိမ်နေမိစဉ် ခပ်အုပ်အုပ်ညည်းသံလေးကြောင့် မျှော်စင် ဆတ်ခနဲဖြစ်သွားသည်။

ပယင်း ..၊

သူမရှိရာကို လှမ်းကြည့်လိုက်တော့ တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ခုခုဖြစ်ပြီကိုသိလိုက်ကာ နေရာမှ ကမန်းကတန်းထသွားကြည့်မိ၏။

ပယင်း ..၊

သစ်ရွက်ဆွေးတွေပေါ်မှာ ဒူးထောက်လျက်လေးရှိနေကာ ဗိုက်ကို နှိပ်ပြီး ပခုံးလေးတွေပါ စုကျုံ့တွန့်ကောက်လျက် ..၊

"ဟေး ..."

မျက်နှာရှေ့မှာထိုင်လိုက်ပြီး အသံတိုးတိုးနဲ့ အနားကပ်ခေါ်တော့ ပယင်း မော့ကြည့်သည်။ သို့သော် မျက်နှာမော့မလာခင် ပြန်ငုံ့သွားကာ —

"ဗိုက် .. ဗိုက် အရမ်းအောင့်တယ် .."

"မင်း ..."

အိမ်သာမတက်ဘူးလား မေးမလို့ကို သူမ ကြားမှာမ...တ်တော့

www.burmeseclassic.com



ဘယ်လိုမေးရမှန်းလည်းမသိ၊ သို့သော် .. ခြံနောက်ကနေ ဒီထိထွက်လာပြီဆိုတော့ အိမ်သာတက်ချင်လို့ ဗိုက်နာတာမဟုတ်နိုင် ..။

တောထဲမှာ အလင်းရောင်တစ်စက်မှ မရှိပေမယ့် ကောင်းကင်အလင်းရောင်ကြောင့် မျက်စိကျင့်သားရလာတော့ လှုပ်ရှားမှုလောက်ကို မှန်းမြင်လို့ရနေသည်။

"အား .. အရမ်းနာတယ် .. အား .."

"ကျွတ် .. ဒုက္ခပဲကွာ .."

သူမ တစ်နေ့ကုန် ဘာမှမစားရသေးဘူးလား ..၊ ရာဇ တို့က မကျွေးမွေးဘဲတော့ ထားမှာမဟုတ်ပေ ..။ ဒါပေမယ့် အစားမှားလို့ ဗိုက်နာဖို့က ပို၍မဖြစ်နိုင်ပေ ..။

လောလောဆယ် ဗိုက်နာရသည့်အကြောင်းရင်းကို ထားလိုက်ကာ မြေပြင်ပေါ်မှာ ခေါင်းစိုက်မတတ် ကွေးကောက်နေသည့် သူမကို ပွေ့ယူလိုက်သည်။

ဗိုက်ဘယ်လောက်ထိနာနေရှာသည်တော့မသိပေ လက်နှိပ်ဓာတ်မီးရော ဓားလေးပါ သူမဘေးမှာ ဒီတိုင်းကျနေခဲ့လျက် ..၊

"မင်းကို ကျောကနေ လက်နဲ့ဖိပေးကြည့်မယ် .. မင်း .. ကျွတ်.. မကြားလည်းမတတ်နိုင်ဘူးကွာ .."

သူမကို ထိုင်လျက်လေးနေစေကာ ကျောပြင်ကနေ လက်မနှစ်ဖက်နဲ့ လျှောက်ထောက်ပေးမိ၏။ ဘာကြောင့်ပဲဖြစ်ဖြစ် 'လေ' ကြောင့်ဖြစ်တာပဲမို့ လေခိုနေတာဆို သက်သာသွားနိုင်သည်။

ပယင်း ကျောလေးကော့သွားပြီး ထိတ်လန့်သလိုဖြစ်သွား၏။ သို့သော် ငြိမ်ငြိမ်သက်သက်လေးပြန်ဖြစ်သွားခဲ့သည်။

"မင်းကိုယ်တွေ တော်တော်ပူနေတယ်၊ ဘယ်တုန်းတည်းက ဖျားနေတာလဲ .."

ကျောနောက်ကနေ အမှတ်တမဲ့ စကားပြောလိုက်မိကာ သူမ ပြန်

www.burmeseclassic.com

www.burmeseclassic.com



မပြောတော့မှ သတိရသည်။

ထိုစဉ် ပယင်း ရှေ့ကိုစိုက်ခနဲငိုက်ကျသွားသဖြင့် ပခုံးလေးကို ဆွဲထားလိုက်ရကာ ..၊

"ဟော့ ..."

လှုပ်ခေါ်တော့ သူမ လှည့်ကြည့်သည်။ ဖြူနုသည့်မျက်နှာလေးက အရုဏ်ဦးအလင်းရောင်ဖျော့ဖျော့မှာ မျက်တောင်ဖျားလေးတွေ စင်းကျနေတာထိ မြင်လာရ၏။

မျက်လုံးမဖွင့်နိုင်ဘဲ အတင်းပြူးပြဲထားရပုံပေါ်ကာ ..၊

"ခေါင်းတွေလည်း ကိုက်တယ် .."

ဟု သဲ့သဲ့လေးပြောသည်။ ဒီလောက် ကိုယ်တွေပူနေမှတော့ မကိုက်ခဲဘဲ ခံနိုင်ပါ့မလား ..။

"မင်း .. ဒီမှာ .."

ကိုယ်ပဲ သူမ မျက်နှာရှေ့ထိ မျက်နှာချင်းဆိုင်အောင်တိုးသွားလိုက်ကာ ငိုက်ကျတော့မည့်မျက်နှာလေးကို မေးရိုးလေးတစ်ဖက်ကနေ လက်ခုံနဲ့ ကပ်တွန်း မော့လာစေကာ ..၊

"မင်းလဲသွားလို့မဖြစ်ဘူးနော် .. ဆက်သွားရဦးမှာ .."

လက်နဲ့ တစ်နေရာကိုပြ၍ ပြောလိုက်တော့ သူမ ခဏစဉ်းစားနေ၏။

"ကိုယ်ပြောတာ နားလည်လား .. မင်းကိုပွေ့ပြီး ကိုယ်ခေါ်သွားနိုင်မှာမဟုတ်ဘူး .."

"ဘယ်ထိလဲဟင် .. ပြေးရဦးမှာလား .."

"ဟုတ်တယ် .."

သူ ခေါင်းညိတ်လိုက်ကာ ...

"မိုးလင်းနေပါပြီ .. ထ .. သွားမယ် .."

မော့ကြည့်ပြောကာ အရင်ထရပ်လိုက်သည်။ ငုံ့ကြည့်လိုက်တော့ သူမ ထရပ်ဖို့ကြိုးစားနေရှာပေမယ့် အားအင်ကုန်ခမ်းနေသည့် လူမမာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလို ...၊

သူမ လက်လေးတစ်ဖက်ဖြစ်ဖြစ် တွဲကူကိုင်ထားပေးချင်ပေမယ့် လက်က မရောက် ...။ ထိုစဉ် ပယင်း ယိုင်ခနဲပြိုကျသွားလျှင် ...၊

"ဟိတ် .."

စိုးရိမ်စိတ်နှင့် လက်မောင်းလေးနှစ်ဖက်ကို ဖမ်းဆွဲထားလိုက်မိသည်။

"အား .. ကျွတ် .. ကျွတ် .."

"ဘာဖြစ်သွားတာလဲ .. မူးနေတာလား .."

သူ တစ်ခုခုမေးနေတာကိုတော့ သိလိုက်ကာ ပယင်း ခေါင်းညိတ်၏။

"ခြေထောက် .. အ .."

"ဟင် ..."

သူ ခုမှ သတိထားမိသည်။ ခြေချောင်းလေးတွေကစပြီး ခြေခုံလေးပေါ်မှာ နီရဲယောင်ကိုင်းနေ၏။

ပြေးရလွန်းလို့လား .. ဒဏ်ရာလား ...၊

သူမကို ကိုင်ထားပေးနေရင်း ငုံ့ကြည့်ရတာမို့ သေချာလည်း မကြည့်နိုင်၊ ပယင်း က သူ့မျက်နှာကိုကြည့်၍ ...

"အဲ့ဒါ .. ဟိုတောထဲမှာ ဒဏ်ရာရထားတာ ခုမှ ဘာဖြစ်လို့ ပိုဆိုးလာလဲမသိဘူး .. အား .."

"ပြေးရလွန်းလို့ဖြစ်မှာပေါ့ကွ .."

သူမ မကြားပေမယ့် ပြောမိပြန်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်မိသည်။ ဒီကောင်တွေ ဘာဖြစ်လို့ ဒီနားဝန်းကျင်ကို ပြန်လှည့်မကြည့်တော့တာလဲ ...၊

တွေးမိတော့ စိုးရိမ်စိတ်တွေဖြစ်လာ၏။ ဒီလူ့တွေ ဒီ့ထက်ပိုပြီး အင်အားကြီးလာရင် သူမနဲ့ သူ လွတ်မြောက်ဖို့မလွယ်တော့ပေ။

ဒါပေမယ့် အရေးကြီးဆုံးကို အရင်လုပ်ရမှာမို့ အရေးကြီးတာတွေ များပြားရှုပ်ထွေးကာ ရုတ်တရက် ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ပူထူ

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

"ရှင် .. ရှင် .. ပယင်း ကိုထားခဲ့ဖို့ ကြံစည်နေတာလားဟင် .."

"ဟင်း ..."

ဟုတ်တာမဟုတ်တာ ပြန်ပြောဖို့ကလည်း အဆင်မပြေသဖြင့် သက်ပြင်းသာချမိရကာ သူမ ပခုံးမှာကိုင်ထားသည့်လက်ကို ပြန်ရုတ်ဖို့ပြင်လိုက်သည်နှင့် ..၊

"ခြေထောက်က .. အား .."

သူမ မတ်တတ်ကနေ ခွေခနဲပြိုကျလာ၏။

"ဆောရီး .."

ရင်ခွင်ထဲကို ပြိုကျလာကာ ပယင်း သူ့ခါးကိုဖက်ထားလိုက်မိသလို မျှော်စင် ကလည်း ပြန်ထိန်းကိုင်လိုက်သဖြင့် ဖက်ထားကြသလို ဖြစ်သွားလေသည်။

"ဆောရီးကွာ .. မင်း အဲ့လောက်နာနေမှန်းမသိဘူး .."

ကိုယ့်ဘက်က အခွင့်အရေးယူသလိုဖြစ်မှာစိုးကာ သူမ ပခုံးလေး ကို ထိန်းပေးရင်း ပြန်ထူပေးဖို့ကြိုးစားသေးသည်။

သို့သော် ပယင်း သူ့ခါးကိုလွှတ်၍ ခြေထောက်ရပ်ဖို့ကြိုးစားရင်း မအောင်မြင်နိုင်တာကြောင့် စိတ်မကောင်းဖြစ်သွားမိကာ ..၊

"ပယင်း .."

သူမ မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နဲ့ မော့ယူလိုက်ကာ ..

"ဒီမှာ ကိုယ့်ကိုကြည့် .."

စကားပြောဖို့အတွက် မျက်လုံးချင်းဆုံဖို့ကြိုးစားရသည်။ ခုကျမှ လှုပ်လီလှုပ်လဲ့လေးသာ လှုပ်ရှားနိုင်တော့သည့် သူမက မျက်တောင်များ လေးတွေပါ မှေးစင်းကျနေတာမို့ မျက်ဝန်းလေးတွေ ပေါ်ဆီဝင်တက် လာအောင် ထပ်စောင့်နေရပြန်ကာ ..၊

"ကိုယ်ပြောတာ မင်း နားလည်မှဖြစ်မယ်၊ ကိုယ့်ကိုသေချာကြည့်

www.burmeseclassic.com



မင်း ကြားအောင် ကိုယ် ဒီနေရာမှာအကျယ်ကြီးပြောလို့မရဘူး အိုခေ..”

ပယင်း ခေါင်းလေးညိတ်ပြပြီး မျက်လွှာချသွားတော့ လူကို ပြန်ကြည့်အောင် ပါးလေးနှစ်ဖက်ကို ခပ်ဖိဖိကိုင်ပြီး ပင့်မော့ထားရကာ ...

“ဒီမှာ .. ဒီမှာ ကိုယ်ပြောတာ အာရုံစိုက် ..”

သူမ သေချာကြည့်နေပြီး ခေါင်းညိတ်ပြမှ ...၊

“ကိုယ် မင်းကို မထားခဲ့ဘူး၊ ဒါပေမယ့် ဒီကနေ လူတစ်ရပ်စာလောက် ကုန်းလျှောကိုပြန်တက်ရမှာ ..”

မြင်ကွင်းကို မြင်အောင်ပြရင်း သူမ နားလည်ရဲ့လားဆိုတာလည်း အကဲခတ်ရကာ ...

“အပေါ်ရောက်ဖို့တော့ မင်းလည်းကြိုးစားရလိမ့်မယ် .. အိုခေ..”

သူမက ခေါင်းညိတ်၏။

“မင်း စိတ်ကိုတင်းထားပြီး အခု အပေါ်တက်မယ်၊ ကိုယ့်ကို ဘာမှမမေးနဲ့၊ မင်း လွတ်မြောက်ဖို့အတတ်နိုင်ဆုံးကြိုးစားပေးမယ်၊ စိတ်အေးအေးထား .. အိုခေ ..”

“အင်း ...”

“နောက်ပြီး ဒီမှာ ..”

သူမ မျက်နှာလေးကို ခပ်ဖိဖိလှူပ်ပေးရပြန်ကာ ...၊

“မင်းရဲ့ နားကျပ် ကိုယ့်ဆီမှာရှိတယ် သိလား .. မင်းကြားလား ပယင်း .. မင်းရဲ့နားကျပ်လေး ကိုယ့်ဆီမှာ ..”

ဟင်!...၊

သူ့နှုတ်ခမ်းတွေကိုကြည့်၍ သေချာသိလိုက်သည်။ သို့သော် ကိုယ် အမှတ်မှားတာလားလို့ တွေးရင်း မယုံနိုင် ...၊

“မင်း နားလည်လား .. မင်း နားကျပ်လေ ..”

“ကြားတယ် .. အဲ့ဒါလေးပြန်ပေးပါ၊ ပယင်း ကို ပြန်ပေးပါနော် .. ပေးမှာမို့လားဟင် ..”

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကြီး အသက်ဝင်လာကာ ပယင်း ကတုန်ကယင် တောင်းဆိုပုံက အိပ်မက်မက်ပြီး ထယောင်နေသလိုမျိုး ..။

"ပေးမယ် .."

သူ ခေါင်းညိတ်လိုက်ပြီး လိမ္မော်ရောင်တဖြည်းဖြည်းဖျော့ကျနေပြီဖြစ်သည့် အရုဏ်ဦးနဲ့ မိုးကုတ်စက်ဝိုင်းဆီလှမ်းကြည့်၍ ..၊

"အဲ့ဒါကို သွားယူရဦးမှာ .. မိုးလည်းလင်းနေပြီ ကိုယ်တို့အခု သွားမယ်၊ မင်း အားတင်းထားဖို့လိုတယ် .. အိုခေ .."

"ဟုတ် ..."

သူမ အားတက်သရောလေးခေါင်းညိတ်ရှာ၏။ တကယ်တမ်းလည်း ကြိတ်မှိတ်ကြိုးစားရှာသည်။ သို့သော် ကုန်းလျှောထိပ်ပေါ်ပြန်ရောက်သွားသည်နှင့် ခြေထောက်က ဒဏ်ရာသည် သွေးစိမ်ရှင်ရှင်တွေ ပြန်လည်စိမ့်ထွက်စီးကျလာခဲ့လျက် ..၊

"မင်းရဲ့ ဓားကို မြဲမြဲကိုင်ထား .."

သူ ပယင်း ရဲ့ ဓားလေးကို လက်ထဲပြန်ထည့်ပေးကာ ကိုယ့်ပခုံးတစ်ဖက်ကိုပုတ်ပြပြီး ..၊

"မင်းကို ထမ်းခေါ်သွားမယ် .."

ပယင်း မျက်ဝန်းမှာ မျက်ရည်ကြည်တွေပြည့်ပြည့်သိပ်သိပ်ဖြစ်လာကြ၏။ မျက်လုံးတွေပူလောင်ကျိန်းစပ်နေတာရော ဝမ်းနည်းကြေကွဲခြင်းတွေပါ စုပြုံခံစားနေရကာ ..၊

"ဟင့်အင်း ..."

ဓားကို ဆုပ်ကိုင်မထားဘဲ လက်ကိုပြန်ရှန်းလိုက်ကာ ...

"ပယင်း ကို ခွင့်လွှတ်ပါ .. ခုချိန်မှာ ရှင်က လူကောင်းဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ် နောက်ဆုံးအသက်ရှူနေခွင့်ကို ရှင်ပေးခဲ့တာပါ .."

သူမ ဘာကိုရည်ရွယ်ပြောလိုက်မှန်း ရုတ်တရက်မသိပေ ...။ ပယင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးတစ်ခုလုံး အဝတ်စနီလို နီရဲနေကာ ကိုယ်တွင်းက အပူရှိန်ကြောင့် နှုတ်ခမ်းဖျားလေးတွေပါ သွေ့ခြောက်နီမြန်းနေလျက် ..၊

"ရှင့်ကို တောင်းပန်ပါတယ် .."

"အဲ့ဒါတွေမလို .. ဟော့ ..."

ပယင်း သူ့ရင်ခွင်ထဲမှာ မျက်နှာလေးအပ်ကျသွားခဲ့ရင်း တရှိုက်ရှိုက်ငို၏။ ပြီးတော့ ..၊

"ပယင်း .. ပယင်း မရတော့ဘူး .. ဘယ်ကိုမှလည်း မလိုက်နိုင်တော့ဘူး၊ ဒါပေမယ့် ပယင်း ဒီတောထဲမှာ ဘယ်သူမှမသိလိုက်ဘဲ ခွေးသေဝက်သေ သေသွားရမယ့်အစား ရှင်ရှိနေတော့ ပယင်း ရဲ့ ဖေဖေ့ကို.."

"တော်တော့ .."

သူ ဘာမှအပြောမခံတော့ဘဲ သူမ လက်လေးတစ်ဖက်ကို ခေါင်းပေါ်ကနေ လွှဲယူလိုက်ပြီး တစ်ကိုယ်လုံးကို ပခုံးပေါ်ထမ်းတင်လိုက်သည်။

ထိုအချိန်ထိ ပယင်း ရဲ့ ရှိုက်သံလေးက တိုးတိတ်မသွားခဲ့ဘဲ ..၊

"ပယင်း ရဲ့ နားကြပ်ကို ရှင်သွားယူရမှာမို့လား .. အဲ့ထိ ပယင်းကို ရှင် ထမ်းသွားမနေပါနဲ့၊ ဖေဖေ့ဆီကိုပဲ အဲ့ဒါလေးယူသွားပြီး .."

"တောက် ..."

စိတ်တိုလာခြင်းက ခြေလှမ်းတွေကိုပါ ရပ်ပစ်မိတဲ့အထိ ကိုယ်ပြောချင်တာတွေကျတော့ ကြားမှာမဟုတ်တာကြောင့် မျိုသိပ်နေရသည်။ သူမ ပြောတာတွေကျတော့ ရှိုက်သံတွေ စီးချက်ညီနေတာတောင် နားကောင်နေရ၏။

သို့သော် သူ့ဒေါသတွေ မငြိမ်းသတ်ရသေးမီ ပယင်း အသံလေးလုံးဝတိတ်ကျသွားခဲ့ပြီး ..၊

"ဟိတ် ..."

ဒေါသသည် စိုးရိမ်စိတ်တွေအဖြစ် အလုံးလိုက်အရင်းလိုက် ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဘင်ခတ်သွား၏။

"ပယင်း .. မင်း အိုခေလား .."

မေးပြီးမှ သတိရကာ တွဲလွဲကျနေသည့် သူမ လက်လေးတစ်ဖက်ကို သူ နောက်ပြန်လှမ်းဆုပ်လိုက်ရင်း ဆွဲခါ၍ ..၊

"ပယင်း .. ပယင်း .."

မျှော်စင် ရုတ်တရက် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ပြီးတော့ ဒူးတစ်ဖက်ထောက်ထိုင်လိုက်ကာ သူမ ကိုယ်လေးကို ပက်လက်ကလေး ပြောင်းပွေ့လိုက်သည်။

သနားစဖွယ် ပယင်း ရဲ့ မျက်နှာလေးက ကော့ညွတ်သည့် မျက်တောင်ဖျားလေးတွေ မျက်ရည်စိုလူးလျက် သတိလစ်မေ့မျောနေပြီဖြစ်၏။

ခြေထောက်တစ်ဖက်သည် ခြေဖမိုးတစ်ဝက်လောက်ထိ နီရဲယောင်ကားနေကာ သွေးစတွေက စိမ့်နေဆဲ ..၊ ပင်ပန်းတာလည်းဖြစ်မည်။ ဒဏ်ရာအနာရှိန်ကြောင့်လည်းဖြစ်နိုင်၏။

အဖြစ်နိုင်ဆုံးက သူမကို အမြန်ဆုံးမကယ်တင်နိုင်လျှင် အသက်အန္တရာယ်က နီးကပ်နေပြီဖြစ်သည်။

အရှေ့အရပ်ဆီမှာ နေမင်းကြီးက ခေါင်းပြူနေပေမယ့် လောကကြီးက အိပ်ငိုက်မပြေရှိနေဆဲပါ။ သို့သော် နေမျှော်စင် တစ်ကိုယ်လုံး ပူပင်သောကတို့ ဖိစီးလျက် ချွေးပြန်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အခြေအနေတွေအားလုံး အေးချမ်းနေသည်။ လူတစ်ယောက်လုံး ကို ထမ်းလာခဲ့ရပေမယ့် သူ့ခြေလှမ်းတွေမြန်နေသလို အနှောင့်အယှက် တစ်စုံတစ်ရာမှလည်းမရှိ ..။

စိတ်ထဲမှာ ထင့်နေသော်လည်း ဖြစ်လာမှရင်ဆိုင်ရုံပဲသဘောထား ကာ ပယင်း ရဲ့ ကျန်းမာရေးအခြေအနေကြောင့် အပြေးတစ်ပိုင်းဖြစ်နေ ခဲ့၏။ သို့သော် ...

ကိုယ့်တဲလုံးဆီကို သတိကြီးစွာထား၍ နောက်ကျောကနေ ချဉ်း ကပ်လာကာမှ သူ့တဲပတ်ဝန်းကျင်မှာ လူရိပ်တွေကို မြင်လိုက်ရ၏။

ကိုယ့်ခြေလှမ်းတွေကို အချိန်မီဘရိတ်အုပ်လိုက်ရင်း ကွယ်ရပ်တစ် ခုမှာ ပြေးကွယ်နေလိုက်ရ၏။

"ပယင်း .. ဟော့ .."

သူ၊ နာကျင်သွားအောင်ထိ ရိုက်ပုတ်မနှိုးရက်သောကြောင့် လှုပ် ခေါ်နေပေမယ့် တော်တော်နဲ့ နိုးမရပေ ..။

သူမ သတိရမှဖြစ်မည်။ လောလောဆယ် တဲထဲဝင်ပို့မရသေး သဖြင့် သူမအတွက် ကြန့်ကြာမှုက ဒုက္ခပေးသွားနိုင်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခရမက လှုပ်ခေါ်နေရင်း မျက်နှာကိုရေနဲ့ ပတ်လိုက်လျှင် နိုးသွားမှာကို တွေးလိုက်မိ၏။

ပယင်း ကိုယ်လေးကို ခြုံထူထူမှာ သေချာချသိပ်ထားလိုက်ပြီး ရေရနိုင်မည့်နေရာကို အပြေးအလွှားစဉ်းစားရသည်။ စဉ်းစားရင်း ကိုယ်ယောင်ဖျောက်၍ ရှေ့တိုးလာခဲ့စဉ် ...၊

ဟိုမှာ ဂျစ်ကားပါလား ...၊

သူထင်သည့်အတိုင်းဖြစ်နေပြီကို သိလိုက်ကာ ဆံပင်တစ်ချက်ဖွရင်း နေရာမှာပဲ ရပ်နေလိုက်မိသည်။

မဟုတ်ဘူး ရင်ဆိုင်ရမှာကိုတွေးပူမနေနဲ့ ပယင်း သတိရအောင် အရင်လုပ် ...၊

ကိုယ့်ကိုယ်ကိုယ် သတိပေး၍ တောကသစ်ပင်ကြီးတစ်ပင်နားသွားကာ ဘေးက ခပ်သေးသေးအပင်ခွကြားကနေတက်၍ သစ်ပင်ကြီးပေါ်ကူးလိုက်သည်။

ပြီးတော့ သစ်ပင်၏ခွဆုံကြားထဲမှာ ရေတွင်းလေးလိုတည်နေသည့် သစ်ခေါင်းရေကိုတွေ့မှာ ...၊

"ကလစ် ..."

စိတ်ကူးခဲ့သည့်အတိုင်း လက်နှိပ်ဓာတ်မီးခေါင်းကိုလှည့်ဖွင့်ကာ အိတ်ထဲမှာကျန်နေသေးသည့် ပဝါအပြဲတစ်စနဲ့ ရေကိုရသလောက်စုတ်ယူပြီး ခေါင်းထဲပြန်ထည့်ပိတ်၏။

သူ့စိတ်ကူးက အဆင်ပြေသွားခဲ့သည်။ ပယင်း ရှိရာ ပြန်ရောက်တဲ့အထိ စုတ်ယူလာသည့်ဇရက တစ်လုံးတစ်ဝပါလာခဲ့ပြီး ရေအနည်းငယ်ကို ဓာတ်မီးခေါင်းထဲညှစ်ချ၍ ရေစိုလက်စနှင့် သူမ မျက်နှာကို ပွတ်ပစ်လိုက်၏။

ပယင်း မျက်ခုံးတန်းလေးတွေ မသိမသာ တွန့်သွားပေမယ့် သတိရမလာသေး ...။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ပြီး ခေါင်းထဲကရေကို လက်ခုပ်ထဲသွန်ချ၍ မျက်နှာပေါ် ပက်ပစ်လိုက်မှ …।

"အင်း …"

ပယင်း ကိုယ်လေး တွန့်လှုပ်လာ၏။ ပြီးတော့ မျက်လုံးတွေပွင့်လာ ပြီး ကြောင်စီစီဖြစ်နေပြီး …

"ဖေဖေ .. ဖေ့ …"

"မအော်နဲ့ .."

မလှုပ်ချင်ပေမယ့် သူမ နှုတ်ခမ်းလေးတွေကို ဖိပိတ်ထားရပြန်၏။

"မအော်နဲ့လေ .. ဒီနားမှာ သူတို့ရှိတယ် .."

အမူအရာတွေလုပ်ပြပြီး သေချာကပ်ပြောနေရသည်။ သူမ ရှန်းမလို တွန်းမလိုဖြစ်နေတာတွေ ပြန်လည်ငြိမ်သက်သွားမှ လက်ကို အသာလေး ဖယ်ပေးလိုက်ရင်း …।

"မင်း ဒီမှာ ခဏနေခဲ့ .."

ဟင် …।

မြေပြင်ကိုလက်နဲ့ ထိုးပြပြီး ပြောလိုက်တော့ သူမ နားလည်သွား သည်။ မျက်ဝန်းလေးတွေမှာ စိုးရိမ်တကြီးဖြစ်သွားခဲ့လျက် …।

"ပယင်း မသေသေးဘူး .."

"ဘာ …"

"ဝမ်းသာလိုက်တာ .. အဲ့ဒါ .. အဲဒါ ရှင့်ကိုပြောခဲ့ချင်တာတွေ မပြောရသေးလို့ ရှင် ဘယ်မှမသွားပါနဲ့ဦး .."

"ကျွတ် …"

ဘာမှမမေးပါနဲ့ မပြောပါနဲ့ သေချာမှာထားတာတောင် စကားပြော ရမည့်အဖြစ်ကိုပဲ ရောက်ရောက်လာ၏။ ဘယ်သူက သူမကို ဒီမှာပဲ ထား ခဲ့မယ်ပြောလို့လဲ …।

"ပယင်း ဖေဖေ့ကိုလေ .. ပြီးတော့ .. ကြီးကြီးနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com


"ရှူး ..."

တိတ်တိတ်နေဖို့ လက်ထောင်သတိပေးလိုက်ပြီး သူ နေရာမှ ရုတ်ခနဲ ရှောင်ထွက်လာခဲ့၏။ ပယင်း တအံ့တသြလိုက်ငေးရင်း ဘာမှလည်း မတတ်နိုင်၊ မျက်ရည်တွေဝေ့တက်လာပေမယ့် 'သူ့ဘက်က မလွန်ပါဘူး' လို့ပဲ တွေးရင်း ဖြေသိမ့်နေမိ၏။

ပြီးတော့ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြသည်။ မျက်လုံးတွေပိတ်ချလိုက်ရင်း ခေါင်းထဲမှာ တရိပ်ရိပ်ပြာဝေတက်လာတာကို ကိုယ့်ရဲ့ နောက်ဆုံးထွက်သက်လားလို့ တွေးနေမိသည်။

ကိုယ့်စိတ်သဘောနဲ့ကိုယ် ပြတ်သားစွာ ဆုံးဖြတ်၍ ထွက်လာခဲ့သည့်ခရီး၊ သစ်ပင်အုပ်အုပ်၏ အရိပ်အောက်ကနေ သစ်ကိုင်းခြောက်တစ်ခုကို ခေါင်းပေါ်တင်ပြီး နေပူပြင်းမှာ ရဲတင်းစွာလျှောက်ခဲ့တာ ကန္တာရခရီးရှည်တစ်ခု ...။

ခုကျမှ ပူပါတယ် လောင်ပါတယ်အော်နေလည်း မထူးတော့ပေ...။ တစ်ယောက်တည်းလာပြီးမှ တစ်ယောက်တည်းသေရမှာကို မကြောက်သင့် ...။

သေခြင်းတရားကို ရင်ဆိုင်ဖို့ ဘယ်လိုပဲ ရဲစိတ်မွေးနေသော်လည်း မျက်ရည်တို့က မပြတ်စီး၏။ ကြောက်နေသည့်စိတ်ကလည်း အလုံးအရပ်မလျော့ခဲ့ဘဲ ...၊

"တွေ့ပြီး .. ဟိုမှာ .."

"ပယင်းရောင် .."

"ဟုတ်တယ် .. ဟိုကောင်ရော .."

အသံတွေကို နီးကပ်စွာကြားလိုက်ရခြင်းနှင့်အတူ လူနှစ်ယောက်သူမရှေ့ကို ရောက်လာကြပုံက ဘွားခနဲပေါ်လာသည့်နှယ် ...၊

"အကြောင်းကြားလိုက်ကွာ .. တစ်ခါတည်းရှင်းခဲ့ရမလား၊ ခေါ်လာရမလားလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ .. သိပ်မှမဝေးတာကို ခေါ်သွားလိုက်ရင် ပြီးတာပဲ .."

"ဒါ ငါတို့စိတ်ကြိုက်ဆုံးဖြစ်တတ်လို့မရဘူးကွ .."

ပယင်း ကို သေချာတောင်မကြည့်ကြပေ ..။ တစ်ယောက်က ရေဒါ ဖုန်းလေးထုတ်လိုက်ပြီး တစ်ဖက်လှည့်လျှောက်သွားလျှင် ..၊

"ဖြောင်း .."

"အင့် ..."

"ဒုတ် ..."

"အ ..."

တစ်ယောက်က တုတ်စာမိသွားကာ နောက်တစ်ယောက်က လှုပ်ရှားချိန်မရလိုက်ဘဲ နဖူးကွဲသွား၏။ လဲကျသွားသည်နှင့် သွေးသံရဲရဲ ဖြစ်သွားလျက် ..၊

"ဒုတ် ..."

ဖက်ပိုးကို ထပ်ရိုက်လိုက်တော့ သတိမေ့သွား၏။ ဟိုကိုလှမ်း အကြောင်းမကြားခင် ပွဲသိမ်းပေးရမှာမို့ သစ်ကိုင်းကျိုးတွေ မြေစိုင်ခဲကြီးတွေသုံး၍ ချောင်ခိုတိုက်လိုက်ရသည်။

နှစ်ယောက်ကြားမှာ ခဏရပ်၍ မျှော်စင့် မျက်လုံးတွေ မြေလျှောက်နွယ်ပင်တွေဆီရောက်သွားသည်။ ထိုနှစ်ယောက်ကို ခြုံထူထူထဲ ပူးကပ်ထည့်ကာ ခြေချင်းလက်ချင်းပူး၍ ဘယ်လိုမှ လှုပ်မရအောင် စိတ်ကြိုက်ချည်လိုက်သည်။

သူ လှုပ်ရှားသမျှကို ငေးကြည့်နေရင်း ပယင်း မျက်နှာလေးက ပြုံးတော့မလို ငိုတော့မလိုရှိလျက် ..၊

"ရှင် ထွက်သွားပြီထင်နေတာ .."

လို့ တိုးသဲ့သည့်လေသံလေးနှင့် ပြော၏။ မျှော်စင် က လှည့်ကြည့်ပြီး ခေါင်းခါပြလိုက်သည်။ ပြီးတော့ အားတင်းထားဖို့ လက်သီးဆုပ်ပြကာ 'အိုခေ' လားလို့ လက်ညှိုးနဲ့ လက်မထိ၍ ကွင်းဝိုင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပယင်းက ခေါင်းလေးညိတ်ပြပြီး စိတ်ချသွားသည့် မျက်နှာလေးနှင့် မျက်ဝန်းတွေမှိတ်ထားလိုက်၏။ သူကလည်း ဂျစ်ကားရပ်ထားသည့်တဲဆီကို နောက်တစ်ခေါက်သွားကြည့်ဖို့ပဲဖြစ်သည်။

သို့သော် သတိလစ်နေသည့် ယောကျ်ားနှစ်ယောက်ရဲ့ အနီးအနားမှာ မထားခဲ့သင့်တာတွေးလိုက်မိပြီး ...၊

"ပယင်း ..."

ဟင် ...၊

ပခုံးကိုကိုင်လှုပ်လိုက်တော့ သူမ မျက်လုံးပွင့်လာ၏။ မျှော်စင်က ပြုမူနေကျအတိုင်း သူ့မျက်နှာကို လက်ညှိုးပြန်ထိုး၍ ...၊

"ဒီမှာ ကိုယ့်ကိုကြည့် .."

"အင့် .."

"မင်းရဲ့ နားကြပ် ကိုယ်သွားယူရမှာ .."

"ဟင် ..."

သူမ မျက်နှာလေးပျက်သွားသည်။ ခုနကလို သူမက သေလူဖြစ်နေပါပြီဆိုပြီး မသွားပါနဲ့လို့ တားချင်တာလား၊ ဒီနေရာမှာ တစ်ယောက်တည်းထားခဲ့လိမ့်မယ်ထင်ပြီး ကြောက်သွားတာလား ဘာမှန်းမသိ ...။

"ကိုယ် မင်းကို တခြားနေရာမှာ ရွှေ့ထားခဲ့မယ်၊ နားကြပ်သွားယူပြီးရင် ပြန်လာခဲ့မယ် .."

ဟိုမှာ ဒီလူတွေရောက်နေတဲ့အကြောင်း လက်ဟန်နဲ့ပြောပြပြီး သူမကို ခေါ်သွားလို့မဖြစ်နိုင်တာ သိစေလိုက်သည်။

ပြီးတော့ အနားတိုး၍ သူမကိုပွေ့ယူလိုက်သည်။ နေရာကိုကြည့်ခဲ့ပြီးသားမို့ ထိုဆီဦးတည်းသွားခဲ့တာ ခြေဆယ်လှမ်းစာလောက်ပဲရှိသေးသည်။ အုန်းခနဲ ပေါက်ကွဲသံကြီးကြားလိုက်ရကာ ...၊

ဟာ!...၊

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်တွေ ရဲခနဲလုံးတက်လာတာမြင်လိုက်ရ၏။ လောင်စာဆီ တစ်ခုခုသုံး၍ ရှို့လိုက်တာမှန်းသိသာနေကာ. မီးတောက်အင်အားက တက်လာတည်းက တဲတစ်လုံးလုံးကို ဝါးမျိုပြီးသားဖြစ်နေ၏။

ပယင်း ကို ပွေ့လျက်သားနှင့် သူ့ခြေလှမ်းတွေအပြေးတစ်ပိုင်းဖြစ်သွားသည်။

"မီးတွေ လောင်နေတယ် .."

"ဟုတ်တယ် .."

"အဲဒါ တောမီးလားဟင် .."

သူ ခေါင်းခါပြလိုက်သည်။ ရှင်းပြနေချိန်လည်းမရ ..၊

ထို့ကြောင့် သူမကို စိတ်ချနိုင်လောက်သည့် ကျောက်တုံးကြီးနှင့် ခြုံတွေကြားထဲမှာ ချထားလိုက်ပြီး လက်ထဲကို ဓားလေးထည့်ပေးကာ..

"မသွားပါနဲ့တော့ .."

ပယင်း က သူ့အင်္ကျီရင်ဘတ်စကို ဆုပ်ဆွဲထားကာ ..၊

"သူတို့ ရှင့်အိမ်ကို မီးနဲ့ ရှို့နေတာမို့လား .. ပယင်း သိတယ် မသွားပါနဲ့ .."

"ခဏပဲ .."

သူမလက်ကို ဖြုတ်ချထားခဲ့ပြီး မြှော်စင် ပြေးထွက်လာခဲ့သည်။ သူ့တဲလုံးက ကားလမ်းနဲ့ဝေးပေမယ့် ကားဝင်လို့ရတဲ့အထိ လမ်းက ဖြူးနေတာဖြစ်သည်။

တောကိုကျောပေး၍ ရွာလို့သတ်မှတ်သည့်အိမ်ခြေတန်းတို့ရဲ့ အဆုံး လမ်းနဲ့ လယ်ကွင်းနှစ်ကွင်းစာနီးနီး အလှမ်းကွာသည့်နေရာမှာ ဖြစ်သည်။

တဲက ငယ်ပေမယ့် ဘေးမှာ ဂျစ်ကားရပ်ထားသဖြင့် ကားကိုအုပ် ထားသည့် တာလပတ်စက အကြီးကြီးဖြစ်သည်။ ပြီးတော့ အနားစကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖြန့်၍ ထိုအောက်မှာပဲ တိုလီမိုလီပစ္စည်းတွေထားတာလည်းရှိသော ကြောင့် တဲလုံးနှစ်လုံးယှဉ်ထိုးထားသလိုပင် ..။

မျှော်စင် အနားရောက်သွားတော့ ကားကိုလောင်နေသည့် မီးတွေ က အားကောင်းနေဆဲရှိကာ ပေါက်ကွဲမှုကြောင့် အနားမှာတော့ လူရိပ် မမြင်ပေ ..။

ပယင်း ရဲ့ နားကြပ်လေးကို သိမ်းထားတဲ့နေရာက မီးမစွဲနိုင်တာ သူသိသည်။ ဒါပေမယ့် မီးက အားကောင်းလွန်းတော့ ပျက်စီးသွားနိုင် လားလို့ စိုးရိမ်စိတ်တွေပါဖြစ်နေမိ၏။

သူ သတင်းအတိအကျရထားသည့်အတိုင်း ရာဇဝွား ရဲ့ စက်ကွင်း ဒီလောက်ထိ ကျယ်ပြန့်နေတာ အံ့ဩစရာတော့မဟုတ်ပေ။ ဒါပေမယ့် ဒီကောင်မရှိဘဲနဲ့ ခုလောက်ထိ အငြိုးတကြီးဆက်လုပ်နေကြတာက တုန်လှုပ်စရာဖြစ်လာခဲ့၏။

"အဟွတ် .. အဟွတ် .."

မီးတောက်တစ်ချို့ရှိနေသေးပေမယ့် လူကိုတော့ မစွဲနိုင်တော့ဘူး ထင်ကာ မနီးမဝေးမှာရှိသော တောငှက်ပျောပင်ကြီးနှစ်ပင်လောက်ကို ဖြတ်ယူပြီး မီးထဲပစ်ထည့်၍ လမ်းခင်းလိုက်သည်။

ပြီးတော့ ငှက်ပျောလက်တွေနဲ့ ကိုယ်ကိုကာ၍ အထဲဝင်လာခဲ့သည်။

ဒီနားကျပ်လေးရဖို့က အသက်တစ်ချောင်းကို ကယ်တင်နိုင်ဖို့ဖြစ် နေ၏။ ပယင်း ကို စိတ်အားတက်စေနိုင်မှ သူမ ကိုယ်တိုင်အသက်ရှင် ဖို့ကြိုးစားချင်လာမှာဖြစ်သည်။

သူ့ကြိုးစားမှုအရာထင်ပါ့မလား ..၊

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

ခြေသံကို နားစွင့်မနေနိုင်တာမို့ ပယင်း မျက်လုံးတွေမှိတ်ကျမသွားအောင် ကြိုးစားရင်း မျှော်စင် ကိုပဲ လှမ်းမျှော်ကြည့်နေမိသည်။

ယောကျ်ားသားတစ်ယောက်နဲ့အတူရှိနေတာ သူမအသားထဲကနေ စိမ့်ချမ်းနေတာကို အံကြိတ်တောင့်ခံနေရသည်။ ထိန်းနေလေ ကိုယ်က တုန်လာလေဖြစ်ရကာ ကိုယ့်ကိုယ်ကိုယ် နေရာတကာ ဟန်ဆောင်ထိန်းချုပ်ရင်း သတိလစ်ရခြင်းသို့ ခဏခဏရောက်ခဲ့ရတာလည်းဖြစ်နိုင်၏။

တောထဲမှာ နေရောင်ခြည်ဝင်ရောက်လာပြီပေမယ့် နေရောင်ထိုးနေသည့်နေရာကိုလည်း ထရွှေ့မသွားနိုင် ..။ လူတွေအန္တရာယ်ကတစ်မျိုး၊ ခြေထောက်က ဒုက္ခပေးနေတာတစ်မျိုးနှင့် သူမအတွက် အရာရာဟာ နေမျှော်စင် ပဲ ဖြစ်နေခဲ့ရ၏။

ခုထိ နေမျှော်စင် ရဲ့ နာမည်ကိုလည်း သူမ မသိပေ။ ဒါပေမယ့် သူ့ရဲ့ပုံရိပ်တွေ အကြည့်တွေကို နားလည်လာခဲ့သည်။ ပို၍အံ့ဩစရာကောင်းတာ သူ စကားပြောနေသည့် နှုတ်ခမ်းတွေမှာ သူမအတွက် အသံမပါတိတ်ဆိတ်နေသော်ငြား ဘာပြောနေသည်ကို သူမ နားလည်သည်။

တစ်ခါတစ်ခါ ကြားနေရသလို ထင်ရှားပီပြင်နေတတ်၏။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုမှ အော်ဟစ်ပြောတာမဟုတ်ဘဲ ပြောသမျှကို သိနေနိုင်ခဲ့သည်။ ဘာကြောင့်ဆိုတာတော့မသိ ..။

ယုံကြည်ထိုက်သူကိုတွေ့ခဲ့ရပေမယ့် သူမဘဝရဲ့ နေဝင်ချိန်က နီးကပ်လာခဲ့ပြီဖြစ်သည်။ ယောင်ကိုင်းနေသည့်ခြေထောက်ကို ငုံ့ကြည့်ရင်း ခြေကျင်းဝတ်ထိ ကိုက်ခဲနေတာကို ကြောက်လန့်လာသည်။

မစားသောက်ဘဲ နေနေခဲ့သည့် နာရီများစွာကြောင့် မချိမဆန့် ခံစားနေရသည့် ရောဂါဝေဒနာဒဏ်ကို သူမ တောင့်ခံနိုင်တော့မှာမဟုတ်ပေ ..။

ဒီတောကြီးထဲကနေ လွတ်မြောက်ဖို့ဆိုတာက ..၊

ဘုရား .. ဘုရား ..

ကိုယ်ခံအားနည်းနေသည့်အချိန်မှာ ပါးပျဉ်းထောင်နေသည့် မြွေဟောက်ကြီးတစ်ကောင်ကို အနီးကပ်မြင်လိုက်ရသဖြင့် ပယင်း မျက်လုံးတွေ ပြာသွားသည်။

သူမရဲ့ ဒဏ်ရာရနေသည့်ခြေထောက်နဲ့ တစ်တောင်သာသာလောက်ပဲကွာသည်။ ပါးပျဉ်းခွက်ထားတာကြီးက ဟင်းသောက်ပန်းကန်လုံးအလတ်စားလောက်ရှိကာ တစ်တောင်နီးပါးလောက်ထောင်နေသောလည်ပင်းကို ဘယ်ယိမ်းညာယိမ်းနှင့် ..၊

ဘုရား .. ကယ်တော်မူပါ ..၊

ပယင်း မျက်လုံးတွေမှိတ်ထားလိုက်မိကာ ဘာမှမတတ်နိုင်သည့်အခြေအနေမှာ ကံကိုပုံ၍ ဘုရားကိုသာအာရုံပြုထားလိုက်မိသည်။ ထိုစဉ် လှုပ်ရှားမှုတစ်ရပ်ကို ခံစားမိလိုက်ကာ မျက်လုံးတွေဖွင့်ကြည့်လိုက်လျှင်...

"ဘုရား .."

မျှော်စင့် လက်ထဲမှာလည်း လည်ပင်းညှစ်ထားခံရသည့် မြွေကဒေါသကြီးနေလျက် ကိုင်ထားသည့်လက်ကို အထပ်ထပ်ရစ်ပတ်ထား၏။

မျှော်စင် က အမြီးဖျားကနေ လက်တစ်ဖက်နဲ့ပြန်ဆွဲခွာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆွဲလို့ပါလာလိုက် ပြန်ပတ်သွားလိုက်နှင့် ခြေရဲ့ ဒေါသက ကြောက်မယ်ဖွယ် ...၊

ကိုယ့်ကိုပေါက်သတ်လိုက်ရင်အောင် မျက်လုံးမှိတ်ထားတာမို့ နာတာကျင်တာပဲ ခံစားလိုက်ရမှာဖြစ်သည်။ ခုလို ကို့ရှိ့ကားရားရှစိစိကြီးကို အသေအလဲဖမ်းကိုင်ထားရတာ မြင်လိုက်ရတော့ ပယင်း ကြောက်ဒူးတုန်ကာ ပုံခနဲလဲကျသွားလေသည်။

သတိရလာတော့ သူမ တောထဲမှာမဟုတ်ဘဲ အမိုးရိပ်တစ်ခုအောက်ကို ရောက်နေခဲ့၏။ ပြီးတော့ သူမနဲ့ မလှမ်းမကမ်းမှာ မီးပုံလေးတစ်ပုံ...၊

ကျောက်ရိုးတွေပေါ်မှာ တိရစ္ဆာန်အရေခွံကြီးတစ်ခုခင်းထားပြီး သူမက ထိုပေါ်မှာဖြစ်သည်။ လှဲနေရာကထထိုင်လိုက်မှ မီးပုံရဲ့ဟိုဘက်မှာ ဟန်းဘက်ခ်အိတ်တစ်လုံးကို ခေါင်းခုပြီး တစောင်းလှဲနေသည့် နေမျှော်စင့် ကို မြင်လိုက်ရ၏။

သူ အိပ်နေတာလား မအိပ်ဘူးလားဆိုတာ မသိပေမယ့် ပယင်း ဒီတိုင်းအသံမပေးဘဲနေလိုက်သည်။ ငုံ့ကြည့်လိုက်တော့ ဒဏ်ရာနှင့် ယောင်းကိုင်းနေသော ခြေခုံပေါ်မှာ ရှားညိုရောင်ဆေးရည်တွေ လိမ်းပေးထားတာတွေ့ရ၏။

သတိရလာတိုင်း ကိုက်ခဲနာကျင်သည့်ဝေဒနာကို ဦးစွာခံစားခဲ့ရသမျှ ခုကျတော့ ဒဏ်ရာကိုသတိရတာက ဒုတိယဖြစ်နေခဲ့သဖြင့် အံ့ဩမိ၏။

ထို့ပြင် ပါးစပ်ထဲမှာ ခါးသက်နေခြင်းနှင့်အတူ နနွင်းနံ့လိုလို ရေတ်ကောင်းနံ့နဲ့လည်းတူသော ဆေးနံ့တွေရနေခဲ့၏။ နှုတ်ခမ်းသားတို့ကို ပွတ်သပ်ကြည့်လိုက်လျှင် လက်ချောင်းတွေမှာ ဆေးနံ့တွေကပ်ပါလာခဲ့၏။

သူမ သတိလစ်နေတုန်း ဆေးတွေဝင်အောင် ဘယ်လိုတိုက်ထားခဲ့တာလဲ ...။ ပြီးတော့ ဆေးတွေလိမ်းပေးထားသဖြင့် ခြေထောက်တွေက နာကျင်မှုတွေသိသာစွာ လျော့ပါးနေခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကျေးဇူးတွေကြောင့် ပေါ့ပါးကြည်လင်စွာ နိုးထလာခဲ့ခြင်းအတွက် မျက်ရည်ဆွေလောက်အောင် ဝမ်းသာကြည်နူးရခြင်းသည် ကျေးဇူးတင်ပါတယ်လို့ပြောရမှာတောင် လုံလောက်ပါ့မလား ..။

ထိုစဉ် ...

မျှော်စင် လှဲနေရာမှ လူးလွန့်လာကာ ..၊

"ကျွတ် .. ကျွတ် .."

ညည်းသံသဲ့သဲ့နှင့်အတူ ဒီဘက်ကို စောင်းလှည့်လာ၏။ မှေးစင်းနေသည့် မျက်လုံးတွေက သူမ ထိုင်နေတာမြင်သွားသောကြောင့် ..၊

"မင်း .. နိုးနေပြီလား .."

ပြန်မအိပ်တော့ဘဲ ငုတ်တုတ်ထထိုင်၏။ လက်ဖဝါးတစ်ဖက်ကို ထောင်ထားကာ တံတောင်နဲ့ ထောက်ပြီး ထလိုက်တာမြင်ရာ ...

"ရှင့်လက် ဒဏ်ရာ မသက်သာဘူးလားဟင် .."

"ဘာမှမဖြစ်ပါဘူး .. ဖိထောက်လိုက်ရင်တော့ နာတာပေါ့ .."

"ပယင်း ရှင့်ကို ကျေးဇူးတင်ပါတယ်လို့ ပြောရမှာထက်ပိုပြီးလေးနက်အောင် ဘယ်လိုစကားမျိုးနဲ့ ပြောရမှန်းတောင် မသိတော့ဘူး.."

"အဲဒီတော့ ဘာမှမပြောဘဲနေလိုက်၊ မင်းရဲ့ ကျေးဇူးရှင်ဖြစ်ဖို့ ငါ ကူညီနေတာမဟုတ်ဘူး .."

"အဲ့ဒါတွေကို နားလည်လာလို့ပြောတာပါ၊ ပြီးတော့ ပယင်း က ရှင့်ကို ဓားတပြပြနဲ့ ခြိမ်းချောက်နေသေးတယ်၊ ဒီဒဏ်ရာတွေရခဲ့တာလည်း ပယင်း ကြောင့်ပဲ .."

သူက ဒါကို ဘာမှထပ်မပြောတော့ဘဲ လက်က ပတ်တီးကိုငုံ့ကြည့်နေ၏။

"မင်း ဒဏ်ရာတွေ သက်သာရဲ့လား .."

"သက်သာတယ် .. ပူတာချမ်းတာတွေလည်း မရှိတော့ဘူး၊ ရှင်ပယင်း ကို ဘယ်လိုဆေးတိုက်လိုက်လဲမသိဘူး."

www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ပွင့်အောင်လုပ်ပြီး လောင်းထည့်ပေးလိုက်ရုံပဲ .."

"ဟင် ..."

"နိုးလိုက်ရင်တော့ မင်း ပြန်ထူးတာပဲ၊ အဖျားရှိန်နဲ့ ကြောက်တာနဲ့ရောပြီး ပိုဆိုးသွားတာပါ၊ ဆေးမျိုချလိုက်လို့ပြောတာနဲ့ မျိုချတာပဲ.."

"တော်သေးတယ်နော် .. ဆေးမျိုချဖို့တော့ .. ဟင် .."

ပယင်း အပြန်အလှန်စကားပြောနေရင်း တစ်ခုကိုသတိရသွား၏။ ပြီးတော့ ဖျတ်ခနဲ နားကို ကိုင်လိုက်မိကာ ...

နားကြပ် ..၊

"ပယင်း နားကြပ် ပြန်ရခဲ့တယ် .."

"ဟုတ်တယ် .. နည်းနည်းတော့ ဟိုကိုင်ဒီကိုင်ပြန်လုပ်ထားရတယ်၊ ဖြုတ်ထားတာကြာပြီဆိုတော့ .."

"မဟုတ်ဘူး .. ပြုတ်ကျန်ခဲ့တာ .."

"တမင်ဖြုတ်ချခဲ့တာပါ .."

"ဟင်!..."

မျက်လုံးတစ်ချက်လှန်ကြည့်ပြီး မျှော်စင် က ဘာမှဆက်မပြောတော့ပေ၊ ပယင်း ကိုယ့်ဘာသာတွေးယူရကာ ..၊

"ကိုရာဇာဘွား တမင်လုပ်ခဲ့တာပေါ့ .."

ထပ်မေးပေမယ့် ဖြေသံကထွက်မလာခဲ့ပါ၊ ဒါပေမယ့် သူမ နားလည်သွားခဲ့သည်။

"ရှင် .. ပယင်း ပစ္စည်းမှန်း ဘယ်လိုလုပ်သိတာလဲ၊ ပြီးတော့ သူဖြုတ်ချခဲ့တော့ ရှင် ရှိနေလို့လား၊ ကောက်ရတာဆိုရင်တော့ ကျခဲ့တာလား .. ချခဲ့တာလား ရှင် ဘယ်လိုလုပ်သိမှာလဲ .."

"ပယင်း ..."

"ပယင်းဧော်င် ပါ .."

သူမက ဖြည့်စွတ်ပြောကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်သူလဲဟင် .."

"ငါက ရာဇဘွား နဲ့ အဖေတူ အမေကွဲညီအစ်ကို .."

"ဟင်!..."

"ဦးဒီပါကျော် က ငါ့အဖေ .."

"ဘာ!...."

အံ့ဩပြီးရင်း အံ့ဩကာ ပယင်း ရဲ့ 'ဘာ' သံက အသံသဲ့သဲ့ဖြင့်သာ ..၊

မီးပုံထဲကို ရေနံချေးတစ်လုံးပစ်ထည့်လိုက်ကာ ချော်စင် က အထိတ်တလန့်ဖြစ်သွားသည့် မျက်နှာလေးကိုကြည့်၍ ...

"ဘယ်လိုလဲ .. ကျားရေ့မှောက်လျက်လဲပြီလို့ တွေးမိသွားပြီလား.."

ပယင်း က ပြူးဝိုင်းနေသည့်မျက်ဝန်းလေးတွေနှင့် ငေးကြည့်နေဆဲ ..၊

"ငါ့အဖေဆိုတာကို ငါ မြင်ဖူးခဲ့တာ နှစ်လနီးပါးပဲရှိသေးတယ်၊ ပြောရရင် ဒီထိလိုက်လာပြီး အဖေ မြင်ဖူးအောင်ကြည့်ခဲ့တာလေ .."

"ဒါဆို .. ဘာဖြစ်လို့ သူတို့နဲ့ .."

"မင်းဖြစ်ခဲ့တဲ့ ကိစ္စမျိုးတွေကို ဖြေရှင်းဖို့ဖြစ်လာလို့ပေါ့ .."

"ပယင်း လို .. ဟုတ်လား .."

"မင်းတွေ့ခဲ့တဲ့ အပုပ်နံ့တွေနဲ့ ချိုင့်ထဲမှာ .."

"ဟုတ်တယ် .. လူသေကောင်တွေကို ဒီတိုင်းပစ်ထားတာ .."

"အဲဒါအားလုံး မိန်းမအလောင်းတွေချည်းပဲ .."

ပယင်း ရင်ခုန်သံတွေမြန်လာကာ သူမရှေ့မှာ ပေါ်လာလိုက် ပြေးသွားလိုက်မြင်ခဲ့ရသည့် ကတုံးဆံပင်ပေါက်နှင့် အမျိုးသမီးကို သတိရလာ၏။

"ဒါဆို .. ဟို .. ဆံပင်မရှိတော့တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မင်း ခလုတ်တိုက်လဲခဲ့သေးတယ်မို့လား .. မမှတ်မိဘူးလား .."

"ဟင်!..."

"မင်း သူ့အလောင်းကို တိုက်မိပြီး လှိမ့်ထဲကျသွားတာလေ .."

ပယင်း မှတ်မိသွားသည်။ အဲ့ဒီမတိုင်ခင်လေးမှာပဲ မှန်တံခါးအပြင်မှာရပ်နေသည့် သူမရဲ့ပုံရိပ်ကိုမြင်လိုက်ရသေးသည်။ ပြီးတော့ သူမကို ခြံစောင့်ကြီးဆွဲထုတ်သွားတာထင်သည်။

အဲဒီမှာ တစ်ခါတည်း သတ်ပစ်လိုက်တာလား ..!

"တစ်ခါတည်းသတ်လိုက်တာက မှန်တယ်၊ ဒါပေမယ့် သူ့မှာ မိန်းမအင်္ဂါတွေမစုံတော့ဘူး .."

"ဟင်!..."

"ဒါပေမယ့် တခြားသူတွေလို အဖြစ်မဆိုးခင် အသတ်ခံလိုက်ရတော့ တစ်မျိုးကံကောင်းသွားတာပေါ့ .."

"ဘယ်လို .. အသတ်ခံရတာကံကောင်းတယ် ဟုတ်လား .. တခြားလူတွေက ဘယ်လိုအဖြစ်ဆိုးသွားကြလို့လဲ .."

"ဦးဒီပါကျော် က သူ့ရဲ့စိတ္တဇရှိနေတဲ့အတိုင်း မိန်းမဆို အမုန်းကြီးမုန်းနေတာ၊ အခိုကကတော့ မြစိမ်းရောင် ဆိုတဲ့ မင်းအမေပဲ၊ သူ ဒီနာမည်ကိုစွဲနေပြီး မိန်းမမြင်တိုင်း မြစိမ်းရောင်အမှတ်နဲ့ နှိပ်စက်ချင်နေတယ် .. ဒါပေမယ့် .."

ကိုယ့်အဖေကို ဦးဒီပါကျော် လို့ ခေါ်နေရတာတောင် သူ ဘယ်လိုမှ ..ာ်မခံနိုင်သည့် မကောင်းမှုတွေကို ရှုံရှာနေလို့သာပါ။ ဒီ့ထက်ပိုပြီး ဦးဒီပါကျော် အာဘတွေလုပ်နေပါသည်လို့ ဘယ်လိုပြောပြရမလဲ..။

နေမျှော်စင် အသံတိတ်သွားသည်။ မီးပုံဆီမှာ အကြည့်တွေစူးစိုက်ထားပေမယ့် သူ့စိတ်တွေက မြင်ခဲ့ကြားခဲ့ရသည့် အနိဋ္ဌာရုံမြင်ကွင်းတို့

www.burmeseclassic.com



ဆီ တစ်ပတ်ပြန်လည်နေခဲ့၏။ ဦးဒီပါကျော် ရဲ့ ရက်စက်ယုတ်မာလွန်းသည့်လုပ်ရပ်များနှင့် မြင်ကွင်းသည် ...၊

"မင်း ခေါ်လာတဲ့ မိန်းကလေး ဘယ်မှာလဲ ရာဇ .."

"ဘာကိစ္စနဲ့ မေးတာလဲ .."

"ဘာကိစ္စဆိုတာထက် မင်း ဘာတွေလုပ်နေတာလဲ .. မင်း သိတယ်"

"ငါ့ကိုယ်ငါသိတယ် မင်းသိဖို့ပဲလိုတာ .."

"ဘာ ..."

"တစ်ခါတစ်လေ မသိတာက ပိုအန္တရာယ်ကင်းတယ် .."

"အန္တရာယ်မကြောက်လို့ မေးနေတာဆိုရင်ရော .."

"ဒါဆို ငါကလည်း မင်းသိသိ မသိသိ ဂရုမစိုက်ဘူးဆိုတာတွေ ပြဖို့ရှိတယ်၊ အဖေနဲ့ ငါရဲ့ ဟဲလ်ရှူးမ်ကို မင်းလာခဲ့ .."

ပယင်းရောင် ဆိုသည့်မိန်းကလေးကို သူ သေချာမသိခဲ့ပေ။ ဒါပေမယ့် တခြားသောမိန်းကလေးတွေကိုလည်း ဘယ်သူ့နာမည်မှ သူ သေချာသိခဲ့တာမဟုတ် ...။ ထို့ပြင် ရေချိန်းမှာမြင်ခဲ့ရတာလည်း ပယင်း မဟုတ်ပေ။

မကောင်းသည့်အလုပ်တွေလုပ်နေသည်ဆိုတာ အတွင်းလူတစ်ယောက်၏ သတင်းပေးမှုကြောင့်သိခဲ့ရသည်။ ဒါကြောင့်လည်း အဖေရှိနေသေးသည့်အဖြစ်ကို စိတ်ဝင်တစားဖြစ်ခဲ့မိခြင်းက စိတ်ပျက်ခြင်းတွေသို့ ပြောင်းလဲသွားခဲ့တာဖြစ်သည်။

ဒီအရပ်ဒေသကို ထွက်လာခဲ့ခြင်းဟာ အဖေ တစ်ယောက်ကိုတွေ့ချင်သည့်စိတ်နဲ့ မဟုတ်တော့ဘဲ ဘယ်လိုမသမာမှုတွေ ကျူးလွန်နေတာလဲဆိုတာကို သိရဖို့ဖြစ်လာသည်။

အရှင်လတ်လတ်မီးဖုတ်စားသောက်ဖို့ပြင်နေတာကို မီးဖိုထဲပစ်ထည့်ပြီးမှ ကိုယ်ကပြန်ဆွဲထုတ်မည်ဆိုလျှင် မီးပူလောင်မှာတော့ သေချာလေသည်။

www.burmeseclassic.com



ထို့ကြောင့် ဘာမှန်းမသိသေးပေမယ့် သူ့ဘက်က ပြင်ဆင်စရာရှိတာတွေကိုတော့ တတ်နိုင်သလောက်ပြင်ဆင်လာခဲ့သည်။ ဒီရောက်လာတော့လည်း သတင်းအဖြစ်မကြားရတော့ပေမယ့် မသင်္ကာစရာလှုပ်ရှားမှုတွေကို တွေ့နေရသဖြင့် သေချာသိရဖို့အတွက် သူ အစွမ်းကုန်ကြိုးစားခဲ့သည်။

ဒါပေမယ့် တစ်ရပ် တစ်ဒေသလုံးလူတွေက ဦးဒီပါကျော် နဲ့ ရာဇဘွား တို့ရဲ့ လက်အောက်ခံတွေချည်းဖြစ်နေခဲ့သည့်အတွက် သူ လှုပ်ရှားဖို့ တော်တော်ခက်ခဲနေခဲ့သည်။

ဒါတောင် သူ့ကိုယ်သူ ဦးဒီပါကျော် ရဲ့ သားအဖြစ် စံအိမ်ကြီးထိ သူကိုယ်တိုင်ရောက်သွားခဲ့ပြီး သုံးပွင့်ဆိုင်ပဋိပက္ခတွေဖြစ်ခဲ့ကြတာမို့ အတွင်းရေးတွေ ပေါက်ကြားကုန်ခဲ့သည်။

ဦးဒီပါကျော် က စကားတွေဟိုရောက်ဒီရောက် လျှောက်ပြောနေပေမယ့် ရာဇဘွား က သူ့ကိုသိနေဖြင့် အနားမှာရှိနေကြသည့် လက်အောက်ငယ်သားတွေက လက်ခံသွားခဲ့ကြသည်။

"မင်းအမေနဲ့ ငါ့အမေ ပတ်သက်မှုတွေရှိခဲ့ကြတဲ့အတွက် မင်းကို ငါ လက်ခံပေးခဲ့တယ်၊ ဒါပေမယ့် အဖေ့ အသိထဲမှာတော့ မင်းမရှိဘူးနော် .. အဲဒါကို သဘောပေါက်ရဲ့လား .."

"ငါကလည်း အဖေ အသိအမှတ်ပြုစေချင်လို့ ရောက်လာတာမဟုတ်ဘူး ရာဇ .. ငါကြားခဲ့တဲ့ အကြောင်းတွေ တကယ်ဟုတ်မဟုတ် လာကြည့်တာ .."

"အခု ဟုတ်နေပြီဆိုတာ ငါ လက်တွေ့ခေါ်ပြမယ်၊ မင်း ပြန်လာပြီ သွားမလား ဒါမှမဟုတ်ရင်လည်း မင်းအတွက် ဝေစု .."

"ငါ မပြန်ဘူး .."

"ဘာကိစ္စအတွက်လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အဖေ့အတွက် မင်းက တာဝန်ကျေနေတယ်ဆိုရင် ငါ့ဘက်က လည်း တာဝန်ကျေရဖို့ရှိတယ်၊ သူ့လက်ထဲကို စားရိုးထည့်ပေးဖို့မဟုတ် ဘူး .."

ရောက်လာပြီး မကြာခင်အထိ သူ့ပါးစပ်က 'အဖေ' လို့ ခေါ်နေမိ သေးသည်။ ရာဇ ကလည်း ခေါ်သွားတာမဟုတ်ဘဲ သူကြိုးစားမှုကြောင့် မဖွယ်ရာသည့်မြင်ကွင်းတစ်ခုကို သေချာမြင်လိုက်ရသည့်နောက်တွင်...

အချိန်က ညဏ်နပျိုခြင်းတွေ လတ်ဆတ်နေသေးသည့် ညခုနစ် နာရီခွဲ ...၊

ဦးဒီပါကျော် ရဲ့ ငရဲခန်းလို့သတ်မှတ်သော အနီရောင်တံခါးနှင့် အခန်းက စံအိမ်ကြီးရဲ့ လျှို့ဝှက်တံခါးတစ်ခုကနေ သပ်သပ်ဝင်သွားရ တာဖြစ်သည်။

သူ ထိုနေရာထိဝင်နိုင်ခဲ့သည်။ ဟဲလ်ရှူးမ် ဆိုသော ငရဲခန်းကိုလည်း ကြည့်ခွင့်ရခဲ့၏။

တကယ်ကို ငရဲခန်းဆိုသည့်အတိုင်း ...၊

"ဝူး .. ဝူး .. အီး .."

"ဟား .. ဟား .. ဟား .. အော်လေ .. အော် .. နင်ပဲ ငါ့ကို ယောကျ်ား ဘဝအညွန့်တုံးအောင်လုပ်သွားတာ၊ ဟီး .. ဟီး .. ဟီး .. အခု နင့်ကို ငါကပြန်ပြီး အညွန့်တုံးပေးတော့မယ် .. ဟီးဟီး .."

"ဟူး .. ဟင်း .."

ရှန်းရင်းဆန်ခတ်သံတွေ ဆူညံနေသည်။ မိန်းကလေးတစ်ယောက် ကို အဝတ်မပါဗလာကိုယ်ကျင်းနှင့် ခြေလက်တွေကို လက်ထိပ်ခြေထိပ် ဆွဲခတ်ထားသည်။

ပါးစပ်ကိုလည်း တိတ်ပ်နဲ့ ကပ်ပိတ်ထား၏။ ဦးဒီပါကျော် သည် မိန်းကလေးတစ်ကိုယ်လုံးကို မဖွယ်မရာတွေလုပ်ပြီး အရုပ်ကစ်ရုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆော့နေသလို သဘောတွေကျနေခဲ့၏။

စားကိုင်လိုက်သည့်အချိန်မှာ သူ ထိတ်လန့်သွားသည်။ ကြားထားသည့် သတင်းတွေအတိုင်း ဦးဒီပါ ဘာလုပ်တော့မှာကိုသိလိုက်သဖြင့် အပြင်ကနေ အထဲကိုဝင်နိုင်ဖို့ ယောက်ယက်ခတ်အောင်ပြေးလွှားကြိုးစားသော်လည်း ...၊

"အီး ..."

အခန်းကြီးထဲမှာ အခန်းငယ်တစ်ထပ်ရှိနေကာ ထိုအခန်းလေးထဲကို အပြင်က မြင်နေရပေမယ့် အထဲဝင်ဖို့ကြိုးစားတာ ဘယ်လိုမှ မရပေ။

တစ်ခါကြည့်လိုက်တိုင်း မိန်းကလေး၏ ကိုယ်အင်္ဂါတစ်ခုကို လှီးထုတ်ဖြတ်တောက်နေကာ သဘောတွေကျနေ၏။

"မြစိမ်းရောင် မင်းသမီးကြီး .. ဟီး ဟီး .. ခုတော့ နင်လည်းလူဖြစ်ရှုံးပြီ၊ ဟား .. ဟား .. ဟီး .. ဟီး .."

အထဲက အော်သံတွေဆူညံနေကာ ရုန်းကန်နေသည့်သံကြိုးသံတွေ တချွမ်းချွမ်းမြည်နေ၏။ အထဲကိုဝင်နိုင်ဖို့အတွက် နောက်ဆုံးတစ်ချက်တည်းသော မှန်ပြင်ကြီးကို ရိုက်ခွဲဖို့ခုံတစ်လုံးကို ကိုင်မြှောက်လိုက်လျှင် ...၊

"ခွပ် ..."

ခေါင်းထဲမှာ ပွထူကာ ကြယ်ရောင်စုံတွေလင်းလက်သွားသည်။ နောက်ပြန်လှည့်ပြီး ခုခံဖို့ကြိုးစားပေမယ့် ရာဇ နဲ့ နောက်လိုက်နောက်ပါတွေ သူ့မျက်နှာရှေ့မှာ ပြုံးတုံးပြုံတဲမျက်လုံးကြီးတွေ ပါးစပ်ကြီးတွေနှင့် ခုန်ပေါက်လျက် ...။

ထို့နောက် ဘာဆိုဘာမှမသိတော့ပေ ...၊

မျက်နှာမှာ ရေအေးတွေ ဖျန်းခနဲလာစင်တော့လည်း မျက်စိဖွင့်လိုက်သည့်အချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး စုရုံးနေကြသည့်လူတွေ မနည်း

www.burmeseclassic.com

www.burmeseclassic.com



မနော ...၊

"သတိရသွားပြီလား ဟိတ်ကောင် .."

"ဒီကောင့်ကို ဆရာကြီးရဲ့ သားပဲဆိုလို့ ချမ်းသာပေးထားတာ တော်တော် နယ်ကျွံနေပြီ ရာဇ .."

တိုင်းရင်းသားတစ်ချို့၏ စကားသံက ဝဲလွန်းလို့ သိပ်တောင်နား မလည်ပေ ...။

"ငါတို့အဘက ရှူးလောက်အောင်ခံစားခဲ့ရတာ၊ နင်က ဘာဖြစ်လို့ မိန်းမတွေကို တကောက်ကောက်လိုက်ချောင်းပြီး ကယ်ဖို့လုပ်တာလဲ.."

"အသက်ချင်းလဲပစ်မယ် ဘာမှတ်နေသလဲ .. (...)သား .."

ပက်ပက်စက်စက်ဆဲတာတွေလည်း မကြားဝံ့မနာသာ ...။

သူ ဒီရောက်တာ တစ်ပတ်ဆယ်ရက်ရှိပြီပေမယ့် ဒီလောက်လူတွေ အများကြီးစုပြုံနေတာ ဒီတစ်ခါပဲတွေ့ဖူးသေးသည်။

အိမ်ခြေလေးမှ ဆယ့်လေးငါးလုံးသာသာပဲရှိသည်။ ဘယ်အိမ်ကြည့်ကြည့် မိသားစု စုရုံးနေထိုင်ကြတာလည်း မမြင်ဘဲ တစ်ချို့အိမ်တွေမှာဆို စိုက်ခင်းက စိမ်းစိုနေပေမယ့် လူတစ်ယောက်မှမရှိကြပေ ...။

ဒီလူတွေဘယ်က ရောက်လာကြသလဲဆိုသည့် အဖြေရှာရင်း တစ်ယောက်စီကို သေချာလိုက်ကြည့်နေမိ၏။

တစ်ချို့က မြို့ပေါ်က အဝတ်အစားမျိုး တီရှပ်နှင့် ဂျင်းဘောင်းဘီနှင့်ဖြစ်ကာ အတော်များများက ဖျင်ကြမ်းတိုက်ပုံရင်ကွဲနှင့် ရှမ်းဘောင်းဘီရှည်ပွပွကြီးတွေပဲဝတ်ထားကြ၏။

လူတိုင်းလိုလို အရပ်အမောင်းကောင်းကြကာ ကတုံးဖြစ်ရင်ဖြစ် ဆံပင်တိုတိုဆံပင်တွေ ပခုံးလောက်ထိရှည်ပြီး စုတ်ဖွားဖွားမိုက်တိမိုက်ကန်းမျက်နှာတွေနှင့်ဖြစ်၏။

"ကိုရာဇ ကျုပ်တို့ကို အမိန့်တစ်ချက်ပဲပေးစမ်းပါ၊ လက်က ယား

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ..”

“မလုပ်နဲ့ သွေးသားတော်နေသေးတော့ ဒီတစ်ခါ ဖက်စ်ဝမ်တိန်လို့ပဲထားလိုက်မယ် ..”

“ဒီကောင်က အဘကို မကောင်းထင်နေတာ ..”

“မိန်းမယုတ်တွေဘက်ကလိုက်ပြီး လူ့စွာဝင်လုပ်ချင်တာမျိုး အသေမုန်း ..”

“ယောကျ်ားချောချောမြင်တိုင်း ဘယ်ခေါ်ခေါ်လိုက်ချင်တဲ့ မိန်းမတွေကို သနားတယ်ဆိုတာ (...) စကားပြောတာ ..”

“မဟုတ်ဘူး .. ပိုက်ဆံနဲ့ ပေါက်ခေါ်ရင်လည်းလိုက်တယ် ..”

“ငါတို့က နောက်ထပ် ဆရာကြီးလိုအဖြစ်ဆိုးတဲ့ ယောကျ်ားတွေထပ်မရှိရအောင် မိန်းမယုတ်တွေကို ပညာပေးနေတာ ..”

ပြောသမျှစကားတွေက မိန်းမမကောင်းကြောင်းတွေချည်းဖြစ်ကာ သူတို့စကားသံတွေအရ မဖွံ့ဖြိုးသော နယ်စွန်နယ်ဖျားတောကြိုတောင်ကြားမှာ မကောင်းသည့်ဝါဒတစ်ခုကို ဖြန့်ဝေထားခဲ့တာဖြစ်သည်။

အဖြူပေါ်မှာ အစွန်းအထင်းဖြစ်သကဲ့သို့ တစ်ခုခုဆို အရိုးစွဲအောင်မှတ်တတ်သည့် ရင်ထဲမှာ ဦးဒီပါကျော် သည်သာ သူတို့အားလုံး၏ ဖန်ဆင်းရှင်ကြီးဖြစ်နေခဲ့၏။

ဖန်ဆင်းရှင်ကြီး၏ အလိုဟူသမျှကို ဖြည့်ဆည်းကြမည်။ ဘာခိုင်းခိုင်းလုပ်မည်။ ဘာလုပ်နေနေ ကူညီမည်။ ဦးဒီပါကျော် တို့အတွက်ဆို အရိုးကြေကြေအရေခမ်းခမ်း ..။

မျှော်စင် က သူမြင်သမျှသိသမျှတွေကို မပြောအပ်တာတစ်ချို့သာ ချန်လုပ်၍ ပယင်း ကို ပြောပြခဲ့သည်။

ဒါတောင် ပယင်း မျက်နှာလေးသွေးဆုတ်ဖျော့ကျနေခဲ့လေ၏..။

“အဲ့ဒီလို သတ်ပစ်တာ ဘယ်နှစ်ယောက်တောင်လဲဟင် ..”

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .. သတင်းတွေအတိအကျရခဲ့တဲ့ နောက်မှာ ကိုယ်ရောက်လာတော့ ဘာမှမဟုတ်ဘူးဖြစ်နေတာလေ၊ ပထမဆုံး မသင်္ကာဖြစ်သွားတဲ့တစ်ယောက်ကစတွက်ရင်တော့ မင်းနဲ့ဆို သုံးယောက် .."

"ဒါဆို ဦးဒီပါကျော် .. အဲ့ .. ရှင့်အဖေ .."

"ကိုယ် အဲ့လိုခေါ်တာ မင်း ကြားလိုက်လား .."

ပယင်း ပါးစပ်လေးပြန်ပိတ်ပြီး သူ့ကိုကြည့်နေမိသည်။

"ငယ်ငယ်တည်းက ကိုယ့်မှာ အဖေမရှိတော့ဘူးဆိုတဲ့အသိနဲ့ ကြီးပြင်းလာခဲ့တာ၊ ဒီတိုင်းပဲဖြစ်သွားခဲ့ရင်လည်း အကောင်းသား .."

"ရှင် တကယ်ပဲ သူ့ကို .."

မျှော်စင် က မျက်မှောင်ကုတ်ပြီးလှည့်ကြည့်တော့ ခေါင်းခါမိကာ...

"စိတ်မဆိုးပါနဲ့ သူက ပယင်း ရဲ့ ရန်သူပေမယ့် ရှင့်အဖေဖြစ်နေတော့ ရှင်နဲ့ ပယင်း .."

"မင်း ငါ့ကို နားလည်ပေးဖို့မလိုဘူး .."

မျှော်စင့် စကားသံက ပြတ်သားနေသလို မျက်နှာကလည်း တင်းနေ၏။

"ကျေးဇူးတင်တဲ့စိတ်တွေ ရန်သူ့သားဖြစ်နေတဲ့ လွန်ဆွဲမှုတွေကြားမှာ ဖိစီးမှုတွေနဲ့ မွန်းကျပ်မနေနဲ့၊ ငါ မင်းကိုမှ ရွေးကွက်ပြီး ကယ်ခဲ့တာမဟုတ်ဘူး၊ ဒီနယ်မြေကိုရောက်လာတာကိုက မကောင်းမှုတွေ တကယ်ဖြစ်နေရင်တော့ ငါ အားမပေးဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကရှိပြီးသား၊ တားဆီးဖို့လည်း စိတ်ကူးတွေဖြစ်ခဲ့တယ်၊ ဒါပေမယ့် ငါက မင်းသားမှမဟုတ်ဘဲ .."

မထင်မှတ်ဘဲ အင်အားကြီးနေသည့်အဖွဲ့အစည်းကြီးတစ်ခုကို သူ တစ်ယောက်တည်းနဲ့ ဘယ်လိုမှ စိန်ခေါ်တုပြိုင်ဖို့မလွယ်ပေ။

ထင်ခဲ့တာက ကျေးရွာတောနယ်လေးတစ်ခုမှာ ဒီသားအဖ ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



မြုပ်နေထိုင်ပြီး မကောင်းမှုတွေ အလွယ်တကူ ကျူးလွန်နေသည်လို့သာ..။

ဦးဒီပါကျော် က ချမ်းသာသလောက် မဖွံ့ဖြိုးသည့် ဒီလိုနေရာတွေမှာ မတရားသဖြင့် ထောက်ပံ့ပေးကမ်းထားခဲ့၏။ စိတ်မတည်ငြိမ်သည့် အဖြစ်ကနေ သွက်သွက်ခါရှူးသွပ်ခဲ့တာတောင် ဘယ်သူကမှ သူ့စကားကို အရူးစကားလို့မသတ်မှတ်ဘဲ ရိုသေလေးစားခဲ့ကြ၏။

ရာဇဝင် လက်ထက်မှာလည်း ထိုနည်းတူမို့ အားလုံးက တစ်သွေးတည်း တစ်သားတည်းလိုဖြစ်ကုန်ကြ၏။ ဒါတွေ တကယ်လုပ်နေတာ မျက်ဝါးထင်ထင်တွေ့လိုက်ရသည့်နောက်မှာ မိန်းကလေးတစ်ယောက် ပါလာတော့မည်ကြားတာနှင့် တံတားဒီဘက်ထိပါမလာခင် ကယ်ထုတ်နိုင်ဖို့ သူ ကြိုးစားသည်။

ဒါပေမယ့် လမ်းကြောင်းအမျိုးမျိုးနဲ့ သွင်းကုန်ထုတ်ကုန်တွေလိုလုပ်နေသည့် ရာဇဝင် ၏အရိပ်က သူထင်တာထက်ပိုမြန်နေသည်။

ပတ်ဝန်းကျင်ပံ့ပိုးမှုတွေလည်း ကောင်းနေသဖြင့် လက်လွန်ခြေလွန် အခြေအနေမျိုးကျမှ မိန်းကလေးတွေကို သူ တွေ့ခဲ့ရသည်။

"ငါ ဘယ်လောက်ပဲကြိုးစားကြိုးစား သူတို့ကို ရှုးကြောင်မူးကြောင်ပုံစံတွေဖြစ်မှပဲ တွေ့ခဲ့ရတယ်၊ ငါက ကယ်ဖို့ကြိုးစားပေမယ့် သူတို့က လေးညှို့သံကြားရင် ထပျံတတ်တဲ့ ငှက်တွေလိုဖြစ်နေတော့ ချွတ်ခနဲဆိုထွက်ပြေးတယ် .."

မျှော်စင် ပြောပြနေသည့်အတိုင်း ပယင်း ကိုယ်တိုင်လည်း ကယောင်ကတမ်းတွေဖြစ်နေခဲ့ပြီး သူ့ကိုတောင် ပြန်လည်တိုက်ခိုက်မိခဲ့သေးသည်။

"မင်းကိုကျမှ မရအရကယ်ခဲ့တာမဟုတ်ဘူး၊ ဒီမိန်းကလေးကိုတော့ ငါ့ရအောင်ပြန်လုမယ်လို့ဆုံးဖြတ်ချက်ချခဲ့တာ အဲဒီနှားကျပ်လေးကြောင့် .."

သူက တင်းနေသည့်မျက်နှာကို ခပ်လွဲလွဲလုပ်ပစ်လိုက်ကာ..၊

www.burmeseclassic.com

www.burmeseclassic.com



“ငါ ကယ်တင်ချင်တာ မိန်းကလေးတစ်ယောက်ပဲ၊ ဘယ်သူဘယ်ဝါဆိုတဲ့ ပုဂ္ဂိုလ်စွဲမပါဘူး၊ ဒါကြောင့် မင်းနဲ့ငါ့ကြားမှာ အားနာအနေခက်စရာ ဘာအကန့်မှမရှိဘူးပဲ သဘောထားပါ ..”

“ပယင်း သိချင်တာ တစ်ခုတည်းပါ၊ အဲဒါကလည်း သူနဲ့ပတ်သက်ပြီး ပြောစရာရှိလာလို့၊ ရှင်ပြောနေတာတွေက မာနစကားတွေပဲ ..”

“ပြောသင့်လို့ပြောတာ .. ငါ့ဘက်က အဲဒီမေးခွန်းမျိုးမေးတာမကြိုက်မှန်း မင်းခုကစပြီး သိသင့်ပြီထင်လို့ ..”

ပယင်း မျက်ခုံးလေးတွေ တွန့်ချိုးနေပြီးမှ ပြေကျသွားသည်။ ဘာတွေပြောနေနေ သူက ပယင်း အသက်ကို အကြိမ်ကြိမ်ကယ်တင်ခဲ့သည့်ကျေးဇူးရှင် ..၊

မိန်းမတစ်ယောက်အတွက် အရှက်သိက္ခာသည် အသက်ထက် အရေးပါသည်ဆိုလျှင် ဒီနယ်မြေကနေ မလွတ်မြောက်ခဲ့ဘဲ သေသွားရမည်ဆိုရင်တောင် သူ ကယ်တင်ခဲ့တာတွေအတွက် ကျေးဇူးတရားကို မေ့ပျောက်ထားလို့မရပါ။

“ကောင်းပြီလေ .. ဒီလိုမေးခွန်းမျိုး ပယင်း မမေးတော့ဘူး၊ ပြောချင်တာက ဦးဒီပါကျော် လူတွေဘယ်လောက်ထိ သတ်ဖြတ်ထားသလဲဆိုတာ သူစပြီး စိတ်ဝေဒနာဖြစ်တဲ့အချိန်ကို ပြန်ကြည့်ရမှာပေါ့ မဟုတ်ဘူးလား ..”

“ကြည့်ပြီးတော့ ဘာလုပ်ဖို့လဲ ..”

“အပြစ်လုပ်ထားရင် ဥပဒေက အပြစ်ပေးမှာပဲ၊ ပယင်း မသေဘဲလွတ်မြောက်ခဲ့ရင် ..”

“ဒါက နယ်စပ်ဒေသဖြစ်နေပြီ မင်း ဘာတွေစိတ်ကူးယဉ်နေတာလဲ ..”

“ဘယ်လို ...”

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလူမျိုးတော်တော်များများနေကြတယ် .. ဒါပေမယ့် စုဝေးနေတာသိပ်မရှိဘူး၊ ဟိုနေရာနည်းနည်း ဒီနေရာနည်းနည်းပဲ၊ တစ်ချို့ဆို ထမင်းဆိုတာ ဘာမှန်းမသိဘူး၊ သူတို့သိတာ လူးတို့ပြောင်းတို့ရယ် တောတွင်းတိရစ္ဆာန်တွေရယ် ဒါပဲ .. လူသူအရောက်အပေါက်သိပ်မရှိဘူး၊ ဘာကြောင့်သေသေ ကြက်သေ ဝက်သေတွေလိုတောင် ကောက်မယ့်လူမရှိဘူး .."

"ဒါ .. ဘယ်နေရာမို့လို့လဲဟင် .."

မျှော်စင် က ဖျတ်ခနဲကြည့်သည်။

"မင်း ဘယ်ရောက်နေမှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိဘူးလား"

"ပြင်ဦးလွင် .."

"ဘာ ..."

"ပြင်ဦးလွင် တောပိုင်းမှာ သူ့အဖေနေတာဆိုပြီးတော့ .."

"ဒါ ချင်းပြည်နယ်ထဲမှာ .."

ဟင်!...၊

သူမကိုယ့်နားကိုယ်တောင် မယုံနိုင်၊ တအံ့တဩဖြစ်သွားသည့်မျက်နှာလေးကို မျှော်စင် ကလည်း မျက်မှောင်ကုတ်ကြည့်လျက် ..၊

"မင်းကို ဘာလဲ .. မျက်လုံးပိတ်ပြီးခေါ်လာတာလား .."

"ပယင်း .."

"ကိုယ်မရောက်ဘူးတဲ့ နေရာဒေသတွေဆိုရင်လည်း ကြားဖူးနားဝတွေရှိခဲ့တာပဲ .. မင်း ဒါတောင် .."

"ပယင်း တစ်လမ်းလုံး အိပ်ပျော်ပြီးပါလာတာ .."

ပြောနေရင်း သဘောပေါက်လာတာက တစ်လမ်းလုံးသောက်လာသည့်အချိုရည်တွေ ရေသန့်တွေထဲမှာ အိပ်ဆေးတွေခတ်ထားခဲ့ခြင်း...၊

"ပယင်း အဲ့ဒီလို လမ်းသွားရင်း အိပ်တဲ့အကျင့်မရှိဘူး၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ခေါင်းထောင်ကြည့်ဖို့တောင် စိတ်မဝင်စားနိုင်ဘူး၊ ဘာမှ လည်း စားချင်စိတ်မဖြစ်ဘူး ..”

ပြောပြရင်း မျက်ရည်ကြည်တွေရစ်သိုင်းလာခဲ့၏။ ကျောက်ဝူလား ကမ်းပါးယံတစ်ခုခုလားမသိသော သူမတို့ရှိနေသည့် ခေါင်းမိုးရိပ်ရဲ့ အပြင်မှာ နေရောင်ကိုမြင်နေရ၏။

ဘယ်နှစ်နာရီ ဘယ်အချိန်ရှိပြီဆိုတာမသိ ..၊

ရာဇဘွား ဆိုသူနှင့် စတင်ဆုံစည်းမိပြီဆိုတည်းက သူမ စုံကန်း သွားခဲ့တာ မနေ့တစ်နေ့ကအထိ အမှားအမှန်ကိုမခွဲခြားနိုင်ခဲ့ ..။ ကြောက် လည်းကြောက်သည်။ ရှက်လည်းရှက်မိပါ၏။

မှားပါပြီလို့ သူမ အော်ငိုနေသည့်အချိန်ဟာ ဘယ်သူမှမကြားနိုင် သည့် လျှိုမြောင်ချောက်ကြားထဲမှာ ..။

ငိုနေပေမယ့် အလကား ..၊

“ပြီးသွားခဲ့တာကို ပြန်တွေးပြီး နောင်တရငိုကြွေးနေတာလောက် လူဖြစ်ရှုံးတာမရှိဘူး ..”

သူမ မျက်ရည်တွေကို မျှော်စင် က ချက်ချင်းဝေဖန်သည်။ ပြီးတော့ နေရာမှထရပ်လိုက်၏။ ခပ်ယိုင်ယိုင်ဖြစ်သွားပြီးမှ မတ်တတ်ရပ်ကာ—

“တမင်ကြံစည်တဲ့လူကတော့ ကြိုတင်ပြင်ဆင်မှုတွေအပြည့်လုပ် လာမှာပဲ .. ယုံကြည်မှုဆိုတဲ့အရာက လူကိုဒုက္ခအပေးဆုံး၊ သူ့ကို ယုံကြည် ပြီဆိုကတည်းက မင်းမှားခဲ့တာ ..”

ပယင်း မျက်နှာလေးငုံ့လိုက်တော့ မျက်ရည်တစ်စက်လက်ခနဲ ကြွေဆင်းသွားသည်။

“ဒါက မမှားသင့်တဲ့ အမှားမှမဟုတ်ဘဲ ..”

“ရှင် ပယင်း ကို အားပေးနေတာလား .. ကဲ့ရယ်နေတာလားဟင်”

“အားပေးတာလည်းမဟုတ်ဘူး၊ ကဲ့ရယ်တာလည်းမဟုတ်ဘူး၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားတာကို နောင်တရနေလေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့ လာလေပဲ .. မိမိကိုယ်ကိုမှ မယုံကြည်တော့ရင် မင်းရဲ့အနာဂတ်ကောင်းဖို့ မင်း ဘယ်လိုကြိုးစားမလဲ .."

ပယင်း ဘာမှမပြောနိုင်ပေ ..၊

"သူ့အနေနဲ့ ဒီလိုညာမခေါ်ဘူးဆိုရင် မင်းဒီနေရာထိလိုက်လာရဲဖို့က မသေချာတော့ဘူး၊ အစီအစဉ်တကျလိမ်ညာလာခဲ့တဲ့ ကွန်ယက်ထဲကနေ မင်း ရုန်းမထွက်နိုင်တာ အမှားကြီးတစ်ခုဖြစ်မသွားပါဘူး၊ အဲဒါတွေကို အခု လွှန်မြောက်ခဲ့ပြီ၊ မင်း တွေးရမှာ မင်းရဲ့ မနက်ဖြန် .."

"ပယင်း နားလည်ပါတယ်၊ ဒါပေမယ့် ဒီတောကလွတ်မြောက်ခဲ့ရင်တောင် အချစ်ကြောင့် စုံလုံးကန်းခဲ့တဲ့မိန်းမမိုက်တစ်ယောက်အဖြစ် ပယင်း ဘဝ .."

"အဲ့ဒီလို မိန်းမတစ်ယောက်အဖြစ် ဘယ်သူက သတ်မှတ်မှာလဲ.."

ရုတ်တရက် ဖြတ်မေးလိုက်သဖြင့် ပယင်း သူ့မျက်နှာကိုကြည့်လိုက်မိသည်။ အချိန်ပြည့် မျက်မှောင်ကုတ်နေတတ်သည့်မျက်နှာက ခပ်ထူထူနှုတ်ခမ်းတွေ တင်းကပ်စေ့ပိတ်နေသဖြင့် ခက်ထန်သည့်ဘက်မှာ ပိုများနေလေသည်။ တစ်ခုခုမေးခွန်းထုတ်ပြီဆို လူကို ပြဿနာရှာတော့မလိုလို ဒေါသတွေ ထွက်နေသလိုလိုမျက်နှာထားနှင့် ..၊

"မလွှဲသာတဲ့ အခြေအနေတစ်ခုမှာ ဆုံးဖြတ်ချက်ချရတော့မယ်ဆိုရင် ကိုယ့်အတွက်ကို အရင်စဉ်းစား၊ တစ်ကိုယ်ကောင်းဆန်သင့်ရင် ဆန်မယ်၊ မုသားကင်းချင်မှလည်းကင်းမယ် .. အဲ့ဒီထဲမှာ ပတ်ဝန်းကျင်ကို လုံးဝဖယ်ထားလိုက်တော့ .."

"ဒါပေမယ့် .."

"ပတ်ဝန်းကျင်ဆိုတာ သတ္တဝါတိုင်းအတွက် ရာသီဥတုပဲ၊ အမြဲ ်းကိတွေ့ရင်ဆိုင်နေရပေမယ့် သုံးရာသီစသုံးကို နှစ်သက်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့လူမရှိဘူး၊ ပူတာအေးတာစိုးစွတ်တာ ကြိုက်ကြိုက် မကြိုက်ကြိုက် ရှောင်လို့လည်းမရဘူး ..."

ပြောနေရင်း ခေါင်းမိုးကြားထဲက တစ်စုံတစ်ခုကို ဆွဲထုတ်ယူလိုက်ကာ အထုပ်ကိုကိုင်၍ မီးပုံဘေးမှာပြန်ထိုင်သည်။

"လောလောဆယ် ဒါတွေပဲရှိတယ်၊ အစာမာပေမယ့် အာဟာရဖြစ်အောင် နည်းနည်းတော့ မျိုချထားလိုက်ဦး ..."

အသားခြောက်တွေကို ဝါးညှပ်တစ်ခုမှ ထည့်ညှပ်၍ မီးပုံပေါ်ဖြတ်တင်ထားလိုက်၏။ ပြီးတော့ အထုပ်ကိုပြန်သိမ်း၍ ဝါးညှပ်ကို မီးတောက်တွေပေါ်မှာ လှည့်ပေးနေကာ ...၊

"ဒီည အားမွေးထားမှဖြစ်မယ် .. မနက်ဖြန် လွတ်လမ်းရှာဖို့ ..."

"ဒါ ဘယ်နေရာလဲဟင် ..."

"ငါ့ရဲ့ လျှို့ဝှက်နေရာတစ်ခု ..."

"မနက်ဖြန်ထိ လုံခြုံပါ့မလား ..."

"ထင်ရတာပဲ ..."

"ဒီမှာ ..."

မျှော်စင် က မျက်လွှာပင့်ကြည့်၏။ ပယင်း ကလည်း သူ့ကိုပဲ မျက်လုံးချင်းဆုံအောင် ကြည့်နေတာမို့ ...၊

"ရှင့်နာမည်ကို မပြောသေးဘူး ..."

"နေမျှော်စင် ..."

"နေမျှော်စင် ..."

သူမက ခပ်တိုးတိုးရွတ်ကြည့်လိုက်ပြီးမှ ...၊

"အဓိပ္ပာယ်တစ်ခုခုနဲ့ ပေးထားတာလားဟင် ..."

"အမေ့ကို မမေးလိုက်မိဘူး ..."

သူက အံတည်ဖြေလိုက်ပေမယ့် ဘုပြောလိုက်သလိုကြီးခံစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရကာ ပယင်း ဆံပင်လေးသပ်၍ မျက်နှာလွှဲပစ်မိသည်။ သူက ပြန်ကြည့်၍ ...

"ကိုယ့်အမေက ယောကျ်ားတစ်ယောက်ကိုစွဲလမ်းပြီး အဲ့ဒီလူက သူ့ကိုတော့ တကယ်ချစ်တာပဲဖြစ်ရမယ်ဆိုတဲ့ မာနရှိခဲ့တာ .."

သူ ပြန်စပြောလာမှ ပယင်း အကြည့်လေးတွေ ပြန်၍လင်းလက်လာသည်။

"လူတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို ကိုယ်လိုချင်တိုင်းမရနိုင်ဘူးဆိုတာလည်း သူသိတယ်၊ ဒါပေမယ့် သူ ယုံကြည်နေခဲ့တယ် .."

"ဘာကိုလဲဟင် .."

"အဲ့ဒီလူကို .."

"ဦးဒီပါကျော် .."

"ဟုတ်တယ် .. မင်းထက်ဆိုးတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတာလေ.."

"ပယင်း ထက်ဆိုးတာမဟုတ်ပါဘူး၊ အဲ့ဒီအချိန်တုန်းက ကလဲ့စားတွေ ရက်စက်ယုတ်မာဖို့တွေမှ မရှိသေးတာ၊ ချစ်သူတွေများတိုင်း .."

"တော်တော့ .."

မျှော်စင့် မျက်နှာက နီမြန်းနေလျက် ...၊

"မင်းကိုယ်မင်း ဖြေသိမ့်ချင်တာလား .. ငါ့ကိုအားနာပြီး ဒီပုဂ္ဂိုလ်ကို အစ်ကွက်ချန်ပြောပေးနေတာလား .."

"ပယင်း က .."

"မင်းတွေးသလိုမဟုတ်ဘူး .. အမေက သူ့ရဲ့စွဲလမ်းမှုအတွက်ပဲ ယုံကြည်နေတာ၊ သူက သိပ်ချစ်နေတဲ့အတွက် အဲ့ဒီလူ သူ့ကိုပြန်ချစ်လာမှာပဲလို့ တစ်ဖက်သက်ရူးသွပ်ခဲ့တာ .."

မျှော်စင့် ရင်ထဲက နာကျင်မှုတွေက မျက်နှာထက်မှာ အလိတ်စနီတစ်စဖြန့်ခင်းထားသလို အရောင်ရင့်နေခဲ့လျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သူ မျှော်လင့်နေတဲ့ အဲ့ဒီလူက မိန်းမတစ်ယောက်ကို သူ နင်းဖြတ်လျှောက်သွားခဲ့တဲ့ ခြေထောက်အောက်က သစ်ရွက်တွေ ဖုန်မှုန့်လောက်ပဲသဘောထားတာ၊ သူ့အတွက် မိန်းမတစ်ယောက်က သွေးသားဆာလောင်မှုအတွက် သုံးစွဲရုံအပြင် ဘာမှမပိုဘူး .."

ဦးဒီပါကျော် ရဲ့ ရင်သွေးကို နှောင်ကြိုးတစ်မျှင်အဖြစ် လိုချင်ခဲ့ကြသည်။ ချုပ်ကိုင်ခြိမ်းခြောက်ဖို့အတွက် လက်နက်ပဲလို့ သဘောထားပြီး မထူးစိတ်ပိုက်၍လွယ်ခဲ့ကြ၏။

အမေကတော့ အစားထိုးမြတ်နိုးဖို့အတွက်နဲ့ ဝမ်းမြောက်ဂုဏ်ယူစွာရယူခဲ့တာဖြစ်သည်။

'လွမ်း၍မျှော်ရင်း မျှော်ရရင်းဖြင့် သားလေးနာမည်က 'နေမျှော်စင်' ဖြစ်ခဲ့သည်' ဆိုသော စာကြောင်းလေးကို သူ စုတိမြင်ယောင်နေသေး၏။

ကလေးအမေ သုံးယောက်စုမိသည့်အချိန်မှာ အမေကတော့ ဘားထွက်နေခဲ့၏။ သားအဖြစ် အသိအမှတ်ပြုခံရဖို့ ပိုင်ဆိုင်ခွင့်တွေရှိလာဖို့..၊

စသဖြင့်သော စီမံကိန်းတွေထဲမှာ ဖျက်လည်းမဖျက် ဝင်လည်းမပါ။ 'အချစ်ဆိုတာ မျှော်လင့်ရင်းနဲ့လည်း ပြီးနိုင်၏' ဆိုသည့်စာကြောင်းလေးအောက်မှာတော့ ..၊

'အချစ်အတွက် အသနားခံခွင့် သားလေးကိုတောင်မပေးနိုင်' လို့ ရေးပြီး မှင်နီတား၏။

ဒိုင်ယာရီကိုဖတ်ခွင့်ရသည့်အရွယ်မှာတည်းက အမေ့ဘက်က နာကျင်မှုက ကိုယ်တိုင်ခံစားရသလို လောင်မြိုက်ခဲ့ရသည်။ ဦးဒီပါကျော် ဆိုသည့် ပုဂ္ဂိုလ်ကြီးကို မြင်တွေ့ဖူးချင်သည့်စိတ်တွေက ငယ်ငယ်ကတော့ ကိုယ့်အဖေမို့လို့ .. ဒီအရွယ်ကျတော့ နာကြည်းမိလို့ ..။

ဒီကိုရောက်လာတော့ ရှုံ့ရှာလာခဲ့သည်။

"မှင်း သူ့ကို မုန်းတီးနာကြည်းလို့ရတယ် ပယင်း.. ချစ်တာမုန်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်စုံတစ်ယောက်က ခိုင်းစေလို့မှ မဟုတ်ဘူး၊ အေး .. မုန်းခိုင်းတိုင်း မုန်းတတ်နေရင်တော့ မင်း နောက်ထပ် ဒီလိုအဖြစ်ဆိုးမျိုးထပ်ကြုံရဦး မှာပဲ ..”

“အဲ့ဒါကို ပယင်း ဆုံးဖြတ်နိုင်ပါတယ်၊ ရှင်က ဘာဖြစ်လို့ ဒေါသ တွေထွက်နေတာလဲ ..”

“ငါက အဲ့ဒီပုဂ္ဂိုလ်ရဲ့ သား ..”

“ဘယ်သူ့သားဖြစ်ဖြစ် ရှင်ဘာတွေလုပ်နေနေ ပယင်း မုန်းချင်မှ မုန်းမှာပေါ့ ..”

ဘယ်သူကရော မေတ္တာတွေရှိလွန်းလို့လဲ၊ စကားပုံရှိုင်းရှိုင်းနှိုင်းရ လျှင် ‘ခွေးရိုက်ချင် ခွေးရှင်မျက်နှာကြည့်ရသည်’ တဲ့ ..။

ဒီလူက မကောင်းသမျှကို သူ့လိုမဟုတ်တဲ့ သားတစ်ယောက်က အသက်နဲ့လဲပြီး ပေးဆပ်နေရသည်။ သူ့အဖေအတွက် ပေးဆပ်တာ ဟုတ်သည်ဖြစ်စေ မဟုတ်ဘူးဖြစ်စေ ..၊

နေမျှော်စင် ဆိုတာ ဦးဒီပါကျော် ရဲ့ သားအရင်း ..။

“သွေးသားနဲ့တည်ဆောက်ထားကြတဲ့ သတ္တဝါတိုင်းမှာ ခံစားချက် ရှိတယ်၊ မုန်းစရာတွေ့သာရင် ရှင် မုန်းခိုင်းစရာမလိုဘူး ..”

“ဟိတ် .. အပြင်ကိုမထွက်နဲ့ ..”

ပယင်း က ပြောနေရင်း ချိန်နဲ့နဲ့လေးထရပ်ကာ အပြင်ဘက်ကို ခြေလှမ်းဖြင့်လိုက်သဖြင့် သူ လှမ်းတားမိသည်။ ပြီးတော့ အသားခြောက် ကင်ကို မြေပြင်မှာ စိုက်ထောင်ထားလိုက်ပြီး ထရပ်ကာ ..

“မင်း ငါ့ကို ဒေါသချင်းပြိုင်စရာမလိုဘူး၊ ဒါ ရန်သူတွေဝိုင်းနေတဲ့ နေရာ ..”

“အပြင်ထွက်မလို့မဟုတ်ဘူး .. ခြေထောက်က သက်သာနေလို့ လှမ်းကြည့်မလားလို့ ..”

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မရ ..."

"အမေ ..."

လှမ်းဆွဲဖို့ပေမယ့် အံ့ဝင်ဂွင်ကျမဖြစ်လိုက်ဘဲ ဆောင်းတိုက်လေးလဲကျလာသည့် ကိုယ်လေးကို ကမန်းကတန်းဆီးပွေ့ထားလိုက်ရင်း ...၊

"အ ..."

သူမကို ပွေ့လျက်နှင့် သူပါ ဒူးထောက်ပြန်ထိုင်ကျ၏။

ပယင်း သူ့ရင်ခွင်ထဲမှာ ပြေးကပ်ခိုဝင်နေသလိုဖြစ်လျက် ရုတ်တရက်လည်း ပြန်မထနိုင် ...။

မျှော်စင် ကလည်း မလွှတ်ဘဲ တစ်ယောက်မျက်နှာတစ်ယောက် ငေးမောငေးနေမိလေသည်။ ထိုစဉ် ...၊

"ဘုတ် ..."

ထိုးစိုက်ထားသည့် အသားခြောက်ကင်က မီးပုံထဲကိုလဲကျသွား၏။ နှစ်ယောက်စလုံး ပြိုင်တူပျာပျာသလဲဖြစ်သွားကြကာ ...

"နေဦး .."

ပယင်း ရှက်ရှက်နှင့် ထရပ်ဖို့လုပ်နေသဖြင့် မျှော်စင် က အရင်ထရပ်လိုက်သည်။ ပြီးမှ သူမကိုထူပေး၍ ...၊

"မလှမ်းလိုက်နဲ့ဦး .."

မီးပုံထဲက အသားကင်ကို နေရာကျအောင်ပြန်ထားရသေးသည်။ ပြီးတော့မှ သူမကို ပြန်လာတွဲရင်း ...

"မင်း ဒေါသပြေးသလောက် ခြေထောက်က လိုက်နိုင်မှာမဟုတ်ဘူး – ပြန်ထိုင် .."

"ပယင်း ဒေါသထွက်တာမဟုတ်ပါဘူး၊ ရှင်က အရင်တက်နေလို့"

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဒီနေရာမှာ ရန်ဖြစ်လို့မရဘူး"

"ရှင်နဲ့ ရန်မဖြစ်ချင်ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ချင်တာလဲ .."

သူက လှည့်မကြည့်ဘဲ မေးပေမယ့် ပယင်း မျက်နှာပူသွားသည်။ မျှော်စင် က သူမထိုင်ပြီးမှ အသားကင်ကိုပြန်ဆွဲယူပြီး သူမဘေးမှာ ထိုင်လိုက်ကာ ...

"အန္တရာယ်ဆိုတာ နေရာတိုင်းမှာရှိတယ် .. ရော့ .. ဒါအရင်စား"

"ဟင့်အင်း ..."

"ဒီမှာအသန့်နော် .. လုံးဝကျက်နေပြီ နည်းနည်းဖြစ်ဖြစ်စား .."

"ပယင်း ဒဏ်ရာအနာသက်သာသွားတည်းက အားပြန်ပြည့်လာသလိုပဲ .. ဘာမှမစားချင်ဘူး .."

"အဲ့ဒါ တကယ့်အားမဟုတ်ဘူး၊ မင်းစိတ်ကြောင့်ဖြစ်နေတာ .. တော်ကြာ အရေးထဲအကြောင်းထဲကျမှ ဟပ်ထိုးလဲသွားရင် နှစ်ယောက်လုံးသေမှာ .."

"အဲ့ဒီတော့လည်း ပယင်း ကို ထားခဲ့ပြီး ရှင်ပြေးလို့ရပါတယ်၊ ဒီအတွက်နဲ့တော့ ရှင့်ကို ကျေးဇူးတင်လေးစားနေတာတွေ ပျောက်မသွားပါဘူး ဘယ်သူမဆို .."

"ပယင်းရောင် ..."

"ဟင် ..."

"ငါက မိန်းမတစ်ယောက်ရှေ့မှာ စူပါဟီးရိုးလုပ်ပြီး အထင်ကြီးခံချင်နေတဲ့ပုံပေါက်နေသလား .."

"မပေါက်ပါဘူး .."

"အေး .. မင်းနေရာမှာ တခြားမိန်းကလေးတစ်ယောက်ယောက် ဆိုရင်လည်း ငါရှိအောင် ကယ်ထုတ်သွားမှာပဲဆိုတာ မင်းကိုပြောပြီးသား .."

"သိတယ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



"သိရက်နဲ့ ထားခဲ့ဖို့ပဲ ခဏခဏပြောနေရင်တော့ မင်းကိုမှ အသက်နှင့် ကယ်ချင်နေတာပါဆိုတဲ့စကား ကြားရဖို့ မင်း ကြိုးစားနေတာလို့ပဲ .."

"ရှင်နော် .."

"ပြောပြတာ .."

"ရှင့်ကိုရှင် မိန်းမတစ်ယောက် ပစ်ကျနိုင်လောက်တဲ့ကာရိုက်တာမျိုးပုံဖော်နေတယ်လို့ရော ထင်လို့မရဘူးလား .."

ပယင်း က လှလှပပပြန်ချေလိုက်တာပေမယ့် မျှော်စင့် နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက်ဖြစ်လျက် ..၊

"ဒါဆို ကိုယ့်ကို မင်း ပစ်ကျနေပြီထင်တယ် .."

"ရှင့် ..."

ပယင်း မျက်နှာလေးစွေးစွေးနီသွားသည်။

"ဆောရီး .. မင်းနဲ့စကားနိုင်လုဖို့ မရည်ရွယ်ပါဘူး .."

"ရှင် နိုင်သွားတာကိုး .."

ပယင်း ငိုသံလေးပါနေတော့ သူ အံ့ဩသလိုကြည့်ကာ ..၊

"မဟုတ်ပါဘူး .. ဆောရီးပြောနေတာကိုကွာ .. ကျွတ် .."

အသားကင်ကိုင်ထားသည့်လက်နဲ့ ဆံပင်တွေသပ်မိတော့မလိုဖြစ်သော လက်ကပြန်တွန့်သွား၏။ ပြီးတော့ အသားကင်ကိုလွှတ်ချလိုက်တော့မလို ဖြစ်သွားကာ ...

"ဘယ်သူမဆို အပြန်အလှန်စကားပြောဖြစ်ကြပြီဆိုရင် မေးခွန်းဆောက်စရာပါရင် ထောက်မှာပဲ .. မင်းရဲ့ ဆိုလိုရင်းက ရှင်းမှမရှင်းတာတော့ပါ .. ဒါအရင်စားလိုက် .."

"စားချင်စိတ်မရှိပါဘူးဆိုမှ .."

"စားချင်လားမေးနေတာမှမဟုတ်ဘဲ မင်း အသက်ပြန်ရှူလာအောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘယ်လောက်ကြိုးစားခဲ့ရသလဲ နည်းနည်းပါးပါးအားမနာဘူး လား ..."

ပယင်း ဘာသံမှထွက်မလာတော့ပေ ..။ ပြီးတော့ မျှော်စင် နဲ့ မျက်လုံးချင်းဆုံသွားပြန်သည်။ မှုန်ကုတ်ကုတ်ကြမ်းပုံကြမ်းတမ်းနှင့် ဒီ ယောကျ်ားမျိုးက မိန်းကလေးတစ်ယောက်အတွက် ငဲ့ညှာစာနာစိတ်တွေ ထားနေနိုင်တာ မအံ့ဩဘဲမနေနိုင် ..။

သူမသာမဟုတ်ဘဲ တခြားဘယ်လိုမိန်းကလေးမဆို ဒါမှမဟုတ် အသက်ရှင်လျက်ကျန်သည့်မိန်းကလေးတစ်ယောက်နှစ်ယောက်မက ရှိနေရင်လည်း သူတတ်နိုင်သလောက် ကယ်တင်ဖို့ကြိုးစားမှာပဲဆိုတာ သူမ ယုံကြည်သည်။

ဖြူနွဲ့နွဲ့ ရာဇဘွား ၏ စမတ်ကျသောပုံစံနှင့် အညိုရောင်ခပ်ကြမ်း ကြမ်း သူ့ပုံစံက အကွာကြီးပါ။ ဒါပေမယ့် ဖြူတာချောတာတွေနဲ့ မသက် ဆိုင်သော တည်ကြည်ကောင်းမွန်သည့် အရည်အချင်းကောင်းတွေက တော့ ရာဇဘွား လိုလူမှာ မရှိနိုင်ပေ။

သူ့အပေါ်မှာ ပယင်း စိတ်ဆိုးလို့မရပါ။ သိနေသည့်အချိန်တွေ အသိစိတ်လွတ်နေသည့်အချိန်တွေမှာ ပယင်း ကို တစ်ချိန်လုံးတွဲယူမွေ့ချီ ၍ ပြေးလွှားခဲ့ရသည်။

အခွင့်အရေးယူလိုသော အပြောအဆိုအမူအရာမျိုးလည်း မရှိခဲ့ဘူး ပေ။ သူနဲ့ စတွေ့ချိန်ကနေ ခုထိစာင်ခဲ့မိသည့် ကျေးဇူးတရားနဲ့တင် သူမလဲသေသွားလို့ရပါနေပြီ။

"အားနာပါတယ် .. အားနာရုံတင်မကဘူး .. ခုနေ သေသွားမဆို ရင်တောင် ပယင်း မသေခင် လူကောင်းတစ်ယောက်နဲ့တွေ့ဆုံခဲ့ရသွား တဲ့အတွက်၊ ပြီးတော့ လူယုတ်မာတွေလက်ပေါ်မှာမဟုတ်ဘဲ ရှင့်လက်ထဲ မှာ သေရတဲ့အတွက် .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနေရာမှာ မင်း အဲ့ဒီစကားတွေပြောနေတာ မင်းအတွက်ရော ငါ့အတွက်ရော ဘာအင်အားမှမဖြစ်ဘူး ပယင်းရောင်၊ သေတော့မလောက် လဲပြိုနေရာကနေ မင်း အခု ထူထောင်နိုင်ပြီ မို့လား ..၊ အဆိုးထဲက အကောင်းကို ဆွဲထုတ်ပြီး ရင်ဆိုင်ဖို့ပြင်ဆင်ထားရမှာ မင်း .."

"ပယင်း နားလည်ပါတယ်၊ ရှင့်မေးခွန်းကို စိတ်ရင်းအတိုင်း ဖြေပေးနေတာ .."

"ဒါဆို ရော့ .. စားလိုက် တခြားဘာမှမပြောနဲ့တော့ .."

အစားနဲ့လူနဲ့ ကင်းကွာနေတာ ဘယ်နှစ်နာရီ ဘယ်နှစ်ရက်ရှိခဲ့ပြီလဲမသိ ..။ ပါးစပ်ထဲမှာ ဝါးလို့ရပေမယ့် မျိုချလို့မရအောင် လည်ချောင်းထဲမှာ ကျပ်နေသည်။

အတင်းမျိုချလိုက်တော့ ပျို့တက်လာ၏။

"ဝေါ့ .."

ဘာမှထွက်မကျပေမယ့် သူ့ကိုအားနာပြီး ပါးစပ်ကိုလက်နဲ့ဖိပိတ်ထားမိ၏။

"ဆောရီး မင်းကို ရေမလေးတစ်ငုံလောက် အရင်တိုက်ရမှာ မေ့သွားလို့ .."

ပြောပြီး သူ ထယူလိုက်တော့ အချိုရည်ဘူးဖြစ်နေ၏။

"ပါးစပ်ဖျက်နေလို့ပါ၊ ဒါ အရင်သောက်လိုက် .. လည်ချောင်းကျပ်နေတာပါ ပျောက်သွားလိမ့်မယ် .."

"ရှင့်မှာ ဒါတွေလည်းရှိတယ်ပေါ့ .."

"သူတို့မှာ ပိုတောင်ပြည့်စုံသေးတယ်၊ တောထဲမှာပေမယ့် မြို့မှာလိုတာအကုန်လုံးသွားဝယ်လို့ရတယ် .."

ဒါကြောင့် ဒီလိုနေရာမှာ အိမ်ကြီးရခိုင်ကြီး လာဆောက်နေတာပေါ့။ ဒီလိုတွေးမိတော့ ကိုယ့်ကျွမှ မသန့်တာတွေမကောင်းတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ချည်းပြုပြီး ဒါတွေပဲသောက်နေရသည်။ ဒီလိုပဲစားနေရသည်ဆိုတာတွေ တွင်တွင်ပြောခဲ့တာကိုသတိရမိသည်။

မစားနိုင် မသောက်နိုင်ဖြစ်ရခြင်းကို ငြိုငြင်စွာ ရှီးမယ်ဖွဲ့ခဲ့တာတွေက ဘာလဲ ..။

ခေါ်လာတည်းက သားကောင်တစ်ကောင်ဖြစ်နေခဲ့သည့် လူတစ်ယောက်ကို အပြစ်တွေထောက်ပြီး ဘာအတွက်လဲ ..။

"ဘယ်လိုလဲ .. အဆင်ပြေရဲ့လား .."

"ဟုတ် ..."

သူမ ဘာတွေးနေလဲဆိုတာ မျှော်စင်ရိပ်မိသည်။ ဒါကို ကြာကြာ မတွေးစေချင်သောကြောင့် ..။

"ဝင်သလောက်စားထား .. ရောဂါအနာတရဖြစ်ပြီဆိုရင် လူက ခံနိုင်ရည်ရှိမှ တွန်းလှန်နိုင်တာ၊ နောက်တစ်ခါ မင်း ဟပ်ထိုးလဲတဲ့အချိန်ဆို ငါ့ဘက်ကလည်း ဘာဖြစ်နေမလဲမပြောနိုင်ဘူး .."

"ဘယ်လို .."

"တောထဲမှာ နောက်ထပ်လူတွေအများကြီးရှိသေးတယ်၊ ရာဇ ကို အိမ်ကြီးထဲမှာ ထည့်ပိတ်ထားခဲ့တာ သူတို့ချင်းမဆုံကြသေးဘူး၊ ရာဇကို သူတို့ပြန်ရသွားတာနဲ့ ဒေါသတွေပိုကြီးလာကြမယ်၊ ရာဇ အမိန့်ရတာနဲ့ ဘာဖြစ်ဖြစ်လုပ်ကြမယ်၊ ဘာဖြစ်ဖြစ်ဆိုတာ ဘာတွေဖြစ်လာမယ်မှန်း ဘယ်သူမှ မသိနိုင်ဘူး၊ တောထဲတောင်ထဲမှာ ပညာမဲ့ပြီး အသိဉာဏ်နည်းတဲ့လူတွေက တိရစ္ဆာန်နဲ့ သိပ်မခြားဘူး .."

"သူတို့က ဘာဖြစ်လို့ လူတစ်ယောက်ရဲ့ စကားတစ်ခုကိုပဲ ယုံကြည်နေကြတာလဲဟင် .. ငွေကြောင့် အင်အားနဲ့လွှမ်းမိုးလာနိုင်တယ်ထားဦး၊ သူတို့ရှေ့မှာ ရက်ရက်စက်စက်ခုတ်ထစ်သတ်နေတာကို .."

"ဒါကိုရက်စက်နေတာလို့မမြင်လို့ပေါ့ .. ဒီလောက်သိနားကြည်း

www.burmeseclassic.com



နေရှာတာဆိုပြီးတော့ သူတို့က ဝိုင်းဝန်းနာကျင်နေကြတာ ..”

“လူဆိုးတွေအင်အားကြီးလာရင် သိပ်ကြောက်စရာကောင်းတာပဲ နော် ..”

“ပိုဆိုးတာက ရိုးသားတဲ့လူတွေကို မုသားတွေနေ့စဉ်ကျွေးပြီး လက်သပ်နိုင်းလာခဲ့တာပဲ၊ ဒီဘက်ကို ခရီးသွားတွေ အရောက်အပေါက် မရှိသလောက်ပဲ၊ ရောက်လာတဲ့လူ လမ်းပျောက်သွားတယ်၊ ဟိုးအရင် က ဖေးမလမ်းပြမယ့်လူတွေရှိကြပေမယ့် ရာဇဘွား လွှမ်းမိုးခဲ့တဲ့နောက် မှာ ပြန်လမ်းမရှိတော့ဘူး ..”

“ဟိုကားတွေက လမ်းမှားလာတဲ့ကားတွေလား ..”

“သူတို့ပြောကြတာပဲ .. ဒါပေမယ့် အထဲကိုကျနေတဲ့ ကားတစ်စီး ကတော့ သူတို့ကိုယ်တိုင်မောင်းချထားတာ ကိုယ့်ရှေ့တင် ..”

“ကားပိုင်ရှင်ကရော ..”

“မိန်းကလေးပဲ ..”

“သွားရှာပြီပေါ့ ..”

သူက ဘာမှမဖြေဘဲ အသားကင်စားနေရင်း တိတ်ဆိတ်နေ၏။ ခဏကြာမှ ပယင်း ကို နောက်ထပ်အကင်တစ်ချောင်းလှမ်းပေးလိုက် ရင်း ..။

“ဒီဘက်တွေကို လူစိမ်းတွေလည်း သိပ်မလာရဲကြဘူး၊ သူတို့က လည်း လူစိမ်းဆိုရင် သိပ်မကြိုက်ချင်ဘူး၊ ခုကျတော့ လူစိမ်းမြင်တာနဲ့ ဒုက္ခပေးတာပဲ .. ရာဇ တမင်ခေါ်လာပြီး သတ်ဖြတ်ပြနေတော့ ဒီလူတွေ ပိုရိုင်းလာတယ် ..”

“ဒါဖြင့် ပယင်း တို့ ဒီက ထွက်နိုင်ပါ့မလား .. ရှင့်လက်မှာသည်း ဒဏ်ရာတွေနဲ့ ..”

ပြောလိုက်မိပြီးမှ ဒီဒဏ်ရာတွေ ကိုယ်ပေးခဲ့တာမို့ စိတ်မကောင်း

www.burmeseclassic.com



ဖြစ်သွားမိကာ ..၊

"မနေ့က သွေးပူနေလို့ မသိသာပေမယ့် အခု ဒဏ်ရာကိုပြန်ဆွသလိုဖြစ်ရင် ရှင် ခံနိုင်မှာမဟုတ်ဘူး .."

"ကိုယ့်ကိုယ်ကိုယ် ဦးစားပေးရမယ့်ထဲမှာ သက်တောင့်သက်သာ နေထိုင်ခြင်းကို အစောကြီးတည်းက ထည့်မတွက်ခဲ့တာ .."

သူ့လေသံက မာကျောနေကာ သောက်လက်စအချိုရည်ဘူးကို မီးပုံဘေးမှာ ချထားလိုက်၍ ...

'ပြည့်စုံသာယာဖို့အတွက် လူတွေရုန်းကန်နေကြတာပဲ ဒါပေမယ့် ပြည့်စုံပြီဆိုပြီး ရပ်တန့်နေတဲ့သူမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စိတ်ရဲ့လိုအပ်ချက်မှာ ဂိတ်တံခါးမရှိလို့ပဲ .. လူတွေကို အဝကျူးပြီး သံသရာလည့်စေတာလည်း စိတ်ပဲ .."

သူက ပယင်း မျက်နှာလေးကိုကြည့်ကာ ..၊

"ငါသာ သက်တောင့်သက်သာနေတတ်ခဲ့ရင် ဒီနေ့ နေမျှော်စင်ဆိုတဲ့ဘဝမျိုးကိုတောင် ရောက်လာနိုင်မှာမဟုတ်ဘူး။ ငါ ဘာဖြစ်မှာဘယ်လိုနေမှာ မင်း တွေးပူမနေနဲ့ .. အစတည်းက ငါ့ဘဝက ရေစီးမဲ့ခံပဲ"

"ရှင့်ကိုယ်ရှင် မပူပေမယ့် ပယင်း အတွက် ရှင်မရှိလို့မဖြစ်ဘူးလေ .."

မျက်လုံးချင်းဆုံသွားတော့ ပယင်း ရှက်ကိုးရှက်ကန်းလေးဖြစ်သွားလျက် မျက်နှာလွှဲသည်။ ပြီးမှ ...

"ရှင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့လိုတယ်ဆိုတာ သိစေချင်လို့.."

မပွင့်တပွင့်ပြောပြီး အနေခက်နေသလို ဆံပင်လေးသပ်တော့ မျှော်စင် မျက်နှာလွှဲပစ်လိုက်သည်။

ပြီးတော့ သူလည်း ဘာဖြစ်လို့ လက်ကဆံပင်တွေထဲရောက်သွားသည်မသိ ..။ မိန်းကလေးတစ်ယောက်၏ ရှက်ကိုးရှက်ကန်းအမူအရာ

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ချက်ပေါ်မှာ သူ့ရင်တွေ ဗရမ်းဗတာကြီးလှုပ်ခါသွားခဲ့၏။

သူမကို ပွေ့ပိုက်ထမ်းပိုးပြီး ဂရုစိုက်ပြုစုနေရတုန်းက လှနဲ့အသွေးအသားဟာ ကျောက်စိုင်ကျောက်သားတွေမို့လို့လား ...၊

ဘာမှမဟုတ်ဘူးထင်ရသည့် အကြည့်လေးတစ်ချက်ကြောင့် ...၊

ဒါမှမဟုတ် သူမလေးရဲ့ ပန်းနုရောင်ပါးပြင်လေးတွေကြောင့် ...၊

ဟင်!...

တစ်ဖက်မှာ စူးစိုက်လွန်းကဲသွားမိသည့် စိတ်အာရုံကြောင့် အနီးကပ်ခံစားလိုက်ရသည့် အန္တရာယ်ဆိုသည့်အသိမှာ မြော်စင် တစ်ခုကိုဃယ်လုံးဆတ်ခနဲခါသွား၏။

သွားပြီ ...၊

မျက်လုံးရှေ့မှာ အရိပ်တွေထိုးကျလာမှ ရန်သူကို သူတွေ့လိုက်ရသည်။ ပယင်း လက်တစ်ဖက်ကို ဖျတ်ခနဲဖမ်းဆုပ်လိုက်ကာ ...၊

"မြန်မြန်ထ .."

"ဟင် ..."

"နောက်ကိုဝင်သွားပြီး ပုံးစုတ်တွေကိုဖယ်လိုက်ရင် ခွေးတိုးပေါက်လောက်အပေါက်ရှိတယ်၊ ဟိုဘက်က လှိုဏ်ထဲကို လိမ့်ချသွားပြီး ပုန်းနေလိုက် .."

"သူတို့ ..."

"ဟုတ်တယ် .. ရှေ့မှာရောက်နေကြပြီ .."

"ပယင်း တစ်ယောက်တည်း ဘယ်ပြေးရမှန်းမှမသိတာ .."

"ကိုယ် လာခေါ်မယ် .. မြန်မြန်သွား .."

ပယင်း ကို တွန်းလွှတ်လိုက်ပေမယ့် သူမက ပြန်ဆွဲထားပြီး ခေါင်းခါနေ၏။

"မင်း ခေါင်းခါမနေနဲ့ ဒီကောင်တွေ အထဲမှာလူရှိနေတာသိသွား

www.burmeseclassic.com

www.burmeseclassic.com



ရင် မီးရှို့တော့မှာ ..."

"ရှင်လည်း ပြေးလွတ်မှာမှမဟုတ်တာ .. ပယင်း ရှင်နဲ့အတူတူပဲ နေမယ် .. သေပေ့စေ .."

"တောက် ..."

"ဟင့်အင်း .. ဟင့်အင်း .."

"သွား .. မြန်မြန်ထွက် .."

လက်လေးကို မညှာမတာဆောင့်ဆက်ဆွဲခဲ့ရင်း ခါးကြားမှာ ထိုးထားသည့် ခလုတ်နှိပ်ဓားလေးကို လက်ထဲထည့်ပေးလိုက်ကာ ..၊

"အိတ်ထဲထည့်မထားနဲ့ ထွက်ကျသွားလိမ့်မယ် .. မြဲမြဲဆုပ်ကိုင်ထား .."

ဓားကိုဖွင့်ပြပြီး ပြန်သိမ်း၍ လက်ထဲထည့်ပေးတာတောင် ပယင်းက မျက်ရည်တွေလည်လျက် ..၊

"ပယင်း အဲ့ဒီနားကနေ ဘယ်မှသွားမှာမဟုတ်ဘူး .."

ဘာပြောနေနေ သူ လှည့်မကြည့်တော့ဘဲ ရှေ့ကိုပြန်ထွက်လာခဲ့သည်။ တကယ်တမ်းက အပြင်ကကြည့်လျှင် တစ်ဝဂူနဲ့ တူနေပေမယ့် ကုန်းမြေမို့နေတာဖြစ်သည်။

ဝှမှာ ကျောက်သားလို ညီညာမာကျောနေလျက် နောက်ပိုင်းမှာ မြေသားတွေပဲဖြစ်၏။ နောက်ကိုထွက်လို့ရသည်ထင်ဖွယ်မရှိအောင် သူကိုယ်တိုင် ကြိုးစားပုံဖော်ထားခဲ့တာ ဒီနေ့တော့ လက်တွေ့အသုံးဝင်ခဲ့ပြီဖြစ်သည်။

ဘတ္တရီအိုးတွေကိုကျော်ခွပြီး ပစ္စည်းပုံကြီးနဲ့တူအောင် ချက်ချင်း ပြန်ပိတ်လိုက်သည်။ ပြီးတော့ နှစ်ယောက်ရှိနေခဲ့သည့် လက်စတွေ အားလုံးကို ဖျောက်ဖျက်ပစ်၍ ..၊

"အထဲမှာ လူရှိနေမှန်းသိရဲ့သားနဲ့ ဘာလို့ရပ်စောင့်နေသေးတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ .."

သူ စပြီး စိန်ခေါ်လိုက်၏။ မရှေးမနှောင်းမှာပဲ ခြံစောင့်တာတောကြီး ပေါ်လာကာ ဂူဝမှာ ခြေရပ်၍ ကားကားကြီးခါးထောက်ရပ်လိုက်ပြီး ...

"ဟိုကောင်မ ဘယ်မှာလဲ .."

"ဘယ်ကောင်မလဲ .. ဘာတွေလာမေးနေတာလဲ .."

"နင် လိမ်မနေနဲ့ အဲဒီကောင်မကို နင် ခေါ်ထုတ်သွားတာ .."

အိမ်ထဲမှာ လူတွေထပ်ပုံလဲနေအောင် မိန်းကလေးတစ်ယောက်က မစွမ်းဆောင်နိုင်တာ သိသာပေမယ့် ...၊

"ဘာတွေဖြစ်နေလဲလို့ ငါဝင်ကြည့်တာ၊ ဘာမှန်းမသိဘဲ မင်းတို့ပဲ ဝိုင်းဆော်ကြတာ .."

တကယ်လည်း ပယင်း ကို သူခေါ်သွားတာမှမဟုတ်ဘဲ ...၊ ထို့ကြောင့် ...

"နေမျှော်စင် နင် .. နင် .. ငါ့ကိုလုပ်သွားတာ ငါ မကျေဘူးနော်.."

ဂူပေါက်ဝမှာ နေရောင်နှင့် အရိပ်တွေထိုးကျနေတာ မြင်နေရသော်လည်း သူ့ရှေ့ရောက်လာတာက ခြံစောင့်ကြီးတစ်ယောက်ပဲဖြစ်ကာ ...

"အပေါ်ခန်းမှာလည်း ကိုရာဇ ကို အခန်းထဲထည့်ပိတ်သွားတယ်.."

သူတို့မှာ တစ်ညလုံး ရာဇ ရဲ့ အမိန့်ကိုစောင့်ရင်း ပယင်းရောင်ဆိုသည့် မိန်းမနောက်ကို ညွှန်ကြားချက်မဲ့လိုက်နေခဲ့ရ၏။ တကယ်ဆိုနေရာတကာ ဝင်ရှုပ်နေမှန်းသိသိနှင့် နေမျှော်စင် သတ္တဝါကို ခွင့်လွှတ်ထားခဲ့ရတာ သူတို့မကျေနပ်ခဲ့ကြပေ ...။

ညကတော့ တစ်အိမ်လုံး တစ်ယောက်တည်း ဝင်မွှေသွားတာ အားလုံးအနာတရနှင့် ...၊

"တာတေ .. မင်းဖယ် .."

တာတေ ရှေ့မှာ ရာဇ မျက်နှာပေါ်လာခဲ့၏။ ပြီးတော့ အလျှိုအလျှို

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြူလာကြကာ ဂူဝမှာရပ်နေသည့် မျှော်စင် ရှေ့မှာ ထွက်လမ်းကို ပိတ်ဆို့ထားပြီးသားဖြစ်လျက် ...

"ဘာမှန်းမသိဘဲ ဗိုင်းဆော်ခံလိုက်ရတာ မင်းလား .."

"ဟုတ်တယ် ရာဇ .. ငါဘယ်လိုနေနေ ငါ့မျက်နှာမြင်လိုက်တာနဲ့ မင်းတို့မျက်လုံးတွေက အချင်းချင်းသံချောင်းခေါက်နေကြတာ .."

"ဒါကြောင့် ငါ့အဖေကိုသတ်ပြီး တစ်အိမ်လုံးကို ဒုက္ခပေးသွားတာပေါ့ .. ဟုတ်လား .."

မေးခွန်းထုတ်နေသည့် ရာဇ မျက်နှာက တဖြည်းဖြည်းနီရဲလာခဲ့လျက် ...

"မင်းက ဖအေကိုတောင်သတ်တဲ့ကောင်ဆိုတော့ .."

"လျှောက်ပြောမနေစမ်းပါနဲ့ .. သိတဲ့လူတွေကို မင်း ပြန်မေးကြည့်ဦး .."

ပြောပြီး မျှော်စင့် အကြည့်တွေက ခြံစောင့်တာတေ နဲ့ တခြားလူတွေဆီရောက်သွားသည်။ တာတေ ကလည်း ရူးရူးရဲရဲပြန်ကြည့်နေ၏။

"ငါ မသတ်ဘူးဆိုတာ မြင်တဲ့လူတွေ အများကြီးရှိတယ် .."

"နင် သတ်တာ .. နင်နဲ့ ဟိုကောင်မနှစ်ယောက် ပေါင်းသတ်သွားတာ ငါတို့အားလုံးမြင်တယ် .."

"ဟုတ်တယ် .. ဟို မိန်းမယုတ်နဲ့ သူနဲ့ .."

မျှော်စင့် ကို မုန်းသော အမုန်းငြိုးတွေက မျက်နှာကိုတည့်တည့်ကြည့်၍ မဟုတ်ကမ်းကရားလိမ်ညာပုံချပြောတဲ့အထိ ပြင်းထန်နေခဲ့ပြီး...

"မြမ်းခေါ်မနေနဲ့ .. နှစ်ယောက်စလုံးကို ဂူပိတ်သတ်ပစ် .."

"အထဲမှာ ဟိုမိန်းမရှိတယ် .. မီးဟုတ်ပစ်ထည့်လိုက် .."

နေရောင်ခြည်အောက်မှာပဲ သူတို့ကိုင်ထားသည့်တုတ်တွေ ...မီးခက်တွေတဟဲဟဲနှင့် မီးတုတ်တွေဖြစ်သွားခဲ့၏။ ထိုပြင် ... ပုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုင်ထားသူတွေက ကျည်ထိုးသံပေး၍ ..။

"ဟွန်း .. ညတည်းက နှစ်လုံးပြူးစာကျွေးပစ်ရမှာ .."

မကျေမချမ်း ကြိမ်းဝါးသံတွေ သူ့ထက်ငါ တိုးမပေါက်အောင်ထွက်လာခဲ့၏။ သို့သော် ခား သေနတ်တွေသာ တဆဆပြင်နေကြပေမယ့် ရာဇ ကို ကျော်၍ ရှေ့ကိုတစ်ယောက်မှ တက်မလာခဲ့ပေ။

"အထဲမှာ ဘယ်သူမှမရှိဘူး ရာဇ .. ငါက တစ်ယောက်တည်းသမားဆိုတော့ မှန်တာမှားတာလည်း ဘာမှပြောခွင့်မရှိဘူး၊ အဲ့ဒီတော့ မင်းသဘောအတိုင်း မီးပဲရှို့ရှို့ မြေပဲလှန်လှန်ကြိုက်သလိုလုပ်ပါ .."

တစ်ခွန်းမှမပြောဘဲ စိုက်ကြည့်နေသည့် ရာဇ မျက်နှာကို မျှော်စင်က လှောင်ပြုံးနှင့် ပြန်စိုက်ကြည့်ကာ ..။

"မင်းမှာ အင်အားကြီးတာပဲ .."

"မင်းလိုကောင်ကို ဖနောင့်နဲ့ပဲ ပေါက်သတ်သတ် ချေးတွင်းထဲပဲကန်ချချ မတရားသဖြင့်ဆိုတာမရှိဘူး .."

"မတရားသဖြင့်ဆိုတာ သိနေတဲ့လူတွေ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်တဲ့စကားမျိုးတွေပါ၊ ဒါပေမယ့် မင်းအတွက်က ရဲဆေးမလိုပါဘူး၊ မင်းလက်ထဲမှာ တရားတာ ဘာမှမှမရှိခဲ့တာ .."

ဖြူဖတ်ဖတ်တင်းနေသည့် ရာဇ မျက်နှာက ပန်းရောင်ဖျန်းခနဲလွှမ်းသွား၏။ ပြီးတော့ အံကြိတ်လိုက်ကာ ..၊

"မင်းကတော့ တရားသောအလုပ်တွေလုပ်နေတဲ့သူပေါ့ .."

"ကိုယ့်ကိုယ်ကိုယ်သိဖို့ပဲ လိုတာပါ .."

"မင်း ဒီကိုရောက်လာတည်းက မင်းရင်ထဲမှာပါလာတာ ဒီကလူတွေအတွက် ကောင်းကျိုးဘာပါသလဲ .."

"ဟား .. ဟား .. ဟား .."

မျှော်စင် က ဟားတိုက်ရယ်သည်။ ပြီးတော့ ခါးကြင်းဖက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



၍ ...

"မင်းရပ်နေတဲ့ ကြိုးဝိုင်းထဲကို ငါ ဝင်လာတာလေ ရာဇ ... ဟွန်း... ဖုံးကြပါမယ်ဆိုမှ ကောင်းကျိုးပေးမှာလား လာမေးနေတယ်ကွာ ..."

"ဟိတ်ကောင် ..."

ရာဇ မတည်ငြိမ်နိုင်တော့ဘဲ ရှေ့ကိုခြေလှမ်းတက်ပြီး ပိတ်အော်၏။

"ငါလိုချင်တာ မင်းကိုယ်မှာရော လိမ်ညာကောက်ကျစ်မှုတွေ ပါမလာခဲ့ဘူးလား ...၊ အဖေ ခေါ်ချင်တာလိုလို ငွေလိုချင်တာလိုလို ကောက်ကျစ်ဉာဏ်များပြီး ဒီနေရာမှာ ကျောတစ်ခင်းစာယူဖို့ မင်း တောက်လျှောက်ဟန်ဆောင်ခဲ့တာ ..."

"ငါ ဟန်မဆောင်ပါဘူး၊ မင်းတို့ဘာတွေလုပ်နေသလဲအစက သိပ်မသိခဲ့ဘူး ... ဒီရောက်တော့ သေချာသိသွားတယ်၊ မင်းတို့က မကောင်းမှုတွေကို ပျော်ပျော်ကြီး ကျူးလွန်နေပေမယ့် ငါက မကျူးလွန်သင့်ဘူးထင်လို့ တားခဲ့တယ်၊ အဲဒီမှာ ငါ့ဘက်က ရှင်းတယ် ..."

"ခုနကအထိ မင်း မရှုပ်ပါဘူးလို့ ငြင်းနေတုန်း မျှော်စင် ... မင်းအဲ့ဒီလောက်ထိပြောင်မလိမ်ချင်နဲ့ ..."

ပြောပြီး ရှေ့ထပ်တိုးကာ ...၊

"မင်း ငါ့ကို ချောင်းမြောင်းလုပ်ကြံပြီး ငါ့အိမ်မှာ ဝင်မွှေသွားတာ"

ပြောနေရင်း သူ့မျက်လုံးထဲမှာ မီးပွင့်သွားတာ ခုထိသတိရနေမိသည်။ 'ရာဇ' လို့ နောက်ကနေ ပန်းတို့ခေါ်လိုက်တော့ ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။

မျှော်စင့် မျက်နှာကို တိတိပပမြင်လိုက်ရပြီးမှ မျက်လုံးထဲမှာ [illegible]င်းခနဲ ...။

"ငါ မင်းကို ကွယ်ရာကနေတိုက်ခိုက်ခဲ့တာ မဟုတ်[illegible]ထင်တယ်"

သူတွေးနေတုန်း ဒါပဲထပ်ပြောလိုက်တော့ [illegible] အံကြိတ်တာ

www.burmeseclassic.com

www.burmeseclassic.com



အသံတွေပါမြည်၏။

"မင်းနဲ့ငါ ဘာလက်နက်မှမသုံးဘဲ ရင်ဆိုင်ခဲ့ကြတာ .."

"မင်းရင်ထဲမှာ ဒီမိန်းမတွေအတွက် ခုလောက်ထိကြိုတင်ပြင်ဆင်ထားခဲ့မှန်း မသိခဲ့လို့ပေါ့ မျှော်စင်၊ ဟိုကောင်မလေးတွေတုန်းကတော့ မင်းက ဟန်ဆောင်ကောင်းခဲ့တာပဲ ဟွန်း .. ပယင်းရောင် ကတော့ သိပ်လှနေလို့ထင်တယ် .. ငါ့ဆီက မစို့မပို့ပဲရမယ်လို့ တွက်လိုက်တဲ့ ဝှံ့ပဲ .."

သူ ထင်ကြေးတွေနဲ့ပြောရင်း ပခုံးတွန့်လိုက်မဲ့လိုက် လုပ်နေပေမယ့် မျှော်စင် က ဘာမှဝင်မဖြေရှင်းပေ။

"ဒါပေါ့ ပယင်းရောင် က အရမ်းချမ်းသာတဲ့ တစ်ဦးတည်းသော သမီးကို၊ သူ့ကိုအသက်စွန့်ကယ်ရတာ ကယ်ရကျိုးနပ်နိုင်တယ်လို့ ဆင်စရာပဲ .. လူလည်ရမယ် သူဌေးသမက်လည်းဖြစ်မယ်၊ ဒါကြောင့် မင်း ငါ့အရိပ်ကို စုံလုံးကန်ပြီး အပြတ်အသတ်ဆန့်ကျင်ခဲ့တာ .."

ပြောနေရင်း မေးဆတ် ခါးထောက်ကာ ..၊

"မင်း မကြောက်တတ်ပါဘူး၊ အခု ပြေးမလွတ်မှန်းလည်းသိပြီဆိုတော့ အမှန်အတိုင်းဖြေစမ်းပါ၊ ပယင်းရောင် ဘယ်မှာလဲ .."

"သူ တစ်နေရာမှာရှိနေမှာပေါ့ .."

"ဟိတ်ကောင် .. ခွေးသူခိုး (...) မသား .."

ဆဲသံတွေ မျိုးစုံသွားသည်။ မီးတုတ်တွေတဝှေ့ဝှေ့ဖြစ်လာကြ၏။ နေလုံးကြီးက အနောက်ကျွန်းသို့ ငှမ်းထိုးဆင်းဖို့ပြင်နေပြီပေမယ့် မီးတုတ်တွေ၏ အပူရှိန်က နေမွန်းတည့်ထက်ပြင်းရှနေ၏။

ပတ်ဝန်းကျင်တစ်ပိုက်မှာ အပူငွေ့ကြောင့် သစ်ရွက်ခြောက်တွေဆောင် တဖြောက်ဖြောက် ရှန်းကြွလှုပ်ခတ်နေလေသည်။ သို့သော် ရာဇ၏ လက်နောက်ပြန်ပြ၍ တားဆီးလိုက်သည့်ဘက်မှာ လူတွေရှေ့သက်နက်

www.burmeseclassic.com

www.burmeseclassic.com



တွေပါ လှုပ်ရှားမှုတွေ ရပ်တန့်သွားခဲ့ကြ၏။

ပြီးတော့ နောက်ကို အနည်းငယ်ထပ်ဆုတ်သွားကြသဖြင့် မျှော်စင်က ဂရုမစိုက်သလို မဲ့လိုက်ပြီး ..၊

"မင်းရဲ့လူတွေရော မီးတုတ်တွေရော ဒီနေရာမှာ ဟန်ရေးပြနေတာ အလကားပဲ ရာဇ .. ခုလောက်ဆို ငါ လျှို့ဝှက်သိထားတဲ့လမ်းက နေလွတ်လိုက်တာ ပယင်း က အတော်ဝေးဝေးကိုရောက်နေလောက်ပြီ.."

"အပိုတွေပြောပြီး လေသလပ်မနေစမ်းပါနဲ့၊ ဒီတောမှာ ငါနေလာတာ နှစ်ပေါင်းမနည်းတော့ဘူး .."

"ဒါပေမယ့် မင်း ခွေးပြေးပြေးရမယ်ဆိုရင် ဘယ်လိုပြေးရမလဲလို့ တွေးခဲ့ဖူးသလား .."

ရာဇ ငေးငိုင်သွားသည်။ မျှော်စင် ကရယ်၍ ...

"ပြေးလမ်းဆိုတာ ပြေးနေတဲ့လူပဲသိတာ၊ ငါက တစ်ယောက်တည်း လာခဲ့တဲ့လူ၊ ငါ့ကိုယ်ငါ သေဖို့ရှင်ဖို့ နှစ်လမ်းရဲ့အလယ်မှာထားပြီးသားပဲ၊ မင်းကိုယ်မင်း ဒီနေရာက ရှင်ဘုရင်လေးလို့ထင်နေရင်တောင် ငါက စစ်သေနာပတိ .."

"ဘာကွ .."

"အခု သူပြေးသာအောင် မင်းကို ငါ အချိန်ဆွဲထားနိုင်ခဲ့တယ် .."

ရာဇ မျက်နှာကြီး ဖြူတစ်လှည့်နီတစ်လှည့် ဖြစ်လာတဲ့အထိ ဒေါသ ပွက်ပွက်ဆူလာခဲ့သည်။

"မင်း ငါ့ပရိယာယ်ထဲမှာ ပိတ်မိသွားတာပြင်းမလား .."

အားလုံး၏မျက်လုံးတွေ ပတ်ဝန်းကျင်မှာ ကျီးကန်းတောင်းမှောက် ဖြစ်ကုန်ကြသည်။ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသော်လည်း ရာဇ ၏ အသံ တိတ်နေသဖြင့် ရှေ့မတိုးကြသေး။

"ခုနေ လိုက်ရှာကြရင် မီနိုင်သေးပေမယ့် မင်း သူတို့ကို လူခွဲလွှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် တစ်ယောက်တည်းကျန်ခဲ့မှာပေါ့ ..၊ ဒါမှမဟုတ် အင်အားနည်းသွားမှာစိုးရိမ်နေတယ် ..''

''မင်းက ဘာကောင်မို့လို့ ငါက ဂရုစိုက်နေရမှာလဲ .. ဟိတ်ကောင် ထွက်လိုက်စမ်း ..''

''ဟား .. ဟား .. ဟား ..''

မျှော်စင် က ရယ်ကာ ..၊

''ဘာလဲ သွားရှာခိုင်းတော့မလို့လား .. ဒါလည်း ပရိယာယ်ပဲဆိုရင် မင်း နှစ်ခါနာမှာနော် .. အရှင်းဆုံးက မင်းလူတွေကို ဒီမှာပဲထားလိုက်ပါ၊ ဒါပေမယ့် မင်း ငါ့ကိုယှဉ်ပြိုင်ခွင့်တော့ပေး ..''

''ငါသိတယ် မျှော်စင် .. မင်း ဒါကိုလိုချင်လို့ လှည့်ပတ်ရိုက်နေတာ ..''

''ငါပြောမှ မင်း သိသွားတာပါ၊ အဲဒါထားလိုက် အခု ငါ စိန်ခေါ်တာ မင်း လက်ခံလား ..''

''လက်မခံနဲ့ ရာဇ ..''

''ဟုတ်တယ် ကိုရာဇ .. အချိန်ကုန်တယ် ..''

''ဒီကောင်က ဘာမို့လဲဟ .. တစ်ခါတည်းရိုက်သတ်ပစ်ရုံပဲဟာ..''

ရာဇ ကလည်းသိသည်။ ဒါပေမယ့် စိန်ခေါ်တာကို ငြင်းရမှာက ဂုဏ်သိက္ခာကို ... ပိုဆိုးတာမို့ ခေါင်းညိတ်လိုက်ကာ ..၊

''မင်း ဘာလိုချင်တာလဲ ..''

''ငါ နိုင်ရင် မင်း ငါ့ကို ကားသော့ပေးရမယ်၊ လွှောလွှောလျှူလျှူ ထွက်သွားလို့ရအောင်ပေါ့ ..''

''ဘာ ...''

''ပယင်း ကို မင်းလည်းရှာ၊ ငါလည်းရှာမယ် .. ဒါပေမယ့် ငါရှာနိုင်ရင် မင်း မတားရဘူး ..''

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုတောင်းဆိုလို့မရဘူး .."

"ခုတည်းက မင်း ရှုံးမှာကို သိနေတဲ့အတိုင်းပါလား .."

"တောက် ..."

ရာဇ ဘယ်လိုမှ မထိန်းချုပ်နိုင်ဘဲ ..၊

"ရော့ .."

ဘေးမှာကိုင်ထားသည့် တစ်ယောက်လက်ထဲက သေနတ်ကိုဆွဲယူလိုက်ပြီး ပစ်ပေးလိုက်၏။ မျှော်စင် ကမန်းကတန်းဖမ်းထားလိုက်ပုံကြောင့် ခပ်မဲ့မဲ့ပြုံးကာ ..၊

"ကျည်ပြန်ထုတ်ထားလိုက် .. ဒီဘက်က သေနတ်သံကြားမှ ကျည်ထိုးပြီးပစ်မယ် .."

"ဘယ်ကိုပစ်ရမှာလဲ .."

"ခြေထောက်တွေကိုပဲ .."

ပြောပြီး သဘောကျသလိုရယ်ကာ ..၊

"တစ်ယောက်ယောက်ကိုတော့ ထိသွားမှာပဲ .."

"ငါက မင်းကိုထိအောင်ပစ်နိုင်ရင် ငါပြောတဲ့အတိုင်း အပေးအယူဖြစ်ပြီပေါ့ .. မင်း ကတိပေးလား .."

"ဟား .. ဟား .. ဟား .."

တောထဲမှာ သေနတ်နဲ့သူက ကျွမ်းဝင်ပြီးသားပါ။ မျှော်စင် ခုနက သေနတ်ကိုဖမ်းပြီး အလန့်တကြားငုံ့ကြည့်လိုက်တာ ပြန်မြင်ယောင်ကာ ရာဇ က အားပါးတရရယ်မဆုံးနိုင် ..။

ထို့ကြောင့် အထင်မြင်သေးသောအကြည့်တို့နှင့် ..၊

"လုံးဝပေးတယ် ဟိတ်ကောင် .. မင်းကိုယ်မင်း သိပ်အထင်ကြီးနေလား .."

"ငါ့ကိုယ်ငါ အထင်မကြီးလို့ရမလားကွ .. ငါလေ့မှ မင်းကိုနိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မင်းက ဝိတ်နဲ့ဖိနိုင်တဲ့ကောင်ဆိုတော့ ငါနိုင်ရင်တောင် ..”

“ပွဲမနေနဲ့ .. မင်းကို ထွက်သွားခွင့်ပေးမယ့်အပြင် ငါ နုပ်နုပ်စင်း ပစ်ချင်အောင်မုန်းနေတဲ့ ငါ့ရဲ့ ရန်သူတော် ပယင်းရောင် နဲ့ ငါ့ကားပါ မင်းကိုပေးလိုက်မှာ ..”

မျှော်စင် က သေနတ်ကို ဖင်ပြန်ခေါင်းပြန်ကြည့်နေလျက် သူ့ဆီ ချက်လုံးရောက်လာကာ ..၊

“အကျွာအဝေးက ..”

“ဒီတိုင်းတော့ ဘယ်ရမလဲ ..”

ပခုံးတွန့်ဖြေပြီး သူ ဒီတိုင်းနောက်ဆုတ်သွား၏။ ဒီအခြေအနေကို သဘောကျသွားကြတာ အားလုံးပဲဖြစ်ကာ ခြံစောင့်ကြီးတာတေ သည် သာ မျှော်စင့် မျက်နှာပေါ်က ကောက်ကြောင်းတွေ လှုပ်ရှားနေသမျှ အကဲခတ်အံကြိတ်ရင်း မကျေချမ်းနိုင် ..။

မျှော်စင့် မှာ လျှို့ဝှက်ချက်တွေရှိနေတာ သူသိနေသည်။ ဘယ် လောက်များနေသလဲဆိုတာ ကြာလေ မခန့်မှန်းနိုင်လေဖြစ်ခဲ့ရတာ အခြေ အနေတွေ ဒီလောက်ထိဆိုးအောင်လည်း မွှေနှောက်ထားခဲ့ပြီးပြီ ..၊

ခုလည်း ရာဇဝွား ကို မလှုပ်နိုင်အောင်ချည်တုတ်ပြီး သေဆားက လွတ်ဖို့ ကြိုးပမ်းနေပြန်ပြီ။ ဘာပဲဖြစ်ဖြစ် ရိုက်သတ်ပစ်ဖို့သာရှိတော့ သည့်အနေအထားထဲက လူကိုယုဉ်ပြိုင်ခွင့်ပေးဖို့လိုသလား ..။

ဘယ်လိုမှ သဘာဝမကျတာကို တွေးမိလေ စိတ်တိုနေမိလေ..။

အားလုံးသည် မျှော်စင် သေနတ်တောင် မကိုင်တတ်ဘူးလို့ထင် ကာ အထင်မြင်သေးစွာစောင့်ကြည့်နေကြတာဖြစ်သည်။

“တာပေါ ငါးဆိရေပြီး ထောင်ပစ်မယ် ..”

“ဟုတ်ကဲ့ပါ ..”

ဒီနေရာမှာ တိုင်းရင်းသားတွေများပေမယ့် ကိုယ်ခေါ်ရလွယ်အောင် မြန်မာနာမည်တွေ ခပ်ဆင်ဆင်ပဲ ကိုယ့်ဘာသာပြောင်းခေါ်ခဲ့တာမို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကလည်း သူ သင်ပေးထားတဲ့အတိုင်း စကားဝဲနေတာတွေတောင် ကြိုးစားပြုပြင်ခဲ့ကြသည်။

ရာဇ စိတ်ထဲမှာ ဒီတစ်ခုတော့ အားမလိုအားမရဖြစ်မိ၏။

'တပည့်ကောင်းတော့ ဆရာအာပတ်လွယ်သည်' ဆိုသည့် ဆိုရိုးစကားရှိခဲ့သည်။ ရိုးသားတဲ့လူတွေကို လွယ်လွယ်လေး ထိန်းချုပ်ခဲ့တုန်းက ကျေနပ်ခဲ့ရသလောက် ရိုးလွန်းတော့ 'အ' ပါလားလို့တွေးမိပြီး ဒီနေရာမှာ စိတ်ပျက်မိ၏။

ရှေ့မှာ သူ ဘာကာတိတွေနဲ့ အပေးအယူအလဲအလှယ်တွေလုပ်နေပါစေ အားလုံးက သေနတ်မောင်းပေါ်လက်တင်ထားပြီးသား ဖြစ်နေစေချင်၏။ ခုတော့ ...

"မင်း အိုခေလား .."

မျှော်စင် က သေနတ်ကိုကျည်ထုတ်ပြီးမှ ဆကြည့်လိုက် ချိန်ကြည့်လိုက် လက်တည့်စမ်းနေ၏။ ရာဇ က မေးမှ လှမ်းကြည့်ကာ ...

"အိုခေပေမယ့် မင်းနေရယူတာ မဝေးလွန်းဘူးလား .."

"အဲဒါကို မင်း ရွေးချယ်ခွင့်မရှိဘူး .."

နှစ်ယောက်အကွာက ဆယ့်ငါးကိုက်သာသာလောက်ပဲရှိလိမ့်မည်။ ရာဇ အတွက်က အမဲလိုက်နေကျ ကိုယ့်လက်ကို ယုံကြည်ပြီးသား ...၊

စက်မှုအင်ဂျင်နီယာဆိုသည့် မနေ့တစ်နေ့ကမှ တောကိုနင်းဖူးသော နေမျှော်စင် သည်သာ ...၊

"ဝမ်း .. တူး .. ဖိုက်(ဗ်) .."

"ဒိုင်း .."

"ဒိုင်း .."

"ဒိုင်း .."

အွန်လိုက်သည့် သေနတ်သံ၏နောက်မှာ သေနတ်သံနှင့်ချက် ရှေ့ဆဖို့နောက်ဆင့်ထွက်ပေါ်လာခဲ့ပြီး ...၊

www.burmeseclassic.com

www.burmeseclassic.com



"ရာဇ .."

"ဟိတ်ကောင်ရပ် .."

မထင်မှတ်သည့်အရှုံးကို ရင်ဆိုင်လိုက်ရခြင်းမှာ အားလုံးတဒင်္ဂကြက်သေသေသွားခဲ့ကြ၏။ ရာဇ 'အား' ခနဲညည်းညူပြီးခွေကျသွားချိန်တွင် မျှော်စင် က အနားကိုလေဟုန်စီး၍ ရောက်လာသကဲ့သို့ ..၊

"မင်းတို့သူဌေးရဲ့ နားထင်ကို တိုးယိုပေါက်ပွင့်သွားအောင် ပစ်ချလိုက်လို့ရတယ်နော် .. ငါ့ကို ပစ်ရဲရင်ပစ်ကြည့် .."

သေနတ်ပြောင်းဝကို ရာဇ မျက်နှာဆီထိုးချိန်ထားကာ အနားကိုတဖြည်းဖြည်းကပ်၏။

ပြီးတော့ ပေါင်ကိုဖိထောက်ပြီး ရှုံ့မဲ့တွန့်ကွေးနေသည့် ရာဇ ကိုတစ်ဖက်လက်နဲ့ဆွဲထူပြီး သေနတ်နဲ့ ကပ်ထောက်ထားလိုက်ရင်း ..၊

"ကားထုတ်ပေးဖို့ အမိန့်ပေးလိုက် ရာဇ .. ငါတို့လွတ်ကျွတ်တဲ့နေရာရောက်ရင် မင်းကို ချထားခဲ့မှာ .."

ရာဇ ဘာမှစောဒကမတက်ဘဲ ခေါင်းတစ်ချက်ဆတ်၍ ဖယ်ရှားခိုင်းလိုက်သည်။ အခြေအနေသည် နေသာသည်မိုးအုံ့သည်မမည်ဘဲ လင်းလည်းမလင်း မှောင်လည်းမမှောင် ..။

သို့သော် ...

"တောက် ..."

ကားပေါ်ကို ပယင်း ရောက်လာသည့်အခါမှာ ရာဇ နာကြည်းသည့်တက်ခေါက်သံနှင့် ..၊

"မင်းတို့ပြေးနိုင်ရင်ပြေးကြပေါ့ အတောင်ပံပါရင်တောင် မလွတ်စေရဘူး .."

နောက်ခန်းထဲမှာ ကြိုးတုပ်ခံထားရရင်း ကြိမ်းဝါး၏။ ပယင်းသူ့မျက်နှာကို ရှုံးရှုံးရဲရဲပြန်လှည့်ကြည့်လျှင် မျှော်စင်က ကားမောင်းနေရင်း ငဲ့ကြည့်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက် .."

သူ့ရဲ့ တားဆီးသံကြောင့် ပယင်း က မျက်နှာလွှဲ၍ ရှေ့ပြန်လှည့်ပေမယ့် ...၊

"မင်းကြောက်ရင် ငါ့ကို တစ်ခါတည်းသတ်ပစ်ခဲ့ မျှော်စင် .. ပြီးမှနောင်တမရနဲ့ .."

"ကြောက်ကြောက် မကြောက်ကြောက် ငါ ကတိတည်မှာပါ .."

ကားကို လမ်းမကြီးပေါ်ထွက်လာနိုင်အောင် တလကြမ်းမောင်းနေခဲ့ရသည်။ နောက်က ကားသံတွေဆူညံစွာပါလာသဖြင့် ဘက်မ်မှန်ထဲကနေ လှမ်းကြည့်ပြီး သက်ပြင်းတစ်ဝရှိက်လိုက်သည်။

"မင်းမှာ ရေဒါဖုန်းပါတယ်မို့လား ရာဇ .. မင်းကောင်တွေ ငါတို့လွတ်မြောက်ခွင့်ရတဲ့အထိ အချိန်မပေးရင် ငါလည်းမင်းကိုချပေးခဲ့မှာမဟုတ်ဘူးဆိုတာပြောလိုက် .."

လွတ်မြောက်ခြင်းအတွက် အမျိုးမျိုးကြိုးစားနေရကာ မိုးမချုပ်ခင်သမ်းမပေါ်ရောက်လာခဲ့သည်။ ရာဇ ကိုလည်း ချထားပေးခဲ့၏။

သူလည်း ကတိတည်ခဲ့သလို ရာဇ ကလည်း ပြောခဲ့သည့်အတိုင်း...၊

"ဒိုင်း ..."

"ဒိုင်း .."

"ပစ်ပြီ .."

ကားကို မြွေလိမ်မြွေကောက်မောင်းနေရင်း ...၊

"ခေါင်းငုံ့ထား .."

ပြောရင်း ပယင်း ခေါင်းကိုအလျင်စလိုလက်နဲ့ လှမ်းဖိပစ်လိုက်ကာ ...၊

"ဒုန်း .."

"အ .."

"နည်းနည်းအောင့်ထားဦး ကားလမ်းမကြီးပေါ်တက်ပြီးရင်တော့

www.burmeseclassic.com



ဒီလူတွေ မပစ်ရဲတော့ပါဘူး၊ ရဲကင်းကားတွေ ဒီဘက်ကိုမကြာခဏ ဖြတ်တာ .."

"ဒုန်း .. ဒုန်း .."

လမ်းက ကျယ်ပေမယ့် မညီညာကြမ်းတမ်းနေသောကြောင့် ကားက လည်း ကဆုန်ပေါက်နေတော့သည်။ လမ်းမပေါ်ကို အားပါးတရခေါင်း တက်ခဲ့ပြီး စိတ်အေးမလို့ ကြံကာမှ ..၊

"ဒိုင်း .."

"ဖောင်း .."

"အား .."

"သတိထား .."

ကားဘီးကို ပစ်ဖောက်ခံလိုက်ရကာ အမြန်ပြေးနေသည့်ကားက ဆင်ကန်းတောတိုးလိုခါးယမ်းသွားခဲ့ပြီး ..၊

"ကျွဲ .. ဂျိမ်း .."

"ဒုန်း ..."

လမ်းဘေးချောက်ကြီးထဲကို ကားကဂျွမ်းထိုးဆင်းသွားလေသည်။

'ပယင်း ..'

လူတစ်ကိုယ်လုံးကို တစ်ယောက်ယောက်က ခြေထောက်ကဆွဲပြီး ကိုင်ရိုက်နေသလိုတုန်ယင်နေ၏။ နာကျင်မှုတွေက ပြောမပြတတ် အောင်ရှိလျက် အော်တာလည်း အသံမထွက် ..။

စကားပြောလို့လည်း မရ ..၊

သို့သော် မျှော်စင် လဲ နေရာကနေ အတင်းလူးလဲထရပ်၏။ မရပ် နိုင်ဘဲအကြိမ်ကြိမ်ခွေကျနေပေမယ့် 'ပယင်း' ကို မျက်လုံးတွေက ရှာမှု လို့မတွေ့သမျှ ခြေထောက်တွေကို ညာတာရမှန်းမသိ ..။

နောက်ဆုံးမှာ သိလိုက်တာက လမ်းနှုတ်ခမ်းအောက် ဆင်ခြေလျှော မှာ သူ မတ်တတ်ရပ်မရဘဲ ဖြစ်နေခဲ့သည်သာ ..။

www.burmeseclassic.com

www.burmeseclassic.com



ပယင်း ဘယ်မှာလဲ ...။

ကားနဲ့အတူ ပါမသွားအောင် ပယင်း ကို သူ တွန်းချပစ်လိုက်တာ တောင်အောက်ကျသွားအောင် တမင်လုပ်လိုက်သလိုဖြစ်ခဲ့ပြီးလား ...။

"ပယင်း ..."

အော်ခေါ်လိုက်ပေမယ့် အသံက ပုရစ်သံလောက်ပဲထွက်၏။ ဆင်ခြေလျှောက ခပ်ပြေပြေမို့ သူ လျှောချဆင်း၍ ပယင်း ကို ရှာဖွေနေမိစဉ် နဖူးကနေ စေးပျစ်ပူနွေးသည့် သွေးစီးကြောင်းက မျက်လုံးတစ်ဖက်ကို ထပ်မံနှောင့်ယှက်ပြန်သည်။

သွေးကို သုတ်ပစ်ပြီး မျက်လုံးကို အစွမ်းကုန်ပြူးပြဲကြည့်ပေမယ့် အမှောင်ထုဖုံးလွှမ်းနေပြီဖြစ်သည်။ ပတ်ဝန်းကျင်ကို ဘာမှမမြင် ထိုစဉ်...။

"ဝုန်း .."

ရဲခနဲ မီးတောက်ကြီးတစ်ခု တဲလုံးလောက်ထိုးတက်လာ၏။ ပတ်ဝန်းကျင်တစ်ခွင်မှာ လျှပ်စီးလက်သွားသလို ရွှေဝါရောင်အလင်းတွေ ခဏတစ်ဖြုတ်ဝင်းထိန်သွားခဲ့၏။

"ပယင်း .."

ကားမီးလောင်သွားတာကို ထိတ်လန့်သွားစဉ် ထိုမီးရောင်ကြောင့် ပယင်း ကို သူ တွေ့လိုက်ရ၏။ ချောက်ကမ်းပါးလို မတ်စောက်သွားသည့် တောင်စောင်းထိပ်က ကျောက်တုံးကြီးပေါ်မှာ ပယင်း ..။

သူမ မမြင်မစမ်း ကယောင်ကတမ်းသာ လူးလွန့်လိုက်ပါက နှစ်ချက်လောက် ကိုယ်လှည့်လိုက်တာနဲ့ မတွေးရဲစရာ ..။

စိုးရိမ်စိတ်နှင့် ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်ခြင်းကြောင့် ပယင်း ကို မြင်လိုက်သည်နှင့် မျှော်စင် ခွေခနဲလဲကျသွားလေသည်။

"ဒုတ် ..."

www.burmeseclassic.com

www.burmeseclassic.com



"အ .."

"ဖျော ..."

သူ ဒလိမ့်ခေါက်ကွေး လျှောကျသွားခဲ့ပြီး ...၊

"ပယင်း .."

သူမရဲ့ဆီးကို ကျသွားသည်နှင့် လက်ဖဝါးလေးတစ်ဖက်ပေါ်မှာ သူ့လက်ထပ်ဆုပ်၍ ...၊

"မင်း ဘာမှမဖြစ်ရဘူး .."

သူ့စိတ်တွေတင်း၍ သူမ အနားကိုတိုးသည်။ သူမအတွက် သူ သတိလစ်သွားလို့မဖြစ်၊ သူမကို တစ်စုံတစ်ရာမှ အဖြစ်မခံနိုင်ပေ ...။

ကိုယ့်ကိုယ်ကိုယ်ထက် သူမကို သနားကြင်နာမိခြင်းက စိုးရိမ်စိတ်တို့ကို လွှမ်းကဲစေလျက် ...၊

"မကြောက်နဲ့ .. မင်း .. မင်း ဘာမှမဖြစ်ဘူး .."

အသံထွက်သလား မထွက်ဘူးလား မသိ ...။

သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲယူပြီး လုံးထွေးဖက်ထားလိုက်မိ၏။

သူမ ကြားသလား မကြားဘဲနဲ့လားလည်းမသိ ...။

သူ့ကျောပြင်ကို သူမ တင်းကျပ်စွာ ပြန်ဖက်ထားလေသည်။ ထိုစဉ်— နောက်က လိုက်လာကြသည့်ခြေသံတွေ စကားသံတွေ နားထဲဝင်လာခဲ့သည်။

ဒါလည်း တကယ့်အစစ်အမှန်လား အိပ်မက်လားဆိုတာမသိ ...။

သူသိနေတာ တစ်ခုပဲရှိသည်။

သူ ရှိနေသမျှ သူ့ရင်ခွင်ထဲကနေ ပယင်း ကို ဘယ်သူမှခေါ်ထုတ်ခွင့်မရှိ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ငါးရက်ရှိပြီ ဟုတ်လားကွယ် .."

"ဟုတ်ပါတယ်ခင်ဗျ .."

ဒေါ်မြင့်မေ နဲ့ ဦးမြဆောင် တို့ ဆေးရုံကြီးပေါ် အဆြေးတစ်ပိုင်း တက်လာခဲ့ကြကာ ဆရာဝန်နဲ့ သူနာပြုလေးတွေရှင်းပြနေလျက်နှင့် လူနာ တွေဆီပဲ အလျင်စလိုသွားနေမိ၏။

"နှစ်ယောက်စလုံးအတိတ်မေ့သလိုဖြစ်ပြီး သတိမရကြဘူး၊ ကောင် လေးက အရင်သတိရတာ၊ မိန်းကလေးကတော့ ခြောက်နာရီလောက် နောက်ကျပြီးမှ သတိရတယ် .."

"ဒဏ်ရာတွေပြင်းသလား ဒေါက်တာ .."

"တော်တော်ပြင်းတယ်ဗျ .."

"ဘုရား .. ဘုရား .. အန်တီ့တူမလေး အသက်အန္တရာယ်စိုးရိမ်ရ သလားဟင် .."

"စမ်းသပ်ပြီးသလောက်တော့ မစိုးရိမ်ရတော့ပါဘူး၊ သူ့ အာရုံ ကြော .."

"ဟင် .."

"လူနာတွေရော .."

www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ် ဦးစန်းလွင် တို့ပါ အတူပါလာကြကာ အထူးလူနာအခန်းရှေ့မှာပဲ သူတို့ခြေလှမ်းတွေ တုံ့သွားခဲ့ကြ၏။

"ဘယ်မှာလဲ .. ဘယ်မှာလူနာတွေရော အန်တီတူမ ပယင်းရောင်လေ .."

"ဟိုကောင်လေးလည်းမရှိဘူး .."

ဆရာဝန်တွေပါ အံ့သြတုန်လှုပ်သွားကြ၏။ ဒုရဲအုပ်ဦးစန်းလွင်နှင့် တခြားရဲတွေ လှုပ်လှုပ်ရှားရှားတွေဖြစ်ကုန်ကြလေသည်။

သို့သော် မေးမြန်းလို့လည်း ဘယ်သူမှမသိ၊ ပတ်ဝန်းကျင်မှလည်း လူနာနှစ်ယောက်၏ အစအနတောင် မမြင်ကြရပေ။

ဒေါ်မြင့်မေ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ဦးမြအောင် မျက်နှာကြီးနီရဲနေခဲ့၏။

"ကျွန်တော်တို့ လှည့်ကင်းကားနဲ့တွေ့တာပါ၊ အဲ့ဒီဘက်မှာသောင်းကျန်းသူတွေ ဒုက္ခပေးတတ်လို့တာဝန်ကျနဲ့ ကင်းလှည့်နေရတာလေ၊ သူတို့နှစ်ယောက်ကိုချောက်ထဲကျကာနီး လက်မတင်လေးကယ်လိုက်နိုင်တာ .."

"သူ .. သူတို့ကို ချောက်ထဲဘယ်သူချလိုက်တာလဲ .."

"မဟုတ်ဘူး .. သေနတ်သံတွေကြားလိုက်လို့ ကျွန်တော်တို့ တပ်ကူခေါ်ပြီးရှေ့က အရေးပေါ်ထွက်ခဲ့ကြတာ၊ ဒါပေမယ့် ကားက ချောက်ထဲကျပြီး ပေါက်ကွဲသွားတယ်၊ သူတို့က ကမ်းပါးပေါ်မှာ တင်ကျန်ခဲ့တာ.."

"ငါ့သမီးလေး အသက်ရှင်လျက် ပြန်လာရဲ့သားနဲ့ .. ဟီး .. ဟီး.."

"မမ .. သတိထားပါဗျာ .."

"ဟုတ်ပါတယ် သူတို့သတိမရကြဘဲ ထင်ရာမြင်ရာတွေ သွားကြောက်သွားတာဖြစ်မယ်၊ ကျွန်တော်တို့ အားချင်းရှာပေးပါ့မယ် .. စိတ်မပူပါနဲ့ .."

"သူတို့ရဲ့ ကျန်းမာရေးကလည်း အသက်အန္တရာယ်တော့ လောလောဆယ် စိုးရိမ်စရာမရှိပါဘူး၊ ကလေးတွေကို ကောင်းကောင်းမွန်မွန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့မှာပါ အန်တီ .. စိတ်အေးအေးထားပါ ..”

ဒုရဲအုပ်နဲ့ ဆရာဝန်တွေက တတ်နိုင်သလောက် ရှင်းပြကြသည်။ ဒါပေမယ့် ဒေါ်မြင့်မေ ဘယ်လိုမှ မျက်ရည်မတိတ်နိုင် ...၊

ပြီးတော့ ဒီလူငယ်နှစ်ယောက် ထိုနေရာဒေသထိ ရောက်လာရခြင်း အကြောင်းကိုမေးလျှင် ...၊

“သူချစ်သူနဲ့ ခွဲမှာစိုးလို့ အိမ်ကထွက်သွားတာပါ၊ အခု အန်တီတို့ သဘောတူနိုင်ပါပြီ၊ ကလေးတွေကိုတွေ့ရင် ရှင်းပြပြီး ပြန်ခေါ်ခဲ့ပေးပါ ကျေးဇူးဆပ်ပါ့မယ် .. ကူညီကြပါကွယ် .. နော် ..”

“ဟုတ်ပါတယ် .. သူတို့ကိုလည်း မခွဲလိုက်တော့ဘူးထင်ပါတယ်၊ သူတို့နှစ်ယောက်ကို ကျွန်တော်တို့ ကားပေါ်ခေါ်တင်တုန်းက ဖက်ထားကြတဲ့ လက်တွေကို ဖြုတ်ထုတ်မရလို့ ခဲခဲယဉ်းယဉ်းလုပ်ခဲ့ရတာ ..”

“ဟုတ်တယ် အန်တီ .. မေ့မျောနေကြတာမဟုတ်ဘဲနဲ့ ဖြုတ်ထုတ်လိုက်ရင်း ပြန်ဖက်လိုက်ရင်းနဲ့ ခွဲလို့ကိုမရတာ၊ ဒီလောက်ချစ်ကြတာကို အန်တီရယ် ..”

ဒေါ်မြင့်မေ ငိုနေရင်း ခေါင်းတွင်တွင်ညိတ်ရှာ၏။

ချစ်ကြပါစေ .. ချစ်ခွင့်ပြုပါ့မည်။

ဒါပေမယ့် ပြန်လာခဲ့ပါ .. လို့ ...၊

www.burmeseclassic.com



# အခန်း (၁၈)

"ဒါဆို မင်းက .. အတိတ်မေ့နေတဲ့ကောင်မလေးကို ညာတာပါတော
နဲ့ လုပ်လိုက်တာပေါ့ .."

"ဟော့ကောင် .."

"လက်ထပ်ပစ်လိုက်တာလေ .."

"သူကိုယ်တိုင် ခေါင်းညိတ်တာကွ .."

"မင်းက သူ့ချစ်သူလို့ပြောမှတော့ အားကိုးရာမဲ့နေတဲ့ မိန်းကလေး
က ခေါင်းညိတ်ရပြီပေါ့ .."

"အေးလေ .. ကလိမ်ကညစ် .."

"လုံးဝမလိမ်ဘူး .. လှမ်းမေးကြည့်လိုက် သူကိုယ်တိုင်ကျေကျေ
နပ်နပ်ပဲ .."

"ဘာလဲ ..."

"လက်ထပ်ဖို့သဘောတူတာ .."

လရောင် နဲ့ အေမိုး က အိမ်ထဲကို တကယ်လှမ်းကြည့်ကြတာ
မျှော်စင် ကို ပခုံးချင်းပစ်တိုက်၏။ ပြီးမှ ...

"သွားကြီးကို ဖြီးနေတာပဲ ခွေးသူခိုး .. မတော်မိရာ ရထားပြီးတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မတန်ရမှာလဲ .. ဘာကိုကြည့်ပြောတာလဲ .."

မျှော်စင့် အသံက ကလေးဆိုးကြီးနှင့်တူနေကာ လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးက အကြောင်းတွေကို ပြောပြနေပုံက ဘချလာနိုက်မှာ အူမြူးနေတဲ့ လူပျိုလေးအတိုင်း ...။

"ပယင်း က ငါ့ကိုချစ်လိုက်တာမှ တုန်နေတာပဲ .. အခု အတိတ်မမေ့တော့ဘူး သွားမေးကြည့်လေ .."

"အံမာကွာ .. အေးပေါ့ ငါတို့က ခုမှ ပြန်ရောက်လာကြတော့ မင်း ကလိန်ကကျစ်ကျပြီး ပေါင်းခဲ့တဲ့ ယုတ်မာမှုတွေကိုမှ မမြင်လိုက်ရဘဲ .."

"ဟား .. ဟား .. ဟား .."

"ကဲပါကွာ .. ဆက်ပြောစမ်းပါ၊ ငါတို့ရေပေါ်မှာ ကျောပူခေါင်းပူ ထအောင် ပျင်းရိနေရတုန်း မင်းဘဝ စိုပြည်နေခဲ့တာလေးတွေ လုပ်စမ်းပါ .."

"အေး .. ပြောပြမယ် သင်္ဘောသားလူပျိုသိုးကြီးတွေ .."

"ဟော့ကောင် .. အဲဒါမပါကြေး .."

သူငယ်ချင်းတွေ သင်္ဘောတက်သွားကြတုန်း သူ့အဖြစ်တွေက ပဥ္စလက်ဆန်ဆန်ပြောင်းလဲသွားခဲ့တာဖြစ်သည်။ သမီးလေးတောင် ငါးလ ပြည့်ပြီဖြစ်၏။

ဦးလေးက မျက်စိမှုန်သည့်ရောဂါကြောင့် ဆန်ပွဲရုံနှစ်ရုံနဲ့ တက္ကစီ ထောင်ထားသည့် လုပ်ငန်းတွေကိုပါ သူပဲ ဦးစီးခဲ့ရတာဖြစ်၏။

လုပ်ငန်းရှင်သူဌေးတွေလိုအောင်မြင်ကျော်ကြားမှုတွေနဲ့ မြင့်မားမနေပေမယ့် သူ့အတွက်က ချစ်သူရယ် ဘဝရယ် ဒီလိုပြည့်စုံမှုလေးကို ဘာနဲ့မှမလဲနိုင် ...။

"မမိုး .. ပယင်း ရော .."

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးအတွက် နို့ဖျော်နေတယ် အစ်ကိုနေ .."

"ဘာလုပ်မလို့လဲ မျှော်စင် .. ပယင်း မပါဘဲ မင်းကိုချည်းပဲ ကပ်မေး ဖို့တွေရှိသေးတယ် .."

"မဖြေချင်တာ အဲဒါတွေပဲ .."

"အထင်မလွဲနဲ့နော် .. ဖြစ်ကြောင်းကုန်စင်လေးပဲသိချင်တာ .."

ပြောနေကြသည့်စကားတွေနဲ့ စပ်ဖြဲဖြဲမျက်နှာတွေက ဆက်စပ်မမိ..။

"ပယင်း က သတိရလာရင် မင်းကိုမုန်းသွားမှာ နည်းနည်းလေးမှ မကြောက်ခဲ့ဘူးလား .."

"လုံးဝမကြောက်ဘူး .."

"ဘာအားကိုးနဲ့လဲ .."

"ငါ ချစ်လို့လေ .."

"မင်းကလည်း ချက်ချင်း .."

"သူ ငါ့လက်ပေါ်မှာ နှစ်ဆယ့်လေးနာရီ .."

"ဘာလုပ်နေတာလဲ .."

"ဒဏ်ရာရနေပါတယ်ဆို အိပ်ပျော်နေတာဖြစ်မှာပေါ့ကွ .."

"ဟုတ်တယ် နှစ်ဆယ့်လေးနာရီအတွင်းမှာ ချစ်မိသွားလောက် အောင်ကို ဒီကောင်ခရီးရောက်သွားတာ .."

"ယော့ကောင် .. ယော့ကောင် အညစ်အနွမ်းတွေမပါဘူးနော် .. ဒီမှာ .. ဒီရုပ်ကြီးကို သေချာကြည့်ထား .."

"နှာဘူးနဲ့တော့ ခပ်ဆင်ဆင်ပဲ .."

"သူတောင်းစား .."

"မင်းပဲ တောင်းစားခဲ့တာ .. ကိုယ့်မျက်ချေးကိုယ်ပြန်ကြည့် .."

အဖိုး က အစတည်းက အနိုင်မခံအရှုံးမပေးပြောဝံ့တဲ့သူဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ကားပေါ်တင်ပြီးမှ ခွဲထုတ်လို့ရတာ .."

"ဘယ်နေရာမှာ သွားကပ်နေလို့လဲ .."

"ဘယ်ဘက်ရင်အုံချင်း .."

ကဗျာဆန်ဆန်ပြောပြီး မျှော်စင် က စပ်ဖြဲဖြဲလုပ်နေ၏။ ပြီးမှ...

"ငါ သူ့ကို အဲ့လောက်ထိ စိုးရိမ်ကြီးခဲ့တာ ကိုယ့်ကိုယ်ကိုယ် အံ့ဩတယ်၊ သူလည်း ငါ့ကို အားကိုးတဲ့စိတ်တွေ မသိစိတ်မှာဖြစ်နေတာ သတိလစ်နေပေမယ့် ဖက်ထားတာကြည့် .."

"ကြည့်လို့မှမရတာ ကြွားပေါ့ .."

"အေဖိုး ရာ ဗီးလ်အောက်လိုက်တာ .. မင်း ပါးစပ်ကြီးခဏနားစမ်းပါ၊ ပြော ဟော့ကောင် ဆက်ပြော ဆေးရုံကနေ သူ့လက်ကို မင်း အသာလေးဆွဲလာခဲ့တာပေါ့ .."

"ဟုတ်တယ် .. သူရော ငါရော ခေါင်းမှာဒဏ်ရာတွေရှိထားတာလေ .. ပွန်းပဲ့ထိရှထားတဲ့ ဒဏ်ရာတွေနဲ့ ကောင်းကောင်းနေမကောင်းသေးဘူး .."

"ဒဏ်ရာရှိထားတာလေးတွေကလွဲရင် ကျန်တာကောင်းတယ်မို့လား .."

"အေဖိုး .."

"ကျန်းမာရေး .. ကျန်းမာရေး .."

"ငါကကောင်းတယ် .. သူက သိပ်မကောင်းဘူး .."

"အေးပေါ့ .. ဖြစ်သင့်တာပဲ .."

"အဟွန်း .."

"ရုပ်ကြီးက .."

"ငါ သူ့ကို အဲ့လောက်ထိချစ်မိသွားမယ်လို့ ထင်ကိုမထင်ခဲ့တာကွ .. ဒါပေမယ့် သူ အတိတ်မေ့နေပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ပါသွားရင် ငါနဲ့ နီးစပ်ခွင့်မရှိတော့ဘူးဆိုတာသိလိုက်တော့ မရ တော့ဘူး ..."

"တိုင်တယ်လ်လေးဘာလေးနဲ့လုပ်ပါ .. မဟုတ်ရင် ငါ ထင်သလို တွေးနေရတာ မမိုက်ဘူး .."

"အဟဲ .. အဲ့ဒါတော့ဟုတ်တယ် .. မင်းဟာက .."

"အိုခေ .. ပြောမယ် .."

မျှော်စင်က နဖူးကဆံပင်တွေသပ်ရင်း ချောင်းဟန့်လိုက်သေးသည်။ ပြီးမှ ..၊

"သူ့ကိုခေါ်ပြီး ငါ့ဘာသာ ဆေးရုံက လစ်ထွက်ခဲ့တယ်လေ .."

"သူ အသာလေးလိုက်လာတာက .."

"ငါတို့ ခိုးပြေးလာကြတဲ့အကြောင်းပြောလိုက်တာလေ၊ ရာဇ ဆို တဲ့ လူရိုင်းသတ္တဝါကိုဖယ်ထုတ်ပြီး ငါ ဝင်လိုက်တဲ့သဘောပါပဲ .."

"အဲဒီတော့ အဆင်ပြေတာပဲလား .."

"ဘာလို့မပြေရမှာလဲ .. သူနဲ့ငါ စိတ်ချင်းနီးပြီးသား .."

"ပြောတော့မယ် .."

"ငါ ယုံကြည်ခဲ့တာ အချစ်ပဲ .. ချက်ချင်းကြီး ငါ သူ့ကိုဆုံးရှုံးမခံ နိုင်အောင် ထဖြစ်လာသလို သူလည်း ငါ့ကိုလက်ခံနိုင်မယ်ဆိုတာလုံးဝယုံလိုက်တာ .."

"ဒါပေမယ့် မျှော်စင် ရာ .. သူ သတိရလာရင်ဆိုတာလေးတော့ မင်းတွေးပူသင့်တယ်၊ ချက်ချင်းကြီး လက်ထပ်ပေါင်းသင်းတာကတော့ အဟာမ်း .."

"ဘာဖြစ်လို့လဲ ငါ ချစ်လို့ယူထားတဲ့မိန်းမကို အလုကြည့်မှုရုံနဲ့ ဘယ်လောက်ထိနေနိုင်မှာလဲ .. ဦးလေးကိုပြောပြပြီး အမြန်ဆုံးလက်ထပ် ဖို့စီစဉ်ခိုင်းခဲ့တာ၊ လက်ထပ်ထားပြီးမှပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြော .."

"ဒါပဲလေ .."

"ဟာ .. မဟုတ်ဘူးလေ .."

"ဟုတ်တယ် .. ဒါပဲ .."

"မျှော်စင် .."

"တော်ပြီ ဟော့ကောင် .. ဆက်ရန်ရှိသေးသည်လို့မှတ်၊ ဒီနေ့ ငါ့သမီး ငါးလပြည့်မွေးနေ့ ဘုရားသွားမလို့ .."

"သိတယ်လေ .. ငါတို့လည်း ပြန်မှာဥစ္စာ .."

"ဒါဆိုပြန်တော့ကွာ .."

"ဟော့ကောင် .. လုပ်စမ်းပါ .. ကလေးမီးဖွားပြီးတာနဲ့ ပယင်းက 'ရှင် ဘယ်သူလဲ' လို့ ထမေးရောလား .."

"အဲ့လောက်မဝေးဘူး အေဖိုး .. မနာလိုတိုရှည်တွေဖြစ်မနေနဲ့ .."

"ဟဲ .. ဟဲ .. မင်းဟာက မုန်းစရာကြီးကိုးကွ .."

"သိတယ် .. မင်း မျက်နှာမှာ စေတနာတွေဗလပွနဲ့ ပြုံးတူးပြဲတဲ ဖြစ်နေတာ .."

"ဟား .. ဟား .. ဟား .. ဝန်ခံနေတာတောင် ဒေါ်ကန်နေတယ် မျှော်စင် ရာ .. မင်း မထင်မှတ်ဘဲ ကောက်ရတာက ချေးထုပ်တစ်ထုပ် ဖြစ်နေရင်တော့ သနားမလို့ပါ .."

"မလိုဘူး .."

"ဟုတ်ပါပြီ .. ဒါဆိုလည်းပြောပါ .."

"ဪးပြီ .. အားလုံးဆေးဆေးပဲ .."

"ကျွတ် .. ဒီကောင် .."

"ငါ သိတယ် .. မျက်နှာမထားတတ်လို့ ထသွားတာ၊ ပယင်း က ခုထိတောင် ထွက်မလာသေးဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ .. ဒါတွေပြောရင် ဒေါ်တွေပါမယ်ဆိုတာ သိနေလို့ ဖြစ်မယ် .. မြုပ်ကွက်တော့ရှိနေပြီ .."

"ဟိုမှာဝင်သွားပြီ .. ဝင်သွားပြီ .. ငါတို့ လစ်ရအောင် တော်ကြာ 'ငါ့သူငယ်ချင်းတွေကို အရှိအတိုင်းသွားမပြောနဲ့'လို့ ကြိတ်တိုင်ပင်နေတာ ဆိုရင် အဆင်မပြေဟာနဲ့ ငါတို့ဘက်ကို မြားဦးလှည့်လာမှာ .."

"သွားပြီ ပယင်း ရေ .. မနက်ဖြန်မှ တစ်ခေါက်လာခဲ့တော့မယ်.."

"သွားပြီ ညီမ .. အဲ့ဒီကောင်ကို မကြောက်နဲ့နော် .. ဒီကောင်က ရုပ်ကြမ်းကြီးပြပြီး သဟောက်သဟမ်းနဲ့ လုပ်စားနေတာ .."

တမင်ကြားအောင် လှမ်းပြောပြီး ဟားတိုက်ရယ်သွားကြသည်။ အသံတွေကို နားစွင့်ရင်း မျှော်စင် မျက်နှာ မချိုမချဉ်နှင့် အခန်းတံခါး ဖွင့်ဝင်လိုက်လျှင် ..၊

"အား ..."

ပယင်း က မိုက်ကိုဆီးလိမ်ပစ်လိုက်သဖြင့် သူ့မျက်နှာရှုံ့မဲ့သွားပြီး အော်တော့ အသံဖြဲနှင့် ..၊

"ဘာလဲကွ .. ယောကျ်ားကို နာအောင်ချစ်ရသလား .."

"အဲဒါတွေ ပြန်ပြန်ပြောပြောနေရတာ အရသာရှိတယ်မို့လား .. ဘယ်လိုနေလဲ .."

"ဘာလဲ .. မင်းကရော နားခါးနေလို့လား .."

"ခါးနေပြီ .."

"ဘာ ..."

ပယင်း က လက်ကိုလွှတ်၍ ဖျတ်ခနဲလှည့်ဝင်သွားလျှင် မျှော်စင် အတင်းဆွဲလှည့်လိုက်ကာ ..၊

"ပြန်ပြော .."

"ဟုတ်တယ်လေ .. ရှင့်ကိုယ်ရှင် ကလေးအဖေဖြစ်နေပြီဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သတိရရဲ့လား ..."

"ရတော့ ဘာဖြစ်လဲ .. ကလေးအဖေ ဖြစ်တာနဲ့ပဲ ရင်ခုန်ခွင့်မရှိတော့ဘူးလား .."

"မသိဘူး .. ပယင်း အဲဒီအကြောင်းတွေ ပြန်ပြောမှာမကြားချင်ဘူး .."

"ပယင်း ..."

ပယင်း က ဗီရိုဆီလျှောက်သွားပြီး တိုက်ပုံချိတ်ထားသည့်ချိတ်ကို ဖြုတ်ယူလိုက်သည်။ မျှော်စင် က ပယင်း လှည့်လာအောင်စောင့်နေပြီးမှ ...

"ဘာဖြစ်လို့ မကြားချင်တာလဲ .. ခုန ကိုယ့်ကို လိမ်ဆွဲတာ တကယ်ဖြစ်တဲ့ဒေါသတွေနဲ့လား .."

"မသိဘူး .. ပယင်း အဲဒါတွေကို မကြိုက်တာပဲသိတယ် .."

"ပယင်း ..."

"ဟင့်အင်း .. မောင်နော် .."

"ဘာဖြစ်သွားတာလဲကွာ .. မင်းရင်ထဲမှာရှိတာကို ဖြေခွင့်ရှိပါတယ်၊ ကိုယ် စိတ်ဆိုးလို့မေးနေတာမဟုတ်ဘူး၊ အဲဒါတွေပြောနေရရင် လိပ်ပြာသန့်တာ ကျေနပ်နေတာဂ မင်းကို ခဏလေးအတွင်းမှာကို စွဲလမ်းမြတ်နိုးခဲ့တာပေါ်မှာ အရမ်းကြည်နူးမိလို့ပါ ပြောပါ .. မင်း ဘယ်လိုခံစားနေရလို့လဲ .. ကိုယ့်ကို အရမ်းစိတ်ဆိုးနေတာလား .."

ပခုံးလေးနှစ်ဖက်စုကျုံ့ပါလာတဲ့အထိ မျက်နှာရှေ့မှာ ဆွဲကပ်ထားပြီး အတင်းမေးမိသည်။ သူမလေးရဲ့ ဆံပင်တွေ ခါးလောက်ထိရှည်နေပါပြီ။

မျက်နှာလေးက ပြည့်ပြည့်သွယ်သွယ်လေးဖြစ်လာသဖြင့် မျက်ခုံးထူထူလေးတွေ ကော့နက်သည့် မျက်တောင်လေးတွေက မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



ခတ်လိုက်တိုင်း ညွှတ်ပျံ့နေကြ၏။

တစ်သားမွေး တစ်သွေးလှဆိုသည့်စကားကို သက်သေပြုပေးနေသလို ပယင်း ရဲ့ ပုံရိပ်လေးက တွေးတိုင်းမဝ ငေးတိုင်းလည်း အားမရနိုင်အောင် နာရီစက္ကန့်တိုင်းမှာ သူမကို ချစ်သည့်ရင်ခုန်သံတွေချည်းသာ ဖြစ်နေခဲ့၏။

ဘာဖြစ်လို့ ဒီလောက်ထိ ချစ်သွားခဲ့သလဲဆိုသည့်မေးခွန်းက အချိန်တိုင်းဖြစ်နေပေမယ့် တွေးမိတိုင်းလည်း အဖြေမရခဲ့ပါ။

ဒါပေမယ့် ချစ်နေရင်း ကျေနပ်နေမိသည်။ သူမကိုပိုင်ဆိုင်နိုင်ခဲ့သူအဖြစ် ကြည်နူးနေခဲ့၏။ အားလုံးဟာ စမ်းသပ်ခန်းက ထွက်လာသည့် အဖြေထက် တိကျပါ၏။

"ကိုယ် မင်းကို အသက်လောက်ချစ်တယ် ပယင်း .. ချစ်နေရတာကို ဂုဏ်ယူတယ်၊ မင်းကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ငါပါလားဆိုတဲ့ ပီတိနဲ့ ကိုယ့်ရဲ့အချိန်တိုင်းက အဓိပ္ပာယ်တွေရှိနေခဲ့တယ် .."

ပယင်း က သူ့မျက်နှာကိုမော့ငေးနေရင်း မျက်ဝန်းလေးတွေ ငြိမ်သက်သွားခဲ့သည်။ ပြီးတော့ မျက်ရည်ကြည်လေးတွေ တဖွဲဖွဲပြေးတက်လာ၏။

"ဘာဖြစ်ရတာလဲ ပယင်း ရယ် .. ကိုယ့်ကို သူငယ်ချင်းတွေ ဝိုင်းရယ်ခဲ့ကြတာ ကိုယ်မတုန်လှုပ်ခဲ့ဘူး .. မင်းရဲ့ အဲဒီအကြည့်တစ်ချက်နဲ့ ကိုယ့်ကမ္ဘာပြိုသွားနိုင်တယ် မင်း နားလည်ရဲ့လား .."

ပခုံးသားလေးတွေကို ခပ်ဖိဖိဆုပ်ကိုင်ထားမိကာ ..၊

"မင်း ကိုယ့်ဘဝထဲကို ဘာမှပြင်ဆင်ခွင့်မရလိုက်ဘူးဆိုတာ ကိုယ်သိပါတယ်၊ ကိုယ်ကိုယ်တိုင်လည်း အဲ့ဒီလိုရမ်းရမ်းကားကားသိမ်းပိုက်ယူမိလိမ့်မယ်လို့ .."

"ဘာတွေပြောနေတာလဲ မောင် .."

www.burmeseclassic.com

www.burmeseclassic.com



ပယင်း ရဲ့ လက်ဖဝါးလေးတွေ သူ့လည်တိုင်မှာ နူးညံ့စွာထိကပ်လာခဲ့လျက် ..၊

"မောင် ဘာတွေတစ်လွဲထင်ပြီး နောင်တတွေရနေတာလဲ .."

"နောင်တမဟုတ်ဘူး .. မင်းရဲ့အထင်မြင်သေး မုန်းတီးမှုတွေကို တစ်သက်လုံးထမ်းပိုးသွားရတော့မှာလားလို့ တွေးကြောက်သွားတာ၊ မင်းဆီက ဒီလိုမျက်လုံးမျိုးတွေလည်း ကိုယ် တစ်ခါမှ .."

"ပယင်း လည်း မောင် အဲဒီအကြောင်းတွေပြောလာတိုင်း ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်ဖြစ်သွားမှန်း နားမလည်ခဲ့ဘူး မောင်၊ ဒါပေမယ့် ခု ပယင်း မခံစားနိုင်ဘူးဆိုတာ သိသွားပြီ .. ပယင်း ရဲ့ အတိတ်က ရာဇဝင်တွေ ဆိုရင် အတိတ်ကို မောင် ပြောဖြစ်တိုင်း .."

"ဦးလေးနဲ့ ဒီတစ်ခါပြောတာနဲ့မှ နှစ်ခါပဲရှိသေးတယ်၊ ဒါပေမယ့် ကိုယ်ပြောချင်တာ သူ့အကြောင်းမဟုတ်ဘူး ပယင်း၊ မင်းနဲ့ ကိုယ့်ကို ကံကြမ္မာက အံဝင်ဂွင်ကျတွေ့ဆုံပေါင်းစည်းပေးခဲ့တာ၊ မင်းနဲ့ ကိုယ့် အဖြစ်လောက် စိတ်ဝင်စားအံ့ဩဖို့ကောင်းတာမရှိဘူး၊ ကိုယ်တို့အချစ်တွေလောက် ရင်ခုန်စရာကောင်းတာမျိုးလည်းမရှိနိုင်ဘူး .."

ပယင်း နှုတ်ခမ်းသားလေးတွေ ပြုံးလာခဲ့၏၊ ပြည့်ပြည့်သိပ်သိပ်ရှိနေသည့် မျက်ရည်ကြည်တွေက ပြိုဆင်းလာတာလည်းမဟုတ် အလွယ်တကူ ပြန်လည်ပျောက်ကွယ်သွားတာလည်း မဟုတ်ဘဲ မျက်တောင်ကော့တို့ ဝန်းရံနေသည့်အလယ်မှာ ကျောက်မျက်တွင်းကလေးတွေလို ပြိုးပြက်လက်နေကြ၏။

"ကိုယ် ရင်ခုန်တာ မင်းနဲ့ကိုယ့်ရဲ့အတိတ်ကိုပဲ တခြားလူမပါဘူး"

"ဒါပေမယ့် နောက်ထပ်မပြောပါနဲ့တော့နော် .. သူ့နာမည်ကြားလိုက်ရတိုင်း ရှက်ရွံ့သိမ်ငယ်စိတ်တွေက ပယင်း ကို ဒီပတ်ဝန်းကျင်ထဲကနေ ဆွဲထုတ်သွားသလိုပဲ .. ပြီးတော့ .."

www.burmeseclassic.com

www.burmeseclassic.com



ပယင်း မျက်ဝန်းလေးတွေ လွှဲဖယ်သွားကာ ..၊

"ပယင်း မောင်နဲ့ဝေးကွာနေသလိုခံစားရတယ် တကယ်တော့ ပယင်း က .."

"ဘာတွေလျှောက်ပြောနေတာလဲ ပယင်း ရယ် .. အဲဒါတွေက ကိုယ်တို့နှစ်ယောက်ရဲ့ချစ်တဲ့စိတ်တွေ မပွင့်လင်းခဲ့လို့ဖြစ်ကြရတာ၊ ကိုယ် မင်းကို ချစ်တာတွေတဖွဖွပြောပြီး မြတ်မြတ်နိုးနိုးချစ်ခဲ့တယ်၊ ဒါပေမယ့် ကိုယ့်ကို ချစ်ပါတယ်လို့ မင်း မပြောခဲ့သေးဘူး .."

ပယင်း မျက်ဝန်းလေးတွေကို ဆုံခွင့်ရဖို့ မျက်နှာလေးကို မေးဖျားကနေ မော့ယူလိုက်ပြီး ..၊

"သမီးလေးတောင် ငါးလပြည့်နေပြီး ကိုယ့်ကိုချစ်တယ်လို့ မပြောနိုင်သေးဘူးလား .."

သူ့လက်ပေါ်ကနေ ထပ်အုပ်လိုက်ပြီး ပယင်း က မော့ငေးနေဆဲ..၊

"ဘာဖြစ်လို့လဲ .. မင်းရဲ့မိဘတွေလောက် ပြည့်စုံအောင် ကိုယ်က မထားနိုင်လို့လား .."

"ဟင့်အင်း .."

"ကိုယ့်အချစ်နဲ့ ပတ်သက်ပြီး စိတ်ထဲမှာတစ်ခုခု .."

"မရှိပါဘူး မောင်ရယ် .."

"ဒါဆိုဖြေလို့မရသေးဘူး ပယင်း ရယ် .. အဖေိုး တို့ ပြောသွားတယ် မင်းက ကူညီခဲ့တာတော့ သက်စွန့်ဆံဖျားပဲတဲ့၊ ဒါပေမယ့် မင်းပဲ ပြန်ခူးခဲ့တာတဲ့ .. ဥယျာဉ်မှူးဆိုတာ ပန်းမခူးရဘူးတဲ့၊ ကိုယ်မွေးတဲ့ ကြက်ကို ကိုယ်ပဲပြန်သတ်စားတာ ဥပမာကိုက မလှဘူးတဲ့ .. ပယင်း က အဲဒါကို တစ်ခုခုမှအထင်လွဲစကားမပြောဖူးဘူးလားတဲ့ .."

"မောင်က ဘာပြောခဲ့တာလဲဟင် .. အဲ့ဒါတွေ မောင့်စိတ်ထဲမှာ ရော တကယ်ခံစားနေရလို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ကိုယ်ကမေးရမှာမဟုတ်ဘူးလား ပယင်း .. ခုချိန်ထိ ကိုယ့်ကိုမချစ်နိုင်တာ မင်းရင်ထဲမှာ ဘာတွေဖြစ်နေလို့လဲဆိုတာလေ .."

"မောင်ရယ် .. ပယင်း ခုပဲ .."

"မဟုတ်သေးပါဘူးကွာ .. မင်းခံစားနေရတာတွေ ဒီထက်လေးနက်ပါတယ်၊ မင်း မျက်ရည်ကျလောက်တဲ့အထိ အတိတ်ကို .."

"ပယင်း မမေ့နိုင်တာမဟုတ်ဘူး မောင် .. မောင့်ကိုပဲမေ့စေချင်တာ .. ပယင်း က ဟိုလက်ဒီလက်ပြောင်းခဲ့တဲ့ မိန်းမအဖြစ် ကိုယ့်ကိုယ်ကိုယ် .."

"တော်တော့ .."

နေမျှော်စင် ရဲ့ တကယ့်မျက်နှာကိုမြင်လိုက်ရပြီမို့ ပယင်း က ငေးကြည့်နေ၏။ ပြီးတော့ မျက်ဝန်းလေးတွေမှာ ရယ်မြူးရိပ်သမ်းလာခဲ့သည်။

ပြီးတော့ နဖူးဆံပင်လေးတွေသိမ်းတင်ရင်း မျက်နှာလေးငုံ့၍ရယ်၏။

"ကိုယ် ဒေါသထွက်တာကို ဘာဖြစ်လို့ရယ်နေတာလဲ .."

သူ ပယင်း မျက်နှာလေးကို မော့လာအောင် ပခုံးလေးလှုပ်ခါနေတော့ ပယင်း က သူ့လက်တွေကို ဖယ်ချပစ်၏။

"ကိုယ် မင်းကို ဒီလောက်ထိမြတ်နိုးတန်ဖိုးထားနေတာတောင် မဟုတ်တဲ့စကားတွေ စမလာနဲ့၊ မင်းကို ကိုယ့်ဘဝထက်ပိုလိုအပ်တယ်လို့ ပြောခဲ့တာ မှသားမပါဘူး၊ အဲ့ဒါတွေပြောတုန်းကရော မင်း ယုံခဲ့ရဲ့လား .. ခုလိုမျိုးတစ်ဖက်လှည့်ပြီးရယ်ခဲ့တာပဲလား .."

"ဒါ ဝမ်းသာကြည်နူးရမယ့်စကားပဲ မောင် .. ပယင်း က ငိုနေရမှာလား .."

မျှော်စင် က မျက်ခုံးတွေစုကျုံ့ထားပြီးကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်ချစ်တယ်၊ မင်း ရယ်ချင်လောက်အောင် ကိုယ် ကြောင်တောင်တောင်တွေပြောနေတာနဲ့ တူနေရင်လည်း မတတ်နိုင်ဘူး၊ သူများတွေ ဒုက္ခရောက်နေရင် ကယ်တင်မယ်လို့ဆုံးဖြတ်ပြီး အဲဒီတောထဲ ကိုဝင်ခဲ့တုန်းက ကိုယ့်ဘဝကို မမက်မောဘူး၊ သူများလက်နဲ့ သေနိုင်လား မလား .. ငါ လူသတ်မိမလားဆိုတာတွေလည်း မတွေးခဲ့ဘူး .."

သူ ပယင်း ရဲ့ မျက်နှာလေးကို သေချာငုံ့စိုက်ကြည့်ရင်း ...၊

"မင်းကို ချစ်မိပြီဆိုမှ မင်းကို ငါ ပိုင်ခဲ့ရပြီဆိုမှ ကိုယ်ကြောက် တက်လာတာ သေမှာလည်းကြောက်တယ်၊ မှားမှာလည်းကြောက်တယ် မင်းကတော့ ဒီနေ့ ကိုယ်တို့အိမ်ထောင်သက်တမ်းတစ်နှစ်နဲ့ ရက်ပေါင်း သုံးရာနှစ်ဆယ့်သုံးရက်ရှိလာတဲ့အထိ ချစ်ပါတယ်ဆိုတာတောင် .."

"မောင်နဲ့ ပယင်း တို့ စတွေ့တဲ့ အချိန်ကနေ မြို့ပေါ်ပြန်ရောက်တဲ့ အထိ ဘယ်လောက်ကြာလဲရော မောင်သိရဲ့လား .."

မျှော်စင် ...၊

"ပယင်း နဲ့ မောင် စတွေ့တဲ့အချိန်ကနေ နှစ်ဆယ့်လေးနာရီအတွင်း မှာ မောင့်ကို ပယင်း ချစ်ခဲ့မိတာ .."

"ဘယ်လို .."

အံ့ဩမှင်တက်ဖြစ်သွားသည့် 'ဘယ်လို' သံက တိုးသဲ့သဲ့နှင့် ...၊

"ဘယ်လိုပြောလိုက်တာ .."

"ပယင်း က မောင့်ကို မောင်ချစ်တာထက်ပိုချစ်ခဲ့တာ .."

"ပယင်း .."

သူ ကြည်နူးလှိုက်ခါသွားသည့်ခေါ်သံနှင့် သူမပခုံးလေးကို ဖျစ်ညှစ် ဆုပ်ကိုင်ထားမိစဉ် ပယင်း သူ့ရင်ဘတ်မှာ လက်ဖဝါးလေးတွေ ဖြန့်ကာ ခြေဖျားလေးထောက်၍ ....၊

"လူဆိုး ..."

www.burmeseclassic.com



ပါးနားမှာကပ်ပြောပြီးမှ မေးဖျားကို နှုတ်ခမ်းလေးနဲ့ကပ်နမ်းသွား၏။ ပြီးတော့ ချာခနဲလှည့်ပြေးလေသည်။

"ဟေ့ .. နေဦး .."

"ဟာ .. မောင်နော် .. မသိဘူးလွှတ် .."

"သိတယ် .. ကိုယ်သိသွားပြီ သမီးလေးမွေးနေ့မှာ မင်္ဂလာရှိလိုက်တာကွာ .. ထပ်ပြော .."

"သွားပါ .."

"ပြီးရင် ကိုယ့်ကိုပြန်နမ်း .."

"မနမ်းပါဘူး .."

"မမ .. သမီးလေးနိုးနေပြီ .. အင်္ကျီလဲပေးလိုက်ရတော့မလားဟင်.."

ကျွတ် ..၊

အခန်းတံခါးရှေ့ကနေ စကားသံပေါ်လာသဖြင့် ပယင်း ကို ဖက်ထားပြီးမှ လွှတ်ပေးလိုက်ရသည်။ မျှော်စင့် မျက်နှာရှုံ့မဲ့နေကာ ...

"မမိုး .."

"ရှင် .. အစ်ကိုနေ .."

"ပြောစရာရှိရင် လူထွက်လာတာတွေ့မှာပြော .."

"ဟုတ် .. ဟုတ်ကဲ့ပါ .. ဟုတ်ကဲ့ပါ အစ်ကိုနေ .."

မိုးသူဇာ ထိတ်ထိတ်ပျာပျာအသံနှင့် ပြန်ထွက်သွားလေသည်။

"ကဲ .. ရှေ့ .. တိုက်ပုံဝတ်ပါတော့ အဲဒါနဲ့ ညနေစောင်းသွားတော့မှာပဲ .."

ခုန အင်္ကျီပဲပေးပါကွာ .."

"မောင့်ကြောင့် လွှတ်ကျသွားပြီလေ၊ ဒါလေးလည်းကောင်းပါတယ် .. ကြေးဥစိမ်းရောင်လေးပေါ်မှာ တိုက်ပုံသခွားရောင်လေး ဆန်းသွားတာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ ပယင်း ကပဲ သူ့လက်တွေ အင်္ကျီလက်ထဲရောက်အောင် ဝိုင်းကူနေရကာ ..၊

"တော်ကြာ သမီးငိုလို့ သူ့ဘကြီးနိုးလိမ့်မယ် မောင် .. မြန်မြန်လုပ် .."

"မရဘူးကွာ .. ဒီနေ့ မိန်းမဆီကအနမ်းနဲ့ သုံးစက္ကန့်လောက်မှ ရင်ခုန်ခွင့်မရရင် ဒီထဲကလုံးဝမထွက်ဘူး .."

"အို .. မောင့် .."

ပယင်း ခါးလေးကိုဆွဲဖက်ထားလိုက်ကာ နမ်းခိုင်းမည်ဆိုပြီး သူ့ချည်းအတင်းဖိကပ်နမ်းနေကာ ..၊

"မြန်မာဝတ်စုံလေးနဲ့ ကိုယ့်မိန်းမက အရမ်းလှတာပဲကွာ .. မယ်တွေလှတယ်ဆိုတာ ဘာလုပ်မှာလဲ .."

"မရလို့ .."

"ဒါပေါ့ .. ဘာလုပ်မှာလဲ လေကုန်ခံလို့ .."

"မောင်နော် .."

သူ့မျက်နှာကိုပြန်တွန်းထားပြီး ပယင်း က မျက်နှာလေးလွှဲထားကာ ...

"မောင့်ကိုလည်း ဘုရားပေါ်ကျမှ ဘုရားရှေ့မှာ သစ္စာဆိုရင်း ကတိတောင်းဦးမှာ .."

"ဘာ .. ဘာရယ် .."

"နောက်တစ်ခါ တခြားကောင်မလေးတွေအကြောင်း ခုလို ပါးစပ်အရသာခံပြီးပြောမိရင် အဲဒီနေ့ကစပြီး သမီးနဲ့ မိန်းမကို ကျေးဇူးအောင်မတောင်းပန်မချင်း အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်း မကျအောင် ရှိနေပါစေလို့ .."

"ဟား .. ဟား .. ဟား .."

www.burmeseclassic.com

www.burmeseclassic.com



"မရယ်နဲ့နော် .. ပယင်း တို့က ခွင့်မလွှတ်မချင်း ပါးစပ်ရွဲကြီးနဲ့.."

"ဘာဖြစ်လဲကွ .. ပါးစပ်ရွဲ့နေလို့ တခြားကောင်မလေးတွေက မကြည့်တော့လည်း အိမ်က အငွမ်းဇယားကြီးကိုပဲ လိမ့်နမ်းရုံပေါ့ .."

"ဟယ် .. ကြည့်စမ်း .."

"မင်းပဲပြောတာ .."

"မောင့် .. မောင်တော်တော်ဘူးပါလား .. မရဘူး တကယ်သစ္စာ ဆိုခိုင်းမှာ တကယ်ကျိန်မှာပဲ .."

"ရတယ်လေ .. ပါးစပ်ရွဲ့ကြီးနဲ့ မင်း အနမ်းခံနိုင်ရင် အဆင်ပြေ တယ် .."

"မောင်နော် .. မောင် .."

"တမောင်မောင်နဲ့ ပယင်း ရာ .. ရှန်းလိုက်ဖယ်လိုက်နဲ့ ငြိမ်ငြိမ် လေးမှေ့နေစမ်းပါ .."

"ဟင့်အင်း မနမ်းရဘူး .. ရွဲ့မယ်လို့ချည်း မောင် ပြောနေတာ၊ မောင် ကတိမတည်ဘူးလို့ပြောတာ အဲ့ဒါ .."

"မင်း ကျိန်တွယ်မယ်ဆိုတာကလည်း ပေါ့ပေါ့ပါးပါး ကျိုးပေါက် နိုင်တဲ့ ဝစီကံကိုးကွ .. အဲဒီတော့ .."

"သွား .. မပြောတော့ဘူး .."

"ပယင်း .."

"ဖယ် .. ဖယ်နော် .. ပယင်း ငိုပစ်လိုက်မှာ .."

"ဟား .. ဟား . ဟား .."

"ရယ်တယ်တွေ့လား .. သေလိုက်ပါလား သွား .. ဖယ်ပေးဆိုနော်.. လွှတ် .."

"ဘယ်လွှတ်လို့ရမလဲ .. တခြားမှာ အဆင်ပြေမပြေဘာတွေဖြစ် ဖြစ် အိမ်က ဟင်းအိုးလေးကိုတော့ အချိန်မရွေး နွှေးစားလို့ရအောင်.."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..."

"အောင်မယ်လေးဗျာ .. တကယ်တွန်းချလိုက်တယ် ကြည့်စမ်း.."

"ဟုတ်တယ် .. ဘယ်မှလည်း မသွားတော့ဘူး .."

"မမိရေ .."

"ဟင့် .. ဟင့် .. ဟီး .. ဟီး .."

"ဟယ် .. သမီးငိုနေပြီ .."

ပယင်း သူ့လက်ကို ပြန်ပြေးတွဲပြီးမှ လွှတ်ချ၍ တံခါးဆီပြေးသည်။ မျှော်စင် သက်ပြင်းချသံကို မြှင့်တင်ကာ ...

"အဲဒါပဲ အိမ်မှာ အငွမ်းဇယားဖြစ်နေတာ ပြောတော့လည်းမကြိုက်"

ပယင်း ခြေလှမ်းတုံ့သွားပြီး ဖျတ်ခနဲလှည့်ကြည့်သည်။ မျှော်စင်က နှာခေါင်းပွတ်ပြီး မျက်နှာလွှဲ၏။

ဒီလောက်ထိ ထုပ်ပိုးချစ်နေတာတောင် ဒီကောင်မလေး ...၊

"မောင့် ..."

"ဗျာ ..."

ဆောင့်အောင့်ခေါ်လိုက်ပေမယ့် သူ ဖျာဖျာသလဲပြန်ထူးတော့လည်း မျက်စောင်းကမလွှတ် ...။

"ဒီည ဖေဖေ့ဆီဖုန်းဆက်မယ် .."

"ဆက်ပေါ့ .. ဘာ!.. ဘာပြောလိုက်တယ် .."

"ဖေဖေတို့ဆီကို မြေးလေးနဲ့တကွ အလည်လာမယ်လို့ .."

"ဘယ်သူက ခွင့်ပြုလို့လဲ .."

"မောင်ပဲ သမီးမွေးနေ့ပြီးရင် မောင်ကိုယ်တိုင် လိုက်ပို့ပြီး ဆောင်းပန်မယ်ဆို .."

"ခွင့်မလွှတ်ဘူးဆိုရင် ခင်ဗျားလေးက ယုံရလို့လား .."

ပယင်း ကလည်း ဆတ်ခနဲ မျက်စောင်းထိုးကာ ...၊

www.burmeseclassic.com



"ယုံယုံ မယုံယုံ ပေးပြီးသားကတိပဲ .."

"ဘယ်သူပေးတာလဲ .. မေ့သွားပြီ .."

"ဟွန်း ..."

"ပယင်းရောင် .."

"ပြော ..."

"ခင်ဗျား .. ယီးတီးယားတားမလုပ်နဲ့နော် .. ကျုပ်က အမေရော သမီးပါ အဆုံးမခံနိုင်ဘူး .."

ပယင်း မျက်နှာလေးပြေကျသွားကာ ကလေးဆိုးကြီးလို ကောက်ချိတ်နေသည့်မျက်နှာကိုလည်း ပြေပြစ်သွားအောင် ချော့မလို့ ပြန်လှည့်လာ၏။ သို့သော် ...

"မိန်းမဆိုတာ ကလေးမွေးပြီးသွားရင် ငွမ်းတာပါပဲ .. ကိုယ်က သမီးလေးကို ပြန်လုနေရမှာစိုးလို့ပြောတာ .."

"ဘာ ..."

အနားရောက်မှ တုံ့ခနဲဖြစ်သွား၏။ မျှော်စင် က ရယ်ကာ ပယင်းကိုယ်လေးကို ရင်ခွင်ထဲမှာ မြတ်နိုးစွာပွေ့ပိုက်ထားလိုက်၏။ ပြီးတော့ အဆုံးမဲ့အနမ်းများနှင့် ချော့နေမိသည်။

"ရှန်းမနေနဲ့ .. ဒီလောက်ချစ်နေတာတောင် ငိုမလို မဲ့မလိုနဲ့ မင်း.."

"ဟုတ်တယ် .. ဘယ်လောက်ရရ မကျေနပ်နိုင်ဘူး .."

"ဘာကိုလဲ .."

"မောင့်အချစ်တွေကို .."

"ကြိုက်သလောက်ပြော .. နမ်း(န်)စတော့(ပ်)ပဲ .."

လရောင်ကျူးရှင့်

www.burmeseclassic.com